
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခဲ့ပြီးစာအုပ်များ

၁။ပန်းဝတ်ရည် * ကလေးတို့တတ်ကြဖို့ ကမှအ ကိုရေးကြဖို့
၂။ပန်းဝတ်ရည် * ကလေးတို့တတ်ကြဖို့ AမှZ ကိုရေးကြဖို့
၃။အီကြာကွေး * ရုံအပြင်ကထွက်ကြည့်ပါ
၄။သုမောင် * နံ့နက်တာ
၅။ကိုပိုက် * ကြုံဆုံခဲ့ရမုဆိုးဘဝ
၆။အီကြာကွေး * ရယ်စရာပေးရှင်း (၁)
၇။အဂ္ဂုဝါစိုးမိုး * ခရီးဆောင်ဟာသများ
၈။ချစ်နိုင်(စိတ်ပညာ) * သန့်ရှင်းသောစိတ်
၉။မင်းလူ * သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
၁၀။သုမောင် * အရက်သမားအများတစ်ခါ
၁၁။သစ္စာနီ * စကားလုံးများနှင့်ဆော့ကစားခြင်း
၁၂။အီကြာကွေး * တွေ့ရကြိုရ ရှုထာတလေးတွေ
ယခုလ
၁၃။ကိုပိုက် * ၂၀၀၁ မုဆိုးများ
ဆက်လက်၍
- အီကြာကွေး * မျက်စိအောက်ကဇရာ
- လင်းယုန်မောင်မောင် * ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ပြောင်ချက်နှင့်လှောင်ကွက်များ
- အီကြာကွေး * ရယ်စရာပေးရှင်း (၂)
- ဆွေမင်း(ဓနုဖြူ) * ဘဝတစ်ခုအံ့မှတ်တရ

စာအုပ် ၁၃

# ကိုပိုက်

# ၂၀၀၁ မုဆိုးများ

ထွတ်ပီစာအုပ်တိုက်
အမှတ်(၄/က)အဝေရာလမ်း ဘောက်ထော်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၁၈၂/၂၀၀၂(၂) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၆၈၇/၂၀၀၂(၈) ]
ဝ
မျက်နှာဖုံးပန်းချီ
စံတိုး
ဝ
ပုံနှိပ်ခြင်း
ပထမအကြိမ်
ဝ
ထုတ်ဝေသည့်လ
အောက်တိုဘာလ၊(၂၀၀၂)ခုနှစ်
ဝ
အုပ်ရေ
(၅၀၀)
ဝ
မျက်နှာဖုံးဖလင်
STARS
ဝ
အတွင်းဖလင်
ဇင်ဦးနှင့်ညီများ
ဝ
ထုတ်ဝေသူ
ဦးမောင်ကလေး၊သောကြာစာပေ(၀၀၆၅)
အမှတ်(၁၅)သြဘာလမ်း၊ကျောက်မြောင်းရန်ကုန်မြို့။
ဝ
မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်သူ
ဦးခင်မောင်မြင့်၊ထွတ်ပီရောင်စုံပုံနှိပ်တိုက်(၀၆၇၀၂)
အမှတ်(၄/က)အဝေရာလမ်း၊ဘောက်ထော်၊ရန်ကင်း၊ရန်ကုန်မြို့။
ဝ
စာအုပ်ချုပ်
ကျော်နီနှင့်အဖွဲ့
ဝ
တစ်အုပ်
၅၅၀ ကျပ်

မွေးမေ
မွေးဖေ
ပြီးတော့
သင်ဆရာ၊မြင်ဆရာ၊ကြားဆရာ ဖြစ်သည့်
ဆရာသော်တာဆွေအား
ဤစာအုပ်ဖြင့်
ဂါရဝပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**စာရေးသူထုတ်ဝေပြီးစာအုပ်များ**

| | |
|---|---|
| ၁။ ထဝမ်ရာဇီနှလုံးသားနှင့်မုဆိုးဝတ္ထုတိုများ | ■၁၉၉၇ခုနှစ်၊ ဇူလိုင်လ |
| ၂။ မုဆိုး၏မုဆိုးများ | ■၁၉၉၈ခုနှစ်ဖေဖော်ဝါရီလ |
| ၃။ မုဆိုးရဲ့အနာဂတ်တခွေ | ■၁၉၉၉ခုနှစ်၊ ဩဂုတ်လ |
| ၄။ မုဆိုးသံသရာ | ■၂၀၀၀ခုနှစ်၊ ဇူလိုင်လ |
| ၅။ ရောလေယှူ အချစ်ဖတ်ဖို့ (ကဗျာ) | ■၂၀၀၀ခုနှစ်၊ ဇူလိုင်လ |
| ၆။ ကြုံဆုံခဲ့ရ မုဆိုးဘ၀ | ■၂၀၀၁ခုနှစ်၊ စက်တင်ဘာလ |
| ၇။ လပြည့်ဝန်းရဲ့မုဆိုး | ■၂၀၀၂ခုနှစ် |

# “စာဖတ်ပရိသတ်သို့... စာရေးသူမှ”

ကျွန်တော်သည် လစဉ်ထုတ်မဂ္ဂဇင်းအချို့တွင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာများ စဉ်ဆက်မပြတ် ရေးခဲ့သည်၌ မုဆိုးဝတ္ထုတိုများကို ပို၍ ရေးဖြစ်ခဲ့ပါသည်။

သို့ရေးခဲ့သည်များမှ မုဆိုးဝတ္ထုတိုများကို သီးသန့်ရွေးထုတ်၍ လုံးချင်းအတိုပေါင်းချုပ်အဖြစ် ထုတ်ဝေခဲ့သည်။

သို့နှယ် မဂ္ဂဇင်းတွင် ဖော်ပြပြီး မုဆိုးဝတ္ထုတိုများကို ပြန်လည် စုစည်းထုတ်ဝေရခြင်းသည် ကျွန်တော့်စာဖတ်ပရိသတ်အတွက် စုစုစည်းစည်း ဖတ်ရှုသိမ်းဆည်းထားနိုင်ရန် အလို့ငှာဖြစ်ပါသည်။ (လက်ရွေးစင်ရွေးထုတ်ခြင်း မဟုတ်ပါ။)

သည်သို့ကြောင့်...

၁၉၉၇ ခုနှစ်၊ ဇူလိုင်လတွင် ထဝမ်ရာဇီနှလုံးသားနှင့်မုဆိုးဝတ္ထုတိုများ၊
၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မုဆိုး၏မုဆိုးများ၊
၁၉၉၉ ခုနှစ်၊ ဩဂုတ်လတွင် မုဆိုးရဲ့အနာဂတ်တခွေ၊
၂၀၀၀ ခုနှစ်၊ ဧပြီလတွင် မုဆိုးသံသရာ၊
၂၀၀၁ ခုနှစ်၊ တွင် ကြုံဆုံခဲ့ရမုဆိုးဘ၀၊
၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလတွင် လပြည့်ဝန်းရဲ့မုဆိုး၊

ကို ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ သို့ထုတ်ဝေခဲ့ရာတွင် ကြုံဆုံခဲ့ရ မုဆိုးဘ၀ နှင့် လပြည့်ဝန်းရဲ့မုဆိုး စာအုပ်၌ ကျွန်တော်၏ စာမူပေး အမှတ်မှားယွင်းမှုကြောင့်၊ ငါးပုဒ်ခန့် ထပ်တူဖြစ်သွားပါသည်။ သို့ဖြစ်ရခြင်းကြောင့် ကြုံဆုံခဲ့ရမုဆိုးဘ၀ စာအုပ်ကို ထုတ်ဝေခဲ့သည့် တွတ်ပီ စာအုပ်တိုက်မှ ကိုဆွေမင်း(မနုဖြူ) ကိုလည်းကောင်း၊ လပြည့်ဝန်းရဲ့

www.burmeseclassic.com

မှုဆိုး ထုတ်ဝေခဲ့သည့် ကံကြီးမြင့်စာပေမှ ကိုဝင်းမြင့်ကိုလည်းကောင်း၊ စာဖတ်ပရိသတ်ကိုလည်းကောင်း အနူးအညွတ် တောင်းပန်အပ်ပါသည်။

နောင် ထိုသို့မဖြစ်ရန် ဂရုစိုက်အလေးထား လုပ်ဆောင်ပါမည်။ တစ်ဆက်တည်း ဆိုသလိုပင် တွတ်ပီစာအုပ်တိုက်မှ ကျွန်တော် ရေးသားသည့် မုဆိုးဝတ္ထုတိုများကို စုစည်းထားသော "သေမင်းတမန်မုဆိုးများ"၊ "စိတ်ကြိုက်မုဆိုး"၊ ဧယျာမြေစာပေတိုက်မှ "ကျားနီမနှင့်မုဆိုးများ (ဖြစ်ရပ်မှန်ဟာသများ) ဆက်လက်ထွက်ရှိရန် ဖြစ်ပါကြောင်း... ။

ကျွန်တော့်ထံသို့ အကြံပေးစာ၊ ဝေဖန်စာများ ပေးပို့မည်ဆိုပါက အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။

လေးစားလျက်

ကိုပိုက်
တိုက်-၁၅၅၊အခန်း-၁၊
ဗညားဒလလမ်း၊တာမွေမြို့နယ်၊
ရန်ကုန်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | သံယောဇဉ်မျက်ရည် | ၇ |
| ၂။ | အံ့ဖွယ်စခန်းဝယ် | ၁၈ |
| ၃။ | ကျားသေကို ဘယ်သူအသက်သွင်းသလဲ | ၃၉ |
| ၄။ | ကြောက်စရာစိတ်အလျင် | ၅၂ |
| ၅။ | ကျားသစ်မလေး ဟယ်လင်ထွန်း | ၆၆ |
| ၆။ | ကံကြမ္မာချားရဟတ် | ၈၄ |
| ၇။ | အမိုက်မှောင်တွင်းမှာ | ၁၀၄ |
| ၈။ | သံမဏိနှလုံးသားပိုင်ရှင် | ၁၂၁ |
| ၉။ | ဇာကြောင့်ပင် | ၁၄၁ |
| ၁၀။ | မစဉ်းစားတတ်အောင်ပါပဲလား | ၁၅၉ |
| ၁၁။ | တိုက်တိုင်ဆိုင်ဆိုင် | ၁၇၅ |
| ၁၂။ | မေ့ပျောက်၍မရသောမြင်ကွင်း | ၁၈၆ |
| ၁၃။ | ငါ့ဝမ်းပူဆာမနေသာလို့ | ၁၉၉ |
| ၁၄။ | ဦးနတ်ကြီးရဲ့အိမ်စုလေး | ၂၁၂ |
| ၁၅။ | ဒါဟာဝဋ်ကြွေးပဲ | ၂၃၂ |
| ၁၆။ | သည့်အပြင် အခြားမရှိ | ၂၅၀ |


www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ်
# မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ်မျက်ရည်

သူသည်တောအုပ်အတွင်း တဇွတ်ထိုး ပြေးလွှားခဲ့ရခြင်းကြောင့် သူ့ရှေ့ရှိ အတားအဆီးမှန်သမျှကို ဦးကင်းဖြင့် တိုးတိုက်၊ နှာမောင်းဖြင့် ဆွဲယမ်းဖယ်ရှားခြင်းကြောင့် သစ်ပင်ငယ်တို့လဲပြို၊ သစ်ခက်၊ သစ်ကိုင်းငယ်တို့ကျိုးပဲ့ကုန်၏။

သို့ ပြေးလွှားရင်း အသံကုန်ဟစ်အော်နေခြင်းကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ တောတိရစ္ဆာန်ငယ်တို့သည်လည်း လန့်ဖျပ်ပြေးလွှားကုန်ကြ၏။ ဓောင်လိပ်ငယ်တစ်ကောင်သည် သူ၏ခြေတစ်ချောင်းဖြင့် နင်းခဲ့မိသည်ကြောင့် မြေပြင်တွင်ပြားပြားဝပ်ငြိမ်သက်ခဲ့ရသလို တောဝက်ပျိုတစ်ကောင်သည် သူ၏ခြေဖြင့်တိုက်မိသည်ကြောင့် "ကွိစ်"ခနဲအော်ဟစ်သံဖြင့် ကိုက်နှစ်ဆယ်ခန့်လွင့်မြောက်ကျသွားခဲ့ရာမှ ကမန်းကတန်းရုန်းထပြေးထွက်သွားခဲ့တော့၏။

သည်သို့ဖြင့် သူသည် တစ်မိုင်နီးနီးခရီးပေါက်ခဲ့သလို ရရှိထားသော ဒဏ်ရာကြောင့် အားအင်ချို့နဲ့လာကာ အောက်ပေါင်းရှင်းသော "ဝါးပိုး"ဝါးတောတွင် ခွေယိုင်လဲကျခဲ့တော့သည်။ သူစိတ်ကို လျှော့ချလိုက်ပြီဖြစ်သည်။ မြေပြင်တွင် တစောင်းလဲလျက်ရှိရာမှ သူရရှိထားသော ဒဏ်ရာကို သတိပြုမိလိုက်သည်။ ညာဘက်ဝမ်းဗိုက်မှဖောက်ဝင်လာသော ခဲသီးလုံးသည် သူ၏နှလုံးသားရှေ့ရှိ နံရိုးကြားတွင် ညပ်နေခြင်းကြောင့် တော်သေး၏။ နို့မဟုတ်ပါမူ ဤနေရာသို့ပင် ရောက်လာနိုင်မည်မဟုတ်ပါချေ။ သူ့တွက် စိတ်ချလောက်သည့်လုံခြုံသော နေရာဟုသတ်မှတ်၍မရသေးဆိုပေမင့် ထိုနေရာမှ အတော်နှင့်ပြန်ထပြေးနိုင်စရာ ခွန်အားမရှိသေးချေ။ ဘယ့်တွက်မူ ရရှိထားသော ဒဏ်ရာမှ သွေးတို့သည်ဒလဟောထွက်နေခြင်းကြောင့်ဖြစ်သည်။ သူဘယ်သို့ လုပ်ရမည်မသိ။ အော်ဟစ်နေရုံမှတစ်ပါး အခြားမရှိပြီ။

ဒဏ်ရာအနာတရ သက်သာလိုသက်သာငြား အော်ဟစ်နေခြင်းသည်သည်း သူ့တွက်မောရုံအပြင် နာကျင်ဆဲ၊ နာကျင်မြဲ။ သည်တော့ သူအော်ဟစ်ခြင်းမပြုတော့ဘဲ သူ့နှာမောင်းဖြင့် အလှမ်းမီရာမှ သစ်ရွက်၊ ဝါးရွက်နှင့် အမှိုက်သရိုက်တို့ကို ယူ၍ဒဏ်ရာပေါက်အတွင်းသို့ ထည့်ပိတ်နေတော့၏။ ကံအားလျော်စွာပင် သွေးယိုစီးမှုတန့်သွားသည်။ နည်းနည်းသက်သာသလိုရှိသွား၏။ ခဏတဖြုတ်မှိန်းကာ အနားယူပြီးလျှင် ဤနေရာမှနေ၍တစ်နေရာသို့ ပြေးရပေဦးမည်။

ဒဏ်ရာအရှိန်ကြောင့် မှိန်းနေရင်းမှ ဤအဖြစ်ဆိုးကြီးနှင့် မကြုံမီ သူ၏ဘဝကိုပြန်လည်သတိရမိ၏။

သူ၏ဦးကင်းထိပ်ဇက်ပိုးတွင် သူ့သခင်သည် အမြဲထိုင်လျက် နားရွက်ရင်းကိုခြေဖြင့်တို့ကာတို့ကာ ညွှန်ကြားမှုတွေ ပေးတတ်၏။ သူသည်လည်း ကြည်ကြည်ဖြူဖြူ လုပ်ဆောင်ပေး၏။

www.burmeseclassic.com



သူသည်မွေးကင်းစကတည်းက ထိုဆင်ပိုင်းတွင် နေခဲ့သူဖြစ်၏။ ငယ်စဉ်ကသားထိန်းမိခင်နှင့်တွဲသွားတွဲလာလိုက်ပါခဲ့ရ၏။ သို့ကြောင့်လည်း ယခုလုပ်နေရသည့် လုပ်ငန်းနှင့်ယဉ်ပါးနေပြီဖြစ်သည်။ အရွယ်လေးရလာတော့ သူ့ကိုလေ့ကျင့်ပေးကြ၏။ အစကတော့စိတ်မပါ။ ငြင်းပယ်ရန်ကြိုးစားခဲ့ဖူး၏။ သို့ ငြင်းဆန်လေတိုင်း ချွန်းနှင့်ပေါက်ခံရ၏။ နာကျင်လွန်းလှသည်မှာ ငယ်သံပါအောင် အော်ဟစ်ခဲ့ပြီး ဝေဒနာပြေပျောက်ခြင်းမရှိခဲ့ချေ။ ထို့နောက် ချွန်းနှင့်အပေါက်မခံ၊ ခိုင်းတာကို လုပ်ပေးခဲ့ရ၏။

တကယ်တော့ သူကဲ့သို့ မျိုးတူသတ္တဝါအားလုံး မဖြစ်မနေလုပ်ကြရသည့် လုပ်ငန်းဖြစ်သည်ကို သိလိုက်သည်။ ကြာလာတော့ ပျော်စရာပင်ကောင်းလာတော့သည်။ လုပ်ငန်းခွင့်မှပြန်ရောက်လျှင် သူတို့ကို ရေမိုးချိုးပေးပြီး စားကျက်သို့လွှတ်လိုက်တတ်ကြသည်။ သည်တွင်သူတို့က လွတ်လပ်စွာ စားကျက်သို့သွားရောက်တတ်ကြသည်။ တစ်ညလုံး လျှောက်သွားလျှောက်စား၊ နံနက်မိုးလင်းလုတွင် သခင်တို့သည် သူတို့ကို လိုက်ပါခေါ်ယူတတ်ကြ၏။ အစက သူသည် လွတ်လပ်မှုကို ခင်တွယ်မိပြီး ဝေးရာကို ရှောင်ပြေးရန်ကြိုးစားကြည့်၏။ စားကျက်ပြောင်းကာ ဘယ်သို့သူရောက်နေ သူ့နောက်ကိုထက်ကြပ်မကွာလိုက်နိုင်ခဲ့ခြင်းသည် သူ့ရှေ့ခြေအစုံတွင် တပ်ဆင်ထားသည့် သံကြိုးကွင်း (ထူးသံကြိုး) ကြောင့်လည်းကောင်း၊ သူ့လည်တိုင်တွင်တပ်ဆင်ပေးထားသည့် ခလောက်ကြောင့်လည်းကောင်း၊ ဆိုတာ သိလိုက်ရသည်ကြောင့် ထိုထူးကြိုးနှင့်ခလောက်ရှိနေသရွေ့ ကာလပတ်လုံးဘယ်သို့မျှ ရှောင်ပြေးမလွတ်နိုင်မှန်းသိလိုက်ရတော့၏။ သို့ကြောင့် ရှောင်ပုန်းပြေးရန် မစဉ်းစားလေတော့ချေ။

သို့ဖြစ်၍သူသည် လွတ်လပ်မှုရရှိသည့် အချိန်ကလေးကိုပင် တမ်းတ



ရင်းနှီးစွာဝလုပ်ငန်းတာဝန်တွေကို မပျက်မကွက်လုပ်ပေးတော့၏။

သို့ သူ့လုပ်ငန်းခွင် ဝင်ချိန်နှင့် ရေချိုးချိန်တွင် သူ့နံဘေးအမြဲရှိနေတတ်သူမှာ 'ကြည်ပြာ' ခေါ်သည့် ဆင်မလေးပင်ဖြစ်၏။ သူ့သခင်၏ မိတ်ဆွေလုပ်ဖော်ကိုင်ဖက်က သူစီးသည့် ဆင်မလေးကိုကြည့်ကြည့်ပြီး အော်ဟစ်နေသံသည် 'ကြည်ပြာ၊ ကြည်ပြာ' ရယ်လို့ နားစွဲနေခြင်းကြောင့် သူကလည်း ကြည်ပြာဟု ပြောလိုက်ခြင်းဖြစ်သည်။

ကြည်ပြာ၊ ဘာကြောင့် သူနဲ့ တပူးတတွဲတွဲရှိနေတာတုန်း။ ကြည်ပြာကို သူ မနှစ်သက်ပါချေ။ သူသည်လွတ်လွတ်လပ်လပ်နေချင်သူဖြစ်သည်။ ရေချိုးလည်းသူ့အနား၊ လုပ်ငန်းခွင်တွင်လည်း သူ့အနား၊ သူစိတ်ညစ်ရ၏။

သို့ကြောင့်လည်း လွတ်လပ်ခွင့်ရသည့် အချိန်ပိုင်းတွင် ကြည်ပြာနှင့် ဝေးရာသို့ထွက်ခွာလာနိုင်ခြင်းကြောင့် စိတ်ချမ်းသာမှုတော့ရခဲ့၏။ သို့ပြား ကြည်ပြာသည် သူနှင့်မဝေးမနီးနေရာလောက်တွင် ရှိနေတတ်ပြန်၏။ အစက သူ့နားကပ်ရန် ကြည်ပြာကြိုးစားခဲ့ဖူး၏။ သူက တွန်းတိုး၊ မာန်ဖီလုပ်တတ်ခြင်းကြောင့် ခပ်ခွာခွာတွင်သာနေခဲ့ရခြင်းဖြစ်သည်။ လုပ်ငန်းခွင်နှင့်ရေချိုးချိန်တွင်မတော့ ပူးပူးကပ်ကပ်နေခွင့်ရ၏။ သူ မာန်ဖီတွန်းထိုး၍ မရချေ။ ဘယ့်တွက်မူ သူ့သခင်နှင့် ကြည်ပြာ့သခင်သည် သူတို့လိုမဟုတ်။ တတွဲတွဲ နေတတ်သူများဖြစ်သည်။ သခင့်မျက်နှာကြောင့် သခင်ငြိုငြင်မည်ကြောင့် အောင့်အီးနေရခြင်းဖြစ်သည်။ သို့ကြောင့်လည်း လွတ်လပ်မှုရသည့် ညပိုင်းကို မျှော်လင့်နေရခြင်းဖြစ်သည်။

တစ်နေ့ ညဘက်တွင်ဖြစ်၏။ မမျှော်လင့်သော ကြုံတွေ့မှုကလေးက သူ့ဘဝကို တစ်မျိုးတစ်မည်ပြောင်းလဲရန် အစပျိုးလာခြင်းဖြစ်တော့သည်။

သူ့စားကျက်တွင် အခြားတစ်ကောင်ဝင်နေသည်ကြောင့် ဝိုင်ဆိုးကာ ရန်ပြုရန်ပြေးအသွားအနားရောက်လေမှ သူတို့အုပ်စုမှမဟုတ်မှန်းသိလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ ဆင်မလေးတစ်ကောင်ဖြစ်နေခြင်းအပြင် ထူးခြားသည်မှာ သူတို့ကဲ့သို့ ခြေအစုံတွင် ထူးခတ်ထားခြင်းမရှိ။ သူတို့ထက်ပိုလွတ်လပ်ခွင့်ရထားသူဖြစ်ပေမည်။ အားကျလိုက်တာ၊ သို့ကြောင့် ထိုဆင်မလေးနှင့်သူ မဟာမိတ်ဖွဲ့ကာနေလိုက်တော့၏။

တစ်ရက်၊ နှစ်ရက်၊ သုံးလေးရက်အကြာတွင် သူ့စိတ်တစ်မျိုးဖြစ်လာ၏။ ညပိုင်းလွတ်လပ်မှုရချိန်ကိုသာ တမ်းတနေတော့၏။ အလုပ်ကိုလည်း ကောင်းကောင်းမလုပ်ချင်တော့။ တောဆင်ရိုင်းမလေးကိုသာ တွေ့ချင်ဆုံချင်လာတော့၏။ ထိုစိတ်ကြောင့် လုပ်ငန်းခွင်တွင် အမှားအယွင်းများလာရသည်ကြောင့် သခင်၏အော်ဟစ်ကြိမ်းမောင်းခြင်း၊ ရိုက်နှက်ခြင်းကိုခံရပြန်တော့၏။ ရံခါဆိုသလို စားကျက်တွင် တောဆင်ရိုင်းမလေးကို မတွေ့သည့်အခါတိုင်း အလိုလိုနေရင်း ဒေါသထွက်မိ၏။ ထိုအချိန်မျိုးတွင် ကြည်ပြာတစ်ယောက် သူ့အနားကပ်လာပါက ဒေါသတကြီးတွန်းတိုးတိုက်ခိုက်မိတော့၏။ သည့်ပြင်မိုးလင်းလုတွင်သခင်ရောက်လာခဲ့ပြားထုံပေပေနေ လိုက်မိသည်ကြောင့် ချွန်းဖြင့်အုပ်ခံရပြန်၏။

ကြာလာတော့ တောဆင်မလေးကို တမ်းတစွဲလမ်းစိတ်ကြောင့် စိတ်ညစ်လာချေ၏။ သည်တော့ ဖြစ်လိုရာဖြစ်စေရယ်လို့ သဘောပိုက်ကာ တစ်နေ့စားကျက်တွင်တောဆင်ရိုင်းမလေးနှင့်ဆုံသည်နှင့် ဝေလီဝေလင်းသခင်ရောက်မလာမီ ထိုဆင်မလေးနှင့်လိုက်သွားခဲ့တော့၏။

တောဆင်မလေးက သူ့ကိုစောင့်ခေါ် သား။ ဇောဖြင့်လားတော့ မသိ တောအုပ်နက်အတွင်း ခရီးအတော်ပေါက်ခဲ့၏။ သူ့ကျေနပ်ပီတိဖြစ်လို့မဆုံး၊ ဘယ်ကဘယ်လိုရောက်လာမှန်းမသိသည့် တောဆင်ရိုင်းထီးနှစ်ကောင်က သူ့ကိုဝင်ရောက်တိုက်ခိုက်လေတော့၏။ သူ့ထက်ခွန်အားဗလကြီးခြင်း၊ နှစ်ကောင်ဖြစ်နေခြင်း၊ သူ့တွင် ထူးခတ်ခံထားရခြင်းကြောင့်



ပက်ပက်စက်စက် ရှုံးနိမ့်ခဲ့ရတော့၏။ ထိခိုက်ဒဏ်ရာ အနာဘရရခြင်းထက် တောဆင်ရိုင်းမလေး ထိုနှစ်ကောင်နောက်ပါသွားခြင်းက သူ့ရဲ့ဒေါသကိုအမြင့်ဆုံးသို့ ရောက်ခဲ့စေတော့၏။

ရှုံးမဲ မဲသည်ဟု ပြောရလေမလားပဲ။ သို့ သူနာကြည်းဒေါသမုန်တိုင်းထနေချိန်တွင် သူ့သခင်ရောက်လာ၏။ မကြာခဏသူ့ကို နာကျင်အောင်ရိုက်နှက်တတ်သည့် သူ့သခင်ကိုမြင်လိုက်သည်နှင့် သတိတရဖြစ်သွားကာ နာကြည်းစိတ်ကြောင့် ပြန်လည်ရန်ပြု တိုက်ခိုက်သတ်ဖြတ်လိုက်တော့၏။

'အား'

သူ့သခင်၏ ထိတ်လန့်တကြား အော်ဟစ်လိုက်သည့် အသံနက်ကြီးက သူ့ကိုပို၍တုန်လှုပ်စေခဲ့၏။ သည်တော့ သူခြေဦးတည့်ရာပြေးခဲ့တော့၏။ သို့ ပြေးလွှားရင်း ဝါးခုတ်သမားနှစ်ယောက်ကိုလည်း ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ပြန်သေး၏။

တောအုပ်နက်အတွင်း တစ်နေ့နှင့်တစ်ညသာနေခဲ့ရ၏။ သူ့နောက်သို့ ကြည်ပြာနှင့်အတူ ကြည်ပြာသခင်အပြင် သူစိမ်းတစ်ရံ လူနှစ်ယောက်ပါလာကြ၏။

ကြည်ပြာကသူ့ကို ဒုက္ခပေးမည့်သူတွေ ခေါ်လာပေးသည်လား။ သို့ကြောင့် သူသည် ကြည်ပြာကို နဂိုကတည်းကလည်း အမုန်းတရားရှိခဲ့သည်ကြောင့် ဒေါသူပုန်ထကာ ဖြစ်လိုရာဖြစ် စိတ်မှာမှတ်ကာ တရူးထိုးပြေးလွှား တိုက်ခိုက်လိုက်တော့၏။

'ဋူး'

'ဒိုန်း'

သူ ကြည်ပြာ့ကို ရန်ပြုရန်အခွင့်အရေးပင် မရလိုက်ချေ၊ ကြည်ပြာ့နံ့ထက်မှလိုက်ပါလာသည့် သူစိမ်းတစ်ရံ လူသားတစ်ယောက်လက်တွင်း

www.burmeseclassic.com

www.burmeseclassic.com



မှ **မီးတစ်ပွင့်ကို ဖျတ်**ခနဲမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်ပြင်းထန်သော ပေါက်ကွဲသံကြီးက သူ့ဝမ်းဗိုက်ကို ပွခနဲဖြစ်စေကာ ရပ်တန့်စေလိုက်၏။ တိုက်ခိုက်လာမှု ပြင်းထန်သည်ကြောင့် နောက်သို့ဖင်ထိုင်လဲကျသွားရ၏။ သူသိလိုက်ပြီ၊ ကြည်ပြာမ ရက်စက်လိုက်တာ။ သူ့ကို ဒုက္ခပေးမည့်လူသား နှစ်ယောက်ကို ခေါ်လာတာကိုး။ ခုတော့ မှတ်ထားဦးပေါ့ရယ်လို့ တွက်လိုက်ပြီး ကမန်းကတန်း ပြန်ထကာတောအုပ်နက်အတွင်းပြေးဝင်ခဲ့ခြင်း ဖြစ်တော့သည်။

'ကိုလင်း ဒီကောင်ချက်ကောင်းမှန်တာတော့ ဟုတ်ပေမယ့် သွေးရှူး သွေးတန်းထပြေးတာဗျ၊ ကျွန်တော်တို့ သွေးစက်ခြေရာခံပြီးအေးအေး လူလူလိုက်လို့ရတယ်'

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်သည် သွားတက်ကလေးပေါ်ရုံ ပြုံးလျက် -

'ဆင်ပေါ်ကနေ စီးပစ်ရတော့ အားမရဘူးဗျာ' ဟုပြောလာသဖြင့် 'ဘယ်လိုဖြစ်ဖြစ်ဗျာ၊ ကြည်ပြာမက လိမ္မာတယ်ဗျို့၊ ငြိမ်နေတာပဲ၊ တကယ်ဆို ကျွန်တော်တို့ကို တိုက်ခိုက်ဖို့ပြေးလာတာသိလျက် နည်းနည်းလေးမှ မတုန်လှုပ်ဘူးဗျာ'

ကျွန်တော်က သို့ပြောလိုက်သည်တွင် ဆင်ဦးစီးလေးက ရယ်မောလျက် 'ဘယ်တုန်လှုပ်ပါ့မလဲဗျာ၊ ဒီကောင်မက အဲဒီကောင်နဲ့တပူးတွဲတွဲ နေခဲ့ကြတာလေ။ ယဉ်နေပြီပဲ။ ဟိုကောင်ကသာ မုန်ယိုပြီး မကြံကောင်း မစည်ရာ လုပ်လာချင်တာ။ မုန်ယိုပြီး သူ့သခင်ကိုသူသတ်တယ်။ ဝါးခုတ်သမားနှစ်ယောက်ကို သတ်တယ်။ ပြီးတော့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက် ကြည်ပြာမကို ဒုက္ခပေးဖို့ကြံစားလာတယ်။ ဆရာလေး လက်မြန်ပေလို့ပေါ့။ ကျွန်တော်တောင် တော်တော်ထိတ်လန့်သွားတယ်ဗျာ' ရယ်လို့ပြောလာ၏။



'ကဲ ဆင်ဦးစီးလေးရေ သူ့ဒဏ်ရာသွေးစက်ကို ခြေရာခံပြီးလိုက်ပေရော့ကွာ'

ကျွန်တော်တို့သည် ထိုမုန်ယိုဆင် ဝေးဝေးမပြေးနိုင်မှန်းတွက်ဆပြီး ဖြစ်၏။ အလွန်ဆုံးပြေးလွှားနိုင်ပါက တစ်မိုင်ခရီးထက် မပိုနိုင်ချေရယ်လို့ မှန်းဆပြီးဖြစ်သည်ကြောင့် ဆင်ပေါ်မှာပင် လင်းမြင့်လှိုင်ထံမှ ဝီစကီပုလင်းကိုယူကာ တစ်ငုံသောက်လိုက်၏။ လင်းမြင့်လှိုင် တစ်လှည့်၊ ကျွန်တော် တစ်လှည့် ဆင်ဦးစီးလေးတွင်ပါလာသည့် ဆတ်သားခြောက်ကြော်ကို အမြည်းလုပ်ရင်း ပင်ပန်းသည်ဒဏ်ကိုဖြေရင်း ဤခရီးစဉ်ဖြစ်ခဲ့ရခြင်းစဉ်းစားနေလိုက်မိသည်။

'ဆရာလေးတို့ရေ ကျုပ် ဆင်စခန်းမှာ ဆင်တစ်ကောင် မုန်ယိုပြီး သူ့သခင်နဲ့ဝါးခုတ်သမားနှစ်ယောက်ကို သတ်ဖြတ်ပြေးသွားတယ်။ အဲဒါ လိုက်ဖမ်းပေးပါဗျာ။ နို့မဟုတ်ရင် ဝါးခုတ်၊ သစ်ခုတ်သမားတွေအတွက် အန္တရာယ်များလွန်းလို့ပါ' ရယ်လို့ ဆင်ပိုင်ကြီး စောစံကြိုင်က လာရောက် အကူအညီတောင်းခံလာခြင်းကြောင့် မီးလောင်ကုန်းကျေးရွာသို့ အမဲကြီး ပစ်ရန်ရောက်နေကြသည့် ကျွန်တော်တို့နှစ်ယောက် အထက်ဆင်တဲသို့ အားခြင်းလိုက်ခဲ့ကြသည်။ ထိုမှတစ်ဆင့် -

'ဒီကောင် သွားတတ်တဲ့ဆီကို ဒီဆင်မ ကြည်ပြာသိနိုင်တယ်။ ဘာလို့လဲဆိုတော့ သူတို့ကတပူးပူးတတွဲတွဲရှိတာများတယ်။ ဒါကြောင့် ကြည်ပြာကိုခေါ်သွားချေဗျာ' ရယ်လို့ စောစံကြိုင်က ပြောသဖြင့် ကြည်ပြာမနှင့် အတူ သူ့သခင်ဆင်ဦးစီးလေးကို ခေါ်ကာ တောတိုးခဲ့ကြခြင်းဖြစ်သည်။

သို့ဖြင့် ကျွန်တော်တို့သည် ဒဏ်ရာရ မုန်ယိုဆင်နောက်လိုက်ခဲ့ကြရာ တွက်ထားသည့်အတိုင်း တစ်မိုင်ခရီးလောက်ရှိ "ဝါးပိုး"ဝါးတောအတွင်း သဲလျောင်းငြိမ်နေသည်ကို တွေ့လိုက်သဖြင့် -

www.burmeseclassic.com



'ကဲ ကိုလင်း ကျွန်တော်မပြောဘူးလား၊ ဟိုမှာ ကဲ ဒီတစ်ချီ ကျွန်တော် ပစ်မယ်ဗျာ' ဆိုကာ ဗိုင်း ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကို စနစ်တကျ ကိုင်တွယ် မောင်းတင်လိုက်ရင်း 'ဆင်ဦးစီးလေးရေရှေ့နည်းနည်းတိုးသွားပေးစမ်းပါ။ သူ့ရဲ့ဘေးတိုက်နေရာလောက်မှာ ရပ်နေချေဗျာ၊ ကျုပ်ပစ်မယ်' ဟု ပြော လိုက်သည်။

သည့်တွင် ဆင်ဦးစီးလေးက 'ဟဲ့ ကြည်ပြာ ငြိမ်ငြိမ်နေနေ၊ အသံမပြု နဲ့' ဆိုကာ ကြည်ပြာမ၏ နားရွက်ကို ချွန်းဖြင့် ချိတ်ကာဆွဲကာဖြင့် ကျွန်တော်လိုအပ်သည့်နေရာသို့ သွားခိုင်းလေတော့၏။

'ဟုတ်ပြီ၊ တော်ပြီ'

ကျွန်တော်စိတ်ကြိုက်နေရာရသည့်အခါတွင် ရပ်တန့်ခိုင်းလိုက်ကာ မုန်ယိုဆင်ကောင်၏ ဦးကင်းရှိရာသို့ သေချာချိန်ရွယ်လိုက်၏။

'ဝူး'

မမျှော်လင့်ဘဲ ကြည်ပြာမ၏ သတိပေးထအော်သံကြောင့် မုန်ယိုဆင် သည် လဲလျောင်းနေရာမှ ကမန်းကတန်းထကာ ပြေးထွက်မည်ကြံလေပြီမှ ဘာဖြစ်သွားသည်မသိ လွတ်ရာသို့ ပြေးလွှားမသွားလေဘဲ ကျွန်တော်တို့ ထံသို့ ကမူးရှူးထိုးပြေးဝင်လာတော့၏။

'ကိုပိုက်'

လင်းမြင့်လှိုင်က ထိတ်လန့်တုန်လှုပ်စွာ သတိပေးအော်လိုက်၏။ ကျွန်တော်သည် မုန်ယိုဆင်ကောင်၏ ဦးကင်းအလယ်တည့်တည့်သို့ ပြောင်းကိုချိန်လိုက်ပြီး မောင်းထိန်းခလုတ်ကို ဆွဲဖြုတ်လိုက်တော့သည်။

'ဒိန်း'

'ဝူး'

'ကွိစ်'



မုန်ယိုဆင်ကောင်သည် ပြေးလွှားနေရင်းမှ ရှေ့သို့ဟပ်ထိုးလဲပြိုကျ သွားတော့သည်။ လုံးဝငြိမ်သက်သွားချေပြီ ဖြစ်သည်။ ပစ်မှတ်မလွဲပါချေ။ ဦးနှောက်များဖွာလံပြန့်ကျဲနေတော့၏။ ကျွန်တော်တို့ စီးလာသော ကြည် ပြာမ၏မျက်လုံးအစုံသည် မှိတ်လျက်ရှိနေရာမှ မျက်ရည်တို့စီးကျနေသည် ကို ထူးဆန်းစွာတွေ့လိုက်ကြရသဖြင့် စိတ်မကောင်းဖြစ်ရပြန်သေးသည်။

ကြည်ပြာမ၏သတိပေးအော်ဟစ်သံကြောင့် ထွက်ပြေးလျှင် လွတ်နိုင် သော်ငြား ဘယ့်အတွက်ကြောင့် အသေခံပြန်လည်တိုက်ခိုက်ရပါသနည်း။ ကြည်ပြာဆင်မလေးသာသိပေလိမ့်မည်။

မှုခင်းရှုထောင့်မဂ္ဂဇင်း၊ ဧပြီလ၊ ၂၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်စခန်းဝယ်





## အံ့ဖွယ်စခန်းဝယ်

ကျွန်တော်အမဲပစ်ခြင်းအလုပ်ကို စွန့်လွှတ်တော့မည်ဟု ဆုံးဖြတ်ထား သော်ငြား၊ ထိုဆုံးဖြတ်ချက်ကို ယခုတိုင်အကောင်အထည်မဖော်နိုင်သေး ချေ။ သို့ပေမင့် ယခင်ကလိုတော့ဖြင့် အမဲပစ်ထွက်မစိပ်တော့ချေ။ နှစ်လ သုံးလနေမှ တစ်ကြိမ်ထွက်ဖြစ်တော့၏။ သို့ထွက်သည်ဆိုရာ၌လည်း ဝေးလံခေါင်သီအရပ်သို့ သွားခဲ့တော့၏။ အနီးဆုံးတောသို့သာသွားတတ် သည်။

အလေ့အကျင့် ကျဲသွား၍ပေလားမသိ၊ လက်မှန်းသိပ်မတည့်ချင် တော့ပေ။ အသက်အရွယ်ကြောင့် မျက်စိအမြင်အားနှင့် စိတ်ညီငြိမ်မှု လျော့ရဲလာချေပြီဟု မိမိကိုယ်မိမိသတိထားမိတော့သည်။

သို့ဖြစ်၍လည်း အလိုလိုနေရင်း စိတ်တိုလာမိ၏။ ယခုလည်းကြည့် ပေအစိတ်သာသာအမြင့်တွင်ရှိနေသည့် မျောက်တစ်ကောင်ကို အပိုင်ပစ် ခွင့်ရပေငြား လွဲချော်ခဲ့ရတော့၏။

"ကိုပိုက် ရှေ့ဆက်အမဲပစ်ဦးမယ်ဆိုရင်ဖြင့် လေ့ကျင့်မှုအားလိုနေ ဦးနော်" ရယ်လို့ လင်းမြင့်လှိုင်က ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကျဆုံးတဲ့အချိန်မှာ လုပ်နေကျအလုပ်ကို ရပ်လိုက်မယ်ဆိုရင် အရှုံးပေးသလိုဖြစ်သွားတော့မပေါ့ဗျာ"

သစ်တောဝန်ထောက် မျိုးဝင်းကပါ သို့နယ်ပြောလာ၏။ ဘယ်သို့သဘောဆောင်လေသည်မသိ။ ကျွန်တော်ကတော့ သို့အပြောခံရသည်ကို မကျေမနပ်ဖြစ်သွား၏။ မိမိအားနှိမ်ချပြောလေသည်လားဟု သံသယဖြစ်မိခြင်းကြောင့်ပင်။

"ကဲ ကိုလင်းကော ကိုမျိုးဝင်းပါ ကျွန်တော်တစ်ခုမေတ္တာရပ်ခံချင်သဗျ" ရယ်လို့ပြောလိုက်သည်နှင့် သူတို့နှစ်ယောက်သည် ကျွန်တော်ဆက်ပြောလေမည့်စကားကို ငံ့လင့်စောင့်စားနေကြတော့၏။

"ဒီတစ်ကြိမ်တွေ့မယ့်သားကောင်ကြီးကြီးသေးသေး၊ ကျွန်တော်ပစ်မယ်ဗျာ လွဲချော်သွားခဲ့ရင် ခင်ဗျားတို့နှစ်ယောက်ကို ကျွန်တော်မြို့ပြန်ရောက်လျှင်ဖြင့် တဝကြီးကျွေးမွေးပြုစုပါ့မယ် ဘယ်လိုလဲ"

ကျွန်တော့်စကားကြောင့် နှစ်ယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးရင်းမှ -

"ကောင်းပြီလေ၊ စကားတည်ပါစေနော်" ရယ်လို့ လင်းမြင့်လှိုင်က ပြော၏။

"စိတ်ချ .. စိတ်ချ အမဲပစ်ခြင်းအလုပ်ကို အရှုံးနဲ့စွန့်လွှတ်ခြင်း အထိမ်းအမှတ်လုပ်ပစ်လိုက်မယ်"

"ဟား .. ဟား .. ဟား .. ဟား"

အားလုံးရယ်မောကြသည်။

ဤလမ်းဤခရီးသည် သစ်တောဝန်ထောက်ဦးမျိုးဝင်း နှုတ်ဖွာ၍ ရောက်လာခဲ့ကြခြင်းဖြစ်၏။



"ကိုပိုက်ရဲ့ အမဲလိုက်ဝတ္ထုတွေ အတော်များများဖတ်ဖူးပြီး၊ ကိုယ်တိုင်ကိုယ်ကျမကြုံဖူးဘူးဗျာ၊ ကျောင်းနေဖက်သူငယ်ချင်းဖြစ်ပြီး တူတူခရီးကြမ်းထွက်၊ အမဲမပစ်ဖူးခဲ့ရင် ကျွန်တော်ညံ့ရာကျသဗျ ဒါကြောင့်ကျွန်တော်လဲ ရန်ကုန်တိုင်းသစ်တောရောက်နေခိုက်မှာ သူငယ်ချင်းနဲ့တူတူအမဲပစ်ထွက်ချင်တယ်ဗျာ" ရယ်လို့ပြောလာသည်ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို အဖော်ပြုကာ သစ်တောဝန်ထောက်ဦးမျိုးဝင်းနှင့်အတူ ဥက္ကံသစ်တောအတွင်း အမဲပစ်ထွက်ခဲ့ကြခြင်းဖြစ်တော့၏။

သယ်န်းကျွန်းမြို့နယ်၊ သစ်တောဦးစီးအရာရှိဦးမျိုးလွင်က လိုက်ပါကူညီပံ့ပိုးပေး၏။

ဦးမျိုးလွင်သည် လင်းမြင့်လှိုင်၏အစ်ကိုတော်စပ်သူဖြစ်၏။ သို့ကြောင့်သည်း ပို၍အဆင်ပြေရချေ၏။

ကျွန်တော်တို့သည် တိုက်ကြီး၊ဥက္ကံမှနေ၍ ဦးမျိုးဝင်း၏မာဇဒါဂျစ်နှင့် စမ်းရွာသို့ထွက်ခဲ့ကြ၏။ ထိုစမ်းရွာမှတစ်ဆင့် မီးလောင်ကုန်းကျေးရွာ။

မီးလောင်ကုန်းကျေးရွာတွင် ညအိပ်ကြ၏။ ထိုမီးလောင်ကုန်းကျေးရွာသို့ ရောက်သည့်အခါတွင် လွန်ခဲ့သော နှစ်အစိပ်လောက်က ကျွန်တော်တို့နှင့် လွန်စွာမျှပနံရလေသော သူကြီးဦးဇာမဏီကို သတိရမိသေးတော့၏။ ယခုသူကား မရှိချေတော့ပြီ။

မီးလောင်ကုန်းကျေးရွာတွင် တစ်ညအိပ်ကြပြီး နောက်တစ်နေ့မနက်စောစောတွင် ခြေကျင်ခရီးထွက်ခဲ့ကြသည်။

သို့ဆိုသလို ထိုလမ်းခရီးအစမှာပင် ကျွန်တော်သည် မျောက်တစ်ကောင်ကိုပစ်ခွင့်ရခဲ့ပြား လွဲချော်ခဲ့ရတော့၏။ ရှက်လည်း ရှက်သွားမိ၏။ ကျွန်တော်နှင့်လင်းမြင့်လှိုင်နှစ်ယောက်တည်းဆိုပါလျှင် အကြောင်းမဟုတ်၊ ယခုမူ လူစိမ်းနှစ်ယောက်ရှိနေသည်ကြောင့်ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့ခရီးဆက်ခဲ့ကြပြန်သည်။ သို့သွားလာရင်း "ကျွန်တော်တို့ ဖာလာစခန်းမှာ ညအိပ်စခန်းချမယ်ဗျာ မကောင်းဘူးလား" ရယ်လို့ လင်းမြင့်လှိုင်က ပြောလာသည်တွင် ဦးမျိုးလွင်က "စပါးကြီးမြောင်မှာပိုကောင်းမယ်ထင်တယ်၊ ဖာလာစခန်းက လူရှုပ်တယ်၊ ဝါးခုတ်၊ သစ်ခုတ်သမားတွေနဲ့ ပွဲဈေးတန်းလိုဖြစ်နေသဗျ၊ ဒါကြောင့် ချောင်ကျကျ စပါးကြီးမြောင်စခန်းဆိုပိုမကောင်းဘူးလား" ရယ်လို့ ပြောလာ၏။

"ကောင်းတယ်၊ ကောင်းတယ်၊ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး ပိုသင့်သပေါ့ဗျ"

ဦးမျိုးဝင်းက ပြုံးစစဖြင့် ပြောလာပြန်၏။

"နို့ဖြင့် ကျွန်တော်တို့အတွက် အဲဒီစခန်းမှာ အရံသင့်တည်းခိုစရာ စခန်းတဲရှိနိုင်ပါ့မလား"

ကျွန်တော်က မေးလိုက်၏။

"သည့်တွက်တော့မပူပါနဲ့ ကျွန်တော်တောအုပ်တစ်ယောက်ကို ကြိုလွှတ်ပြီး စီစဉ်ထားပါတယ်"

"သိပ်ကောင်းတာပေါ့၊ ကိုမျိုးလွင်ရာ သည့်တွက် ခင်ဗျားကို ကောင်းကောင်းဂုဏ်ပြုရမှာပါ၊ ဟုတ်တယ်မဟုတ်လား ကိုပိုက်"

ဦးမျိုးဝင်းဘာကိုဆိုလိုသည် ကျွန်တော်သဘောပေါက်လိုက်ပါသည်။ သို့ကြောင့်လည်း -

"ကဲ ကိုမျိုးလွင်ရေ သည်တစ်ချီ ကျွန်တော်ပစ်လို့ရမယ့် သားကောင်ဘာဖြစ်ဖြစ် အဲဒီသားကောင်ရဲ့ အသည်းနှလုံးဟာ ခင်ဗျားအတွက် ဂုဏ်ပြုလက်ဆောင်ဖြစ်စေရမယ်" လို့ ရယ်သွမ်းသွေးပြောလိုက်တော့သည်။

"နို့ လွဲချော်ခဲ့ရင်ကော ..."



ဦးမျိုးဝင်းက ပြုံးစစဖြင့် မေးလာပြန်သဖြင့် "ကျွန်တော်ရဲ့ ဟောဒီသေနတ်ကို အထူးလက်ဆောင်အဖြစ်ပေးလိုက်မယ်ဗျာ" ရယ်လို့ ပြောလိုက်သည်။

"မုဆိုးအလုပ်ကို လုံးဝစွန့်လွှတ်လိုက်မယ့် သဘောလားဗျ"

"ဒါပေါ့ဗျာ ... " ဟူ၍ လင်းမြင့်လှိုင်ကိုပြန်ပြောလိုက်သည်။

သို့ဖြင့် စကားပြောရင်းလျှောက်ခဲ့ကြသည်။

လမ်းခရီးတစ်မိုင်သာသာခန့်တွင် လွန်စွာမှုကြီးမားသော ဆင်ခြေရာကြီးတစ်ခုကို တွေ့လိုက်ရ၏။

"သည်လောက်ကြီးမားတဲ့ ဆင်ခြေရာမတွေ့ဖူးသေးဘူးဗျာ"

လင်းမြင့်လှိုင်က ဆင်ခြေရာ၏အချင်းကို သူ၏လက်ဖြင့် တိုင်းတာကြည့်ရင်းပြော၏။ ဆင်ခြေရာအချင်းတစ်တောင်နှင့်တစ်မိုက်ရှိပေသည်။

"ဟိုင်းဆင်ကြီးဖြစ်လိမ့်မယ်ဗျ"

ထိုဆင်ခြေရာကိုကြည့်ခြင်းအားဖြင့် ကျန်ခဲ့သော တစ်ရက် နှစ်ရက်ခန့်ကတည်းက ဤနေရာမှ ဖြတ်သွားခြင်းဖြစ်နိုင်၏။ သို့ဆိုပါလျှင် ထိုဟိုင်းဆင်ကြီးနှင့် ကျွန်တော်တို့ ပက်ပင်းတိုးစရာအကြောင်းမရှိပါချေ။ ဤအချိန်ကာလကိုကြည့်ခြင်းအားဖြင့် ထိုဆင်ကြီး သာယာဝတီတောင်ကျောဘက် ရောက်သွားလောက်ပြီဟု ခန့်မှန်း၍ရပေ၏။

"တော်သေးတာပေါ့ဗျာ မနေ့တစ်နေ့ကသာ ကျွန်တော်တို့ ဒီနား ရောက်ခဲ့ရင် အဲဒီဟိုင်းကြီးနဲ့ ပက်ပင်းတိုးမှာသေချာသဗျ"

ဦးမျိုးလွင်က စိုးရိမ်သံဖြင့် ပြောလာ၏။ ဦးမျိုးဝင်းကမူ အိုဗျာလွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်လောက်ကသာ ကျုပ်တို့ဒီနားရောက်ခဲ့လျှင်ဖြင့် ကိုမျိုးလွင် တစ်ယောက် ဟိုင်းဆင်ကြီးရဲ့ အသည်းနှလုံးပွဲတော်တယ်ရပြီပေါ့ဗျာ၊ ဟဲ ဟဲ ဟဲ" ရယ်လို့ ကျွန်တော့်အားစွေကြည့်ကာ ပြောလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ ဦးမျိုးဝင်းပြောလာသည့်စကားကြောင့် ကျွန်တော်ပြုံးလိုက်မိ၏။ ကျွန်တော့်အား သူအသားလွှတ်လှောင်ပြောင်နေပြီကော။

"ကဲပါဗျာ၊ ကျွန်တော်တို့ ခရီးဆက်ကြစို့"

လင်းမြင့်လှိုင်ကပြောပြောဆိုဆို သူကပင်ဦးဆောင်၍ ထိုနေရာမှ လှမ်းထွက်သွားလေတော့သဖြင့် ကျွန်တော်တို့သည်လည်း သူ့နောက်မှ ထပ်ချပ်မကွာလိုက်သွားကြတော့ သည်။

ကျွန်တော်တို့ရှေ့မှသွားနေသော လင်းမြင့်လှိုင်သည် လှိုဏ်လေးတစ်ခု နားအရောက်တွင် ရုတ်တရက်ရပ်တန့်လိုက်ပြီး သူ့လက်တွင်းမှ သေနတ်ကိုကပျာကသီရှေ့သို့ ထိုးချိန်လိုက်၏။ မြန်လိုက်သည့်ဖြစ်ခြင်း -

"ဝုန်း . . ဝရော . . ဝေါင်း"

လှိုဏ်လေးအတွင်းမှ ရုတ်တရက်ခုန်ထွက်လာသော သတ္တဝါတစ်ကောင်ကြောင့် ရင်ထိတ်သွားမိသည်။ သူကား ပိုမြန်သေးတော့၏။

ထိုသတ္တဝါကောင်သည် တစ်ဘက်တောင်ကျောပေါ်သို့ ဒရောသောပါးတက်ပြေးသွားတော့၏။ ဘာကောင်ရယ် သဲသဲကွဲကွဲမသိလိုက်။ လင်းမြင့်လှိုင်သည်လည်း သူ့လက်တွင်းမှ သေနတ်ကိုချိန်လျက် မင်သက်ငေးနေဆဲဖြစ်သည်။

"ဘာကောင်တုန်းဗျ"

ဦးမျိုးလွင်က မေးလာလေတော့မှ . . .

"မြန်လိုက်တာဗျာ ဘာကောင်းမှန်းကို မသိလိုက်ဘူး"

"လှိုဏ်အစပ်နားသွားကြည့်ကြစို့ဗျာ၊ ခြေရာလေးဘာလေး တွေ့လျှင်ဖြင့် ဘာကောင်ရယ်ပြောနိုင်ပါလိမ့်မယ်"

ကျွန်တော်ကပြောပြောဆိုဆို ထိုသတ္တဝါကောင်ပြေးထွက်လာသော လှိုဏ်လေးရှေ့သို့ ဦးဆောင်သွားလိုက်သည်။



"ဟာ"

လှိုဏ်ပေါက်ဝတွင်တွေ့လိုက်ရသည့် ထိုသတ္တဝါကောင်၏ ခြေရာကိုကြည့်ရင်း အာမေဋိတ်သံပင်ထွက်သွားရသည့် ကျွန်တော့်ကိုဝိုင်းကြည့်နေကြရင်းမှ "ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ" ဟူ၍ မေးလာကြ၏။

"မယုံနိုင်စရာပဲဗျာ"

ခြေရာကွက်ကိုကြည့်ရင်း ကျွန်တော်ပြောလိုက်သည်ကြောင့် အားလုံးကကျွန်တော့်အနားတိုးကပ်ထိုင်လာကြကာ ဝိုင်းကြည့်နေကြ၏။

"အားပါး နဲတဲ့ခြေရာကြီးမဟုတ်ဘူး" ပြောပြောဆိုဆို လင်းမြင့်လှိုင်က ထိုခြေရာကွက်၏အချင်းကို သူ၏လက်ဖြင့် တိုင်းတာလိုက်၏။ လက်တစ်မိုက်ခန့်ရှိချေ၏။

"နတ်ကျားကြီးများလားဗျာ" ရယ်လို့လဲ ညည်းတွားပြောလာတော့၏။ ကျွန်တော်အမဲလိုက်သက်တမ်းတစ်လျှောက် ထိုမျှလောက်ခြေရာကွက်ကြီးသော ကျားခြေရာမျိုးမတွေ့ဖူးပါချေ။

"ကံသီပေလို့သာဗျို့၊ ဒီကောင်ကြီး သူ့ဘာသာလန့်ပြေးသွားပေလို့ပဲ" ဦးမျိုးဝင်းသို့နှယ်ပြောလာသဖြင့် -

"မဖြစ်နိုင်ဘူး၊ ကျားဆိုတဲ့အကောင်မျိုးက ဂျီ(ချေ) မှမဟုတ်တာ ကျွန်တော်တော့ မရိုးဘူးထင်တာပဲ" သို့နှယ် ကျွန်တော်ကပြောလိုက်သည်ကြောင့် -

"ဘာ ဘယ်လို့ မရိုးတာတုန်း၊ ရှင်းရှင်းပြောကြစမ်းပါဗျ၊ ကျုပ်ရင်တွေတုန်လိုက်တာ"

"ဒီလောက်ကြီးလဲ တွေးကြောက်လန့်မနေပါနဲ့ကိုမျိုးဝင်းရာ ဒီကောင်ကြီးပြေးသွားပြီပဲ၊ ခုလောက်ဆို ရှေ့ ၂မိုင်ခရီးလောက်ရောက်သွားလောက်ပြီ ကဲ ကိုပိုက် ကျွန်တော်တို့ စပါးကြီးမြောင်ကို ခရီးဆက်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့ထိုနေရာမှ ထွက်ခဲ့ကြပြန်၏။ လမ်းတလျှောက် ဦးမျိုးဝင်းထံမှ ဘာသံမျှ မကြားရလေတော့ချေ။ သူအတော်ကလေး ထိတ်လန့်သွားပုံရ၏။ လျှောက်ခဲ့သောခရီးမည်မျှပင် မရှိသေး ခပ်ဝေးဝေး တောင်ပေါ်မှ မိုးညို့အုံ့မှိုင်းလာသည်ဖြစ်၍ . .

"ကိုလင်းရေ တောင်ပေါ်မှာ မိုးရွာနေပြီဗျို့ ကျွန်တော်တို့ တောင်ကျောပေါ် တက်ကြရင်ကောင်းမယ်၊ နို့မဟုတ် တောင်ကျရေတွေ ဒလဟောစီးလာလျှင်ဖြင့် အားလုံးဒုက္ခရောက်ကြရလိမ့်မယ်" ကျွန်တော်က သတိပေးလိုက်၏။

"ဟုတ်တယ်ဗျို့ လာဗျာ၊ ဒီတောင်ကျောပေါ်တက်ကြစို့ရဲ့"ဆိုကာ လင်းမြင့်လှိုင်က ဆင်ခြေရာလမ်းဟောင်းအတိုင်း နံဘေးတောင်ကျောပေါ်သို့ ဖက်တွယ်တက်သွားတော့၏။

ကျွန်တော်တို့အားလုံး တောင်ကျောမအပေါ်ရောက်လာကြသည်တွင် ထူပိန်းနေသော ဝါးဖြိုက်တောလေးနှင့် တန်းတိုးခဲ့တော့၏။ မတတ်နိုင်ပါချေ။ ချောင်းမန်ဘေးမှ လျှောက်ကြသည်ထက်ဆာပါလျှင် ဝါးဖြိုက်တောတိုးလျှောက်ကြသည်က ပို၍အန္တရာယ်ကင်းနိုင်ချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် ခါးစောင်းသာသာရှိ ဝါးပင်ပျိုများစွင့်ပေါက်နေသည့် ဝါးဖြိုက်တောအတွင်း တိုးဝှေ့လျှောက်ခဲ့ကြတော့၏။ အချို့နေရာများတွင် မေးဖျားထိရှိကြလေသည့် ဝါးပင်ပျိုတို့ကြောင့် လျှောက်သည်မှာ ကသိကအောင့်နိုင်လှ၏။ ဝါးရွက်ရှခြင်း၊ ဝါးမှုန်ကလေးများကပ်ညိခြင်းတို့ကြောင့် ချွေးထွက်လာလေ ပို၍ယားယံလေဖြစ်တော့၏။ ထိုတစ်ကျောလုံးဝါးဖြိုက်ဖြစ်နေခြင်းကြောင့် စိတ်ပါတ်ကျကုန်ကြသည်။

"ကျုပ်တော့ ချောင်းမကြီးဘက်ဆင်းပြီး လျှောက်ချင်တော့သဗျာ"



ဦးမျိုးဝင်းကညည်းညူပြောလာ၏။ သို့ပြင်သူသည် ချောင်းမကြီးရှိရာဘက်သို့လမ်းကြောင်းလွှဲလိုက်သည်ဖြစ်၍ -

"ဟိတ်လူ ခင်ဗျားဒုက္ခရောက်ချင်ပြီထင်တယ်၊ ဝါးရွက်ရှလို့ ယားယံတာကမဖြစ်စလောက်ဒုက္ခပါဗျ၊ ချောင်းမကြီးဘက်ဆင်းလျှောက်ရင် တောင်ကျရေတွေ ဒလဟောစီးကျလာမှဖြင့် ပြေးမလွတ်ဖြစ်ပြီး၊ ဒုက္ခရောက်မှာပိုဆိုးသေး၊ မယုံလျှင်ဖြင့် ခင်ဗျားဆင်းချေဗျာ"

လင်းမြင့်လှိုင်က သို့လှမ်းပြောသည့်ကြားမှပင် ဦးမျိုးဝင်းသည် ချောင်းမကြီးကမ်းသို့ရောက်သွားတော့၏။

"ဘာရေမှဆင်းမလာပါဘူးဗျာ" ဆိုကာ ဦးမျိုးဝင်းသည် ချောင်းကမ်းမှနေ၍ ကုတ်တွယ်ဆင်းနေဆဲမှာပင် တောင်ကျရေတို့သည် တဝေါဝေါအသံမြည်ကာ ဒလဟောစီးဆင်းလာတော့၏။

"ဟိတ်လူ လာလာ မြန်မြန်ပြန်တက်ခဲ့တော့ သည့်ထက်ပိုများတဲ့ ရေတွေကျလာတော့မယ်"

ပြောပြောဆိုဆို လင်းမြင့်လှိုင်က ဦးမျိုးဝင်းကို လက်ကမ်းခေါ်နေလေတော့၏။

သည်တော့မှ ဦးမျိုးဝင်းသည် ဝါးလုံးထိုးဆင်းလာသော တောင်ကျရေများကိုငုံ့ကြည့်ပြီးကြောက်ရွံ့တုန်ရီစွာဖြင့် လင်းမြင့်လှိုင်ထံ သူ့လက်လှမ်းကမ်းပေးလာ၏။

ကြောက်ရွံ့တုန်ရီနေသည်ဖြစ်၍ ခြေနှစ်ဖက်သည် တဆတ်ဆတ်တုန်ခါနေတော့၏။ တောင်ကျရေတို့သည်လည်း ပို၍များလာသလို ရေစီးလည်းသန်လာတော့၏။ တောင်ကျရေနှင့်အတူ အမှိုက်သရိုက်၊ သစ်ခက်၊ သစ်တုံးများပါ မျောပါလာကြ၏။ တောင်ကျရေအလျင်ကြောင့် ပြေးမလွတ်ခဲ့သော ဂျီတစ်ကောင်သည်လည်း မအော်နိုင်၊ မဟစ်နိုင် တောင်ကျ

www.burmeseclassic.com



ရေစီးနှင့်အတူ မြုပ်ချည်ပေါ်တလှည့် မျောပါလာတော့၏။ လင်းမြင့်လှိုင်၏လက်က ဦးမျိုးဝင်း၏လက်ကို ပယ်ပယ်နယ်နယ်စုပ်ကိုင်နိုင်လောက်ချိန်မှာပင် ရေစီးအဟုန်သည် ဦးမျိုးဝင်း၏ပေါင်လည်အထိ ရောက်လာတွန်းထိုးလေတော့၏။

"ကိုလင်း ဆွဲတင် ဆွဲတင် မြန်မြန်ဆွဲတင်"

ကျွန်တော်က သို့နှုယ်သတိပေးရင်း လှမ်းကူဆွဲလိုက်သည်။ "ဟူးတော်ပါသေးရဲ့" နှစ်ဦးအားနှင့်ဆွဲနိုင်လိုက်ခြင်းကြောင့် ဦးမျိုးဝင်းတောင်ကျောပေါ်သို့ပြန်တက်လာနိုင်ခဲ့တော့၏။ ဦးမျိုးဝင်းတစ်ယောက် အတော်ထိတ်လန့်သွားပုံရ၏။ မျက်လုံးလေးကလယ်ကလယ်ဖြင့် ပက်လက်အနေအထားမှ ကျွန်တော်တို့ကို ကြည့်နေရှာတော့၏။ မကြာမီအချိန်ကလေးမှာပင် မိုးကြီးရွာချလာသဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ ကပျာကသီထွက်လာခဲ့ကြရပြန်၏။ ကံအားလျော်စွာပင် တောင်ကျောအလယ်ရှိ ကြီးမားသော ကျွန်းပင်ကြီးတစ်ပင်အောက် မိုးခိုလိုက်နိုင်တော့၏။

မိုးသည် နာရီဝက်ခန့် သဲသဲမဲမဲ ရွာချပြီးသည်နှင့် ရုတ်ချည်းရပ်သွား၏။

"ကဲ ကိုလင်း ခရီးဆက်ကြစို့ဗျာ"

ကျွန်တော်ကပင် ဦးဆောင်၍ထိုနေရာမှထွက်ခဲ့တော့၏။ ကံအားလျော်စွာပင် စပါးကြီးမြောင်ရောက်နိုင်သည့် တောင်ကျောစွယ်သို့ရောက်လာခဲ့ကြ၏။ ထိုတောင်ကျောစွယ်လေးအတိုင်း လျှောက်ခဲ့ကြရာမှ ထင်ထားသည့်အတိုင်းလူတစ်ယောက်လျှောက်သာသည့် "ကော့ညွတ်" ကလေးကိုတွေ့လိုက်ရသည်ကြောင့် ဝမ်းသာခဲ့ရတော့သည်။

"ကော့ညွတ်"ဆိုသည်မှာ နှစ်ဖက်ရေကျသော တောင်ကျောဆက်နေရာကလေးဖြစ်၏။ ထိုကော့ညွတ်ကလေးကို မတွေ့ပါလျှင် ကျွန်တော်တို့



သွားမည့်လမ်းကြောင်းဝေးသေး၍ သို့မဟုတ် မှားပြီဟုတွက်ရ၏။

သို့ဖြင့် ကျွန်တော်တို့ထိုကော့ညွတ်လေးကို ဖြတ်ကျော်လိုက်သည်နှင့် ရှေ့ဆယ်ကိုက်သာသာနေရာလေးမှစ၍ ဝါးပင်ပိျုများကျဲပါးသွားတော့သဖြင့် လမ်းလျှောက်၍ကောင်းလာ၏။ ထိုတောင်ကျောအတိုင်း ဆက်လျှောက်ခဲ့ကြစဉ်မှာပင် နေပွင့်လာတော့သည်။

လမ်းတလျှောက်မည်သည့် သားကောင်မျှပင်ပစ်ခွင့်မရသဖြင့် ဦးမျိုးဝင်းတစ်ယောက်ပြုံးစိစိဖြစ်နေ၏။ ဘယ့်တွက်မှု ကျွန်တော်၏ နှုတ်ထွက်စကားအရ လှောင်ပြောင်လိုခြင်းဖြစ်ချိမ့်မည်။

တကျောဖြတ် တကျောဆင်း၊ နေစောင်းလုတွင် စပါးကြီးမြောင်စခန်းသို့ရောက်ခဲ့ကြသည်။ ထိုစပါးကြီးမြောင်တွင် အခန့်သင့်ပင် ဝါးတဲဟောင်းတစ်လုံးတွေ့သည်ကြောင့် ထိုနေရာမှာပင် စခန်းချလိုက်ကြသည်။

"ဒီတောအုပ် အတော်အားကိုးရတယ်ဗျာ၊ ဒီစခန်းကကြိုစောင့်နေပါဆိုတာ လာစောင့်မနေဘူး"

ဦးမျိုးလွင်က ညည်းညူပြောလာ၏။

"သူတို့ မရောက်ကြသေးလို့ဖြစ်မှာပါ" ကျွန်တော်က သို့ပြောလိုက်ခြား

"မဖြစ်နိုင်ဘူး အသေအချာမှာထားတာ၊ ကျွန်တော်တို့အရင်ကြိုရောက်သင့်တာပေါ့၊ ခုတော့ ဒီဝါးတဲဟောင်းမှာပဲဖြစ်သလို နေကြရတော့မပေါ့"

"ဒီဝါးတဲအဟောင်းက အခိုင်အခန့်ကြီး ရှိပါသေးတယ်ဗျာ၊ တည်းမယ်ဆိုတည်းလို့ရပါသေးတယ်၊ ဘာမှ အားတုံ့အားနာဖြစ်မနေပါနဲ့" လင်းမြင့်လှိုင်က သို့ပြောပြောဆိုဆို ဝါးတဲပေါ်တွင် တက်ထိုင်အနားယူလိုက်၏။

ကျွန်တော်တို့သည်လည်း ဝါးတဲဟောင်းတွင် နားနားနေနေ ခေတ္တမှုနားနေလိုက်ကြပြီး ထိုတဲရှေ့ဘက်ယွန်းယွန်းလောက်ရှိ ချောင်းငယ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရေဆင်းချိုးလိုက်ကြသည်။

တောင်ကျရေများဖြတ်သွားခဲ့သည်ကြောင့် ရေမှာနောက်ကျိနေသော်လည်း မဖြစ်မနေရေစိမ်လိုက်ကြ၏။

သည့်နောက် စခန်းတဲပေါ်တွင် အချမ်းပြေ၊ အညောင်းပြေအညာပြေ အလို့ငှာ အရက်သောက်လိုက်ကြသည်။

"ကိုမျိုးလွင်ရေ ခင်ဗျားကံဆိုးသဗျ၊ ကိုပိုက်ကသားကောင်ပစ်ခွင့်မကြုံတော့ အသည်းအမြည်းဖြစ်မလာတော့ဘူးပေါ့ဗျာ"

"ဒါကတော့ ကိုပိုက်ပစ်ခွင့်မကြုံသေးလို့ပါဗျာ၊ သည်တစ်ကြိမ်သားကောင်ပစ်ခွင့်ကြုံကြည့်၊ ကိုမျိုးလွင်အတွက် ဂုဏ်ပြုအသည်းနှလုံးပေးစားနိုင်ပါလိမ့်မယ် ကိုမျိုးဝင်းရယ်"

လင်းမြင့်လှိုင်က သို့နှယ်ပြောရင်း သူ၏ဝသီအတိုင်းသွားတက်ကလေးပေါ် ရုံရယ်နေတော့၏။ ကျွန်တော်ကား မည်သို့မျှစကားခွန်းတုန့်မပြန်ပါတော့ချေ။

ညဦးနက်ပိုင်းရောက်လာသည့် အခါတွင် မီးဖိုရန်စီစဉ်လိုက်ကြ၏။ မိုးရွာထားသဖြင့် ထင်းများစိုနေသည်ဖြစ်၍ လွယ်လင့်တကူ မီးဖို၍မရပါချေ။ ပတ်ဝန်းကျင်တစ်ခွင်တွင် မှောင်နှင့်မည်းမည်းရှိနေ၏။ ပါလာသည့် ဖယောင်းတိုင်လေးထွန်းပြီးသာ မီးအလင်းကိုယူထားရ၏။

ဦးမျိုးလွင်မှခြင်ဆေးခွေပါလာသဖြင့် ခြင်ကိုက်ခြင်းဒဏ်မှ အနည်းငယ်သက်သာရာရခဲ့တော့၏။

"မနက်စောစောမှာ သားကောင်သားစားခွင့်ရရင်သိပ်ကောင်းမှာပဲဗျာ" ရယ်လို့ ဦးမျိုးဝင်းက ကျွန်တော့်အားကြည့်၍ပြောလာသဖြင့် ကျွန်တော်သည်လည်း တိုက်တိုက်ဆိုင်ဆိုင်ပင် ခပ်လှမ်းလှမ်းမှသားကောင်တစ်ကောင်ကို ဖျတ်ခနဲတွေ့လိုက်သည်ကြောင့် ကြိတ်၍ဝမ်းသာသွားပြီး



"ခင်ဗျားအိပ်ရာထတာနဲ့ တောကောင်သားစားစရာအရံသင့်ရှိနေရမယ်ဗျာ" ရယ်လို့ ပြုံးတေ့တေ့ပြောလိုက်သည်တွင် -

"အလိုဗျာ ညကြီးမင်းကြီး သားကောင်ပစ်ထွက်မလို့လား၊ မလုပ်ပါနဲ့ဗျာ၊ လမ်းတွေ့ခဲ့တဲ့ ဧရာမဆင်ကြီး၊ ဧရာမကျားကြီးတွေနဲ့တိုးလို့ကျုပ်တို့မှာသားကောင်သားမစားရဘဲ လူသားပဲစားနေရပါလိမ့်မယ် ဟဲ . . ဟဲဟဲ " ရယ်လို့ နောက်ပြောင်ပြောလာချေတော့၏။

ကျွန်တော်ကား ဘာမျှပြန်မပြောလေတော့ဘဲ၊ ကျွန်တော်တစ်ဦးတည်းသာလှမ်းတွေ့ထားသည့် သားကောင်၏အရိပ်အခြေကို မသိမသာအကဲခတ်နေလိုက်၏။ ကျွန်တော်မှန်းထားသလိုဖြစ်လာလျှင် ကျွန်တော့်အကြံအစည်အောင်မြင်ချေပြီဖြစ်သည်။

ထင်ထားသည့်အတိုင်းပင် ကျွန်တော်တွက်ထားသည့်အတိုင်း ထိုသတ္တဝါတစ်ကောင်သည် လှုပ်ရှားလာတော့၏။

"ဟာ ဟိုမှာကြည့်စမ်း ဘာကောင်လဲ ဘာကောင်လဲ" ဦးမျိုးလွင်က အမှောင်ထုအတွင်းကြည့်နေရာမှ အလန့်တကြားအော်ပြောလာတော့၏။ နီရဲသောမျက်ဝန်းတစ်စုံ၊ ကောင်းကင်မှထိုးဆင်းလာ၏။

"ဟာ ဟုတ်ပါရဲ့၊ စုန်းလား၊ ကဝေလား"

လေထဲတွင် မျက်ဝန်းတစ်စုံပျံဆင်းလာ၏။ အဝေးမှတဖြည်းဖြည်းနီးလာသည်ဟု ထင်ရ၏။ ပတ်ဝန်းကျင်မဲမှောင်နေသဖြင့် မျက်ဝန်းချည်းသာမြင်နေရခြင်းဖြစ်သည်။

အားလုံးထိတ်လန့်တကြားဖြစ်မိကြသည်။ လေထဲမှာပင် ထိုမျက်ဝန်းတစ်စုံရုတ်ချည်းပျောက်ကွယ်သွား၏။

ဘာကောင်လဲ နာနာဘာဝလေလား၊ စုန်းလားကဝေလား သို့လော သို့လောတွေးထင်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးသွားသော မျက်ဝန်းတစ်စုံကို ထပ်မံမြင်ရနိုးစောင့်ကြည့်နေကြ၏။ ထိုစဉ် -

"ဟောဟိုမယ် ဟိုမယ်"

လင်းမြင့်လှိုင်က အဝေးမြေပြင်တစ်နေရာသို့ လှမ်းပြရင်းပြော၏။

မြေပြင်တွင်ထိုမျက်ဝန်းတစ်စုံ ငြိမ်သက်စွာရှိနေ၏။လင်းမြင့်လှိုင်ကပျာကသီ သေနတ်မောင်းတင်လိုက်စဉ်မှာပင် မျက်ဝန်းတစ်စုံပျောက်ကွယ်သွားပြန်၏။

"ဒီမျက်လုံးတွေက မြေပြင်နှင့်ကပ်နေတာကြောင့် သားကောင်မဖြစ်နိုင်ဘူးဗျ"

လင်းမြင့်လှိုင်ကစဉ်းစားမရဟန်ဖြင့် ညည်းတွားလိုက်ပြီး -

"ဒါဖြင့် ဘာဖြစ်နိုင်တုန်း နာနာဘာဝကောင်လား" ဦးမျိုးဝင်းကကြောက်ရွံ့တုန်လှုပ်သံဖြင့် မေးလာ၏။

ကျွန်တော်သည် ဘာမျှဝင်မစွက်ဖက်၊ လက်တွင်းမှသေနတ်ကိုသာအရံသင့်ပစ်ခတ်နိုင်ရန် မောင်းတင်ထားလိုက်၏။

တဒင်္ဂအကြာတွင် ပျောက်ဆုံးနေသော မျက်ဝန်းတစ်စုံသည် အမြင့်ပေအစိတ်လောက် လေထဲတွင် ပေါ်လာပြန်သဖြင့် ကျွန်တော်သည် ထိုမျက်ဝန်းတစ်စုံရှိရာသို့ သေချာချိန်တွယ်ပစ်ခတ်လိုက်သည်။

"ဒိုန်း"

ယမ်းအားပေါက်ကွဲသံကြောင့် အိပ်တန်းဝင်ငှက်တို့ သားကောင်ငယ်တို့ကြောက်လန့်တကြား ပြေးလွှားသံများကြားလိုက်ရ၏။ ထိုသေနတ်သံကြောင့်ပင် ချောင်းတစ်ဖက်ကမ်း တောင်ကျောပေါ်မှ တော်လဲသံကြီးပေါ်လာပြန်၏။ ကြောက်စရာပင်ကောင်းသေးတော့၏။



ဦးမျိုးဝင်းမှာကြောက်လွန်း၍ တဆတ်ဆတ်တုန်နေသည့် ကြားမှအရက်တစ်ခွက်ငှဲ့သောက်လိုက်ပြန်သည်။

ကျွန်တော်ပစ်ခတ်လိုက်ပြီးနောက်ပိုင်း ထိုမျက်ဝန်းတစ်စုံသည် ထပ်မံပေါ်လာခြင်းမရှိပါတော့ချေ။

သည့်နောက်တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့၏။ သန်းခေါင်ယံကျော်ကျော်အချိန်တွင် အားလုံးအိပ်ပျော်သွားကြတော့သည်။

နောက်တစ်နေ့နံနက်စောစောတွင် ကျွန်တော်သည် အားလုံးထက်အရင်အိပ်ယာထကာ လုပ်ဆောင်စရာရှိသည်များကို ဆောင်ရွက်ပြီးတရေးတမောပြန်အိပ်လိုက်တော့၏။

ကျွန်တော်အိပ်ရာမှ ပြန်လည်နိုးထလာသည့် အခါတွင် ဦးမျိုးဝင်းတစ်ယောက် ကျွန်တော်မီးကင်ထားသည့်အသားကို အားပါးတရစားလျက်နေသည်ကိုတွေ့လိုက်သည်ကြောင့် -

"ဘယ်လိုတုန်း စားကောင်းရဲ့လား" ဟုမေးလိုက်သည်တွင် -

"ဟာ ကိုပိုက်ချီးကျူးပါတယ်ဗျာ၊ ဘယ်အချိန်က ဘယ်လိုသားကောင်ပစ်ပြီး နံနက်ခင်းစာစီစဉ်ထားတုန်း" ဟု အံ့ဩတကြီးမေးလာသဖြင့်

"ကျွန်တော်သားကောင်ပစ်တာ ခင်ဗျားတို့ရှေ့တင်ပါဗျာ၊ ဘယ်မှသွားမပစ်ပါဘူး"

ကျွန်တော့်စကားကြောင့် ဦးမျိုးဝင်းကော ဦးမျိုးလွင်ပါအံ့ဩသွားကြ၏။

"ကျွန်တော်တို့လဲ မသိရပါကလား" ဟု ဦးမျိုးလွင်ကမေးလာ၏

"ညက ခင်ဗျားတို့ရှေ့တင် ပစ်လိုက်တာလေ"

ဒီတော့မှ ဦးမျိုးဝင်းက သဘောပေါက်သွားပြီး -

www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ ညက ကျုပ်တို့ကိုခြောက်လှန့်နေတဲ့ နာနာဘာဝကောင်ကို လား ဒါဖြင့် ဒီအသားက" ဟုဆိုကာ ငေါ့ကနဲ ထိုးအန်လေတော့သဖြင့်-

"ကိုမျိုးဝင်းရာ စားမှာသာစားစမ်းပါ၊ အဲဒါ နာနာဘာဝကောင် မဟုတ်ဘူးဗျ၊ လင်းရှူးလို့ခေါ်တယ်"

"ညကမျက်ဝန်းပိုင်ရှင်က လင်းရှူးကောင်ပေါ့"

"ဟုတ်တယ် ကိုမျိုးလွင် ဒီအကောင်မျိုးက အပင်ထိပ်ဖျားကနေ ခပ်လျှမ်းလျှမ်းသစ်ပင်ခြေရင်းကို လေဟုန်စီးပျံဝဲဆင်းလာတတ်တယ်၊ အဲဒီ အပင်ခြေရင်းကနေ အပင်ထိပ်ဖျားထိပြန်တက်ပြီး နောက်တစ်ပင်ရဲ့ ခြေရင်းကို ပျံဝဲဆင်းသွားပြန်တက် အဲလိုနည်းနဲ့သွားလာတတ်ကြတဲ့ ကောင်လေ"

"ညကဘာလို့ မပြောတာတုန်းဗျာ ကျုပ်မှာတော့ ဘာကောင်မှန်းမသိ တော့ ကြောက်လိုက်ရတာ"

"ဟား . . ဟား . . ဟား . . ဟား" လင်းမြင့်လှိုင်က ဦးမျိုးဝင်း အပြောကို သဘောကျစွာရယ်မောနေတော့၏။

"ညက လင်းရှူးမှန်းဘယ်လိုသိသလဲ"

ဦးမျိုးလွင်ကမေးလာပြန်သဖြင့် -

"ဒီအကောင်ကမဲမဲဆိုတော့ ညအမှောင်မှာ သူ့မျက်ဝန်းပဲမြင်ရတာ ပေါ့၊ ဒီအကောင်ကိုဟို ဝေးဝေးသစ်ပင်ထိပ်ဖျားမှာ ရှိနေကတည်းက ကျွန်တော်မြင်ထားတာ၊ အဲဒီတုန်းက ကျွန်တော်လင်းရှူးလို့မထင်ဘူး တောကြောင်လား၊ သစ်မင်းလားရယ်လို့ပဲ တွက်ထားတာ၊ ဒါပေမယ့် မျက်ဝန်းတစ်စုံလေထဲကနေပျံဝဲဆင်းလာတာရယ် ပြီးတော့မြေပြင်မှာ မျက်ဝန်းတစ်စုံကပ်နေတာရယ်ကိုမြင်လိုက်တော့ ဒါဟာတောကြောင် မဟုတ်၊ သစ်မင်းလဲမဟုတ်ဆိုဘာသိလိုက်ရတယ်၊ အဲဒီအကောင်တွေဆို



ရင် မြေပြင်နဲ့အတော်ကွာကွာမှာ မျက်ဝန်းရှိနေရမယ်လေ၊ ခုတော့ မျက်ဝန်းကမြေပြင်နဲ့ကပ်နေတာဆိုတော့ လင်းရှူးလို့သိလိုက်ရတာပေါ့၊ အဲ မြေပြင်မှာရှိနေတုန်း ကျွန်တော်မပစ်သေးဘူး၊ ဒီကောင်သစ်ပင်ပေါ် ပြန်ဖက်တွယ်တက်မယ်ဆိုတာ ကြိမ်းသေသိနေတော့ ဒီတော့မှပစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ မြေပြင်ပစ်မှတ်ပစ်တာထက် အမြင့်ရှိတဲ့ ပစ်မှတ်ပစ် ရတာက ပိုကြိမ်းသေတယ်လေ၊ ဒါကြောင့် ဒီအကောင်သစ်ပင်ပေါ် ဖက် တွယ်တက်ပြီးနားနေတဲ့အချိန်ကို ချိန်ရွယ်ပြီးစောင့်ပစ်လိုက်တာပေါ့ဗျာ"

"ချီးကျူးပါတယ် ကိုပိုက်ရယ် ကျွန်တော်နောက်ပြောင်ပြောမိဆိုမိတာ ခွင့်လွှတ်ပါဗျာ၊ ကျွန်တော်ခင်ဗျားစာတွေထဲ ဖတ်ခဲ့ရတဲ့အတိုင်း တော်ပါ ပေတယ်"

"နို့ဖြင့် ဦးမျိုးလွင်အတွက်ဆိုပြီး အသည်းမီးကင်လေးကို ခင်ဗျားစား လိုက်သေးသလား"

"မစားရပါဘူးဗျာ ခင်ဗျားစာရေးထားတာပဲ၊ ဒါကြောင့် သူ့ကိုပဲ ကျွေးလိုက်ပါတယ်"

"စားကောင်းလားဗျ" ဦးမျိုးလွင်ကိုမေးလိုက်သည်။

"ကောင်းပါလေ့ဗျာ"

သို့ဖြင့် ကျွန်တော်တို့သည် ညကပစ်ခတ်ရခဲ့သော လင်းရှူးသားမီးကင် ကိုအားပါးတရစားသောက်ကြပြီးနောက် အမဲပစ်ထွက်ခဲ့ကြတော့သည်။

ကျွန်တော်တို့စခန်းမှထွက်လာကြသည့်ခရီး မည်မျှပင်မရှိသေး။

"ဝူး . . ဝူး . . . ဝူး" ရယ်လို့လူခေါ်အသံပြုသံကြောင့် 'ဝူး' ရယ်လို့ ပြန်လှန်အချက်ပေးလိုက်၏။ တစ်ဘက်တောင်ကျောနောက်ကွယ်မှဖြစ် ၏။ သူတစ်ပြန်ကိုယ်တစ်ပြန် အသံပြုနေရင်းမှ တဖြည်းဖြည်းနီးကပ်လာ ကြ၏။ နောက်ဆုံးတောင်ကျောစွယ်အစွန်လေးတွင် တဖက်လူနှင့် မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာချင်းဆိုင်ဆုံမိကြတော့၏။

တစ်ဖက်လူကို မြင်လိုက်သည်နှင့် ဦးမျိုးလွင်က -

"ဟာ တောအုပ်သိန်းလွင်ပါကလား၊ ဘယ့်နှယ့်ကွာ အသေအချာ မှာထားရက်ကယ် ဒို့ကိုစပါးကြီးမြောင်က စောင့်မနေဘူး"

ထိုလူအားတွေ့တွေ့ချင်းဆိုသလို ပြစ်တင်စကားပြောလိုက်သည်တွင်-

"ဘယ်နှယ့်ဆရာရယ် စောင့်မှစောင့် စပါးကြီးမြောင်ကို မနက်ကတည်းကရောက်နေတာ ကျွန်တော်ရယ်၊ တောခေါင်းလှိုင်ချစ်ရယ်၊ မြို့ဝက်သားတွေတောင်ယူလာပြီး အကျအနချက်ထားသေးတယ်၊ ဆရာတို့တစ်တွေရောက်မလာကြတာနဲ့ လမ်းများမှားနေသလား စိုးရိမ်နေကြရတာ"

တောအုပ်သိန်းလွင်စကားကြောင့် ကျွန်တော်တို့တစ်ဦးမျက်နှာတစ်ဦးကြည့်လိုက်ကြသည်။

ကျွန်တော်တို့ စပါးကြီးမြောင်တွင် ညအိပ်ပြီးဒီမနက်မှ ထွက်လာကြတာပဲ၊ ဘယ့်နှယ်ကြောင့် သူစပါးကြီးမြောင်ကနေ စောင့်နေတယ်လို့ ပြောလာပါလိမ့်။

သို့ကြောင့် . . .

"နေပါဦး မင်းနေရာများမှားစောင့်နေတာလား"

ကျွန်တော်ကမေးလိုက်၏။

"မမှားပါဘူး ဆရာရယ်၊ ဒီစပါးကြီးမြောင်ဆိုတာ ကျွန်တော်တို့ အမြဲရောက်နေကျနေရာပါ"

"နို့ဖြင့် လာကွာ စပါးကြီးမြောင်ကိုပြန်သွားကြမယ်"

ကျွန်တော်ကသို့ပြောလိုက်သည်တွင် -

"ကဲ ဆရာလေးသွားမယ် ဟိုမှာတောခေါင်းလှိုင်ချစ်ရှိတယ်" ပြောဆိုဆိုသူသည် သူဦးတည်လာခဲ့ရာတောင်ကျောပေါ် ပြန်တက်သွားလေသဖြင့် -

"ဟိုတ်ကောင် စပါးကြီးမြောင်ကဒီဘက်မှာလေကွာ"ဆိုပြီး ကျွန်တော်တို့လာရာလမ်းဘက်သို့ ထိုးပြလိုက်သည်တွင် -

"ဟာ ဆရာကလဲ စပါးကြီးမြောင်က ဒီဘက်မှာပါဗျာ" ဆိုကာ ခပ်သုတ်သုတ်ထွက်သွားလေသည်ကြောင့်၊ သူ့နောက်လိုက်သွားမိ၏။ သူသွားရာတောင်ကျောလေးတဘက်ဆင်းလိုက်သည်နှင့် -

"ဟာ"

"ဟင်"

"ဘုရားရေ"

အံ့သြဖွယ်မြင်ကွင်းကြောင့် အားလုံး အာမေဋိတ်ကိုယ်စီထွက်သွားကြတော့၏။

စပါးကြီးမြောင်ဟုတ်ပါသည်။ မနေ့ကကျွန်တော်တို့ တည်းခိုခဲ့သည့်နေရာနှင့် တစ်ပုံစံတည်းဖြစ်နေ၏။ ဝါးတဲဆောက်ထားပုံသာကွာ၏။ နေရာပုံစံ၊ ပေါက်ရောက်နေသည့် သစ်ပင်တို့ ပုံသဏ္ဍာန်တစ်ထပ်တည်းဖြစ်၏။

သို့ဆိုပါလျှင် ကျွန်တော်တို့ညအိပ်ခဲ့သောနေရာသည် စပါးကြီးမြောင်မဟုတ်ချေပြီပေါ့။

လွန်စွာအံ့သြဖွယ်ကောင်းတော့၏။ အားလုံးကမကျေမနပ်ကိုယ်စီဖြစ်နေကြသဖြင့် ကျွန်တော်တို့ ညအိပ်ခဲ့သောနေရာကိုပြန်သွားကြည့်ဖို့ ဆုံးဖြတ်လိုက်ကြသည်။

"ဒီနားတစ်ဝိုက် ဒီနေရာနဲ့ တစ်ပုံစံတည်းတူတဲ့နေရာမရှိနိုင်ပါဘူးဗျာ" ဟုယ်လို့ တောအုပ်သိန်းလွင်ကပြောလေသည်ကိုး။ ထိုခဏအကြာတွင်

www.burmeseclassic.com



ကျွန်တော်တို့တစ်ညတည်းခိုခဲ့သောနေရာသို့ရောက်လာ၏။

'အလိုဘုရားရေ'

ကျွန်တော်ဘုရားတမိ၏ ခုတော့လဲ တခြားစီပါကလား၊ သို့ဖြစ်၍ ဘာကြောင့်ညကတည်းခဲ့သည့်နေရာဟု ပြောနိုင်ရပါသနည်းဆိုပါမူ ။ မနက်ခင်းကကျွန်တော်ဖိုထားသော မီးဖိုနှင့် လင်းရှူးသားမီးကင်သားကောင် အပိုင်းအစများ၊ လင်းရှူးသားဖျက်ခဲ့စဉ်က ကြွင်းကျန်ရစ်သော အရေခွံများ ပြန့်ကျဲရှိနေခြင်းကြောင့်ပင်။ သို့ပေမင့် ညကအိပ်ခဲ့သော ဝါးတဲသည်ကျိုးပဲ့ပျက်စီးလို့နေ၏။ လူလေးယောက်မဆိုထားနှင့် လူတစ်ယောက်ပင် တက်အိပ်၍ နိုင်ခန့်ရန်အကြောင်းမရှိပါချေ။

သို့ဆိုပါလျှင် ကျွန်တော်တို့အားလုံးမနေ့က တောမှောက်ခံကြရခြင်း ဧကံဖြစ်ချိမ့်မည်။

(မှုခင်းရှထောင့်မဂ္ဂဇင်း။ အောက်တိုဘာလ၊ ၂၀၀၁ ခုနှစ်)

# ကျားသေကိုဘယ်သူအသက်သွင်းသလဲ



www.burmeseclassic.com

www.burmeseclassic.com

# ကျားသေကို ဘယ်သူအသက်သွင်းသလဲ

ပဲခူးရိုးမတောင်ခြေတွင်ရှိ မီးလောင် ကုန်းကျေးရွာထိပ်ရှိ သုသာန်သည် ညဥ့်သန်းခေါင်ယံအချိန်ဖြစ်ပြီး လအလင်းရောင်ကြောင့် သဲကွဲစွာမြင်နေရ၏။

ပျက်စီးယိုယွင်းလျက်ရှိသော အုတ်ဂူများ၊ ကျိုးပဲ့ယိုင်နဲ့နေသော ဓာမ္မည်းမှတ်တိုင်များ၊ လဆွဲလတ်ဆတ် မြေပုံများနှင့် နွမ်းလျပျက်စီးနေသည့် ပန်းခွေအချို့တို့သည် သုသာန်၏သဘာဝကို လှစ်ဟပြသလို မြင်နေရ၏။ လေပြည်တစ်ချက်တိုက်ခတ်သည်ကြောင့် ထွက်ပေါ်လာသည့် တပုပ်နံ့သည် ကြက်သီးမွေးညင်းထလောက်ပေ၏။ သုသာန်တွင်းရှိ သရဏဂုံတင်ရန်ဆောက်လုပ်ထားသည့် ဇရပ်ငယ်တစ်ဆောင်သည်လည်း ယိုယွင်းယိမ်းယိုင်လျက်ရှိပေ၏။ သွပ်မိုးတို့သည် လန်သည်ကလန်၊ ချိုင့်သည်ကချိုင့်၊ ပေါက်သည်ကပေါက်နှင့် သွပ်ဖရောင်ပင်ပျောက်၍ မည်းသံချေးတက်လျက်ရှိ၏။ လေတိုက်ခိုက်မှုကြောင့် အမိုးသွပ်နှင့် ဇရပ်အနီးကပ်၍ပေါက်နေသည့် ကုက္ကိုပင်အို၏ ကိုင်းဖျားတို့ပွတ်တိုက်မှုကြောင့်



တကျီကျီမြည်သံသည် တိတ်ဆိတ်သောညတွင်ဖြစ်ပေါ်လာရခြင်းကြောင့် အသည်းတုန်ရင်ခုန်ဖွယ်ဖြစ်ချေ၏။ သည့်ကြား -

'ပင်ကုက္ကိုထက် အကိုင်းခြောက်ဖျားတွင် နားနေသည့် ငှက်ဆိုးတစ်ကောင်သည် ဂစ်ကနဲဖော်မြည်ကာ ရုတ်တရက်အရှိန်ယူထပျံသွားခြင်းကြောင့် ထိုငှက်နားနေသည့် ပင်ကိုင်းခြောက်သည် ကျိုးလျက် ဇရပ်သွပ်အမိုးပေါ်သို့ ပြုတ်ကျသည့်အသံသည် နှလုံးလေဟပ်မတတ် ထိတ်လန့်စဖွယ်ဖြစ်ချေ၏။

'ကိုပိုက် သည်ည သည်ကောင်ကြီးလာပါ့မလားဗျ၊ သန်းခေါင်ယံတောင် ကျော်နေပြီပဲ'

လင်းမြင့်လှိုင်က တိုးညှင်းစွာဖြင့်ပြောလာသလို ရွာလူကြီး ဦးဇာမဏိကလည်း -

'ဆရာလေး၊ သည်လောက်ညဥ့်နက်လေမှတော့ လာမယ်မထင်တော့ဘူးဗျို့၊ ကျုပ်တော့ တအားအိပ်ချင်နေပြီ' ဟုပြောလာသဖြင့် ကျွန်တော်က-

'ကိုလင်းကလဲဗျာ သည်လိုသတ္တဝါတွေအကြောင်း ကောင်းကောင်းသိနေပြီပဲဟာ၊ သည်ကောင်ကြီးလာကိုလာမှာပါ၊ သည်းညည်းခံပြီးဆက်စောင့်ကြပါဗျာ၊ တစ်ညထဲဒုက္ခခံလိုက်ရုံနဲ့ ကိစ္စပြတ်မှာပါ၊ နို့မဟုတ် နောက်နေ့ညတွေ ဆက်လာနေရဦးမယ်'

'အင်း ဒါလဲဟုတ်တာပဲဗျာ၊ ကျွန်တော်တော့ အမှန်ပဲစိတ်ညစ်နေပြီဗျာ'

'ဘာလဲ ကိုလင်းက ကြောက်လို့လား'

ကျွန်တော်က နောက်ပြောင်လိုစိတ်ဖြင့် မေးလိုက်၏။

'ကြောက်တာတော့ မကြောက်ဖူးပေါ့ဗျာ၊ ဒါပေမယ့်အန္တရာယ်သက်က

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးဗျို့ သည်ကြားထဲ ကျွန်တော်တို့ နေရာရွှေ့မှားခဲ့ကြလို့ စိတ်က မသတီဘူးဖြစ်နေတယ်'

လင်းမြင့်လှိုင်ပြောလည်းပြောစရာပင်ဖြစ်သည်။ ကျွန်တော်တို့နေရာယူမှားခဲ့သည်မှန်သော်ငြား ထိုနေရာသည် ကျွန်တော်တို့အတွက် အသင့်တော်ဆုံးနေရာဖြစ်ပေ၏။ ဘယ့်တွက်မူ ထိုသုသာန်အတွင်းကြီးကြီးမားမား အုတ်ဂူဟူ၍ ထိုအုတ်ဂူသာရှိပေ၏။ လူသုံးယောက်ထိုင်နေလျှင် ကောင်းကောင်းလုံခြုံသည့် နေရာဖြစ်သော်ငြား ထိုအုတ်ဂူပိုင်ရှင်သည် ထိုမြို့နယ်ဘောင်ကုန်းကျေးရွာမှ အထင်ကရပုဂ္ဂိုလ်ကြီးတစ်ဦး၏ သမီးဖြစ်၏။ ထိုသူငယ်မသည် မီးဖွားရင်း မီးတွင်းထဲ၌ပင်အစိမ်းသေကွယ်လွန်ခဲ့သည်ဖြစ်သည်။ အချိန်တွေကြာခဲ့ပြီဖြစ်သည်ကြောင့် အုတ်ဂူသည် တိုးလျှိုပေါက်လျက်ရှိနေ၏။ အုတ်ဂူပေါ်ဝယ် သစ်ပင်ငယ်များပင် ပေါက်ရောက်နေကြ၏။ အုတ်ဂူမှာ ကလိုင်ပေါက်ပင်ဖြစ်လို့နေ၏။ ထိုကလိုင်ပေါက်အတွင်းရှိ ထိုအစိမ်းသေမ၏ ရုပ်ကြွင်းအဖြစ် ကျိုးပဲ့ပျက်စီးနေသည့် ခြေသလုံးရိုးနှင့် တစ်ခြမ်းပဲ့ဦးခေါင်းခွံသာလျှင်ရှိတော့၏။ ထိုကလိုင်ပေါက်လေးနားတွင် ကျွန်တော်တို့နေရာယူမိရက်သားဖြစ်နေသည်ကိုး။

တကယ်တော့ ထိုမြင်ကွင်းသည် ထိတ်လန့်ဖွယ်မဟုတ်ဟူ၍ပြောရသော်ငြား အဝေးမှလွင့်ပျံ့လာသည့် အပုပ်နံ့နှင့် ငှက်ဆိုးထိုးသံ၊ ခွေးအူသံတို့သည် မြင်ရသူကို ထိတ်လန့်စေရန် ပံ့ပိုးလှူဆော်ပေးသလိုဖြစ်နေ၏။ ထို့ကြောင့်လည်း လင်းမြင့်လှိုင်စိတ်ညစ်နေပုံရ၏။

ဘယ်တတ်နိုင်ပါ့မလဲလေ။ ကျွန်တော်တို့၏ ပစ်မှတ်နေရာသည် ယခုကျွန်တော်တို့ယူထားသည့် နေရာနှင့်ဆိုပါလျှင် လွန်စွာမှ သင့်လျော်သောနေရာဖြစ်နေခြင်းကြောင့် တစ်ညတာသည်းညည်းခံနေနိုင်ပါမှ စောင့်ရကျိုးနပ်ပေလိမ့်မည်။



သို့ဖြင့် တစတစအချိန်ထွေကုန်ခဲ့၏။ သုံးယောက်သားစကားမပြောဖြစ်၊ အတွေးကိုယ်စီဖြင့် ရှိနေကြ၏။ သို့ငြား သုံးယောက်စလုံးသည် ပစ်မှတ်ရှိရာသို့သာ မမှိတ်မသုန်ကြည့်နေကြ၏။

ကျွန်တော်တို့၏ ပစ်မှတ်နေရာတွင် နွားသေတစ်ကောင်ရှိနေ၏။ နွား၏မျက်နှာကို သနပ်ခါးထူထူပိန်းပိန်းလိမ်းကျံထား၏။ ပြီးနောက်ဦးချိုနှစ်ဘက်တွင် ခေါင်ရမ်းပန်းနှစ်ပွင့်ကို ပူးချည်ထား၏။ ထိုနွားသေ၏ဝမ်းဗိုက်သည် ပေါက်ကွဲလျက်ရှိပြီး အူတို့တထွေးကြီးအပြင်သို့ လျှံထွက်နေ၏။ ထိုနေရာတစ်ဝိုက်တွင် ယင်မဲကြီးများဝိုင်းအုံဖွဲ့ရှိနေ၏။ နှာခေါင်းပေါက်နှင့် နားပေါက်အတွင်း ပရွက်နီကောင်တို့ တပ်ချီကာ ဝင်ထွက်သမှုပြုနေကြ၏။

မနေ့ညက ကျားတစ်ကောင်သည် ထိုနွားကို ရွာထိပ်ရှိသူကြီးအိမ်ခြံဝင်းအတွင်းမှ ဝင်ရောက်ကိုက်ဆွဲခေါ်ပြီး သုသာန်အတွင်းအသေ ကိုက်သတ်လိုက်ကာ အူအသည်းတို့ ထုတ်ယူစားနေစဉ် ရွာသားတို့၏ ညာသံပေးခြောက်လှန့်သံကြောင့် ထွက်ပြေးသွားခဲ့၏။

ထိုနွား ကျားအဆွဲခံလိုက်ရသည်နှင့် သူကြီးသည်ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို လူကြုံဖြင့်လာရောက်အကြောင်းကြားခဲ့သဖြင့် အတင့်ရဲကျားကောင်အား သုတ်သင်ရန် ယခုကဲ့သို့ရောက်ရှိနေကြခြင်းဖြစ်သည်။ ကျားတို့သည် သူတို့ကိုက်ဖြတ်သတ်ခဲ့သော သတ္တဝါတစ်ကောင်ကို လတ်တလောအူအသည်းဝမ်းတွင်းသားတို့ကို ကိုက်ဖေါက်စားသောက်ဘတ်ပြီး၊ နောက်နေ့များတွင် ပုတ်စပြုပြီဖြစ်သော အသားတို့ကိုမလွဲမသွေလာရောက်စားသောက်သည့် အလေ့အကျင့်ရှိတတ်သည်ကို ကျွန်တော်တို့သိထားခဲ့သည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



'ဝူး'

'ဝူး .. ဝူး'

အဝေးမှခွေးအူသံတို့ကြားရချေပြီ။ ရွာတွင်းရှိခွေးတို့ အူသံဖြစ်၏။ သို့ဆိုလျှင် ကျွန်တော်တို့စောင့်ကြည့်နေသည့် ကျား ရွာသုသာန်အနီးရောက်လာချေပြီဖြစ်လိမ့်မည်။ ခွေးတို့သည် ကျားသတ္တဝါကို လွန်မင်းစွာကြောက်တတ်သည်။ လေအထက်မှ ပျံ့လွင့်လာသည့် ကျားအနံ့ကိုရသည်နှင့် ဖင်တုန် အောင်ကြောက်လန့်တတ်ကြ၏။ ယခုလည်း ခွေးတို့ကျားအနံ့ရ၍ ဖြစ်ပေမည်။

'ကိုလင်း သတိရှိစေဗျ'

'ဟုတ်တယ် သည်ကောင်ကြီးလာတော့မယ်'

'ချောက်'

'ချောက်'

နှစ်ယောက်သား သေနတ်မောင်းကိုတင်လိုက်ကြသည်။

'အား'

ထိုစဉ် ကျွန်တော့်ခြေသလုံးမှ အေးကနဲဖြစ်သွားသည်ကြောင့် လန့်အော်မိသည်။ ချက်ချင်းပင် ခြေသလုံးသို့ ငုံ့ကြည့်လိုက်သည်။

'ဟင်'

အုတ်ဂူကလိုင်အတွင်းမှ တိုးထွက်လာသည့် ငါးရှဉ့်ပါးမွဲကြီး တစ်ကောင်သည် ကျွန်တော့်ခြေသလုံးသားကိုပွတ်သပ်၍ အပြင်သို့လူး လွန့်ထွက်လာခြင်းဖြစ်သည်။

'အေပေးကောင်'

ရုတ်တရက်ခံစားလိုက်ရသည့် အသိကြောင့် ရှက်ဒေါသဖြင့် ထိုငါးရှဉ့် ကောင်ကို သေနတ်ဒင်ဖြင့် ထုရိုက်သတ်လိုက်သည်။



'ကိုဝိုက်ကလဲဗျာ လန့်တတ်ရန်ကော ဟိုအကောင်ကြီးလာတော့ မယ်ဗျ၊ အသံမထွက်စေနဲ့'

'အေးဗျာ ဆောရီးပဲ၊ ကျွန်တော်လဲ ရုတ်တရက်မို့ လန့်ဖျပ်သွားမိလို့ ပါ'

လင်းမြင့်လှိုင်ကျေနပ်အောင် တောင်းပန်စကားဆိုလိုက်ရ၏။ ဘယ့် တွက်မူ လင်းမြင့်လှိုင်သည် ဤလိုနေရာမျိုးတွင် ကြာရှည်နေလိုဟန် မရှိ သောကြောင့်ဖြစ်၏။ သို့ကြောင့် ကိုယ့်လုပ်ငန်းမြန်မြန်ပြီးလျှင် ထိုနေရာမှ ခွာထွက်ကြရမည့် အခွင့်အရေးကို လက်လွတ်ဆုံးရှုံး သွားမည်ကြောက် သောကြောင့် ယခုကဲ့သို့ ကျွန်တော့်အားပြစ်တင်ပြောလာခြင်းဖြစ်သည် ကို ကျွန်တော်နားလည်လိုက်ပါသည်။

'ဟော ဟိုတောစပ်မှာ ကြည့်စမ်းလာပြီထင်တယ်' ဦးဇော်မဏိက တိုးတိုးကပ်ပြောလာ၏။

'ဟုတ်ပ့ါ'

လေပြည်တစ်ချက် ခပ်ပြင်းပြင်းရိုက်ခတ်လာခြင်းကြောင့် ကျား ကောင်၏ ကိုယ်သင်းရနံ့ပုပ်အက်အက် စူးစူးအနံ့တစ်ခုက ကျွန်တော်တို့ ထံလွင့်ပျံ့လာသည်ကိုး။

လရောင်ဖြင့်မြင်လိုက်ရသည့် ကျားကောင်သည်တောစပ်နေရာမှ နေ၍ဘေးဘီတဝိုက်ငဲ့စောင်းကြည့်နေ၏။ သူ့တွင် အန္တရာယ်ရှိနိုင် မရှိနိုင် စူးစမ်းနေခြင်းဖြစ်၏။ အတန်ကြာလေမှ 'ခရူး ရူး' ရယ်လို့ ခေါင်းကိုမော့ ပါးစပ်ကိုဖြဲ၊ အော်ဟစ်ရင်း ခေါင်းကိုခါယမ်းနေ၏။ ပြီးလေမှ နွားသေရှိရာ သို့ တစ်လှမ်းခြင်းလှမ်းလာနေတော့၏။ နွားသေနေရာနှင့် ကျွန်တော်တို့ ရှိနေသောနေရာသည် ကိုက် ၅၀ခန့်ရှိလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ သေနတ်ပြောင်းကို အုတ်ဂူပေါ် ပေါက်နေသည့် သစ်ပင်ငယ်၏ကိုင်းရင်းလေးတစ်ခုခွကြားတွင်တင်၍ ပစ်မှတ်အသေချိန်ထား၏။ လင်းမြင့်လှိုင်ကမူ အုတ်ဂူပေါ်တွင် သူ၏သေနတ်ပြောင်းကို မေးတင်လို့ ပစ်မှတ်အသင့်ချိန်ထားပြီးဖြစ်ပေ၏။

'ကိုလင်း သည်ကောင်ကြီး သူ့အစာနားရောက်ပြီးမှ အစာမဲစားနေတုန်း အချိန်မှာပစ်ကြစို့ဗျာ'

'ဟုတ်တယ် ဒါ ပိုသေချာတာပေါ့'

ကျားကောင်သည် သူ၏အစာနွားသေကောင်နားရောက်သည့်အခါတွင် ကျွန်တော်တို့ပြင်ဆင်ထားသည့် နွားမျက်နှာကို သေချာစူးစိုက်ကြည့်နေ၏။ ပြီးဘေးဘီကိုလည်း ငဲ့စောင်းကြည့်လိုက်သေး၏။

'ဘုရား . . . ဘုရား'

ကျွန်တော်တို့ရှိနေသည်ကို သိသွားလေသည်လားမသိ၊ သို့ငဲ့စောင်းရင်း ကျွန်တော်တို့ရှိရာ အုတ်ဂူကြီးဘက် မျက်နှာအလှည့်တွင် 'ဝေါင်း' ကနဲတစ်ချက် အော်မြည်ကာ တစ်ဖက်သို့ခေါင်းပြန်လှည့်သွားပြန်၏။

'ဟူး'

ကျွန်တော်တို့ရှိမှန်းသိသွားပြီထင်ထားတာ မဟုတ်၍တော်ပါသေးရဲ့။

တခဏအကြာတွင် ကျားကောင်သည် နွားသေကြီး၏ ပေါင်တစ်ဖက်ကိုကိုက်ဖွဲ့ဆွဲယူခါယမ်း အာသာငမ်းငမ်းစားနေလေတော့၏။ သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ဘက် တစ်ချက်ငဲ့စောင်းကြည့်လိုက်ပြီး မေးဆတ်ပြလိုက်၏။

'ပစ်တော့ဗျို့' လို့ပြောလိုက်ခြင်းဖြစ်၏။

မောင်းတံခလုပ်ပေါ်မှ ကျွန်တော်၏လက်ညှိုးကလေးကို ကွေးညွှတ်လိုက်သည်နှင့် 'ဒိန်း' ကနဲပြင်းထန်သော ပေါက်ကွဲသံနှင့်အတူ ကျားကြီး၏ခေါင်းသည် ငိုက်ကနဲရှေ့သို့ထိုးကျသွားတော့၏။

'ဒိန်း'

မရှေးမနှောင်းမှာပင် လင်းမြင့်လှိုင်၏ သေနတ်ပြောင်းဝမှ ကျည်ဖူးတစ်တောင့်သည်လည်း ဒိန်းကနဲပေါက်ကွဲသံနှင့်အတူ ကျားကောင်၏ဝမ်းဗိုက်တွင်းသို့ ထိုးပေါက်ဝင်သွားချေတော့၏။

'ငူး'

'ဂရူး'

တစောင်းလဲနေသည့်ကြားမှ ကျားကောင်သည် လူးလဲထရန်ကြိုးစားနေခြင်းကြောင့် ကျွန်တော်သည် နောက်ထပ်ကျည်တစ်တောင့်ပစ်လွှတ်လိုက်ပြန်၏။

'ဒိန်း'

သည်တစ်ခါပစ်လွှတ်လိုက်သော ကျည်သည်ကျားကောင်၏ နှလုံးသားနေရာသို့ဖြစ်၏။ ကိုက် ၅၀ အကွာအဝေးပစ်မှတ်ကို မလွှတ်တမ်းပစ်ခတ်နိုင်သည့် ကျွန်တော့်၏စွမ်းရည်ကို ယုံကြည်ပါသည်။ ကျားကောင်ငြိမ်သက်သွားတော့၏။ သည်တော့မှ ကျွန်တော်တို့သည်ထိုကျားသေအနား သွားလိုက်ကြသည်။

သုံးယောက်သားထိုကျားသေကို သေချာစွာစူးစိုက်ကြည့်လိုက်ကြ၏။ သုံးဝစိတ်ချရပေပြီ။ မနက်ကျလေမှ ထိုကျားသေကို ရွာသားတို့အားသာရောက်ယူငင်ခိုင်းရပေမည်။

အချိန်ကား နံနက် သုံးနာရီထိုးလုချေပြီ။ အိပ်ကလည်းအိပ်ချင်ကြပြီဖြစ်၍ ရွာထိပ်ရှိ သူကြီးဦးဇာမဏီအိမ်သို့ပြန်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေပစ်လက်ပစ် ကြမ်းခင်းပေါ် လှဲချလိုက်သော်ငြား အတော်နှင့် အိပ်၍မပျော်၊ သုသာန်တွင်းမှမြင်ကွင်းတို့သည် ထင်ဟပ်လာကြ၏။ သည့် ပြင် သုသာန်မှ အနံ့အသက်တို့သည်လည်း ကျွန်တော်တို့နှင့်အတူ ကပ်ပါ လာသည့်နှယ်ဖြစ်ရပြန်သေး၏။ သို့ကြောင့် လင်းမြင့်လှိုင်ထံမှ ဝီစကီ ပုလင်းကိုတောင်းလိုက်ကာ အရောအနှောမပြုတော့ဘဲ တစ်ကြိုက်မော့ချ လိုက်၏။ တစ်ကိုယ်လုံး ထူပူသွားတော့၏။ လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်နှယ် ဖြစ်၏။ တတိယအကြိမ်ထိမော့သောက်ပြီးသည်နှင့် မကြာမီအချိန်ကလေးတွင် ဘာမှန်းမသိ၊ မေ့မျောအိပ်ပျော်သွားတော့၏။

'ဆရာလေး .. ဆရာလေး ထကြပါဦးဗျာ'

မည်မျှကြာကြာအိပ်ပျော်သွားသည်မသိ၊ သူကြီးဦးဇာမဏီက လာရောက်လှုပ်နှိုး လေမှအိပ်ယာမှနိုးလာရတော့၏။

'ဘာဖြစ်တာတုန်း သူကြီးရဲ့'

အိပ်ရေးမဝသေးသဖြင့် အိပ်မှုံစုံဝါးဖြင့် မေးလိုက်သည်။

'ဘာဖြစ်ရမှာတုန်း ညကပစ်တဲ့ကျားမရှိတော့ဘူး'

'ဗျာ . . . ဟာ မဖြစ်နိုင်တာ'

'ဟုတ်တယ်ဆရာလေးရဲ့၊ သည်မနက်ကျွန်တော် ရွာသားတွေခေါ်ပြီး သွားသယ်ဖို့လုပ်တာပဲ ဟိုရောက်တော့ ကျားသေမရှိမတော့ဘူးဗျို့'

သူကြီးဦးဇာမဏီစကားကြောင့် ကျွန်တော်တစ်ချက်စဉ်းစားမိပြီး မြ လိုက်ကာ -

'အော်ဗျာ . . . သူကြီးအရင် အခြားရွာသားတွေ ဦးအောင်သယ် သွားကြတာနေမှာပေါ့ဗျာ'

ကျွန်တော့်စကားကြောင့် သူကြီးသည် ဦးခေါင်းကိုခါယမ်းပြီး -



'မဖြစ်နိုင်ဘူး၊ ကျုပ်ရွာမှာ သည်လိုစည်းကမ်းဖောက်ရဲတဲ့သူ မရှိဘူး၊ တခြားရွာကလဲ လာယူစရာအကြောင်းမရှိဘူး၊ ကျွန်တော်တို့ရွာနဲ့ အနီးဆုံး ရွာဟာ စမ်းရွာပဲရှိတယ်၊ အဲဒီစမ်းရွာဆိုတာကလဲ သည်ရွာနဲ့ လေးမိုင် လောက်မှာရှိတာ'

'ဒါဖြင့် '

ကျွန်တော်စဉ်းစားမရဖြစ်နေရချေပြီ ညကအသေအချာကြည့်ခဲ့ တာပဲ။သည်ကျားသေနေပြီပဲ။ ဘယ်လိုလုပ်ကျားကောင်ကြီး ပျောက်သွား ပါလိမ့်။

သို့ဖြစ်၍ -

'ကဲ လာဗျာ ဒါဖြင့် အဲဒီနေရာကို သွားကြည့်ရအောင်'

ကျွန်တော်သည် မျက်နှာပင်မသစ်တော့ဘဲ သေနတ်ကိုဆွဲယူကာ ထွက်ခဲ့တော့၏။

'ဆရာလင်းကိုရော ခေါ်မသွားဘူးလား'

သူကြီးက ကျွန်တော့်အား နောက်မှလှမ်းမေးလာ၏။

'ကျွန်တော် နိုးနေပါတယ်ဗျာ၊ လိုက်မှာပေါ့'

ကျွန်တော်ဘာမျှ မပြောနိုင်မီ လင်းမြင့်လှိုင်သည်လည်း သူ့သေနတ် ကိုဆွဲကိုင်ကာ လိုက်ခဲ့တော့၏။

သို့ဖြင့် ညကကျားကောင်သေရှိရာသို့ ရောက်ခဲ့ကြသည်။

'ထူးဆန်းလိုက်တာဗျာ ကိုးတောင်နီးနီးရှိတဲ့ ကျားကောင်ကြီး ဘယ်ရောက်သွားပါလိမ့်'

တခြားသူတွေ လာရောက်ထမ်းယူသွားကြပုံလည်းမတွေ့ရ၊ ထိုအပြင် အတိုက် လူခြေရာဟူ၍ညက ကျွန်တော်နှစ်ယောက်၏ တောစီးဖိနပ်ရာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့နှင့် သူကြီး၏တစ်ထွာခွဲခန့်ရှိ ဗလာခြေရာတို့သာရှိကြ၏။ အခြားခြေရာများမရှိ။ သည့်ထက်ပိုထူးခြားသည်ကား ကျားကြီးမသေဘဲ ထထွက်သွားခြင်းလည်းမဖြစ်နိုင်၊ ဘယ့်တွက်မူ ညကကျားကောင်၏ တောစပ်မှ ဤနေရာသို့အလာခြေရာသာရှိ၏။ အပြန်ခြေရာသော်လည်းကောင်း၊ အခြားတစ်နေရာသို့ထွက်သွားသော ခြေရာသော်လည်းကောင်း လုံးဝမတွေ့ရချေ။ မည်သို့ဖြစ်ရပါလိမ့်၊ တောနက်ထဲဆိုပါလျှင်လည်း တောခြောက်ခြင်းဖြစ်နိုင်၏။ ယခုရွာထိပ်သုသာန်တွင်ဖြစ်နေခြင်းကြောင့် အံ့သြဖွယ်ဖြစ်တော့၏။

'ကဲဗျာ ဟိုတောစပ်ဘက်သွားကြည့်ကြစို့' ကျွန်တော်က သို့ပြောလိုက်ရင်း ရှေ့မှဦးဆောင်ထွက်ခဲ့တော့၏။

တောစပ်တစ်ဝိုက်ဘာမျှ မထူးခြား၊ သို့ကြောင့် တောအုပ်အတွင်းဝင်ခဲ့ပြန်၏။

'ဟာ'

တောစပ်မှ တောအုပ်တွင်းသို့ သိပ်မဝင်ရ။ ချုံနွယ်များထူထပ်ပေါက်ရောက်နေသည့် စန်းတောအတွင်း ကျားကောင်သေကြီးကို တွေ့လိုက်ရ၏။

ညကမြင်ခဲ့ရသည့် ပုံစံအတိုင်းတစ်ထပ်တည်း ဖြစ်နေတော့၏။

'ဖထီး ဒါဘယ်လိုဖြစ်ရတာတုန်းဗျာ'

အံ့သြလွန်း၍ ကျွန်တော်က သို့မေးလိုက်မိ၏။ ကျားကောင်သည် သူကိုယ်တိုင်ဒယိမ်းဒယိုင်ဖြင့် လျှောက်လာခြင်းမဟုတ်၊ အခြားလူများ ထမ်းပိုးလာခြင်းလည်းမဟုတ်မူပဲ ဤနေရာသို့ ဘယ့်တွက်ရောက်လာရပါသနည်း။



ပြောနိုင်တာတစ်ခုတော့ရှိ၏။ ထိုသည်ကားလည်း စာဖတ်ပရိသတ်တို့လက်ခံနိုင်ခြင်းရှိချင်မှရှိမည်ဖြစ်သော်လည်း ထိုကိစ္စမျိုးမှလွဲ၍ အခြားပြောစရာအကြောင်းလုံးဝမရှိခြင်းကြောင့်ဖြစ်သည်။ ကျွန်တော်ကိုယ်တွေ့အရ ထိုကျားသေကို မကောင်းဆိုးဝါးဝင်ပူးခဲ့ခြင်းမှလွဲ၍ အခြားမဖြစ်နိုင်ချေ။

**( ရှုမဝ မဂ္ဂဇင်း ဩဂုတ်လ၊ ၂၀၀၂ ခုနှစ် )**

www.burmeseclassic.com

www.burmeseclassic.com

# ကြောက်စရာ့စိတ်အလျှင်



## ကြောက်စရာ့ စိတ်အလျှင်

သူလျှောက်ခဲ့သောခရီးသည် ဝေးလှသည်မဆိုသာပြား ရရှိထားသော ဒဏ်ရာကြောင့်ထိုခရီးတိုလေးသည် သူ့အတွက်အားသွန်ခွန်စိုက်လာခဲ့ရခြင်းကြောင့် လွန်စွာမျှပင်ပမ်းလှသည်ဟု ထင်မိ၏။ ရရှိထားသောဒဏ်ရာသည်ပေါင်လယ်တွင်ဖြစ်သည်ကြောင့် နောက်ထပ်ကျရောက်လာမည့် အန္တရာယ်ဆိုးမှ ရှောင်တိမ်းရန်အလို့ငှာ အားတင်းကာဆက်လျှောက်ရပေဦးမည်။ နွားနေလို့ကတော့ ကျားရှေ့မှောက်လျက်လဲသူလိုဖြစ်ချေတော့သည်။

အငြိမ်းစားအရာရှိကြီးတစ်ယောက်ဖြစ်သည့် သူသည် အမဲလိုက်ခြင်းကိုဝါသနာပါ၍တော့မဟုတ်၊ အသားရလိုမှုကြောင့် ထိုမုဆိုးနှင့်အမဲပစ်လိုက်ခဲ့ရာမှအစပြု၍ သူသည် မျှော်လင့်မထားသော အန္တရာယ်ဆိုးနှင့်တွေ့ကြုံပင်းတိုးခဲ့ရခြင်းဖြစ်၏။ ထိုသည်ကလည်း ဘယ်သူမပြု မိမိမှုကြောင့်ပင်ဖြစ်သည်။ ခုတော့ သူသားကောင်ဘဝရောက်ခဲ့ချေပြီ။ သူ့ရန်သူသည် သူလိုလူသားတစ်ယောက်၊ ဤတောဤတောင်ကို ကျွမ်းဝင်သူဖြစ်သည့်ပြင်

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကောင်းတစ်ယောက်လည်းဖြစ်သည်ကြောင့် သူသည်သတိကြီးစွာဖြင့် ရှောင်တိမ်းသွားလာနေရခြင်းဖြစ်၏။ သူ့ရန်သူသည် သူ့နောက်သို့သံကြီး မဲကြီးလိုက်နေမှာသေချာ၏။ ဘယ့်တွက်မူ . . .

ပဲခူးရိုးမတောင်ရှိ 'ကုန်းမီးနင်း' ရွာကလေးတွင် နာမည်ကျော်မုဆိုး တစ်ယောက်ရှိ၏။ 'ကုန်းမီးနင်းရွာ' အနီးပတ်ဝန်းကျင်ရွာများသို့ရောက်ရှိ လာသည့် အသားဟင်းလျာမှန်သမျှ ထိုမုဆိုးပစ်ခတ်ရောင်းချသည့် သားကောင်သားများသာဖြစ်၏။

ထိုမုဆိုးကို သူသည်သားဖြစ်သူနှင့် ပတ်သက်၍ သိကျွမ်းခဲ့ရခြင်းဖြစ် ၏။ သူ၏သားသည် တချိန်ကလွန်စွာမျှတော်သော မုဆိုးတစ်ယောက် ဖြစ်ခဲ့၏။ သို့ကြောင့် ထိုမုဆိုးသည် သားဖြစ်သူထက် နာမည်ကျော်၏။ တော် ၏။ သားဖြစ်သူက အမဲမလိုက်သည်မှာလည်းကြာပြီကိုး။ မည်သို့ပင်ဖြစ် ချေ သားဖြစ်သူကို ထိုမုဆိုးက ခင်မင်သည်ဖြစ်၍ ပစ်ခတ်ရရှိသော သားကောင်သားများကို အမြဲလိုလို လာရောက်ပေးကမ်းတတ်၏။ သည်တော့သူသည် ထိုမုဆိုးကိုလိုက်လျော ညီထွေစွာဆက်ဆံပေါင်းသင်း လေတော့၏။ သူနေသည်မှာ 'ဒရယ်လူးရွာ' တွင်ဖြစ်၏။ 'ကုန်းမီးနင်း' ရွာနှင့်ဆိုပါလျှင် နှစ်မိုင်လောက်ပင် မရှိတတ်ချေ။

ထိုမုဆိုးသည် နားနေရက်များတွင် သူ့သားထံတွင် ရောက်လာတတ် ၏။ သားဖြစ်သူနှင့် လွန်စွာခင်မင်ကြသည်ဖြစ်၍ စားအိမ်သောက်အိမ်လို ဖြစ်နေတော့သည်။ သူရောက်လာပြီဆိုလျှင် လက်ချည်းသက်သက်လာ သည်မဟုတ်။ အသားစိုများ၊ အသားခြောက်များအမြဲပါလာတတ်၏။

ထိုမုဆိုးနှင့် ပတ်သက်၍ စိတ်မချမ်းမြေ့စရာ သတင်းတစ်ခုကို မမျှော် လင့်သောတစ်နေ့တွင်ကြားလိုက်ရ၏။ ရင်ထဲတွင်လည်းမကောင်းဖြစ်ခဲ့ ရ၏။ ထိုမုဆိုးအမဲလိုက်ရင်း တောဝက်ကိုပစ်ခတ်ရာမှ အခန့်မသင့်ဖြင့်



ထန်သောဒဏ်ရာရရှိခဲ့သည့်ပြင် အမဲလိုက်သေနတ်သည်လည်း အသုံးပြု မရလောက်အောင်ပျက်စီးခဲ့ရသည်ဟု သိရ၏။ ထိုမုဆိုးသည် ရရှိသော ဒဏ်ရာကြောင့် နှစ်လသုံးလခန့် ဆေးဝါးကုသနေရသည်ဖြစ်၏။ သူတို့ထံ သို့လည်း အသားဟင်းလျာများရောက်မလာတော့ချေ။ အခြားမုဆိုးများထံ မှဝယ်ယူစားနေရတော့၏။ ထိုမုဆိုးသည် ဒဏ်ရာများအရှင်းပျောက်ကင်း သွားသော်ငြား ဆူးကိုင်းနှင့် ခိုက်မိသည့် မျက်လုံးတစ်ဖက်သည် လုံးဝ ပျက်စီးသွားခဲ့တော့၏။ သို့ငြား အမဲလိုက်ခြင်းအလုပ်ကိုတော့ဖြင့် ထိုမုဆိုး ဆက်လုပ်နေသေးတော့၏။

'အဖေ ကျွန်တော့်သူငယ်ချင်းအမဲပြန်လိုက်မလို့တဲ့။ အဲဒါသူ့မှာ သေနတ်မရှိတော့လို့ အဖေ့သေနတ်သူ့ကိုငှားထားပါလား'

သားဖြစ်သူက တစ်နေ့ပြောလာ၏။

'ဖြစ်ပါ့မလား သားရဲ့' လို့သာပြောရပေမင့် သူသည် ထိုမုဆိုးကို သေနတ်ငှားထားခြင်းအားဖြင့် အရှုံးမရှိနိုင်ဆိုသည်ကိုမူ တွက်ဆထားပြီး ဖြစ်၏။

'အဖေ့ဆီက သူအလကားယူမှာမဟုတ်ဘာ၊ သူပစ်လို့ရတဲ့ သား ကောင်မှန်သမျှ ကြီးကြီးသေးသေး တစ်ခြမ်းပေးမယ်လို့ပြောတယ်'

သူ လွန်မင်းစွာသဘောကျသွား၏။ သူ့တွင်သေနတ်ကောင်းတစ် လက်ရှိတာပဲ ထိုမုဆိုးကို ငှားထားလျှင်ဖြင့် အိမ်စားဖို့ပင်မဟုတ်၊ ရွာထဲတွင် လှည့်ရောင်းလို့ပင်ရပေမည်။ သို့ဖြစ်၍ သူသဘောတူလိုက်သည်။

'ပေးလိုက်သား ပေးလိုက်၊ အေးမင့် မိတ်ဆွေကိုတော့ သေသေချာချာ ပြောထား၊ သားကောင်ရတိုင်း မှန်မှန်လာပို့ပါလို့ ဟုတ်လား'

'စိတ်ချပါ အဖေရာ၊ ကျုပ်မိတ်ဆွေက ကတိတည်ပြီး ကျေးဇူးသိတတ် သူပါ။ လိမ်ညာတတ်တဲ့ လူမျိုးမဟုတ်ပါဘူး အဖေလဲသိနေတာပဲဟာ'

www.burmeseclassic.com



ထိုမုဆိုးသည် ပြောထားသည့် ကတိစကားအတိုင်းပင် ပစ်ခတ်ရရှိသောသားကောင်မှန်သမျှ တစ်ခြမ်းပိုင်းကာ မှန်မှန်လာပေးလေတော့၏။ သူလွန်မင်းစွာသဘောကျနေ၏။ အိမ်စားဖို့ပင်မဟုတ်၊ အိမ်စရိတ်ပါခုမိလေပြီဖြစ်သည်။ သည်သို့ဖြင့် လတွေအလီလီပြောင်းခဲ့၏။ သို့ဆိုသလိုသူ့စိတ်သည့်လဲ ထိုမုဆိုးအပေါ် ပြောင်းလဲခဲ့တော့၏။ တစ်ချိန်က ထိုမုဆိုးကိုသူအထင်ကြီးလေးစားခဲ့၏။ ယခုမူထိုမုဆိုးသည် သူ၏သေနတ်ကိုငှားရမ်း၍ထားသည်ကြောင့် 'ငါ့သေနတ်သာ သူ့ကိုငှားမထားလျှင်ဖြင့် ထိုမုဆိုးငတ်ချေပြီ။ သို့ကြောင့် ထိုမုဆိုးကိုငါ မျက်နှာလုပ်၍ မျက်နှာချိသွေးစရာမလိုတော့ပြီ။ အမှန်စင်စစ်မူ ငါသည်သူ၏ကျေးဇူးရှင်ပင်ဖြစ်နေချေပြီ' ဟု တွက်ကာ ထိုမုဆိုးကိုအထက်စီးမှ ဆက်ဆံလေတော့၏။

'သား မင်းမိတ်ဆွေကိုပြောလိုက်ကွာ၊ ငါ့သေနတ်ပြန်လိုချင်ပြီလို့'

တကယ်ယူလို၍မဟုတ်ပါ၊ သက်သက်ခြိမ်းခြောက်ခြင်းဖြစ်၏။

'မင်းကွာ ပစ်ခတ်ရရှိတဲ့ အသားတွေကိုနင်းကန်စားမပစ်ဘဲ ကိုယ်ကလျှော့စားပြီး ငွေရအောင် ရောင်းပေါ့၊ ပြီးတော့ငွေစု သေနတ်တစ်လက်ပြန်ဝယ်လေ'

စေတနာသံလိုလိုပြောတတ်သေး၏။ သူသိတာပဲ ထိုမုဆိုးက အရင်ကလိုမဟုတ်၊ မျက်စိတစ်ဖက်ကလည်း မရှိတော့၊ ဘယ်လက်ကလည်း သန်သန်စွမ်းစွမ်းမဟုတ်လေတော့၊ အရင်ကလို သားကောင်တွေဖောဖောသီသီရနိုင်ခြင်းမရှိ၊ သေနတ်ငှားခပေးနိုင်ရန် သားကောင်ကိုပင်မနည်းကျိုးစား ရုန်းကန်နေရသည်ကိုသိလျက်နှင့် ပြောခြင်းဖြစ်၏။ ထိုမုဆိုးရသမျှသူကတစ်ခြမ်းရနေသည်။ မည်သို့ပင်ဆိုစေ ထိုမုဆိုးသည် သေနတ်ငှားရမ်းကိုတော့ဖြင့် မပြစ်မနေ ရှာဖွေပစ်ခတ်ပေးနေနိုင်သေး၏။ တစ်ရံတစ်ခါရောသာ သားကောင်ငယ်နေလျှင်မူ -



'မင်းကလဲကွာ ဟုတ်ကောဟုတ်ရဲ့လား၊ တခြားသားကောင်တကယ်မရပေဘူးလား၊ မင်းအကောင်လေးက သေးသေးရယ် ငါဘယ်လိုစားရမှာတုန်း'

သည်သို့နှယ်သားကောင်သေးလျှင် ဂျီကျလိုက်သေး၏၊

'ပြောင်'လိုအကောင်မျိုး ပစ်ခတ်ရလျှင်ဖြင့် ဆိတ်ဆိတ်နေကာ ဖြိုးဖြိုးဖြိုးသာလျှင်လုပ်နေတော့၏။

ရံခါဖျားနာ၍ အမဲလိုက်မထွက်ဖြစ်ခဲ့သောထိုမုဆိုးကို 'ဘယ်လိုလဲကွာ မင်းအမဲလိုက်မထွက်တော့ ငါ့တွက်ဘယ်လိုခွဲတမ်းရတော့မှာတုန်း၊ အိမ်မှာ ခြည်းကုပ်မနေနဲ့လေ၊ အမဲလေးဘာလေး ထွက်ရှာပါဦးကွာ၊ ငါ့မှာဒီသေနတ်ကလေးနဲ့ လုပ်ကိုင်စားနေရတာ ခုလိုမင်းကငှားထားပြီး အလုပ်မလုပ်ဘဲနေတော့ ငါ့တွက်နစ်နာတာပေါ့၊ မင်းမလိုချင်တော့လဲ ပြန်ပေးလေကွာ 'သာယာကုန်း' ရွာက မုဆိုးတစ်ယောက် ငါ့မှာသေနတ်လာငှားနေတယ်'

သို့ဆိုသလို လွှန်ခဲ့သော ရက်ပိုင်းကမှ ပစ်ခတ်ရရှိပေးထားသည့် ပြောင်ကြီးတစ်ခြမ်းလုံးကိုပင် သူမမြင်တော့၊ နေ့စဉ်လိုလို အသားရလိုသောဘတက်လာချေပြီဖြစ်၏။

မည်သို့ပင်ဆိုငြား ထိုမုဆိုးသည် သူ့သေနတ်အား ပြန်ပေးလိုပေပြီ။ သို့ပေမင့် သူ့တွက်သေနတ်တစ်လက်တော့ဖြင့် ရှိထားမှဖြစ်သည်တိုင်။ ဝယ်လည်းမဝယ်နိုင်သေးသဖြင့် သည်းညည်းခံအောက်ကျို့၍ -

'အန်ကယ်ရာ ကျွန်တော်ဖျားနေလို့ပါ၊ ဒါကြောင့် အမဲလိုက်မထွက်ဖြစ်တာပါ၊ နေကောင်းတာနဲ့ အမဲထွက်ရှာပေးပါ့မယ်၊ တောင်းပန်ပါတယ်ခင်ဗျာ'ကယ်' ရယ်လို့ ထိုမုဆိုးက မျက်နှာချိုသွေးနေငြား သူ့ရေသိသည်မာမာဖြစ်ရုံမက နှိမ့်ချလိုသည့် စကားများပင်ပြောသွားချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်း အဲဒီလောက် ပျော့ညံ့မှန်း၊ ညံ့ဖျင်းမှန်းခုမှသိရတယ်ကွာ။ စောစောကသိလျှင်ဖြင့် သေနတ်ငှားမထားပါဘူး၊ ငါ့သားနဲ့မင်းကမိတ်ဆွေတွေမို့လို့၊ သားမျက်နှာနဲ့ ငှားထားရတာ၊ တကယ်ဆိုရင် ငါကသေနတ်ငှားစားတဲ့သူမဟုတ်ဘူးကွ၊ သားမျက်နှာနဲ့ မင့်ကိုကူညီထားတာ'

သို့စကားမျိုးပင်ပြောလာချေပြီဖြစ်သည်။ သူမည်သို့ပင်ပြောငြား ထိုမုဆိုးသည် သည်းညည်းခံဆက်ဆံ ခဲ့၏။ ကျေနပ်မှုတော့ သိပ်မရှိလေတော့။ မဖြစ်နိုင်လွန်း၍သာ အောင့်အီးနေရခြင်းဖြစ်၏။ သူ့သေနတ်ကိုလဲ ပြန်ပေးချင်ပြီဖြစ်၏။

ထိုမုဆိုးသည် ကျန်းမာရေးကလည်း ချို့ယွင်းလာသည်ဖြစ်၍ယခင်ကလိုအမဲကြီးကို ပစ်ခတ်နိုင်စွမ်းရည်သိပ်မရှိတော့ချေ။

သည်တွင်သူသည် -

'မင်းကွာဘယ်လိုလုပ်နေတာလဲ ငါ့ကိုလိမ်နေတာလား၊ ငါ့တွက်အတော်နစ်နာနေပြီကွ၊ တောကြောင်လေးလောက်နဲ့ ကျေနပ်ရတော့မှာလား'

'အန်ကယ်ရာ ကျွန်တော်တကယ်အလုပ်မဖြစ်လို့ပါ၊ တောကြောင်လေးမို့ ထုံးစံအတိုင်း တစ်ခြမ်းမဟုတ်ဘဲ တစ်ကောင်လုံးတောင်ပေးထားတာပဲ၊ ကျွန်တော့်အိမ်မှာတောင် အသားဟင်းမစားရဘူး၊ တောထဲကခုတ်လာတဲ့ တောင်ထမ်းဖူးလေး၊ တောင်အုန်းဖူးလေးပဲ ချက်စားတာ'

သို့ ရှင်းပြလာပြန်တော့လည်း -

'အေးကွာ ငါကလဲငါပဲ မင်းဟာ အိုနာကျိုးကန်းဆိုတာ ငါခုမှသိရတယ်'

'ဗျာ'



ထိုမုဆိုးအတော်ကြီးတုန်လှုပ်သွား၏။ သူ၏အားနည်းချက်ကို ယခုလိုထုတ်ပြောနှိမ့်ချလာသည်ကြောင့် ဒေါသလည်းထွက်သွားတော့၏။ သို့ငြားသူ့စိတ်ကိုသူပြန်ထိမ်းကာ ပြေပြေလည်လည်ဖြစ်ရန်တိုးလျှိုးတောင်းပန်လို့ချည်းနေတော့၏။

'အေး . . . ဒီတစ်ခါအမဲပစ်သွားရင် ငါကိုယ်တိုင်လိုက်ခဲ့မယ်' ရယ်လို့ပြောစကားနှင့် အဆုံးသတ်သွားတော့၏။

သို့ဖြစ်၍ သူနှင့်ထိုမုဆိုး အမဲလိုက်ထွက်ခဲ့ကြခြင်းဖြစ်၏။ လမ်းတစ်လျှောက်သူသည် ထိုမုဆိုးအား နိုင်ထက်စီးနင်းပြောဆိုလာ၏။ဗျစ်တောက်ဗျစ်တောက်နှင့်လည်း မာန်မဲလေ၏။ ထိုမုဆိုးသည်ကား ဘာမျှပြန်မပြောရင်တွင်းမတော့ ဗလောင်ဆူနေချေပြီကိုသူမသိပါချေ။

သို့ နှစ်ယောက်သားလျှောက်ခဲ့ကြရင်း စနိုးတောလေးတစ်ခုနားအရောက်တွင် ဒရယ်တစ်ကောင်ကိုတွေ့လိုက်သည်ဖြစ်၍ -

'ပစ် . . ပစ်လေကွာ၊ ဘာကြည့်နေတာလဲ ဟိုမယ်ပြေးတော့မယ်' သူ ဘယ်သို့ပင်ပြောနေငြား ထိုမုဆိုးသည် စနိုးတောစပ်မှ ဒရယ်ကိုသာငေးမောကြည့်နေရင်းခေါင်းကိုခါယမ်းနေ၏။ ထိုအချိန်တွင်းမှာပင် ဒရယ်ကောင်သည် သူတို့ဘက်တစ်ချက်လှည့်ကြည့်ပြီး လျှင်မြန်သော အဟုန်ဖြင့်ထွက်ပြေးသွားတော့၏။

'တောက် မိုက်ရိုင်းလိုက်တာကွာ၊ ဒရယ်ကောင်မြင်လျက်နဲ့ မပစ်ဘူးဆိုတော့ ဘာသဘောလဲ ငါ့ကိုသေနတ်ငှားရမ်းခပေးရမှာစိုးလို့လားဟုတ်ပါပြီ၊ ဟိုနေ့တွေက မင်းငါ့ကို အကောင်လေးတွေပဲပေးတယ် အကောင်ကြီးတွေကိုမင်းပဲ ယူထားတာမဟုတ်လား၊ ခုငါကိုယ်တိုင်ပါတော့မင်းရဲ့ကလိမ်ကကျစ်စိတ်ဓါတ်ကိုသိရပြီပေါ့' ရယ်လို့ သူကဒေါသတကြီးပြောလာသဖြင့် ထိုမုဆိုးသည် -

www.burmeseclassic.com

www.burmeseclassic.com



'ဟော့တ်ဘား အန်ကယ်၊ ကျွန်တော်မှန်မှန်ကန်ကန်ဆက်ဆံနေတာပဲ ဘွား ခုဒီဒရယ်က ဇီးနဲ့မို့မပစ်တာ၊ မုဆိုးကောင်းမည်သည် စည်းထားရတယ်ဗျ'

'ဘာကွာ မင်းကိုယ်မင်း မုဆိုးကောင်းတဲ့လား၊ ဟား . . ဟား ရယ်ရသကွာ၊ လက်ကလဲမသန်၊ မျက်လုံးတစ်ဖက်ကလဲပျက်နေ၊ ဒါမုဆိုးကောင်းတဲ့လား၊ ရယ်ရသေးကွာ၊ ကလိမ်ကကျစ်ကလဲကျသေး၊ အကုသိုလ်အလုပ်နဲ့အသက်မွေးဝမ်းကြောင်းပြုနေတဲ့ မင်းလိုမုဆိုးရိုင်းမှာ ကြင်နာစာနာစိတ်ရှိတယ်ဆိုတာ စည်းကမ်းရှိတယ်ဆိုတာ ငါနားရှိလို့သာကြားရတာလား၊ ဟား . . . ဟား . . . ဟား . . . ဟား ဒီမှာ ငါပြောမယ် နောက်တစ်ကြိမ် ဘာသားကောင်တွေ့တွေ့ ပစ်ကိုပစ်ရမယ်ကွာ၊ ဇီးရှိတာတွေ ကလေးရှိတာတွေငါမလိုချင်ဘူး၊ ငါလိုချင်တာ ငါ့သေနတ်ငှားရမ်းခအတွက် သားကောင်ကြီးကြီးလိုချင်တယ် ဒါပဲ'

သူ၏မောက်မာစကားလှောင်ပြောင်စကားကြောင့် ထိုမုဆိုးရင်တွင်းခံစားချက်ပေါက်ကွဲထွက်လာတော့၏။

'ဘာဗျ ဘာပြောတယ် ကနေ့ထိကျုပ် ခင်ဗျားကိုမှန်မှန်ကန်ကန်ဆက်ဆံလာတာ၊ ကျန်းမာရေးမကောင်းတဲ့ အခိုက်အတန့်လေးမှာ နည်းနည်းသည်းညည်းခံပေးဖို့ တောင်ပန်းတိုးလျှိုးနေတဲ့ကြားက ရောင့်တက်လွန်းပြီဗျာ၊ ကျုပ်သည်းမခံနိုင်တော့ဘူး၊ ကဲ ရော့ ဒါဟာ ခင်ဗျားရသင့်တဲ့ သေနတ်ငှားရမ်းခပဲပေါ့' ဆိုကာ သူ၏မျက်နှာကို သေနတ်ဒင်ဖြင့် ပင့်ရိုက်လိုက်လေတော့၏။

'ခွပ်'

သူ့မျက်နှာထူပူသွားကာ တောင်ကျောလေးမှ လိမ့်ကျသွားတော့၏။



သတိကောင်းသည်ဖြစ်၍ ကမန်းကတန်းကုန်းထကာ ထိုမုဆိုးကိုမော့ကြည့်လိုက်သည်။

'ဟာ မလုပ်နဲ့ မလုပ်နဲ့'

ထိုမုဆိုးက သေနတ်ဖြင့် သူ့ကိုချိန်ရွယ်ထားပြီးဖြစ်သည်။ ထိုမုဆိုး၏ မျက်နှာသည် လွန်မင်းစွာနာကျည်းနေပုံဖြစ်၍ သူအတော်ထိတ်လန့်သွားမိသည်။ ထိုမုဆိုးက ခေါင်းကိုခါယမ်းလိုက်ပြီး အံကြိတ်လိုက်သည်ကြောင့် သူသည်ဤနေရာမှ ထွက်ပြေးလေမှ လွတ်ချေတော့မည်။ တောင်းပန်နေ၍ အချည်းနှီးသာဖြစ်လိမ့်မည်ကို တွက်လိုက်မိသည်နှင့် တောင်ကျောအောက် ရေကျမြောင်လေးအတိုင်း ပြေးထွက်ခဲ့တော့၏။

'ဒိန်း'

သူ၏နားထင်နားမှ ကျည်တစ်တောင့် ပွတ်ကာသီကာထွက်သွားသည့်လေတိုးသံကိုကြားလိုက်၏။

ထိတ်လန့်တုန်လှုပ်ကာ ရင်တွေတဆတ်ဆတ်တုန်နေသည့်ကြားတုန်ယင်နေသည့် ခြေနှစ်ချောင်းကို အရသယ်၍ပြေးထွက်ခဲ့သည့်ကြားမှ 'ဒိန်း' ရယ်လို့ ဒုတိယမြောက် သေနတ်သံကြားလိုက်သည်နှင့် သူ့ပေါင်တွင် ပူကနဲတစ်ချက်ဖြစ်သွားကာ သွေးတို့ဒလဟောစီးကျလာတော့၏။ နာကျင်လွန်း၍ မျက်ရည်များပင်ကျလာတော့၏။ နာကျင်မှုကြားကပင် အားယူပြေးခဲ့ရပြန်၏။ သို့မဟုတ်ပါမူ သူ့အသက်ပေးလိုက်ရပေလိမ့်မည်။

သည်သို့နှယ် သူဆက်ပြေးနေ၍လည်းဖြစ်မည်မဟုတ်ကို သတိရလိုက်၏ ဘယ်တွက်မူ သူ့ပေါင်မှယိုစီးကျနေသည့် သွေးစက်တို့က သူဘယ်မှာရှိသည်ကို ထိုမုဆိုးအားသတင်းပေးသလိုဖြစ်ချေရော့မည်။ သို့ကြောင့် သူသည် ကမူပြောင်ပြောင်လေးတစ်ခုတွင် ထိုင်ချလိုက်ပြီး ဝတ်ထားသည့် အင်္ကျီကိုချွတ်၍ဖြဲလိုက်ကာ ဒဏ်ရာပေါ်မှ တင်းကြပ်စွာတုပ်နှောင်ချည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ နာလိုက်သည့်ဖြစ်ခြင်း၊ သူ့ပေါင်လည်တွင် ရှိနေသည့် ကျည်ဖူး ကိုဖိသွင်းလိုက်သလိုဖြစ်သွားသည်ကိုး။ ဘယ်တတ်နိုင်ပါလိမ့်မည်နည်း။ အရေးကြီးတာက သွေးတိတ်ဖို့ပင်ဖြစ်၍ သို့မှသာ သွေးခြေရာခံလိုက်နိုင် တော့မည်မဟုတ်ပါကလား။ ကိစ္စများမြောင် လုပ်ဆောင်ပြီးသည်နှင့် 'အိုကေ' ဆိုကာ ထိုနေရာလေးမှထ၍ခရီး ဆက်မည်ရယ်လို့ ကြံလိုက်ဆဲမှာ ပင် -

'ခင်ဗျား ဘယ်မှဆက်သွားစရာမလိုတော့ဘူး ဒီနေရာလေးမှာပဲ ရာသက်ပန်နားပေရော့ဗျို့'

သူ၏ညာဘက် ဒလွယ်ခုတ်ရှိ ကျွန်းပင်ကြီးနောက်ကွယ်မှ ထိုမုဆိုး ထွက်လာချေပြီ။ သူ့ရင်ဝသို့လည်း သေနတ်ပြောင်းကို ချိန်ရွယ်ထား၏။ သူခေါင်းကိုခါယမ်းလိုက်၏။ တိုးလျှိုးတောင်းပန်၍လည်းရမည်မဟုတ်မှန်း ထိုမုဆိုး၏မျက်နှာပြင်အနေအထားကို ကြည့်ကာ တွက်ထားပြီးဖြစ်သည်။

'ကဲ အခွင့်အရေးတစ်ခုပေးမယ်၊ မသေခင် သုံးမိနစ်လောက်ခင်ဗျား ပြုခဲ့ဖူးတဲ့ ဒါန၊ ကုသိုလ်တွေကို ပြန်စဉ်းစားလိုက်ဗျာ၊ အသေဖြောင့်အောင် ပေါ့၊ ဟဲ .. ဟဲ .. ဟဲ .. ရှိလိမ့်မယ်လဲ မထင်ပါဘူး'

အဘယ်နှယ်သူစဉ်းစားနိုင်မည်နည်း။ ကြောက်ရွံ့လွန်း၍ ချွေးသီးချွေး ပေါက်ကြားမှ မျက်နှာငယ်လေးဖြင့် ထိုမုဆိုးကိုကြည့်နေရင်း ဘုရားတနေမိ တော့၏။ သူ့နှလုံးသားဆီသို့ လျှင်မြန်သော အဟုန်ဖြင့် မြည်ဟီးရောက်ရှိ လာမည့် ခဲသီးလေးကို ဘယ်သို့နှယ်ရှောင်တိမ်း၍ရပါလိမ့်မည်နည်း။ မည်သို့ကာကွယ်နိုင်လိမ့်မည်နည်း။ သို့ကြောင့် သူသည် မျက်စိကိုမှိတ် အံကြိတ်ကာထားလိုက်တော့၏။ စက္ကန့်ပိုင်းအတွင်းခံစားလိုက်ရတော့မည့် ဝေဒနာသစ်ကိုသူမျှော်နေဆဲမှာပင် -

'ဒိန်း'



ပြင်းထန်သောယမ်းအားပေါက်ကွဲသံကို သူကြားလိုက်ပေမင့် နာကျင် သောဝေဒနာကို သူ မခံစားရသည်ကြောင့် မျက်လုံးအစုံကိုဖွဲ့ဖြဲတကြီး ဖွင့်ကြည့်လိုက်သည်။

ထိုမုဆိုးသည် သေနတ်ကိုမိုးပေါ်ထောင်ပစ်လိုက်ခြင်းဖြစ်၏၊ ဘယ့် တွက်သူ့နှလုံးသားဆီ မပစ်ခဲ့ပါသနည်း။

ထိုမုဆိုးသည် သူ့အား စိမ်းစိမ်းကြီးကြည့်ကာ -

'ရော့ ခင်ဗျားသေနတ်ပြန်ယူချေတော့၊ ကျုပ်လဲဒီကနေ့ကစလို့ အမဲ လိုက်တဲ့ အလုပ်ကိုစွန့်လိုက်ပြီ' ဆိုကာ သူ့ရှေ့သို့ သေနတ်ကိုပစ်ချပေး ကာထိုနေရာမှ လှည့်ထွက်သွားတော့၏။ သူဝမ်းသာသွား၏။ သူ့ရှေ့ရှိ သေနတ်ကို ကမန်းကတန်းကောက်ယူကာ ထိုမုဆိုးကျောပြင်သို့ ထိုးချိန် လိုက်ပြီး-

'ဟိတ်ကောင် အဲဒီနေရာမှာပဲ ရပ်နေလိုက်ပါ။ ဒီတစ်ခါငါ့အလှည့် ရောက်ပြီလေ၊ မင်းငါ့ကိုမသတ်ပေမင့် ငါမင်းကိုသတ်ရလိမ့်မယ် ဘာလို့ လဲဆိုတော့ ငါ့ပေါင်မှာ မင်းပေးထားတဲ့ သေနတ်ဌားရမ်းခ ကျည်ဖူးရှိတယ် လေ၊ ငါလိုချင်တာ အသားကွ၊ ကျည်မဟုတ်ဘူး၊ ဒါကြောင့် သားကောင် သားမရလဲ၊ မင်းရဲ့အသားကိုလှီးပြီးယူသွားရမှာပဲ၊ ကဲ ငါကတော့ မင်းလို အခွင့်အရေးမပေးနိုင်ဘူး၊ မင်းလဲဘုရားတရားရှိမယ့်လူမှ မဟုတ်တာ၊ အရိုင်းအစိုင်းမုဆိုးတစ်ယောက်ပဲ၊ ကဲ .. ကြာပါတယ်ကွာ' ဟုပြောကာ သေနတ်မောင်းကို တင်လိုက်၏။

'ချောက်'

သူ့အားပစ်သတ်တော့မည်ကို သိလျက် ထိုမုဆိုးသည် နောက်သို့ ပြန်လှည့်လိုက်၏။ ထိုအချိန်ကလေးမှာပင် -

www.burmeseclassic.com

www.burmeseclassic.com



'ဗိုး . . ဒုတ်'

**သူ့ရင်ဝတွင်း** စူးကနဲဖြစ်သွားကာ နောက်သို့ယိုင်လဲကျသွားသော **သူ့ကို** ထိုမုဆိုးသည် ပြုံးပြုံးကြီးကြည့်ကာနေလေတော့၏။ 'ခင်ဗျား **ကိုယ်တိုင်**သွားချင်လို့ တောင်းဆိုလာတော့လဲ ကူညီလိုက်ရတာပေါ့ဗျာ' ရယ်လို့ပြောရင်း သူ့ရင်ဝတွင် စူးနစ်ဝင်နေသော ဓါးမြောင်ကိုလာရောက် ဆွဲနုတ်ယူလိုက်တော့၏။ ထိုသည်ကား သူနောက်ဆုံးသိလိုက်သောအသိ ပင်ဖြစ်ချေတော့၏။

'ကျွန်တော်တို့ နောက်ကျသွားပြီ ကိုလင်း'

ပက်လက်လန်ကာ ခြေကားယား လက်ကားယားဖြင့် အသက်ဝိညာဉ် ကင်းမဲ့နေပြီဖြစ်သည့် ဦးမောင်ဇင်၏ ရပ်အလောင်းနားတွင် ငြိမ်သက်စွာ ရပ်လျှက် အငေးသို့ငေးမျှော်နေသည့် မုဆိုးဝင်းအောင်ကိုကြည့်ရင်း ကျွန်တော်က လင်းမြင့်လှိုင်ကိုပြောလိုက်သည်။

'တကယ်ဆိုရင် ဦးမောင်ဇင်လို လူမျိုးကသေသင့်ပါတယ်ဗျာ၊ သူကြီး ဦးသောင်းတင်ပြောလို့ ကျွန်တော်တို့ သူတို့နှစ်ယောက်အကြောင်း သိရ တာနဲ့တင် အဲဒီလူကြီးကို မုန်းနေမိတာဗျ၊ ဝင်းအောင်ဘက်က မှန်နေတာပဲ မှန်မှန်ကန်ကန် ဆက်ဆံနေတာပဲဗျာ၊ ဦးမောင်ဇင်က လောဘတက်ပြီး မောက်မာလွန်းလှပါတယ်'

လင်းမြင့်လှိုင်က မုဆိုးဝင်းအောင်ဘက်မှလိုက်ပါပြောနေတော့သည်။ ကျွန်တော်သည်လည်း သူ့နှယ်ပင် ဆုံးဖြတ်မိခဲ့သော်လည်း အသေသတ် လောက်သည့်တိုင်နာကျည်းခံပြင်းသွားသည့် မုဆိုးဝင်းအောင်အတွက် စိတ်မကောင်းဖြစ်မိခြင်းသာပင်။ ထိုအပြစ်ဒဏ်ကို သူခံရပေတော့မည်။ ဦးမောင်ဇင်သေဆုံးသွား၍ စိတ်မကောင်းခြင်းမဖြစ်၊ သူလိုလူမျိုး လောက




ကြီးထဲတွင် မရှိသင့်တာမှန်သော်ငြား မုဆိုးဝင်းအောင်လို လူကောင်း တစ်ယောက်၊ အကျဉ်းထောင်အတွင်းသို့ သူ့ဘဝသက်တမ်းအချိန်တော် တော်များများ ဖြုန်းပစ်ရတော့မည်ကို နှမြောတသ၍ ဖြစ်ပေတော့၏။ သို့ကြောင့်လည်း ကျွန်တော်နှင့် လင်းမြင့်လှိုင် အမဲကြီးပစ်ရန် 'ကုန်းမီးနင်း' ကျေးရွာသို့ရောက်ခဲ့ကြသည်တွင် ရွာလူကြီးဦးသောင်းတင်က သူတို့နှစ် ယောက်အကြောင်းကို ဂယနဏသိထားသဖြင့် အတူတွဲ အမဲပစ်သွား သည်ကို စိတ်မချသည့်အကြောင့် ကျွန်တော်တို့နှစ်ယောက်အား အကူအညီ တောင်း၍ လိုက်လံထိမ်းထိမ်းသိမ်းသိမ်းပြုလုပ်ပေးရန် ပြောလာသဖြင့် ကျွန်တော်တို့သည်အားခြင်းထွက်ခဲ့ကြသော်ငြား သူတို့နှစ်ယောက်နှင့် ဆုံမိသည်တွင် နောက်ကျခဲ့ရချေပြီဖြစ်သည်။

(ရုပ်ရှင်အောင်လံမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၁ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



# ကျား သစ်မ လေး ဟယ်လင်ထွန်း

# ကျားသစ်မလေး ဟယ်လင်ထွန်း

ဤလမ်းဤခရီးသည် လာဖူးခဲ့ဖေသာ ခရီးဖြစ်ငြား မိုးနှောင်းကာလဖြစ်သဖြင့် တောသည်စိမ်းစိမ်းစိုစိုရှိနေခြင်းကြောင့် ဆင်သွားလမ်းပျောက်နေသည်။ သစ်ပင်ချုံနွယ်များကြားမှ တိုးဝှေ့လာရသဖြင့် သစ်ရွက်စိမ်းနံ့ စိမ်းရွှေရွှေအနံ့တို့သည် ကိုယ်တွင်စွဲထင်ကျန်ရစ်နေတော့၏။ တစ်ကိုယ်လုံးသည်း ရေစိုပေကျံလျှက်ရှိ၏။ ဆူးနွယ်တို့ဖြင့် ခြစ်မိခြင်းကြောင့် လက်ဖမိုးနှင့် မျက်နှာပြင်တစ်ဝိုက်ရှိ ဒဏ်ရာငယ်အများအပြားမှ စို့ထွက်နေသည့်သွေးများသည်လည်းမြင်မကောင်း၊ မျက်နှာပြင်မှထွက်လာသည့် ချွေးတို့ကြောင့် စပ်ဖျဉ်းဖျဉ်းဖြစ်နေပြန်သေး၏။ အဆိုးဆုံးကား ဝါးတောအတွင်းတိုးဝှေ့ခဲ့ရသောအချိန်ပင်ဖြစ်သည်။ လူတစ်ရပ်နီးပါးရှိ ဝါးပင်ပေါက်ကလေးများကြားတိုးဝှေ့ဖြတ်သန်းခဲ့ရသဖြင့် တစ်ကိုယ်လုံးဝါးရွက်ရှဒဏ်ရာများနှင့် ဝါးမှုန်ကလေးများကြောင့် ယားယံခြင်း၊ ဒုက္ခကို ကြိတ်မှိတ်ခံစားရင်း လမ်းမှန်ရှာ စမ်းတဝါးဝါးလျှောက်နေရ၏.

သို့လျှောက်ခဲ့ရင်းမှ မမျှော်လင့်ဘဲ ကုန်းပြောင်ပြောင်ထွက်လပ်ကြီး

www.burmeseclassic.com



တစ်ခုသို့ စိုက်စိုက်မြိုက်မြိုက်ရောက်ခဲ့သည်။

'ကိုလင်း . . ခဏနားမယ်ဗျာ'

ပြောပြောဆိုဆို ကျွန်တော်သည် နေရာထိုင်ခင်းကောင်းသည့် သစ်စိမ့်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။ သို့ထိုင်ချလိုက်ရင်း အပင်အောက်တွင်ကြွေကျနေသည့် သစ်စိမ့်သီးများကို ကောက်ယူလိုက်ရင်း -

'ကိုလင်းရေ ကျွန်တော်တို့ ဂျီ(ချေ)တစ်ကောင်လောက်ပစ်ခွင့်ရကောင်းရလိမ့်မယ်ဗျို့' ဟုလင်းမြင့်လှိုင်ကိုပြောလိုက်၏။

'ဘယ်လိုကြောင့်တုန်းဗျ'

'ဒီအပင်အောက်မယ် သစ်စိမ့်သီးအခွံအပဲ့ လတ်လတ်ဆတ်ဆတ်တွေ့သဗျ၊ ဒါဟာ ဂျီ(ချေ)စားထားတာလေ'

ကျွန်တော်ကသို့ပြောလိုက်သည်တွင် လင်းမြင့်လှိုင်မှာ အနားရောက်လာပြီး သစ်စိမ့်သီးအခွံအပဲ့လေးများကို သေချာကိုင်တွယ်ကြည့်ပြီး -

'ဒါ မနေ့က စားသွားတာဗျ၊ ဟုတ်ပြီလာဗျာ၊ ကျွန်တော်တို့ ဟိုဘက်နားလေးကနေ သွားထိုင်စောင့်မယ်၊ ဒီကောင်လာကိုလာလိမ့်မယ်'

လင်းမြင့်လှိုင်က ကျွန်တော့်လက်ဆွဲ၍ သစ်စိမ့်ပင်နှင့်အတော်လှမ်းလှမ်းရှိ 'ဇင်ချွန်း' ပင်ကြီးနောက်ကွယ်သို့ခေါ်သွား၏။

'ဟာ အတော်ကောင်းတဲ့နေရာပဲ၊ နားနားနေရင်း တချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ဂျီ(ချေ)တစ်ကောင်ကိုစောင့်ပစ်တာပေါ့'

ကျွန်တော်ကသို့ပြောလိုက်ပြီး ဇင်ချွန်းပင်နောက်ကွယ်ကွက်လပ်တွင်ထိုင်ချလိုက်ရင်း သစ်စိမ့်ပင်သို့ လှမ်းကြည့်လိုက်၏။ သည့်နောက် -

'ကဲ ကိုပိုက် ရော့' ရယ်လို့ လင်းမြင့်လှိုင်က ကမ်းပေးလာသည့် အရက်ပုလင်းပြားလေးကိုယူ၍ တစ်ငုံသောက်လိုက်သည်။



'ကျွန်တော်တို့လာတဲ့လမ်းကမမှားဘူး၊ ဆင်လမ်းပျောက်နေတာပဲရှိတယ်၊ ဟိုဝေးဝေးမှာရှိတဲ့ ထီးထီးအပင်ကြီးတစ်ပင်တွေ့လား'

'တွေ့တယ်'

လင်းမြင့်လှိုင်ကြည့်နေသည့်ဘက်သို့ လှမ်းကြည့်ပြီးပြောလိုက်၏။

'အဲဒီတောင်ကျောတစ်ဘက်ရောက်လျှင်ဖြင့် ကျွန်တော်တို့မိတ်ဆွေထောင်မှူးကြီးစောပြည်တင်ရှိတဲ့ ရေနက်ကြီး ရဲဘက်စခန်းပဲဗျို့'

လင်းမြင့်လှိုင်ကသို့ပြောရင်း ကျွန်တော်လက်တွင်းမှ ပုလင်းပြားလေးကို ပြန်ယူသွားပြန်၏။

'နို့ဖြင့် ဘာမှမဝေးတော့ပြီပဲ၊ ဒီမှာ ဂျီ(ချေ)တစ်ကောင်စောင့်ပစ်ပြီးမှသွားကြစို့ဗျာ'

'ကောင်းတယ် ထောင်ပိုင်ကြီးအတွက်လဲ စားဖို့ယူသွားနိုင်သပေါ့'

သို့ဖြင့် ကျွန်တော်တို့သည် စကားမပြောဖြစ်ကြတော့ဘဲ ငြိမ်သက်စွာဖြင့် သစ်စိမ့်ပင်ဘက်ကဲကြည့်နေလိုက်ကြသည်။ အချိန်အတော်ကြာသည့်တိုင် ထူးခြားမှုမည်သို့မျှမရှိချေ။

တစ်တောလုံး တိတ်ဆိတ်သို့နေ၏။ ကျွန်တော်သည် နေရင်းငိုက်မြည်းလာသည်ကြောင့် -

'ကိုလင်း . . ကျွန်တော်ခဏမှိန်းလိုက်ဦးမယ်၊ ခင်ဗျားစောင့်ကြည့်နေချေဗျာ' ဆိုကာ သစ်ပင်စည်ကို ကျောမှီကာ မျက်လုံးကိုပိတ်၊ မှိန်းနေလိုက်သည်။ သို့မှိန်းနေရင်းမှပင် တစ်ခေါက်ငိုက်ကနဲဖြစ်သွား၏။ ထိုစဉ်မှာပင် 'ကွိစ်၊ ကွိစ်၊ ကွိစ်' ရယ်လို့ တောဝက်အော်သံကြောင့် မျက်ဝန်းကိုအားယူဖွင့်လျက် အသံလာရာသစ်စိမ့်ပင်အောက် လှမ်းကြည့်လိုက်ချိန်မှာပင် လင်းမြင့်လှိုင်ထံမှ သေနတ်မောင်းထိန်းခလုတ်တင်လိုက်သံ 'ချောက်' ကနဲကြားလိုက်သည်။ တဆက်တည်းဆိုသလိုပင် သစ်စိမ့်ပင်အောက်တွင်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သော တောဝက်ကြီးကိုလှမ်းပစ်လိုက်သည်။

'ဒိန်း'

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ 'ကွိစ်' ရယ်လို့ တော ဝက်ကြီး၏ စူးစူးရှရှအော်ဟစ်သံကြားလိုက်၏။ တပြိုင်နက်ဆိုသလို တောဝက်ကြီးသည် ကျွန်တော်တို့ရှိရာ ဇင်ချွန်းပင့်ဘက်သို့ တရှူးထိုးပြေး ဝင်လာတော့၏။ မြန်လိုက်သည့်ဖြစ်ခြင်း ကျွန်တော်တို့နှစ်ယောက် ဘာ လုပ်ရမည် စဉ်းစားမရမီမှာပင် 'ဗုံး' 'ဖောက်' ရယ်လို့ ကျွန်တော်တို့ အကာ ကွယ်ယူထားသည့် ဇင်ချွန်းပင်ကြီးကိုဝင်ဆောင့်ကာ ဖင်ထိုင်လဲကျသွား၏။ ရုတ်ချည်းလဲနေရာမှ တောဝက်ကြီးသည် ပြန်ထကာ နောက်ဘက်သို့ ပြန် လှည့်ပြေးထွက်သွားတော့၏။

'ဒိန်း'

ဝေးဝေးသို့လှည့်မပြေးနိုင်ချေ။ ယမ်းအားပေါက်ကွဲသံနှင့်အတူ တပြိုင် နက်ဆိုသလိုပင် မြေပြင်သို့လဲပြိုကျသွားတော့၏။ မြေပြင်တွင် တစောင်းလဲ လျက်လှုပ်ရှားလူးလွန့်နေရင်းကြားမှပင် ငြိမ်သက်သွားတော့သည်။ အင်မတန်ကောင်းလှသည့် ပစ်ချက်ဖြစ်၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်လွန်မင်းစွာအံ့အားသင့်မိကြသည်။ ဘယ်သူပစ်လိုက်တာပါလိမ့်။ ပတ်ဝန်းကျင်တစ်ဝိုက်ဝေ့ကြည့်လိုက်သည်။ မည်သူမျှမတွေ့။ သို့ကြောင့် 'ဇင်ချွန်း' ပင်နောက်ကွယ်မှ နှစ်ယောက်သား ထွက်လိုက်ကြသည်။

သည်တော့မှ ကျွန်တော်တို့ရှိသည့်နေရာနှင့် ဒါးလွယ်ခုတ်လောက်ရှိ ကျွန်းပင်နောက်ကွယ်မှ ထွက်လာသူကိုမြင်လိုက်သည်။

'ဟင်'



သူ့ကို ရုတ်တရက်မြင်လိုက်သည်နှင့် တအံ့တသြဖြစ်သွားပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာငေးနေဆဲမှာပင် -

'ဦးကြီးတို့ ဘာမှမဖြစ်ပါဘူးနော်'

သူ့အသံကြားလိုက်ရသည်တွင် ပို၍အံ့သြရပြန်၏။ ဘယ့်တွက်မူ လွန်ခဲ့သော ဆယ်နှစ်ကျော်က သေဆုံးသွားပြီဖြစ်သော မိတ်ဆွေမလေး 'ကျားနီမ' နှင့်ရုပ်ကော အသံပါတစ်ထပ်တည်းတူနေခြင်းကြောင့်ဖြစ်သည်။

'မင်း . . မင်း'

ကျွန်တော်သည် ထိုသူငယ်မကိုကြည့်ရင်းမေးမည့်စကားပြောမထွက် ဖြစ်နေတော့၏။

'အို . . ဦးကြီးကလဲ ကျွန်မကိုကြည့်ပြီးဘာလို့ ထိတ်လန့်နေတာတုန်း။ ကျွန်မသူပုန်မ လဲမဟုတ်ဘူး၊ လူကောင်းတစ်ယောက်ပါ၊ အမဲပစ်ထွက်ရင်း ဦးကြီးတို့နဲ့လာဆုံရတာပါ'

အံ့သြတကြီးဖြစ်နေသည့် ကျွန်တော်တို့နှစ်ယောက်အနားရောက်လာ ရင်းပြော၏။

"ဟုတ်ပါတယ်၊ သူငယ်မရယ် မင်းလူကောင်းတစ်ယောက်ဆိုတာ သိပါတယ်၊ ငါတို့ အသိမိတ်ဆွေကလေးမလေးနဲ့ ရုပ်ကောအသံပါ တူနေ သွန်းလို့ပါ'

'အော် ဟင်း . . ဟင်း လူတူမရှား၊ အသံတူမရှားပါ ဦးကြီး၊ ဒါနဲ့ အဲဒီမိတ်ဆွေကလေးမလေးဆိုတာ ကျွန်မအရွယ်ပဲလား'

'ဘယ်ဟုတ်ပါမလဲကွယ်၊ ဦးကြီးတို့နဲ့ဆုံတုန်းကတော့ သမီးအရွယ်ပေါ့ ခုရှိမယ်ဆိုရင် သမီးအမေအရွယ်လောက်ဖြစ်နေပြီ'

ကျွန်တော်ကသို့ပြောလိုက်သည်တွင် -

'ဟင် ခုရှိမယ်ဆိုရင် ဆိုတော့၊ သူကမရှိတော့လို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ကွယ့် ဦးတို့နဲ့ပဲ တောထဲမှာဆုံရင်း မြို့ကိုပြန်ကြမယ်၊ အလုပ်မှာ 'ပြောင်' ခတ်လို့သေသွားရှာတယ်လေ၊ သူ့ခမြာ သနားစရာပါ'

'ဘာရယ် ဒီလိုဆိုရင်ဖြင့် သူကလဲသမီးလို 'မုဆိုး' တစ်ယောက်လား'

'သိမ်မှာတ်တာပေါ့၊ ဘာလို့များသူနဲ့ မင်းဘာမဆိုင်ညာမဆိုင် ချွတ်စွပ်တူနေရတာတုန်းမသိပါဘူး'

'အော်ဦးကြီးကလဲ သမီးကပိုလို့တောင် မသိဘူးပေါ့၊ ဒါနဲ့ဦးကြီးတို့အမဲလိုက်သက်သက်ပဲလား'

သူမအမေးကြောင့် လင်းမြင့်လှိုင်က ကျွန်တော်တို့ခရီးစဉ်ကို ပြောပြလိုက်သည်။

'ရေနက်ကြီး ရဲဘက်စခန်းက မိတ်ဆွေထောင်မှူးကြီးစောပြည်တင်ကအလည်ခေါ်လို့ အမဲပစ်ထွက်ရင်းလာခဲ့ကြတာပဲ'

သူမသည်မျက်လုံးလေးဝိုင်းသွားကာ ကျွန်တော်တို့နှစ်ယောက်အားငေးမောကြည့်နေရင်းမှ -

'ဟာ ဟုတ်ပြီ ဦးကြီးတို့နှစ်ယောက်က အပါးမိတ်ဆွေတွေပဲ၊ ဟိုတလောက အပါးပြောသံကြားဘူးတယ်၊ သူ့မိတ်ဆွေ မုဆိုးနှစ်ယောက်ကိုအလည်ခေါ်ထားတယ်တဲ့၊ အဲဒါဦးကြီးတို့ပဲပေါ့၊ ဟုတ်လား'

'ဟန်ကျလိုက်တာကွယ်၊ ဒါဖြင့်လဲ မင့်အပါးဆီကို တူတူသွားကြတာပေါ့၊ ဟုတ်လား'

'အင်း' ရယ်လို့ခေါင်းငြိမ့်ပြရင်း 'ဇင်ချွန်း'ပင်စည်တွင်စိုက်ဝင်နေသည့်တောဝက်စွယ်အကျိုးကို ဓါးမြှောင်ဖြင့် ကော်ထုတ်ယူလိုက်ပြီး ကျွန်တော့်ကိုပေးလာသဖြင့် -

'အို မဟုတ်တာ ဒီဝက်ကို မင်းပစ်တာမင်းရမှာပေါ့'



သည်တွင် သူမသည်အားရဝမ်းသာဖြစ်သွားကာ တောဝက်စွယ်အကျိုးကို သေချာကြည့်ပြီး ဘောင်းဘီအိတ်အတွင်းထိုးထည့်လိုက်၏။ သည့်နောက် -

'ကဲ ဦးကြီးတို့ ကျွန်မနောက်ကလိုက်ခဲ့ကြ အပါးဆီသွားကြမယ်' ဆိုကာ ရှေ့မှဦးဆောင်သွားလေ၏။

သူမနောက်ကျောပြင်ကို ကြည့်ရင်း 'ကျားနီမ' ကိုသတိရလိုက်၏။

(ကျားနီမအကြောင်းကို ၁၉၉၉ ခုနှစ် ဇန်နဝါရီလထုတ် စစ်ပြန်မဂ္ဂဇင်းတွင် 'မုဆိုးမလေးကျားနီ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၁၉၉၉ ခုနှစ် ဩဂုတ်လထုတ်မုဆိုးရဲ့အနာဂတ်တစ္ဆေဝတ္ထုတိုပေါင်းချုပ်တွင် 'ကျားနီမ၏ စွမ်းရည်ပြိုင်ပွဲ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာထုတ်လပြည့်ဝန်းမဂ္ဂဇင်းတွင် 'သေမင်း၏တမန်တော် ကျွန်တော်' ခေါင်းစဉ်ဖြင့် လည်းကောင်းရေးသားပြီးဖြစ်သည်။)

'ခဏနေပါဦးကွယ့်၊ ဒီဝက်ကိုသယ်သွားဦးမှ ထင်တယ်'

လင်းမြင့်လှိုင်က တောဝက်သေအနားရောက်သည်နှင့် သူမကိုလှမ်းပြောလိုက်၏။

'ရတယ်ဦးကြီး စခန်းရောက်မှ လုပ်သားတွေကိုလာသယ်ခိုင်းလိုက်ပါ့မယ်၊ ဒီနေရာနဲ့ စခန်းဘာမှဝေးတာမှမဟုတ်တာ'

သူမပြောသည့်အတိုင်းပင် နာရီဝက်ခန့်သာလျှောက်ခဲ့ကြရ၏။ ရေနက်ကြီးရဲဘက်စခန်းသို့ရောက်ခဲ့ချေပြီ။

'အေး . . . ဖိုးမူလေး ဘယ်လိုကြောင့် အပါးမိတ်ဆွေတွေနဲ့ ဆုံလာရတာလဲ'

ရောက်မဆိုက်ပင် ထောင်မှူးကြီးကအံ့သြတကြီးမေးလာသဖြင့် သူမသည် ကာရင်ဘာသာဖြင့် ရှင်းပြနေတော့၏။ ထောင်မှူးကြီးက ပြုံး၍

www.burmeseclassic.com



နားထောင်နေပြီးလေမှ -

'ဖိုးမှုလေးကမသိလို့ ကြောင်ကကျားကို ဆရာလုပ်သလိုဖြစ်သွားရတာပါ။ ဒီမယ် အပါးမိတ်ဆွေတွေက အင်မတန်တော်တဲ့ မုဆိုးကျော်တွေ ကွယ့် နောင်တော့ကာ ဖိုးမှုလေးသိမှာပါ ဟဲ . . ဟဲ . . ဟဲ'

ထောင်မှူးကြီးစောပြည်တင်၏ခိုးမွမ်းစကားကြောင့် ကျွန်တော်သည် 'ထောင်မှူးကြီးသမီးက သိပ်တော်တယ်ဗျာ၊ ကျွန်တော်တို့က ထောင်မှူးကြီးပြောသလို ကျားဖြစ်ပေမင့် ကျားအိုကြီးတွေဖြစ်နေပါပြီဗျာ' ရယ်လို့ပြောလိုက်သဖြင့် အားလုံးရယ်ရယ်မောမောဖြစ်သွားကြသည်။

'ဒါနဲ့ ထောင်မှူးကြီးသာယာဝတီမှာ တာဝန်ကျခဲ့တုန်းက ကျွန်တော့်မိတ်ဆွေမုဆိုးမလေး ကျားနီမကို မှတ်မိတယ်ဟုတ်၊ ထောင်မှူးကြီးသမီးကဘာလို့များကျားနီမနဲ့ ချွတ်စွပ်တူနေရတာတုန်း'

လင်းမြင့်လှိုင်၏အမေးကြောင့် ထောင်မှူးကြီးသည် အကြီးအကျယ်မျက်နှာပျက်သွား၏။

'ဟင် ထောင်မှူးကြီးဘယ်လိုဖြစ်သွားတာတုန်း'

ကျွန်တော်ကစိုးရိမ်တကြီး မေးလိုက်သည်တွင် -

'အင်း . . . မှတ်မိပါတယ်၊ သူ့ခမျာ သနားစရာလေးပါ၊ ဒါနဲ့ခင်ဗျားတို့နဲ့ပဲ တောထဲတောင်ထဲမှာ သွားလာရင်းသေဆုံးခဲ့ရတာမဟုတ်လား'

'ဟုတ်တယ်လေ၊ သူလေးကို ဘယ်တော့မှမမေ့လို့မရပါဘူးဗျာ သနားစရာလေးပါ၊ ခု ထောင်မှူးကြီးသမီးကိုမြင်လိုက်တော့ ပိုလို့တောင် သတိရတယ်၊ ရင်ထဲမှာလဲ တစ်မျိုးကြီးပဲ သူနဲ့ပြန်ဆုံရသလိုမျိုး ခံစားနေရတယ်'

ကျွန်တော်ကသို့နှယ် လွမ်းလွမ်းဆွေးဆွေးပြောလိုက်၏။ ထောင်မှူးကြီး စောပြည်တင်က -



'ကဲပါလေ ဒါတွေမေ့ထားလိုက်ပါဗျာ ခင်ဗျားတို့ခရီးပမ်းလာတယ်၊ နားကြဦး၊ ညနေစောင်းရင်ထမင်းစားကြမယ်၊ ကဲ ဖိုးမှုလေး ညည်းဦးကြီးတွေကို နားနေဖို့စီစဉ်ပေးလိုက်လေ' ဟုပြောလိုက်ရာ သူမသည် ကျွန်တော်တို့ကို နားနေရန်အတွက် တဲလွတ်တစ်လုံးသို့ခေါ်သွားနေရာချပေး၏။

'ဒါနဲ့ သမီးနာမည်ဘယ်လိုခေါ်သလဲ'

ကျွန်တော်ကမေးလိုက်၏။

'အပါးကတော့ ဟယ်လင်ထွန်း လို့ပေးထားတယ်၊ ဒါပေမယ့် ဒီစခန်းမှာရှိတဲ့ သူတွေအားလုံးက ကျားသစ်မလို့ပဲခေါ်ကြတယ်လေ၊ ဟင်း . . ဟင်း . . ကျွန်မကလဲ ဒီ ကျားသစ်မဆိုတဲ့ နာမည်ကိုပဲ သဘောကျတယ်'

'ဟင်'

အတော်ကလေးထိန်လန့်သွားမိပြန်၏။ ကျားသစ်မဆိုပါကလား ကျွန်တော်တို့မိတ်ဆွေမလေးနာမည်က ကျားနီမ ကြံကြံဖန်ဖန် ထူးဆန်းစွာ တိုက်ဆိုင်လွန်းလှချည်ကလား၊ လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်လိုပင်ဖြစ်ချေ၏။

'ကဲ ဦးကြီးတို့နားကြဦး ပြီးရင်ရေမိုးချိုး နောက်ဘက်မှာ ချောင်းရှိတယ်၊ ကျွန်မအလုပ်သမားတွေကို ဝက်သေသွားထမ်းခိုင်းထားတယ်၊ အဲဒါပြန်ရောက်လာရင် ဖျက်ပြီးချက်ရဦးမယ်' ဆိုကာ ကျွန်တော်တို့အပါးမှ သွက်လက်စွာထွက်သွားတော့သည်။

သူမထွက်သွားပြီးသည်နှင့် ကျွန်တော်တို့သည် တဲဝါးကြမ်းခင်းပေါ်တွင် ခြေပစ်လက်ပစ်လှဲအိပ်ချလိုက်သည်၊ တစ်ဦးကိုတစ်ဦး စကားမပြောဖြစ်ကြချေ။ အတွေးကိုယ်စီဖြင့် စိတ်ငြိမ်နေကြ၏။ ကျွန်တော်သည် သေဆုံးသွားပြီဖြစ်သည့် ကျားနီမအကြောင်းနှင့် ယခုဆုံရသည့် ကျားသစ်မ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုသာ တွေးတောနေမိ၏။ မဆီမဆိုင်သူတို့နှစ်ယောက်ကို ဆတ်စပ်ကြည့်သည်။ ဘယ်သို့မျှပတ်သက်စရာအကြောင်းမရှိသော်လည်း ဘသိ့တွက်ကြောင့် လာတူနေရပါလိမ့်။

သို့တွေးတောရင်းမှပင် မေးကနဲငိုက်မြည်းသွားတော့၏။ ထိုအချိန်မှာပင် -

'ကိုပိုက်လာဗျာ လန်းဆန်းသွားအောင် ရေသွားစိမ်လိုက်ကြစို့' ရယ်လို့ လင်းမြင့်လှိုင်စကားသံကြောင့် မျက်လုံးကျယ်လာတော့၏။

'ကောင်းတယ် ကဲ သွားစို့ဗျာ' ဆိုကာ ကျွန်တော်ကပင် ဦးဆောင်၍ ချောင်းရှိရာသို့ထွက်ခဲ့တော့သည်။

ချောင်းတွင် ရေစိမ်ချိုးပြီးတဲသို့ပြန်ခဲ့ကြကာ အဝတ်အစားလဲပြီးစမှာပင် အကျဉ်းသားတစ်ယောက်က ကျွန်တော်တို့ကိုလာခေါ်၏။

သို့ဖြင့် ထောင်မှူးကြီးကြိုတင်စီမံထားသည့် ထမင်းဝိုင်းသို့ရောက်ခဲ့ရသည်။ ထမင်းမစားမီ အရက်သောက်ကြ၏။ သို့အရက်သောက်နေဆဲမှာပင် ကျားသစ်မက သူချက်ထားသော ဝက်သား ဟင်းပန်းကန်လာချ၏။ 'အရက်နဲ့မြည်းဖို့ အူကြော်လေ၊ ဦးကြီးတို့ထမင်းစားတဲ့အခါ သမီးလက်ရာ ဝက်သားနှပ်လေးကို အားပါးတရစားဖို့ အရက်လျှော့သောက်နော် ဟုတ်လား' ဆိုကာ လှည့်ထွက်သွားတော့၏။

ကျွန်တော်တို့သောက်ပြီးကြသည်နှင့် ညစာထမင်းကိုတစ်ဆက်တည်း စားလိုက်ကြသည်။

တစ်နေကုန်ပင်ပန်း၍လားမသိ၊ ထိုညနှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတော့၏။ မိုးစင်စင်လင်းလေမှ အိပ်ယာမှနိုးလာတော့၏။ အိပ်ယာထမျက်နှာသစ်ပြီးစတွင် ကျားသစ်မရောက်လာပြီး -



'ဦးကြီးတို့နိုးနေပြီလား၊ အပါးကမနက်ခင်းစာစားဖို့အခေါ်ခိုင်းလိုက်တယ်၊ စားသောက်ပြီးရင် အမဲပစ်ထွက်မယ်တဲ့' ရယ်လို့ ရွှင်လန်းစွာလာခေါ်ဟန်ကြောင့် သူမသည်လည်း ကျားနှီမလိုပင် အမဲလိုက်ခြင်းကိစ္စကို လွန်မင်းစွာကြိုက်နှစ်သက်ပုံမြင်ရ၏။

နံနက်ခင်းစာစားသောက်ပြီးသည်နှင့် ခဏတဖြုတ်နားနေကြပြီးနောက် ထိုဆင်စခန်း၏အထက်ဘက်သို့ ဆန်တက်ခဲ့ကြတော့သည်။

ကျွန်တော်၊ ထောင်မှူးကြီးစောပြည်တင်၊ လင်းမြင့်လှိုင်၊ ပြီးတော့ ကျားသစ်မနှင့် လုပ်သားတစ်ယောက်ဖြစ်သည်။

စခန်းနှင့်အတော်လှမ်းလှမ်းနေရာလောက်တွင် မျောက်ညိုကြီးတစ်ကောင်ကို ပွဲဦးထွက်ရလိုက်၏။ လင်းမြင့်လှိုင်ပစ်လိုက်ခြင်းဖြစ်သည်။

'ဟာ ဦးလှိုင်အရမ်းတော်တယ်၊ အပင်ကူးအခုန်မှာ လျှပ်တပြက် ပစ်ချနိုင်တယ်နော်'

သူမက လင်းမြင့်လှိုင်ကိုချီးမွမ်းရင်းအံ့ဩတကြီးကြည့်နေ၏။သည့်နောက်တဖန်တစ်မိုင်ခရီးအပေါက်တွင် ထောင်မှူးကြီးပစ်ခတ်ရရှိသော တောကြက်တစ်ကောင်နှင့် လုပ်သားဖမ်းဆီးရမိသော လိပ်တစ်ကောင်ရလိုက်ကြပြန်သည်။

ထိုစဉ်မှာပင် ရုတ်တရက်မိုးရွာချလာသည်ကြောင့် အမိုးအကာရှိရ ဝါးတဲပေါင်းများရှိမည့် ဘက်ကိုပြေးလွှားသွားလိုက်ကြသည်။

ကံအားလျော်စွာပင် ဝါးတဲဟောင်းတစ်လုံးကို အခန့်သင့်တွေ့လိုက်ရ ခြားလေပြင်းတိုက်ခတ်မှုကြောင့် မိုးပက်သည့်ဒဏ်ကို အားလုံးခံကြရ၏။

မိုးစဲသည်နှင့်ကျွန်တော်တို့သည် ထိုဝါးတဲမှ ထွက်ခဲ့ကြသည်။ အားလုံး မိုးစိုရွှဲနေကြသည်ဖြစ်၍ -

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့စခန်းပြန်ကြရင် ကောင်းမယ် အားလုံးမိုးစိုထားတော့ တာ အဝတ်အစားတွေ အတော်နဲ့ခြောက်မှာမဟုတ်ဘူး၊ အအေးမိ ပြီးဖျားလိမ့်မယ်၊ စခန်းပြန်ပြီး နွေးနွေးထွေးထွေးနေလိုက်ကြရင်ကောင်း မယ်' ဟုထောင်မှူးကြီးကို ကျွန်တော်က ပြောလိုက်သည်တွင် ကျားသစ်မ တနွတ်ခမ်းကိုစူရင်း

'ဟင် ဦးကြီးကလဲ သားကောင်တစ်ကောင်ပစ်ရပြီးမှ ပြန်မယ်' ဟုပြော လာ၏။

'မဟုတ်ဘူးလေ သမီးတစ်ကိုယ်လုံးရွှဲလို့ အအေးမိလိမ့်မယ် နောက်နေ့ မှတစ်ခေါက်ပြန်လာကြတာပေါ့'

ထောင်မှူးကြီး သို့ပြောလိုက်ခြား 'မရဘူး အပါးရာ ဖိုးမူလေးတော့ သားကောင်တစ်ကောင်ပစ်ရပြီးမှပြန်မယ်၊ အပါးတို့ပြန်ချင်ပြန်၊ ဒီနေရာ တွေက ဖိုးမူလေးသွားလာနေကျနေရာတွေပဲ၊ ရှေ့နားမှာဆို မရမ်းမြောင်ပဲ အဲဒီမှာတောဝက်တွေကျက်စားတတ်တယ်' ဟု ကျားသစ်မကပြောလာပြန် သဖြင့် ကျွန်တော်က 'မနေ့ကပဲ မင်းတောဝက်တစ်ကောင်ပစ်ရပြီးပြီပဲ' ရယ်လို့ ပြောလိုက်သည်။

'ဟုတ်တယ်လေ ဒါပေမယ့် ကနေ့ဘာကောင်မှမပစ်ရသေးဘူး၊ ဦးကြီး တို့အပါးတို့ကတော့တစ်ကောင်စီပစ်ရပြီးပဲ၊ ဟိုလုပ်သားတောင်မှ တောင် လိပ်တစ်ကောင်ရှာဖမ်းလာနိုင်သေးတာပဲ ကျွန်မကဘာကောင်မှမရသေး တော့ ကျားသစ်မနာမည်ပျက်ပြီပေါ့၊ ဒါကြောင့် သားကောင်တစ်ကောင်ရ ပြီးမှ ပြန်မယ်၊ ဦးကြီးတို့ပြန်နှင့်ပါ' ရယ်လို့ပြောကာ ရှေ့ဆက်လျှောက် သွားနေလေသည်ကြောင့် ကျွန်တော်တို့သည်လည်း သူ့ဆန္ဒကိုလိုက်လျော သည့်သဘောဖြင့် ခရီးဆက်ခဲ့ကြပြန်သည်။

ကံအားလျော်စွာပင် သူမပြောသည့် မရမ်းမြောင်မရောက်မီ ချေ(ဂျီ)



၀

ဘစ်ကောင်တွေ့သဖြင့် သူမပစ်ခတ်ရလိုက်၏။ သည်တော့မှ -

'ကဲ ကျွန်မလဲတစ်ကောင်ရပြီ ပြန်မယ်' ဟုဆိုကာ လာလမ်းအတိုင်း ခပ်သွက်သွက် ထွက်သွားတော့၏။

သူမလွန်မင်းစွာချမ်းနေပုံရ၏။ သူမ ခန္ဓာကိုယ်လေးကတော့ ကြဲ့ကြဲ့ ရန့်ရှန့်ဖြစ်နေရှာ၏။

ကျွန်တော်တို့ စခန်းပြန်ရောက်သည်နှင့် ကျားသစ်မတစ်ယောက် အဝတ်အစားလဲကာ ကမန်းကတန်းအိပ်ယာထဲဝင်ကွေးနေလေတော့ သည်။ သည်ပုံကြည့်ခြင်းအားဖြင့် သူမအအေးမိဖျားပေရော့မည်။ ထင်သည့်အတိုင်းပင် ထိုညတွင် ကျားသစ်မတစ်ယောက် ကိုယ်တွေ ခြစ်ခြစ်တောက်ပူကာ အဖျားတက်နေတော့၏။ ကိုယ်ခံ့ငှက်ဖျားပိုးကရှိနေ ပြန်တော့ကာ ကယောင်ကတန်းစကားတွေပင်ပြောနေတော့၏။ သူမပြော သာသည့် ကယောင်ကတန်းစကားများတွင် လွန်စွာထူးဆန်းသောလေသံ နှင့်စကားလုံးများကို ကျွန်တော်နှင့်လင်းမြင့်လှိုင် သတိထားမိလိုက်မိ၏။

သူမ၏မျက်ဝန်းတို့သည် ရဲရဲနီနေပြီး၊ စိုက်ကြည့်နေရင်းမှ -

'ဦးကြီးတို့အမဲလိုက်ထွက်တာ ငါ့ကိုမခေါ်ဘူး၊ ငါ့ကိုမေ့ထားကြပြီပေါ့' ဟုပြောလာသဖြင့် ထောင်မှူးကြီးစောပြည်တင်က -

'အော် ဖိုးမူလေးလဲပါတယ်မဟုတ်လား၊ ဂျီ(ချေ)တစ်ကောင်တောင် ပစ်လာသေးတယ်လေ၊ မမှတ်မိဘူးလား' ရယ်လို့နှစ်သိမ့်စကားပြောနေ သဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ခေါင်းကိုလေးပင်စွာခါယမ်းလိုက်ကြသည်။ တောတောင်အတွေ့အကြုံ များအရဘာဆိုတာ ကျွန်တော်သိလိုက်ပေမယ့် ထောင်မှူးကြီးကမသိရှာ ပေ၊ သို့ကြောင့် 'ဦးကြီးကငါ့ကိုမမှတ်မိဘူးလား' ရယ်လို့ကျားသစ်မထံမှ ထွက်လာသည့် စကားအဓိပ္ပါယ်ကိုပင် မရိပ်မိလေသည်ကြောင့် -

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်နှယ့်ဦးကြီးရမှာလဲ အပါးလေ အပါး' ဟုဆိုကာ သူ့သမီးကိုမွေ့ဝိုက်ထားရင်း နှစ်သိမ့်နေ၏။ မဖြစ်ချေပြီ ထိုအသံ၊ ထိုသဏ္ဌာန်သည် လုံးဝကျားသစ်မဖြစ်နိုင်။ တစ်ချိန်က ကျွန်တော်တို့၏ မိတ်ဆွေ ကျားနီမ၏အသံနှင့် သဏ္ဌာန်ဖြစ်နေခြင်းကြောင့် လင်းမြင့်လှိုင်နှင့် တိုးတိုးတိုင်ပင်လိုက်ပြီး အိပ်ရာတဲဆီသို့အပြေးသွားလိုက်ကာ ရသေ့ဓမ္မပါလပေးထားသည့် ကျောက်သွားကိုယူသွေးလိုက်ပြီး နောက်ရေတွင်ဖျော်ကာ အတင်းပါးစပ်တွင်းလောင်းထည့်လိုက်သည်။ သို့တောင်မှ အတင်းရုန်းနေသေး၏၊ သို့ရုန်းကန်ရင်းနှင့်လည်း 'ဦးကြီးမကောင်းဘူး ငါ့ကိုရက်စက်တယ်၊ ငါ့အပေါ် မကောင်းဘူး၊ ငါသမီးနဲ့ပဲနေမယ်' ရယ်လို့ ကျားသစ်မတစ်ယောက်ကယောင်ကတမ်းပြောရင်း ငြိမ်ကျသွားတော့၏။ အတန်ကြာတွင် မောပန်းနွမ်းနယ်သွားကာ အိပ်ပျော်သွားတော့၏။

သူမကယောင်ကတန်းပြောလာသည့် 'ငါ့သမီးနားမှာပဲနေမယ်' စကားကလွန်စွာထူးဆန်းလှ၏။ သို့ဖြစ်သည်ကြောင့် -

'ဒီမယ် ဖထီး သမီးလေး ကယောင်ကတမ်းနဲ့ပြောတဲ့စကားတွေက သိပ်ထူးဆန်းနေတယ်၊ ကျွန်တော်တော့ မသင်္ကာဘူးဗျာ၊ ထောင်မှူးကြီး မှတ်မိသေးလား ကျားနီမလေ၊ လူသတ်မှုနဲ့သာယာဝတီထောင်ကိုရောက်လာတုန်းက ထောင်မှူးကြီးက ထောင်ပိုင်ကြီးနားမှာနေရတဲ့ ထောင်မှူးကလေးမဟုတ်လား၊ ကျွန်တော်တစ်ခုမေးမယ် မှန်မှန်ဖြေဗျာ'

ကျွန်တော့်စကားကို ငြိမ်သက်စွာနားထောင်ရုံမှလွဲ၍ ဘယ်သို့မှ စောဒကတက်စကားပြန်ဆိုမလာ။ သို့ဖြစ်၍ ကျွန်တော်ကပင် ဆက်၍ ပြောလိုက်ပြန်၏။

'ထောင်မှူးကြီးသမီးက ဘာကြောင့် ကျားနီမနဲ့ ချွတ်စွပ်တူရတာတုန်း'

ထောင်မှူးကြီးစောပြည်တင်၏ခန္ဓာကိုယ် ဆတ်ခနဲလှုပ်ခါတုန်လှုပ်သွား၏၊



ပြီး ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်ပြီး -

'ဒီအခြေအနေရောက်လာမှတော့ ပြောရတော့မှာပေါ့၊ မထူးတော့ပါဘူး၊ ခင်ဗျားတို့ယုံမလားတော့မသိဘူး၊ တကယ်တော့ ဖိုးမူလေးဟာ ကျွန်တော့်သမီးရင်းမဟုတ်ဘူးဗျ၊ သူကလေး နီတာရဲ့ ကလေးဘဝကတည်းကမွေးစားခဲ့တာ၊ သမီးအရင်းလေးလိုချစ်ပါတယ်ဗျား ဟုတ်တယ်၊ ဖိုးမူလေးက ခင်ဗျားတို့မိတ်ဆွေမလေး ကျားနီမရဲ့သမီးပဲပေါ့'

'ဗျာ'

ကျွန်တော်နှင့် လင်းမြင့်လှိုင် တုန်လှုပ်ခြောက်ခြားသွားရ၏၊ ဘယ်လိုဖြစ်နိုင်မှာတုန်း၊ သံသယပွားနေစဉ်မှာပင် -

'ခင်ဗျားတို့လဲသိပါတယ်၊ သူဘာကြောင့် လူသတ်သမားဘဝနဲ့ ကျွန်တော်တို့အကျဉ်းထောင်ရောက်လာရသလဲဆိုတာ'

'အင်းသိတယ်လေ၊ သူ့ကိုဗလက်ကာယလုပ်တဲ့ ဝါးခုတ်သမားနှစ်ယောက်ကိုသတ်လို့လေ'

'ဟုတ်တယ်လေ ကျားနီမကံဆိုးတယ်၊ သူသတ်တဲ့နှစ်ယောက်ထဲက တစ်ယောက်ရဲ့သွေးသား သူ့မှာကျန်ခဲ့တယ်၊ သူကလူယုတ်မာရဲ့သွေးသား မလိုချင်ဘူးဆိုပြီး ဖျက်ချဖို့ကြိုးစားတယ်။ သူ့ကိုယ်သူသတ်သေဖို့ ကြိုးစားတယ်၊ ဒါကြောင့် ကျွန်တော်တို့က သူ့ကိုသဘောပေါက်အောင်နားချပြီး ဒီကလေးကို ကျွန်တော်တို့သမီးအရင်းအဖြစ် မွေးစားပါ့မယ်ဆိုပြီး ကတိပေးခဲ့တယ်၊ အဲဒီအချိန်က ကျွန်တော့်ဇနီးသည်ကလဲ ကလေးမရနိုင်တော့ ကလေးရှူးရှူးနေတာနဲ့ အတော်ဖြစ်သွားတော့ ထောင်ပိုင်ကြီးနဲ့တိုင်ပင်ပြီး အဲဒီကလေးကိုမွေးစားခဲ့တာပဲပေါ့'

ထောင်မှူးကြီးစောပြည်တင်ရှင်းပြလေတော့မှ ဇာတ်ရည်လည်သွားရ၏။ သို့ကြောင့်လည်း ကျားသစ်မသည် ကျားနီမနှင့်တစ်ထပ်တည်း တစ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



စံတည်းလာတူနေခြင်းဖြစ်သည်။

သည့်နောက် ကျွန်တော်တို့ သုံးယောက်သည် ကျားသစ်မ၏ရှေ့ရေ တိုမျှော်တွေးကာတိုင်ပင်လိုက်ကြသည်။

လတ်တလောသူမအတွက် လုပ်ပေးရမည်မှာ သူမအနားတွင်တစ်ရစ် ဝဲဝဲရှိနေမည့် ကျားနီမ၏ဝိညာဉ်ကို ခွဲထုတ်ပေးရန်ဖြစ်၏။ ထိုကိစ္စများကို ရသေ့ခေါ်မှပါလ လုပ်ပေးနိုင်လိမ့်မည်။ ပြီးတော့ ကျားသစ်မကို တောတောင် နှင့်အလှမ်းဝေးဝေးတွင် ထားရမည်။ နို့မဟုတ်ပါက သူ့အမေကျားနီမလို တောတောင်ထဲတွင်သာ အချိန်ကုန်သွားနိုင်၏။ မည်သို့မျှ တိုးတက်မှု ရှိလာမည်မဟုတ်ချေ။

နောက်တစ်နေ့နံနက်တွင် ကျားသစ်မကိုပြုံးပြုံးရွှင်ရွှင်တွေ့လိုက်ရ၏။ ညက သူ့ကိုယ်သူလည်း ဘာဖြစ်လို့ဖြစ်မှန်းမသိဟု ပြောလာ၏။

ကျွန်တော်က မြို့ပြန်လျှင် ကျားသစ်မကို ခေါ်သွားမည်ဟု ပြောလိုက် သည်တွင် သူမသည် -

'ဟင် အပါးနဲ့မခွဲနိုင်ပါဘူး' ဆိုလာသဖြင့် ထောင်မှူးကြီးစောပြည်တင် က -

'အို ဖိုးမူလေးကလဲ အပါးလဲပင်စင်တင်ထားတယ်လေ၊ ကျုတော့မယ် ဒါကြောင့် ဖိုးမူလေးလိုက်သွားနှင့်ပါ၊ အပါးလဲပင်စင်ကျတာနဲ့ လိုက်ခဲ့မှာ ပေါ့' ရယ်လို့ပြောလိုက်လေမှ 'တကယ်ပြောတာလား၊ ဖိုးမူလေးလဲ မြို့မှာ ပဲနေချင်တာပါ၊ အမိုးမရှိတော့တဲ့ နောက်ပိုင်းအပါးစိတ်အားငယ်နေမှာစိုး လို့ တောတောင်ထဲမယ် လိုက်နေရတာပါ၊ ဒါဖြင့် ဦးကြီးတို့ပြန်ရင် ဖိုးမူ လေးလိုက်သွားမယ်နော်'

'အင်းပါ'ရယ်လို့ထောင်မှူးကြီးကပြုံး၍ပြောလိုက်သဖြင့်သူမသည် ပီတိကလေးငယ်တစ်ယောက်လိုပျော်မြူးခုန်ပေါက်ပြေးထွက်သွားတော့၏။




သူမကိုကြည့်ပြီး ကျားနီမကိုသတိရမိပြန်၏။ တစ်ချိန်ကတောတောင် ထဲတွင်သာ ဘဝတစ်ခုလုံးမြှုပ်နှံထားသည့် ကျားနီမကို ယခုလိုမြို့သို့ခေါ် လာရန်စီစဉ်ခဲ့ဖူး၏။ သည်တုန်းက တောတောင်ထဲတွင် ကျားနီမကို ငေးငေးငိုင်ငိုင်ဖြင့် တွေ့ခဲ့ရ၏။ တောင်စွယ်လေးတစ်ခုပေါ်တွင် ထိုင်ပြီး မှိုင်းညို့ညို့တောင်တန်းကြီးတွေကို ငေးမောကြည့်နေ၏။ သူမသာလျှင် သိသည့် သူမ၏သမီးလေးကို သတိရ၍ဖြစ်လိမ့်မည်။ သို့ကြောင့်လည်း လူတွေကိုကြောက်ပြီး တောတောင်ထဲတွင်သာ ဘဝကိုရှန်းကန်ပျော်သလို နေသည်။ ကျားနီမတစ်ယောက်ထိုအချိန်က ကျွန်တော်တို့နှင့်ကြုံပြီး မြို့ လိုက်နေရန်ခေါ်သည်ကို လက်ခံခဲ့ခြင်းဖြစ်ပေမည်။ ကံဆိုးချင်တော့ ထို တောထဲမှာပင် ပြောင်ခတ်၍သေဆုံးခဲ့ရ၏။ ထိုသို့ကြမ္မာဆိုးနှင့်ကြုံရခြင်း သည် ကျွန်တော်၏ပရောဂကြောင့်ဟုပြော၍လည်းရ၏။ ကျွန်တော့်ကို ပြေးဖေ့ရန်လာသောပြောင်ထီးကြီးကို သူမကဝင်ရောက်ကာကွယ်ပစ် ခတ်သည်တွင် အခန့်မသင့်ပြောင်ခတ်ခံလိုက်ရခြင်းဖြစ်၏။ ၈

တကယ်တော့ သူမသည် ကျွန်တော်၏အသက်သခင်ကျေးဇူးရှင်ဖြစ် ၏။ တစ်ခါလည်းမဟုတ်၊ နှစ်ကြိမ်တိုင်ဖြစ်ချေတော့၏။ သို့ကြောင့် သူမ၏ တစ်ဦးတည်းသော မျိုးဆက်ဖြစ်သည့် ကျားသစ်မ၏ဘဝကို တိုးတက်မြင့် မားအောင် မွေးစားဖခင်ဖြစ်သည့် ထောင်မှူးကြီးစောပြည်တင်နှင့် အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးရပေလိမ့်မည်။

လပြည့်ဝန်းမဂ္ဂဇင်း၊ မေလ- ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com




# ကံကြမ္မာချားရဟတ်

'ချလွင် . . . ချွင် . . ချလွင် . . ချလွင်'

ခေါင်းလောင်းကြိုးဆွဲသံကြောင့် ကျွန်တော်သည် ဝရံတာသို့ထွက်၍ အောက်သို့ငုံ့ကြည့်လိုက်၏။

'ဦးပိုက် . . တယ်လီဖုန်း'

ကျွန်တော်နေထိုင်ရာ ပဉ္စမထပ်တိုက်ခန်းအပေါ်သို့ ဦးလှမောင်၏ အသံကပြန့်လွင့်တက်လာ၏။ 'လာပြီ' ရယ်လို့ လက်လှမ်းပြကာ အောက်ထပ်သို့ ကပျာကသီ ဆင်းသွားလိုက်သည်။

'ဟလို . . ကိုပိုက်ပါ' နှုတ်ခွန်းဆက်ပြောလိုက်သည်နှင့် တစ်ဘက်မှ 'ကိုလင်းပါ' အသံကြားလိုက်သည်။ လင်းမြင့်လှိုင်ဖြစ်၏။ သို့ကြောင့် ကျွန်တော်ဝမ်းသာသွားမိ၏။ ဘယ့်တွက်မှ ဟယ်လင်ထွန်းနှင့် ဆုံရမည်ဖြစ်၍ပင်။ မနက်ကတည်းက လင်းမြင့်လှိုင်ထံမှ ဖုန်းကိုစောင့်နေခြင်းဖြစ်သည်။ သောကြာနေ့တိုင်းသူ့ထံမှ ဖုန်းလာပြီးလျှင် မြို့ထဲတစ်နေရာတွင် ဆုံတတ်ကြ၏။ အများအားဖြင့် မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်ရှိ

www.burmeseclassic.com



ဝိုင်တူးတီတွင်ဖြစ်၏။ သို့ဆုံရာတွင် ဟယ်လင်ထွန်းပါတတ်၏။ စားကြသောက်ကြပြီးလျှင် ဟယ်လင်ထွန်းနှင့်ပတ်သက်၍လိုအပ်ချက်များ၊ သူမ၏ဘဝရေ့ရေးနှီးနှောတိုင်ပင်ပြီးသကာလ လမ်းခွဲကြ၏။ သို့လမ်းခွဲရာတွင် ဟယ်လင်ထွန်းက ကျွန်တော့်ထံတွင် သူမ၏ကျောင်းပိတ်ရက်ဖြစ်သည့် စနေ၊တနင်္ဂနွေတွင် တစ်ကြိမ်၊ နောက်တစ်ပတ်တွင် လင်းမြင့်လှိုင်အိမ်စသည်ဖြင့် လိုက်ပါနေထိုင်ခြင်းဖြစ်၏။

ဟယ်လင်ထွန်းဆိုသော အသက် နှစ်ဆယ်ပင် မပြည့်တတ်သေးသည့် ကလေးမလေးသည် မိဘအရင်းအချာများမရှိကြတော့သည့်ပြင် မွေးစားဖခင်ကြီးစောပြည်တင်တို့ လင်မယားသည်လည်း ပြီးခဲ့သောနှစ်က မတော်တဆကားမှောက်ကာ ကွယ်လွန်သွားကြပြီဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်နှင့်လင်းမြင့်လှိုင်က သူမကိုတစ်လှည့်စီ ထိန်းထိန်းသိမ်းသိမ်းစောင့်ရှောက်ထားခဲ့ကြခြင်းဖြစ်သည်။ ဟယ်လင်ထွန်းအကြောင်းကို ကျွန်တော်သည် ၂၀၀၁ ခုနှစ်၊ မေလထုတ် လပြည့်ဝန်း မဂ္ဂဇင်းတွင် ကျားသစ်မလေး ဟယ်လင်ထွန်းခေါင်းစဉ်ဖြင့် ရေးခဲ့ပြီးဖြစ်သည်။

သူမသည် ကျွန်တော်နှင့်လင်းမြင့်လှိုင်တို့၏ မိတ်ဆွေမလေး ကျားနီမ၏သမီးဖြစ်သည်။ သူမတို့သားအမိသည် တစ်ဦးကိုတစ်ဦး မမြင်မဆုံခဲ့ဘဲ ရှင်ကွဲကွဲခြင်း၊ သေကွဲကွဲခြင်းအဖြစ်မျိုးနှင့် ကြုံသွားခဲ့ကြရ၏။ ဘယ့်တွက်မူ သူမမွေးကင်းစနီတာရဲ ကလေးဘဝကတည်းက သူမ၏မိခင်သည်လူသတ်မှုဖြင့်ထောင်ကျနေခဲ့ရခြင်းဖြစ်၏။ သူမကို အကျဉ်းထောင်အတွင်း မွေးဖွားခဲ့ခြင်းဖြစ်၏။ သူမ၏ဖခင်ကား အမှုသမားလူရိမ်းကားဖြစ်သည်ကြောင့် သူမ၏မိခင်ကိုယ်တိုင်က သတ်ဖြတ်ခဲ့ခြင်းဖြစ်၏။ သူမကိုလည်း ထောင်မှူးကြီးတို့ထံတွင် မွေးစားရန်အပိုင်ပေးအပ်စွန့်လွှတ်ခဲ့ခြင်းဖြစ်သည်။



**သူမ၏မိခင်က သို့မိုက်မဲသောစိတ်ဓါတ်မျိုးရှိသူလားဆိုတော့ မဟုတ်ပါချေ။ သူမ၏ဖခင်ဖြစ်သူကအဖော်တစ်ဦးနှင့်အတူ မိခင်ဖြစ်သူကို ဗလက်ကာယပြုခဲ့ခြင်းကြောင့် နာကျည်းဒေါသဖြင့် မိခင်ဖြစ်သူက နှစ်ယောက်စလုံးကို သတ်ပစ်ခဲ့ခြင်းဖြစ်သည်။ သူမ၏အဖြစ်ပိုလို့ဆိုးသည်ကား ထိုလူရမ်းကားနှစ်ယောက်မှ မည်သူက သူမ၏ဖခင်ဖြစ်မှန်းမသိလိုက်ရခြင်းဖြစ်သည်။**

သူမ (ဟယ်လင်ထွန်း)သည် မွေးစားဖခင် ထောင်မှူးကြီးတာဝန်ကျရာအရပ်ဒေသသို့ လိုက်ပါနေထိုင်ခဲ့ရ၏။ ဘယ့်တွက်မူ ရဲဘက်စခန်းပေါ်ပေါက်လာသည့်အခါ ထောင်မှူးကြီးသည် ရဲဘက်စခန်း၌သာ တာဝန်အကျများသောကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ကျောင်းပညာကိုတစ်ပိုင်းတစ်စသာလျှင်သင်ခဲ့ရပြီး၊ တောတောင်အတွင်းသာလိုက်ပါနေထိုင်ခဲ့ရသဖြင့် စိတ်ကြမ်းလူကြမ်းဖြစ်ခဲ့ရ၏။

ကျွန်တော်တို့နှင့် ပြန်လည်ဆုံကြသည်တွင် သူမရှေ့ရေးမျှော်တွေးကာ ထောင်မှူးကြီးစောပြည်တင်ကို အကြံဉာဏ်ပေးခဲ့သည်ကြောင့် အသက်အရွယ်လည်းရလာပြီဖြစ်သည့် စောပြည်တင်က ပင်စင်တင်ကာ မြို့ပြသို့ပြောင်း၍နေထိုင်ခဲ့ရာမှ တစ်နှစ်ခန့်အကြာတွင် ကံဆိုးမိုးမှောင်ကျတာကားမှောက်မှုဖြစ်၍ဆုံးပါးသွားကြသည်။ သို့ဖြစ်၍ ကျွန်တော်နှင့်လင်းမြင့်လှိုင်က သူမအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်တာဝန်ယူခဲ့ကြခြင်းဖြစ်သည်။

သူမကို အမျိုးသမီးဘော်ဒါဆောင်တွင်ထားကာ ကျောင်းတတ်စေ၏။ ပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေနေ့ဆိုပါလျှင် ကျွန်တော့်အိမ်တွင်လည်းကောင်း၊ လင်းမြင့်လှိုင်အိမ်တွင် လည်းကောင်း တစ်လှည့်စီလိုက်ပါနေစေ၏။

www.burmeseclassic.com

www.burmeseclassic.com



**သို့စိတ်စဉ်မှုကြောင့်** သောကြာနေ့ညနေဆိုလျှင် လင်းမြင့်လှိုင်က **သူ့တွင်ကိုယ်ပိုင်ကားရှိသည်ဖြစ်၍** သူမကို ဘောဒါဆောင်တွင် **သွားခေါ်ကာ ကျွန်တော့်အား** လှမ်းဆက်သွယ်၍ ဆိုခဲ့သလို ဆိုင်တစ်ဆိုင်တွင် **ဆုံကြ၏။ စားသောက်ကြပြီး** ကျွန်တော့်အိမ်နေအလှည့်ဆိုလျှင် ကျွန်တော်နှင့်ပြန်ထည့်လိုက်ပြီး၊ လင်းမြင့်လှိုင်အိမ်နေအလှည့်ဆိုပါလျှင် လင်းမြင့်လှိုင်ကခေါ်သွား၏။ သို့နှယ် ဖြစ်ချေတော့၏။

မိန်းမရှိပြီး ကလေးမရှိသော လင်းမြင့်လှိုင်က သားသမီးရင်းကဲ့သို့ ချစ်ခင်တွယ်တာနေရသည်ကြောင့် အပိုင်မွေးစားရန် အဆိုပြုလာလေ၏။ သည်တွင် သူမက သူတစ်ပါးကို ဒုက္ခမပေးလို၊ သူမဘဝကို ယခုလို ထိမ်းကျောင်းပေးနေလျှင်ဖြင့် ရချေပြီ၊ သူမဘဝကို သူမဘာသာကြိုးစားရုန်းကန်လိုသည်ဟု အဆိုပြုလာ၏။ ထိုသည်စိတ်ဓါတ်ကား အမေတူချေ၏။ သူမအားမာန်ကို ကျွန်တော်တို့ မဟန့်တားလိုပါ။ သို့ဖြစ်၍ ကျွန်တော်နှင့် လင်းမြင့်လှိုင်က သူမကို ထိမ်းကျောင်းပေးနေရုံသာဖြစ်တော့၏။

ကျွန်တော်၏ ဇနီးနှင့်သမီးဖြစ်သူကလည်း ဟယ်လင်ထွန်းအပေါ် ကရုဏာမေတ္တာများပိုခဲ့ကြပြန်၏။ သမီးအရင်း၊ ညီမအရင်းနှယ် ဆက်ဆံခဲ့သည်ဖြစ်၍ ဟယ်လင်ထွန်းသည်လည်း သည်လောက်ဖြင့်ပင် သူမဘဝ ပြည့်စုံလုံလောက်ချေပြီဟု အားရဝမ်းသာပြန်ပြောပြရှာဖူး၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်မိသားစု၏ မေတ္တာကရုဏာ သံယောဇဉ်များရရှိခဲ့လေခြင်းကြောင့် သူမဘဝလေးသည် အားရဖွယ် လန်းဆန်းနေပေတော့၏။

'ဖေ့ ညီမလေးကို စောစောပြန်ခေါ်ခဲ့နော်၊ သူငယ်ချင်းနှစ်ယောက် အားပါးတရသောက်စားပြီး အချိန်ဖြုန်းမနေနဲ့၊ ညီမလေးကိုလဲ ပြော



အစားတွေလျှော့စား၊ အိမ်[illegible]ကျက်တတ်တဲ့ တာလဘောဟင်းချက်ထားတယ်လို့လဲ မှတ်မှတ်[illegible]လဲ မမေ့နဲ့ဦးနော်'

ကျွန်တော်သည် လင်း[illegible]ချိန်းထားရာသို့ ထွက်ခဲ့စဉ် သမီးဖြစ်သူက သို့မှာသလို 'မောင် ကျွ[illegible]အမိက ကလေးမလေးလာမှ တူတူထမင်းစားကြမှာမို့ သူငယ်ချင်[illegible]တွေသိပ်ပစ်ပြီး ညဉ့်နက်တိုင်အောင် သောက်မနေကြနဲ့ဦး' ရယ်လို့ မှာ[illegible]နေပြန်သည်ဖြစ်၍ 'အေးပါကွာ အေးပါ' ဆိုရင်း ကမန်းကတန်း[illegible]တက်ထွက်လာခဲ့သည်။

'ဘယ်လိုလဲ ကိုပိုက်[illegible]တို့မိသားစုရဲ့ ချစ်ဗူးလေး ကနေ့ပြန်လာမှာမို့ မိသားစုတွေပျော်[illegible]ပေါ့'

'ဒါပေါ့ဗျာ ကျောင်းပိ[illegible]မှ ဆုံကြတာမို့ ဝမ်းမသာဘယ်ရှိနိုင်ပါမတုန်း၊ ခင်ဗျားကတော့[illegible]ကြီးဆိုတော့ ဒီသားသမီးသံယောဇဉ်ဆိုတာ ဘာသိမှာလဲဗျာ ဟ[illegible]

သို့နှယ် ဦးလှမောင်အ[illegible]ပြီးကားဂိတ်သို့ထွက်လာကာ ၃၀ လိုင်းကား ပေါ်သို့ ပြေးတက်[illegible]

လင်းမြင့်လှိုင်ချိန်းထား[illegible]တူးတီသို့ မိနစ်နှစ်ဆယ်အတွင်း ရောက် သွားချေတော့၏။

ဝိုင်တူးတီဆိုင်တွင်းဝင်လိုက်သည်နှင့် အမြဲဆုံနေကျ အပေါ်ထပ်သို့ တက်သွားရန်အလုပ်တွင် 'ကိုပိုက် မိတ်ဆွေတော့ စောစောစီးစီးဒေါင်းနေပြီဗျို့'

ဆိုင်ပိုင်ရှင်ကိုကျော်စကားကြောင့် ကျွန်တော်အံ့ဩသွား၏။ ဆုံနေကျတွင် လင်းမြင့်လှိုင်က ကျွန်တော်ရောက်မှတူတူ စသောက်ခြင်းဖြစ်၏။ ကျွန်တော်စောနေလျှင်လည်း သူ့အလာကိုစောင့်ပြီးမှ စသောက်လေ့ရှိ၏။ ယခုမူဘယ်သို့ဖြစ်ပါလိမ့်။ ကျွန်တော်အပေါ်ထပ်အခန်း[illegible]ကို တွန်းဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်ပြီး ဆုံနေကျစားပွဲကို လှမ်း[illegible]ကြည့်လိုက်၏။ လင်းမြင့်လှိုင်တစ်ယောက် ရီဝေသောမျက်နှာဖြင့် [illegible]ကို ငေးငိုင်ကြည့်နေ၏။ ကျွန်တော်သူ့စားပွဲနားသွားကာ ခုံလွတ်[illegible]တွင် ထိုင်လိုက်ရင်း 'ဘယ့်နှယ်ကျွန်တော့်ကို မစောင့်တာတုန်း၊ ဒါ[illegible]လင်ကော မတွေ့ပါကလား Toilet ဝင်နေသလား' မေးလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကိုယမ်းလျက် 'ဟယ်လင် မပါဘူး'

'ဘာလို့လဲ ခင်ဗျားသွားခေါ်တယ်[illegible]'

ခေါင်းညိတ်ပြသဖြင့် -

'ဒီဖြင့် သူဘာလို့လိုက်မလာသလဲ'

ကျွန်တော့်အမေးကို သူနှုတ်မှမ[illegible]စာရွက်တစ်ရွက်လှမ်းပေး၏။ ကပျာကသီယူ၍ဖတ်လိုက်သည်။

**ဦးလင်းနဲ့ဦးပိုက် /**

**သမီးနှုတ်ဆက်ခဲ့ပါတယ်၊ [illegible] သွန်သင်ဆုံးမကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေ [illegible]ဘူး၊ အခွင့်အခါကြုံလျှင်ဖြင့် ပြန်ဆပ်နိုင်ရန်ကြိုးစားပါမည်[illegible]၊ ကိုယ်ရေးကိုယ်တာကိစ္စတစ်ရပ်ကြောင့် ဦးကြီးတို့ စီစဉ်ထားတဲ့နေရာမှာ ဆက်လက်နေ၍ မရနိုင်တော့ပါသဖြင့် [illegible]ဝေးတစ်နေရာသို့ ထွက်သွားပါသည်။ ဒေါ်လေးနှစ်ယောက်နဲ့ မဇင်မာကိုလဲ သမီးအမြဲသတိရနေမှာပါလို့ ဆက်ဆက်ပြောပေးစေချင်ပါတယ်။ သမီးကိုလဲလိုက်မရှာကြပါနဲ့တော့ သမီးမိုက်ပြစ်နဲ့သမီးပါ။**

ရှိသေလေးစားစွာဖြင့်
ဟယ်လင်ထွန်း
(ကျားသစ်မ)



'ဒါ . . ဒါ ဘာသဘောလဲ ဘာတွေလဲဗျာ'

ကျွန်တော်က ဟယ်လင်ထွန်းရေးစာကိုဖတ်ပြီးသည်နှင့် လင်းမြင့်လှိုင်မျက်နှာရှေ့စားပွဲပေါ်သို့ ပစ်ချကာ မေးလိုက်သည်။

လင်းမြင့်လှိုင်က သူ့ဖန်ခွက်တွင်းအရက်နှစ်ပက်ခန့် ငှဲ့ထည့်ပြီးလျှင် ကျွန်တော့်အတွက်တစ်ခွက်ငှဲ့လိုက်ပြန်ပြီး။

'ကဲ ရော့ သောက်လိုက်ဦး အကြောင်းစုံပြောပြမယ်'ဆိုကာ သူ့ခွက်ကို ရေမရောတော့ဘဲ တစ်ကျိုက်ထဲ မော့သောက်လိုက်သည်။

'ဝှပ်'

ကျွန်တော်လည်း သူ့နှယ်ပင်ရေမရောစပ်လေတော့ဘဲ တစ်ကျိုက်တည်းမော့ချလိုက်ရင်း -

'ကဲ ပြောပြစမ်းပါဗျာ၊ ဘာတွေဘယ်လိုဖြစ်တာတုန်း'

'ဒီစာကို သူ့အဆောင်က အခန်းဖော်ကောင်မလေးကပေးတာ ကျူရှင်ကျောင်းမှာ သူ့ငွေးသားတစ်ယောက်က သူ့ကိုနေ့တိုင်း ကျောင်းဆင်းမှာ ချစ်ရကားကြိုက်စကားလိုက်ပြောတယ်တဲ့၊ သူက အဲဒီကောင်လေးကို လုံးဝမကြိုက်ဘူး၊ ကောင်လေးကအမြဲ မူးရူးနေတဲ့ကောင်လေး၊ မိဘအရှိန်အဝါနဲ့မို့ ပတ်ဝန်းကျင်က ဟယ်လင်ထွန်းဘက်က နာကြပေမင့် မပြောဝံ့လို့ လက်ပိုက်ကြည့်နေရသတဲ့၊ မနေ့ကတော့ ကောင်လေးက ကိုယ်ထိလက်ရောက်စော်ကားလာလေတော့ ဟယ်လင်ကသူ့အဆောင်ထားနဲ့တွက်ပြီး အဆောင်ကိုပြန်ပြေးလာသတဲ့၊ သေလားရှင်လားမသိဘူးတဲ့၊ ဒါကြောင့် ဦးကြီးတို့အတွက် စာတစ်စောင်ရေးပြီး 'ငါ့ဦးကြီး မနက်ဖြန်လာရင် ဒီစာလေးပေးဖြစ်အောင် ပေးပေးစမ်းပါ၊ ဘယ်သူ့မှမသိပါစေနဲ့' ဆိုပြီး အကျီအဝတ်အစားတွေတောင်မယူဘဲ အဆောင်ကနေထွက်သွားလေသတဲ့ဗျာ . . .'

www.burmeseclassic.com



သူ့စကားကြောင့် ကျွန်တော်ခေါင်းနပမ်းကြီးသွားပါ၏။

'ဒုက္ခပါပဲဗျာ၊ အဲဒီကိစ္စနဲ့ပတ်သက်လို့ ကိုလင်းက ဘာမှဆက်မစုံစမ်းဘဲပြန်လာခဲ့တာလား'

'ဘယ်ဟုတ်ရပ့်မလဲဗျာ၊ သူ့မားနဲ့တွက်လိုက်တယ်ဆိုတဲ့ ကောင်လေးကိစ္စကို သူ့သူငယ်ချင်းမလေးအကူအညီနဲ့ လိုက်စုံစမ်းတာပေါ့'

'အဲဒီတော့' ကျွန်တော်က သူစကားကို ဖြတ်မေးလိုက်၏။

'ကောင်လေးက ဘာမှမဖြစ်ပါဘူး၊ ရင်အုံအသားလွှာတင် ရှပ်ထိသွားတာပါ၊ မူးနေတဲ့အရှိန်ကြောင့် လဲကျမေ့သွားတာကိုဟယ်လင်ထွန်းက သူ့မားနဲ့ထိုးလို့ သေသွားပြီမှတ်ပြီး ကြောက်လန့်တကြားထွက်ပြေးသွားတာ ဒီကိစ္စနဲ့ပတ်သက်လို့ ကောင်လေးမိဘတွေဆီလဲ ရောက်ခဲ့ပြီးပြီ သူတို့က တောင်ပြန်တောင်းပန်ကြသေးတယ်။ ဟုတ်လေ သူ့သားလူရမ်းကားကြောင့် သူတို့နာမည်ပျက်မှာကြောက်ကြသပေါ့။ သူတို့ကအမှုမလုပ်ရဲတဲ့အပြင် ကျွန်တော်တို့ဘက်က အမှုပြန်လုပ်မှာကြောက်နေကြတာဗျ'

'အေးဗျာ ဟယ်လင်ကလဲ ကျွန်တော်တို့ကိုတောင် အားကိုးတကြီး တိုင်ပင်လိုစိတ်မထားဘဲ သူ့သဘောနဲ့သူ ဆုံးဖြတ်သွားတယ်'

'အဲလိုလဲ မဟုတ်ဘူးဗျ၊ သူ့အခန်းဖော်ကလဲသူ့ကို ညည်းဦးကြီးတွေနဲ့ တိုင်ပင်ပါဦးလား' ပြောတော့ -

'ငါ့ ကျေးဇူးရှင်တွေ ငါ့အတွက် ဂုဏ်သိက္ခာကျမှာစိုးတယ်ဟာ ဒါကြောင့် ငါဒီကနေရှောင်ပြေးသွားတာပဲ ကောင်းတယ်ဆိုပြီး ထွက်သွားတာတဲ့'

'တောက် မိုက်လိုက်တာ ဟယ်လင်ရယ်၊ အဲဒါတွေထားဗျာ၊ ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ'

'ကျွန်တော်လဲ အဲဒါသိချင်လို့ပေါ့ဗျ'



'ဒါဖြင့် ဒီလိုလုပ် သူ့ကိုလိုက်ရှာကြပြီး ပြန်ခေါ်လာမယ်၊ သူ့ဘဝလေးက အတော်ကလေး အဆင်ပြေနေပြီပဲဗျာ'

လင်းမြင့်လှိုင်က ကျွန်တော့်ကိုကြည့်ပြီး 'ဟုတ်ပြီ ဘယ်ကိုလိုက်ရှာကြမှာတုန်း' ဟုမေးလာ၏။

'သူကော ဘယ်တွေသွားတတ်လို့လဲဗျာ၊ သူ့အရပ်ဒေသကလွဲလို့ သူ ဘယ်မှမသွားနိုင်ပါဘူး'

'ဟုတ်ပြီ သိပြီ၊ နက်ဖြန်မနက်စောစော သွားကြစို့ဗျာ ကျွန်တော် လာခေါ်မယ် ဟုတ်လား'

**သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင် ဝိုင်တူးတီမှ လမ်းခွဲခဲ့ကြသည်။**

**ဟယ်လင်ထွန်းအား ထမင်းစားစောင့်နေကြသော သားအမိနှစ်**ယောက်သည် ကျွန်တော်သယ်ဆောင်လာသည့် သတင်းဆိုးကြောင့် စိတ်မကောင်းကြီးစွာဖြစ်သွားကြ၏။

'ညီမလေးသနားပါတယ်၊ တစ်ယောက်ထဲဘယ်တွေ လျှောက်သွားနေလဲမသိဘူးနော် ဖေကြီး သူ့မယ်ဝိုက်ဆံကောပါရဲ့လား'

'ဟုတ်ပါရဲ့ရှင် ကလေးမလေးက ကံကိုမကောင်းပါဘူး၊ သူ့အမေလိုပဲ ကံဆိုးမဖြစ်သွားမှာကို စိုးတယ်၊ မဖြစ်သင့်တာတွေမဖြစ်ရအောင် ရှင်တို့ မြန်မြန်လိုက်ရှာကြပါရှင်'

'အေးပါကွာ သူ ပဲခူးရိုးမတောထဲပဲ ပြန်သွားမှာသေချာပါတယ်'

နောက်တစ်နေ့ နံနက်တွင် လင်းမြင့်လှိုင်တစ်ယောက် အစောကြီး ရောက်ချလာ၏။

အသုံးမပြုသည်မှာ အတော်ကြာခဲ့ပြီဖြစ်သော ကျွန်တော်၏ မြိုင့် ၇၅ မဂ္ဂနမ်ရိုင်ဖယ်ကို တယုတယကိုင်တွယ်ကြည့်ပြီးနောက် လင်းမြင့်လှိုင် ၏ကားနောက်ခန်းတွင်းသို့ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမဲပစ်ရင်း ရိုးမတောအနှံ့ ဟယ်လင်ထွန်းကိုမတွေ့မနေလိုက်ရှာကြပေမည်။

သည်သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ပဲခူးရိုးမတောသို့ ရောက်ခဲ့ကြရပြန်၏။ ကျွန်တော်တို့ တောတွင်းရောက်နေချိန်မှာပင်။

ပေါင်းလင်းကြိုးဝိုင်းတစ်နေရာရှိ ပုဂ္ဂလိကသစ်ထုတ်စခန်းသို့ ညနေခင်းအချိန်တွင် မာဇဒါဂျစ်တစ်စီး အရှိန်ပြင်းမောင်းနှင်ဝင်ရောက်လာ၏။

ထိုစခန်းတွင်းရှိ မန်နေဂျာကြီး ဦးလွှမ်းအောင်တစ်ယောက် သူထိုင်နေသည့် စားပွဲမှရေးကြီးသုတ်ပြာထလိုက်ကာ -

'မောင်သိန်းအောင်ပြန်လာပြီထင်တယ်၊ ဒီကောင်လေး အတော်ဆိုးတယ်၊ ဒဏ်ရာက ကောင်းကောင်းမကျက်သေးဘူး၊ လမ်းသလား၊ မူးယစ်သောက်စားနေတော့တာပဲ၊ တောတောင်ထဲကို ဘာများမှတ်လဲမသိဘူး သူ ဒုက္ခတွေ့မှာမြင်ယောင်သေးတယ်' ရယ်လို့ ညည်းတွားကာ သူ့လက်အောက်စက်တာဝန်ခံကိုကျော်သောင်းကို ပြောလိုက်။ သူ့စကားဆုံးသည်နှင့် အခန်းတွင်းသို့ သစ်စက်လုပ်သားနှစ်ယောက် ကပျာကသီဖြင့် ဝင်လာပြီးလျှင်

'ဆရာလေးသိန်းအောင် ပြန်လာပါပြီ' ဟု တုန်ယင်စွာဖြင့်ပြောလာကြ၏။

'ဒါဖြင့် ငါ့ဆီလွှတ်လိုက်'

သစ်စက်လုပ်သားနှစ်ယောက်က သူ့ကိုငေးကြည့်ရင်း စွံ့အနေကြသဖြင့် . .

'ငါပြောတာမကြားဘူးလား၊ ငါ့ဆီလွှတ်လိုက် သွား'

သည်တွင် သစ်စက်လုပ်သားကြီးတစ်ဦးက ခေါင်းကိုခါယမ်းပြပြီး

'ဆရာကြီးပဲ သူ့ကိုလိုက်တွေ့မှရတော့မယ်၊ ဘာလို့လဲဆိုတော့ . . .'



သူ့စကားမဆုံးမီ ဦးလွှမ်းအောင်က 'ဘာလဲ လူမှန်းသူမှန်းမသိအောင် မူးနေပြန်ပြီလား'

နှစ်ယောက်စလုံး ခေါင်းခါယမ်းပြလိုက်ရင်း -

'မမူးဘူး ခု ကျွန်တော်တို့က ဆရာကြီးကို သူ့အလောင်းလိုက်ကြည့်ခိုင်းတာပါ'

'ဘာကွ'

ဦးလွှမ်းအောင်တစ်ယောက် မျက်လုံးမျက်ဆံပြူးကာ ထိတ်လန့်သွား၏။

'ပြောပါဦး ဘာဖြစ်တာလဲ အံဖတ်စိုသေတာလား၊ ဘယ်လိုကြောင့်သေသွားတာတုန်း လာပါကွာ . . .' ဆိုကာ သူကဦးဆောင်၍ အခန်းတွင်းမှထွက်သွားတော့၏။

'ဟာ'

'ဘယ်လိုဖြစ်ရတာလဲကွာ'

ဘယ်ဘက်ရင်အုံတွင် အတော်နက်နက်စူးဝင်နေဟန်ရှိသည့် မြှားကိုင်းတစ်ချောင်းကို တွေ့လိုက်ရ၏။ ပွဲချင်းပြီးပါပဲကလား။

'မင်းတို့သိတာပြော'

ညနေခင်းက သူ့အားလိုက်ရှာကြသည့် လုပ်သားတစ်စုက ခေါင်းခါပြကြ၏။ ဦးဆောင်သူဖြစ်ဟန်တူသော လူကြီးတစ်ယောက်က

'ဒီစခန်းအထက် ရှစ်မိုင်လောက်မှာ မြှားတန်းလန်းရင်ဝစိုက်ပြီး ပက်သက်လန်လဲကျသေဆုံးနေတာပဲတွေ့တယ်'

'ဖြစ်မှဖြစ်ရလေကွာ မင်းအမေငါ့အဘိုးတော်က သူ့သားလေးကို တစ်လကိုးသီတင်းခေါ်ထားပေးပါဆိုပြီး လာအပ်သွားတာ မင်းကိုသေဖို့ သာပို့သွားသလိုပါပဲကလား' ရယ်လို့ ပြောဆိုငိုကြွေးနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုသတ်တဲ့သူ ဘယ်သူလဲကွာ ငါတို့ကိုပြောစမ်းပါ၊ ငါတာဝန်ကျေအောင် ပြန်ကလဲ့စားချေပေးမယ်၊ မင်းကိုသတ်တဲ့သူ မင်းပဲသိမှာပါကွာ' ငိုရင်းပြောရင်း မောင်သိန်းအောင်၏ အလောင်းကို လှုပ်ခါနေတော့သည်။

ထိုသစ်စခန်းသည် ထိုနေ့ညနေကစပြီး သုသာန်တစပြင်နှယ် ခြောက်သွေ့သွားတော့၏။ ဘယ့်တွက်မူ မောင်သိန်းအောင်၏ အလောင်းကို သက်ဆိုင်ရာရဲစခန်းနှင့် လှည်းကူးတိုက်နယ်ဆေးရုံရင်ခွဲတိုက်သို့ပို့ရန် လူအတော်တော်များများခေါ်ယူ၍ ချက်ချင်းပင်သွားပို့ကြခြင်းကြောင့်ဖြစ်ပေ၏။ သို့ဖြစ်၍ စခန်းတွင်လူနည်းသွား၏။ သေမှုသေခင်းကိစ္စကြောင့်လည်း ကြောက်လန့်နေကြ၏။ ကိုယ့်တဲအိမ်စုလေးမှနေ၍ ဟိုသည်ကူးလူးသွားလာသူပင်မရှိတော့ချေ။

စခန်းမှထိုလူတစ်စုထွက်သွားပြီး အချိန်အတော်ကြာလေးတွင် မန်နေဂျာကြီးဦးလွှမ်းအောင်၏ အခန်းတွင်းသို့ခိုးကြောင်ခိုးဝှက်ဖြင့် လူတစ်ယောက်ချဉ်းကပ်ဝင်ရောက်လာ၏။ စခန်းရှိလူများမည်သူမျှ မမြင်မတွေ့ကြချေ။

ထိုလူသည် NIKE တံဆိပ်တပ် လျှာဦးထုပ်ကို နောက်ပြန်ဆောင်းထား၏။ မန်နေဂျာကြီးအခန်းတွင်း ဟိုဒီလှန်လှောရှာဖွေနေ၏။ အိပ်ယာခေါင်းရင်းရှိ စားပွဲပေါ်မှ မန်နေဂျာကြီး၏ဓါတ်ပုံကို ကြည့်ပြီး ပြုံးလိုက်၏။ ပြီးနောက် ခေါင်းလေးကိုငဲ့ကာ ဆတ်ကနဲခေါင်းညိတ်လိုက်ပြီးလျှင် 'ဒါဦးလွှမ်းအခန်းပဲဆိုကာ အားရပျော်ရွှင်စွာဖြင့် မန်နေဂျာကြီး၏ ကုတင်ပေါ်တွင် စိတ်ချလက်ချပစ်လှဲအိပ်လိုက်တော့၏။ သူတော်တော်နှင့် အိပ်မပျော်ချေ။



နေ့လည်ခင်းက သူကြုံတွေ့ခဲ့ရသည်များကို မျက်စိတွင်မြင်ယောင်နေတော့၏။

သူကား အခြားမဟုတ် ဟယ်လင်ထွန်းပင်ဖြစ်ခဲ့တော့၏။ သူမသည် အဆောင်မှ ရုတ်ချည်းပြေးထွက်လာသော်ငြား ဘယ်ကိုသွား၍ ဘယ်သူ့ဆီ အကူအညီတောင်းရမည်မသိ။ လှည်းကူးကားဂိတ်ရောက်သည့်တိုင် စဉ်းစားမရသည်ကြောင့် လတ်တလောပြဿနာအတွက် လွတ်လပ်စွာ ရှောင်ပုန်းနိုင်ရန် ပထမလုပ်ရသည်မှာ သူမရုပ်ဖျက်ဖို့။ သို့ကြောင့် အလှပြင်ဆိုင်တွင်ဝင်ကာ သူမ၏ဆံပင်ရှည်ကြီးကို ဖြတ်လိုက်၏။ သရီးစတက် သုပ်လိုက်သည်။ ဆံပင်ညှပ်ရင်း စဉ်းစားမိသည်မှာ တချိန်ကသူ့အဖေလက်အောက်တွင်လုပ်နေသည့် သစ်စက်မန်နေဂျာကြီးကို သွားသတိရမိလိုက်၏။ သူ့အဖေကို လွန်မင်းစွာကြည်ညိုလေးစားသလို သူမကိုလည်း သမီးလေးနှယ် ချစ်ရှာသော တစ်ကိုယ်တည်းလူပျိုကြီးအား အကျိုးအကြောင်းပြောပြကာ အကူအညီတောင်းမည်။ သို့အကြံဖြင့် သူ ပေါင်းလင်းကြိုးဝိုင်းသို့ နေ့မဆိုင်းထွက်ခဲ့တော့သည်။ လမ်းခရီးတွင် မိန်းမသားတစ်ယောက်တည်း အန္တရာယ်အချိန်မရွေးကျရောက်နိုင်သည်ဖြစ်၍ ခေါင်းကြီးတွင်ရှိအဖေ့ထံအမြဲလာနေကျဖြစ်သူ သူမနှင့်လည်း အမြဲတွဲဘက် အမဲလိုက်နေကျမုဆိုးတစ်ယောက်ထံဝင်၍ ဒူးလေးတစ်လက်ကို ငှားရမ်းခဲ့သည်။

သူမသည် သစ်ခုတ်ရေးစခန်းသို့သာလျှင် ဦးတည်လာခဲ့တော့၏။ သို့လာခဲ့ရင်းမှ သူမသည် လွန်မင်းစွာရင်ထိတ်ဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကို ရုတ်တရက်မြင်လိုက်ရသည် မပြဝံ့နိုင်တာရယ်လို့ ပြော၍မဖြစ်ပါချေ။ ထိုမြင်ကွင်းကား ဝိုးတဝါးမဟုတ်၊ အိပ်မက်မဟုတ်၊ ပြတ်ပြတ်သားသား ထင်ထင်ရှားရှားဖြစ်သည်။ မယုံနိုင်စရာပင်ဖြစ်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတွေးလန့်နေတာလေလားဆိုတော့လည်း မဟုတ်။

သရဲချောက်ခံနေရတာလား၊ သူမှသူ၊ လက်တွင်းသေနတ်ကိုကိုင်၍ သူမထံသို့လျှောက်လာ၏။ သူမကို ရုတ်တရက်မြင်လိုက်သည်တွင် သူသည်လည်း အံ့ဩသွားပုံရ၏။

ဟယ်လင်ထွန်းစဉ်းစားမရ၊ ဘယ့်နှယ်ကြောင့် ဒီနေရာမှာသူ့ကိုတွေ့နေရတာလဲ။ ဒီနေရာနဲ့သူဘယ်လို ပတ်သက်နေသလဲ၊ ပြီးတော့ သူ့ကို သူမက ဓားနဲ့အသေထိုးသတ်ခဲ့ပြီပဲမဟုတ်လား။ သူမသူ့ကိုငေးတွေးနေဆဲတွင် -

'နင် . . . နင် ဟယ်လင်မဟုတ်လား၊ ကောင်မစုတ်၊ ငါ့ကိုဓားနဲ့ထိုးသွားတယ်၊ နင်ဘယ်ပြေးမလဲ' ဆိုကာ သူ့လက်တွင်းမှ သေနတ်ဖြင့် သူမကို လှမ်းချိန်လိုက်၏။

သူမအတော်ကလေး ထိတ်လန့်သွား၏။ ဟုတ်ပြီ သူမလက်ချက်နဲ့ သူ မသေလေဘဲ။ ယခုတော့မှ သူမ သူ့လက်ချက်ဖြင့်သေရတော့မည်။ သို့ဖြစ်၍ဟယ်လင်ထွန်းသည် နောက်ဆုံးကြိုးစားကြည့်ခြင်းအနေဖြင့် သူ့လက်တွင်းမှဒူးလေးဖြင့် သူ့အားကပျာကသီထိုးချိန်ပစ်လိုက်၏။ သူမထက်သူက တစ်လှမ်းဦးနေပုံရ၏။ သေနတ်မောင်းထိန်းခလုတ်ကိုဆွဲညှစ်လိုက်ပြီးဖြစ်သည်။

'ဒိန်း'

သူမနားရွက်နားကပ်၍ ကျည်တစ်တောင့်ဖြတ်သွား၏။

သူမ အသည်းအေးကနဲဖြစ်သွား၏။ သို့ပြား -

သူမပစ်လွှတ်လိုက်သော ဒူးလေးမြားတံသည် သူ့ရင်ဘတ်အတွင်းသို့ 'ဒုတ်' ကနဲမြည်သံနှင့်အတူ ထိုးဖောက်ဝင်သွားလေတော့သည်။



သူမကံကောင်းသည်မှာ သူသည်သေနတ်ကိုကောင်းစွာပစ်တတ်သူ ဟုတ်ခြင်းကြောင့်ဖြစ်သည်။

သေနတ်ကိုင်နေကျ ပစ်နေကျသူမဟုတ်လေတော့ ပစ်မှတ်က ပေ၅၀ ဘက်သာရှိပေမင့် ခလုတ်နှိပ်လိုက်သည့်အခါ လက်လှုပ်သွားသည် ၍ပစ်မှတ်လွဲချော်သွားခြင်းဖြစ်သည်။

ရင်ဝမြှားတန်းလန်းနှင့် ပက်လက်လဲကျနေရင်းမှ သူသည်သူမကို ဲရေးတိုင်းထွာနေသည်ဖြစ်၍ သူမသည်အနားသို့ တိုးကပ်သွားလိုက်ပြီး ူ့ရင်ဝတွင်စိုက်ဝင်နေသည့် မြှားတံကိုကိုင်နဲ့လှုပ်ရမ်းနေမှုကြောင့် သူ၏ ော်ဖျားမှ ဆဲဆိုသံများပျောက်ကာ ကြောက်လန့်ဖွယ် အော်ဟစ်နေလေ သည်။

'အား . . အား . . အား'

သူမက မြှားတံကိုလှုပ်၊ သူကရုန်းကန်နေသည်မို့ -

'ဖျောင်း'

မြှားတံထက်ပိုင်းကျိုးသွားသည်နှင့် မကြာမြင့်မီအချိန်လေးတွင် သူ သည်လည်း ငြိမ်ကျသွားတော့သည်။ နှစ်ခါပြန်သေရသူဟု၍ ခေါ်ရမ သော်လား။

သူမသည်လည်း မရှေးမနှောင်းပင် ထိုနေရာမှ ပြေးထွက်ခဲ့သောသည်။ သူသွားလိုသော သစ်ထုတ်စခန်းသို့ လမ်းမသိ စမ်းတဝါးဝါးသွားခဲ့သည်မှာ ညမှောင်စပျိုးတွင် သူ ဦးတည်လာခဲ့သော သစ်ထုတ်စခန်းသို့ရောက်လာရတော့၏။ စခန်းအပြင်မှနေ၍ အကဲခတ်နေရသေး၏၊ သူတွေ့လိုသူအား မတွေ့ဆုံနိုင်ခင် အခြားလူများတွေ့သွားလျှင်ခု သူ့အတွက် အန္တရာယ် ဖြစ်လာနိုင်စရာအကြောင်းရှိသည်ကိုတော့ သူသိထား၏။ သို့ဖြစ်၍ လူရှင်း ချိန်တွင်သူတွေ့လိုသူရှိနိုင်မည့် အခန်းကိုရှာဖွေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com





သို့ဆိုသလို ယခုသူတွေ့လိုသူအခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ရပေမင့် ထိုသူကား အခန်းတွင်းသို့ ပြန်ရောက်မလာသေးချေ။ ကိုမရှိချေပြီ။ အိပ်၍စောင့်လျှင်ဖြစ်သည်ဆိုတော့ သူမသည် စိတ်ချလက်ချအိပ်ချလိုက်ခြင်းဖြစ်တော့၏။ သို့နှယ်သူ့ဘဝဖြစ်စဉ်ကို ပြန်တွေးရင်းမျက်ခွံများလေးလံကာ အိပ်ပျော်သွားတော့၏။

သို့အိပ်ပျော်နေရာမှ -

ဆူညံသောလူသံများကြောင့် သူမလန့်နိုးလာတော့၏။

ယောက်ျားကြီးနှစ်ယောက်က သူမအိပ်နေသည်ကို လှုပ်နိုးဆွဲထူ၏။ ပြီးနောက် သူမကိုလက်ပြန်ကြိုးတုပ်လိုက်ကြသည်။

သူမ၏ဒူးလေးနှင့် မြှားတံကိုလည်း သေချာစွာကိုင်တွယ်ကြည့်နေရင်း

'ဆရာလေးသိန်းအောင်ကို ဒီကောင်မလေး ပစ်သတ်လိုက်တာဖြစ်မယ်' ဟု မြွာသံကြောင့် သူမထိတ်လန့်သွားတော့၏။

ဘုရား . . . ဘုရား . . . သူတို့နဲ့များ ဘယ်လိုပတ်သက်နေပါလိမ့်။ ထိုလူအုပ်အတွင်း သူတွေ့လိုသူကို ရှာဖွေကြည့်နေ၏။ မတွေ့ ဒုက္ခတွေ့ချေပြီ။

'သူ့ကို ရဲစခန်းပို့ကြမယ်' တစ်ယောက်စကားသံ။

'နေဦး မန်နေဂျာကြီးပြန်လာမှ စီစဉ်ကြတာပေါ့'

သူမကြားလိုက်ရသည့် ထိုအသံမှာ အားတက်ဖွယ်ပင်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ မန်နေဂျာကြီးဆိုသူကိုလဲ သူမ မျှော်နေသည်မဟုတ်ပါကလား။ မန်နေဂျာကြီးဆိုသူလာလျှင် အကျိုးအကြောင်းပြောပြလျှင် သူ့ဘက်မှတစ်နည်းနည်းဖြင့် ကူညီလာနိုင်စရာအကြောင်းရှိပေလိမ့်မည်။

ထိုစဉ် အခန်းဝမှစကားသံသဲ့သဲ့ကြားသဖြင့် နားစွင့်နေလိုက်ပြန်၏။ သူမသည်လဲ မန်နေဂျာကြီးကို အားကိုးတကြီးမျှော်နေရသည်ပဲကိုး။

'ဟာ ဆရာကြီးတို့ဘယ်တုန်းကရောက်တုန်း မန်နေဂျာကြီးတော့ မရှိဘူး'

'ဘယ်သွားတုန်း'

'သူ့ တူတော်မောင် အသတ်ခံရလို့ အလောင်းကိုရဲစခန်းသွားပို့တယ်'

အဲဒါမှဒုက္ခ သူပစ်လိုက်တဲ့ကောင်က မန်နေဂျာကြီးတူဆိုပါကလား၊ ဒီဆိုလာလျှင် မန်နေဂျာကြီးသူ့ကို ကယ်ပါလေဦးမလားရယ်လို့ သူမတွေးကာကြောက်လန့်သွားပြန်၏။

'ဟာ ပြောပါဦး ဘယ်လိုဖြစ်တာတုန်း'

'မသိပါဘူး သူတစ်ယောက်ထဲ အရက်သောက်ပြီး အမဲထွက်ပစ်တယ်ထင်ပါရဲ့၊ ဒီစခန်းနဲ့အတော်ဝေးဝေး ချစ်မိုင်လောက်မှာ ရင်ဝမြှားတန်းလန်းနဲ့သေတာတွေ့တာပဲ၊ ဘယ်သူပစ်သွားမှန်းမသိဘူး'

'ဒါကတော့ကွာ တောထဲတောင်ထဲဆိုတော့ တောမှောက်ပြီးမုဆိုးတမှားပစ်မိတာဖြစ်ချင်ဖြစ်မှာပေါ့ကွာ'

ထိုစကားသံကြောင့် သူမမျက်နှာဝင်းလက်သွားကာ -

'တော်ပါသေးရဲ့ ဟုတ်ပြီ ငါတောမှောက်ခံရလို့ လူကိုဂျီတစ်ကောင်ထင်ပြီးပစ်မိတာပါလို့ လိမ်ပြောရင်ရမလားမသိဘူး' ရယ်လို့ သူမခေါင်းစားနေလိုက်ပြန်၏။

'လူသတ်သမားကို မိထားပြီ အထဲမှာရှိတယ်၊ လူသတ်လက်နက် ဒူးလေးကောရထားပြီးပြီ'

'ဟေ ဟုတ်လား ဒါဖြင့် ဒို့ဝင်ကြည့်ရအောင်'

ထိုအသံနှင့်အတူ လူသုံးဦးအခန်းတွင်းသို့ဝင်လာကြသည်ဖြစ်၍ သူမလှမ်းကြည့်လိုက်သည်။

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ဦးကြီး . . ဦးကြီး သမီးကိုကယ်ပါဦး ဟိုး . . ဟိုး . . ဟိုး'

မျှော်လင့်မထားဘဲ ကျွန်တော်တို့နှစ်ယောက်လိုက်ရှာနေသည့် ဟယ် လင်ထွန်းကိုတွေ့လိုက်သည်နှင့် အတိုင်းမသိဝမ်းသာမိသလို ယခုလို လူသတ်သမားအဖြစ်ကြုံရလေခြင်းကြောင့် ရင်ထုမနာဖြစ်ကြရတော့၏။

သူမသည်လည်း ကျွန်တော်တို့နှစ်ဦးကိုမြင်လိုက်သည်နှင့် အော်ဟစ် ပြောဆိုငိုယိုနေတော့၏။

ကြုံကြုံဖန်ဖန်ဆန်းကြယ်လွန်းသော ဇာတ်လမ်းပင်ဖြစ်ချေသည်။ မန်နေဂျာကြီး ဦးလွှမ်းအောင်သည် ကျွန်တော်တို့မိတ်ဆွေရင်းဖြစ်၏ ထောင်မှူးကြီးစောပြည်တင်၏ တပည့်ရင်းချာလည်းဖြစ်နေ၏။ သူမ လည်းအလွန်ချစ်ခင်သူဖြစ်၏။ တစ်ဘက်ကကြည့်ပြန်တော့လည်း အသ ခံရသမှာ သူ၏တူအရင်းခေါက်ခေါက်ဖြစ်နေ၏။

ပြီးတော့ -

မောင်သိန်းအောင်ဆိုသည်ကလည်း မြို့ပြတွင် ဟယ်လင်ထွန်းနှ ပြဿနာတက်ခဲ့သောကလေးဖြစ်၏။ ဘယ်လိုကြောင့်များ ဤသို့အ ရေစက်လာဖြစ်ရပါသနည်း။

'ဦးကြီး . . သမီးအမဲလိုက်ရင်း တောမှောက်ခံရပြီး လူကိုဂျီ(ခေ လို့မြင်ပြီး ပစ်လိုက်မိတာလို့ အစစ်ခံလိုက်ရင် အမှုကလွတ်မှာလားဟင်

သူမသည် ကျွန်တော့်ကို သို့နှယ်အားကိုးတကြီးတိုင်ပင်လာ၏။

'အလျှောက်ကောင်း အထောင်းသက်သာနိုင်ပါတယ်'

သို့သာ ကျွန်တော်ပြောမိ၏။

သူမကား ထိုသို့ပြောလျှင် အမှုမှလွတ်ကင်းနိုင်သည်ဟု သတ်မှ ထားပုံရ၏။

သူ့စိတ်ကူးနှင့်သူ တွေးကာပျော်နေ၏။



'အန်တီတို့လဲနေကောင်းလား၊ မမဇင်မာကော သမီးကိုမေးနေလား ဟင်၊ ဦးကြီးတို့နဲ့သမီးပြန်လိုက်ခဲ့မယ်နော်' ရယ်လို့ တတွတ်တွတ်ပြောနေ ရှာသည့် သူမကိုကျွန်တော် လွန်မင်းစွာသနားနေမိ၏။

သို့ဖြစ်၍

'ကဲ . . ကိုပုရေ သူ့ကိုတုပ်နှောင်ချည်ထားတဲ့ ကြိုးတွေဖြုတ်ပေး လိုက်ပါ၊ သူဘယ်လိုမှထွက်မပြေးပါဘူး၊ ငါအာမခံပါတယ်ကွာ'

'ဟုတ်ကဲ့ . . ဆရာ'

သို့ပြောပြီး ကျွန်တော်သူ့အပါးမှထွက်ခဲ့တော့၏။ လင်းမြင့်လှိုင်ကား သူမ၏ဖြစ်အင်ကိုမမြင်လိုတော့၍ ကျွန်တော့်အရင်ထွက်သွားနှင့်ကာ အရက်ချည်းဖိသောက်နေလေတော့သည်။


'ဦးကြီး မမဇင်မာနေကောင်းလားဟင်၊ သမီးကိုသတိရတယ် မပြော ဘူလား၊ သမီးပြန်လာရင် သူတို့အရမ်းဝမ်းသာကြမှာနော်' ရယ်လို့ ကျွန်တော်နှင့် လင်းမြင့်လှိုင်ကြားကပ်ထိုင်ရင်း ပြောလာသည့် သူမကို ကျွန်တော်ဘယ်သို့ပြန်ပြောရပါမည်နည်း။ ဥပဒေကို လက်တစ်လုံးခြား လိမ်၍မရသည်ကို သူမ သိအောင် ကျွန်တော်ဘယ်လိုပြောရပါမည်နည်း။

ဩော် . . . လူ့လောကကြီးထဲကို အဆိုးဝါးဆုံး ကံနှင့်တွဲဖက်ပြီး လူလာဖြစ်ကြရသည့်သားအမိနှစ်ယောက်ပါကလား . . . ။

(မှခင်းရှာထောင့်မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀၁ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com




# အမိုက်မှောင်တွင်းမှာ

တောင်ဝိန္ဒပင်ထိပ်ဖျားပေါ်မှ သတ္တဝါတစ်ကောင်သည် အကွာအဝေးအားဖြင့် ကိုက် ၅၀ခန့်ရှိသည့် ထိန်ပင်ကိုင်းဖျားထိပ်ပေါ်သို့ ဝဲပျံခုန်ကူးသွားတော့၏။

"ဟော . . ဟော တွေ့လား၊ ကြည့်စမ်း၊ အဲဒါဘာကောင်တုန်းဗျ"

လင်းမြင့်လှိုင်က ထိုသတ္တဝါကောင်လေးကို ကြည့်ကာတအံ့တသြမေးလေတော့၏။ ထိုသတ္တဝါကောင်ငယ်လေးသည် ထိန်ပင်ထိပ်ဖျားကိုင်းပေါ်တွင် ခေါင်းထောင်ကာ လှုပ်လီလှုပ်လဲ့ဖြင့် ရှိချေတော့၏။

"အဲဒါ . . ပုတ်သင်ပျံလို့ခေါ်တယ်ဗျ"

"ဘာရယ်"

"ပုတ်သင်ပျံလေ၊ အကောင်ပုံသဏ္ဌာန်က ပုတ်သင်ညိုပုံစံနဲ့ တူသဗျ သူကခြေလက်တွေကားလိုက်ရင် အမြှေးဆက်နေတာတွေ့ရလိမ့်မယ်၊ ငှက်ပျံလိုပေါ့ဗျာ၊ အဲဒါကြောင့်လဲ သူတို့က လေဟုန်စီးပျံဝဲလို့ရတာပေါ့၊ အကောင်ကတော့ ခပ်သေးသေးရယ်ပါ၊ ပုတ်သင်ပျံတွေက အဲလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ဇင်ထောင်နေတတ်လို့ လူတွေကပြောကြတာ၊ မိုးကိုဖင်လန်ပြတဲ့အကောင် ဒါကြောင့်လဲ မိုးကြိုးပစ်ခံကြရတာလို့ ပြောကြတယ်၊ အချို့တောတောင်ထဲ သွားလာကျက်စားတဲ့ဝါးခုတ်၊ သစ်ခုတ်သမားတွေဟာ ဒီအကောင်ရှိတဲ့ သစ်ပင်တွေအနားမယ် စခန်းမချကြဘူးဗျ၊ ဘာလို့လဲဆိုတော့ သူ့ကိုမိုးကြိုး ပစ်ရင်ကိုယ်ပါစက်ကွင်းမလွတ်ဖြစ်မှာစိုးလို့လေ . . . "

"ဟာ ဒါဖြင့် ကျွန်တော်တို့ ဒီမှာစခန်းချလို့မဖြစ်ဘူးပေါ့"

လင်းမြင့်လှိုင်က စိုးရိမ်ထိတ်လန့်စွာဖြင့် ပြောလာသဖြင့် ကျွန်တော်က ရယ်မောလိုက်ပြီး -

"ဟား . . ဟား . . ဟား အဲဒါဟာ လူတွေရဲ့ပါးစပ်အပြောပါဗျ ဟုတ်ချင်မှလဲဟုတ်မှာပါ" ရယ်လို့ပြောလိုက်ရ၏။

"အဲလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်ဗျာ၊ ကဲ . . ကိုပိုက်ရေ ညနေ စာအလို့ငှာ အမဲပစ်ထွက်ကြစို့ရဲ့၊ ဒီစခန်းက ဝါးခုတ်၊ သစ်ခုတ်သမားတွေ နဲ့ ဝေးလွန်းတော့ကာ ကျွန်တော်တို့မရှိတုန်း စခန်းကိုတောကောင်တွေ လာပြီး နှောက်ယှက်ဖျက်ဆီးမှာတော့ စိုးရိမ်သဗျို့"

လင်းမြင့်လှိုင် စိုးရိမ်သည်မှာလည်း မှန်၏။ လူသူအရောက်အပေါက် နည်းသောတောတွင်းရှိ တိရစ္ဆာန်များသည် လူသတ္တဝါကို မမြင်ဖူး၊ မကြား ဖူးသည်ကြောင့် ကြောက်ရွံ့ရမှန်းသိကြသည်မဟုတ်။ သို့ကြောင့် လူတို့ အလစ်တွင် အသုံးအဆောင်ပစ္စည်းများကို ဝင်ရောက်ဖျက်ဆီးဆော့ကစား တတ်ကြသည်။ အများအားဖြင့် မျောက်နှင့် ဝံကောင်များဖြစ်ကြ၏။ သို့ဖြစ် သောကြောင့် -

"ဟုတ်တယ်ဗျို့ . . ဒါဖြင့်ဒီလိုလုပ်ကြစို့ဗျာ လမ်းပြ 'တာခလု' ကိုစခန်း စောင့်ထားခဲ့မယ်"



"ဖြစ်ပါ့မလား၊ သူတစ်ယောက်ထဲ နေခဲ့ရဲပါ့မလား"

လင်းမြင့်လှိုင်က သို့ပြောလာသည်တွင် -

"ဖြစ်ပါတယ် ဆရာလေးရဲ့ ကျုပ်မှာ ဒူးလေးရှိတာပဲ၊ အန္တရာယ်ပြုဖို့ လာတဲ့ အကောင်ဟာဖြင့် သူ့သေတွင်းသူလာတူးသလိုဖြစ်မှာပေါ့ ဟဲ . . ဟဲ . . ဟဲ " ရယ်လို့ လမ်းပြ 'တာခလု' ကပြောပြောရယ်ရယ်မို့ -

"ကောင်းပြီလေ ကျွန်တော်တို့လဲ ဝေးဝေးသွားမှာမဟုတ်ပါဘူး၊ ဒီတောင်ကြောတစ်ဝိုက်တင်ပါ၊ သတိတော့ ရှိပါစေနော် တာခလု"

ကျွန်တော်က သတိပေးပြီး လင်းမြင့်လှိုင်နှင့်အတူ စခန်းမှထွက်ခဲ့ တော့သည်။

ထူးထူးခြားခြား ဤတောဤတောင်အတွင်း တောင်ဆိတ်ခြေရာ များတွေ့သည်ကြောင့် လတ်လတ်ဆတ်ဆတ်ခြေရာနောက်သို့ လိုက်ခဲ့ကြ ရင်း နဘေးတောင်ကျောပေါ်မှ တိရစ္ဆာန်ကောင်များ ရုန်းရင်းဆန်ခတ် ပြေးလွှားနေသံများ ဆူဆူညံညံကြားရသည်ကြောင့် -

"ကိုလင်းရေ နဘေးတောင်ကျောပေါ်မှာတော့ တောကောင်တွေ ဘာဖြစ်လို့လဲမသိဘူး ကြောက်လန့်တကြားပြေးနေကြလေရဲ့"

"ဟုတ်တယ်ဗျ၊ ဟော အသံဗလံတွေငြိမ်သွားပြီ၊ လာဗျာ အဲဒီတောင် ကျောပေါ်တက်ကြည့်ကြစို့"

သို့ဖြင့် နှစ်ယောက်သားထိုတောင်ကျောပေါ်သို့ ခက်ခက်ခဲခဲဖက် တွယ်တက်ခဲ့ကြ၏။ တောင်ကျောပေါ်သို့ ရောက်သည့်အခါတွင် လွန်စွာ မှအံ့သြဖွယ်မြင်ကွင်းကိုတွေ့လိုက်၏။

တောင်ကျောပေါ်တွင် မည်သည့်သစ်ပင် ချုံနွယ်မျှမရှိ မြက်ခြောက်ပင် အခြောက်များနှင့် အပင်ကြီး ကြီးတိုးကျဲတဲသာရှိ၏။ သို့ဖြစ်လျှင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စောစောကကြားလိုက်ရသော တိရစ္ဆာန်ကောင်တို့ကြောက်လန့်တကြား ပြေးလွှားရာမှဖြစ်ပေါ်ခဲ့သော သစ်ပင်ငယ်များ ကျိုးသံ၊ သစ်ကိုင်းသစ်ခက်တို့ လှုပ်ခတ်သံများသည် ဘယ့်နှယ်ဖြစ်နိုင်ပါလိမ့်မည်နည်း။ တောချောက်တာပင်ဖြစ်မည်။ ယခုတော့ဖြင့် ဆိတ်ငြိမ်လို့ပင်နေ၏။ မည်သည့် သတ္တဝါကောင်တို့၏ခြေရာလက်ရာများပင် မတွေ့ပါချေ။

"ကိုပိုက် ဟိုမယ်ကြည့်စမ်း"

လင်းမြင့်လှိုင်ကလက်တို့ ညွှန်ပြလာသောနေရာသို့ လှမ်းကဲကြည့်လိုက်၏။ တောင်ကျောတစ်ဖက်စောင်းတွင် ပေါက်နေသည့် ကျွန်းပင်ကြီးနဘေးတွင် ရသေ့ကြီးတစ်ပါးကို လှမ်းတွေ့လိုက်၏။ တစ်ဖက်တောင်တန်းများဆီသို့ ငေးမောကြည့်နေသည်ဖြစ်၍ ကျွန်တော်တို့ကိုမြင်ဟန်မတူပါချေ။ ထူးခြားလှသောမြင်ကွင်းကြောင့် ကျွန်တော်သည်အမြင်ဝါးနေလို့ပေလားရယ်လို့ စဉ်းစားလိုက်ကာ မျက်လုံးအစုံကို လက်ဖမိုးဖြင့်ပွတ်သပ်ပြီး အသေအချာပြန်ကြည့်လိုက်၏။ ထိုစဉ်မှာပင် ပုပ်အက်အက် ညှီစို့စို့အနံ့က နှာခေါင်းဝသို့ပျံ့လွင့်ရောက်လာတော့၏။ ထိုရနံ့ကြောင့် ကျွန်တော်တို့အနားတွင် အန္တရာယ်ပေးမည့် သတ္တဝါတစ်ကောင်ရှိနေပြီဆိုတာ သိလိုက်သဖြင့် ဘေးပတ်ဝန်းကျင်သို့ ဝေ့ဝိုက်ရှာဖွေကြည့်ရင်း သေနတ်ကိုအရံသင့်ပစ်ခတ်နိုင်ရန်အလို့ငှာ မောင်းတင်ထားလိုက်၏။

ပတ်ဝန်းကျင်တစ်ဝိုက်မည်သည့်ထူးခြားမှုလက္ခဏာမျှမတွေ့။ ထိုရသေ့သာလျှင် ထူးဆန်းစွာရှိနေ၏။ သို့ဖြစ်၍ မြေတွင်ရှပ်ပေါက်နေသည့် ထိကရုန်းပင်ရိုင်း၏အရွက်လေးများကို ခြွေခူးလိုက်ကာ ခါးစောင်းလောက်မှနေ၍မြေပြင်သို့ဖြန့်ကျဲချလိုက်သည်။ သေချာပေပြီ၊ လေသည်ရသေ့ကြီးရှိရာအရပ်မှလာခြင်းဖြစ်၏။ ထိုပုပ်အက်အက်ညှီစို့စို့အနံ့သည် ထိုရသေ့



ထံမှထွက်လာခြင်းဖြစ်ပေမည်။ သို့ဆိုပါလျှင် ထိုရသေ့သည် ထူးဆန်းနေပေ၏။ တောတောင်အတွေ့အကြုံအရ ကျွန်တော်သည် တစ်စုံတစ်ရာကို သတိရလိုက်သည်နှင့် လက်တွင်းမှသေနတ်ကို အရံသင့်ထိုရသေ့ထံသို့ ထိုးချိန်ထားလိုက်၏။ တပြိုင်နက်ဆိုသလိုပင် ရသေ့သည် ကျွန်တော်တို့ရှိရာသို့ခေါင်းငဲ့ကြည့်လာတော့၏။

"ဟင်"

ရသေ့မျက်နှာကို ထင်းထင်းကြီးမြင်လိုက်သည်နှင့် ကျွန်တော်သည် ကပျာကသီလက်တွင်းမှ သေနတ်ဖြင့်လှမ်းပစ်လိုက်တော့သည်။

"ဒိန်း"

"ဝေါင်း"

လျှပ်တပြက်ကြောက်လန့်တကြား ပစ်လိုက်ရခြင်းကြောင့် ပစ်မှတ်လွဲချော်သွား၏။ ကျွန်တော့်လက်တွင်းသေနတ်ပြောင်းဝမှ လျှင်မြန်စွာပြေးထွက်သွားသော ကျည်ဖူးသည် ကျားမျက်နှာပိုင်ရှင်ရသေ့ထံသို့ဖြစ်ချေ၏။

တကယ်တော့ တောမှောက်ခံရခြင်းဖြစ်၏။ ကျွန်တော်တို့အမြင်တွင် ရသေ့ဟုထင်ရပြား တောကောင်(ကျား)ဖြစ်နေ၏။ တော်သေးရဲ့။ ကျွန်တော်တို့က လေအောက်မှာရှိနေခြင်းကြောင့်ဖြစ်ချေ၏။

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် ထိုတောကောင်(ကျား)သည်လည်း လန့်ဖျပ်ထွက်သွားသဖြင့် တော်သေး၏။

"တော်သေးတာပေါ့ ကိုပိုက်ရယ်၊ ကျွန်တော်က ရသေ့ရယ်လို့ထင်ယောင်ထင်မှားနဲ့ အနားကပ်သွားတော့မလို့၊ တောမှောက်ခံနေရတာပဲ မလွယ်ဘူး ဒီတောကတော်တော်ဆိုးမယ့်ပုံပဲနော်"

"ဟုတ်တယ်ကိုလင်း အချိန်လဲသိပ်မရှိတော့ဘူး စခန်းပြန်ကြစို့ဗျာ၊ ကျွန်တော်တို့မယ် အသားဗူးတွေပါလာတာပဲ"

www.burmeseclassic.com

www.burmeseclassic.com





သို့ဖြင့် နှစ်ယောက်သားလာလမ်းအတိုင်းပြန်ခဲ့ကြတော့၏။ စခန်းသို့ ပြန်ရောက်ခဲ့ကြသည်တွင် အစောင့်အဖြစ်ထားခဲ့သော 'တာခလု' တစ်ယောက် ထူးဆန်းစွာခွေလဲမှေးမှောနေသည်ကို တွေ့လိုက်ရသဖြင့် သူ့အနားပြေးသွားလိုက်ကြ၏။ ကျွန်တော်တို့၏ပြေးလွှားလာသောခြေသံကြောင့် 'တာခလု'ကိုယ်ပေါ်မှ သတ္တဝါငယ်တစ်ကောင်သည် သူ့ခန္ဓာကိုယ်ပေါ်မှ မြေပြင်ပေါ်သို့ခုန်ချကာ အနီးရှိထိန်ပင်ကြီးပေါ်သို့ ပြေးလွှားတက်သွားလေသည်။ ပုတ်သင်ပျံကောင်လေးဖြစ်သည်။

'တာခလု . . တာခလု . . တာခလု"

မေးကိုလက်ဖြင့်ကိုင်လှုပ်လှုပ်ခတ်ခေါ်နေလိုက်၏။ အတန်ကြာလှုပ်ခတ်ခေါ်လေမှ တာခလုတစ်ယောက် မျက်လုံးပွင့်လာ၏။ ကျွန်တော်တို့ကိုမြင်သည်နှင့် ကမန်းကတန်းရုန်းကန်ထလာပြီး 'ဟိုကောင်ကြီးကော ဟိုကောင်ကြီးကော' ရယ်လို့ မျက်လုံးမျက်ဆံပြူးဖြင့် မေးရင်းစခန်းပတ်ဝန်းကျင်တစ်ဝိုက် လှည့်ပတ်ကြည့်နေသဖြင့် -

"ဘာကောင်ကြီးတုန်း တာခလုရဲ့၊ စိတ်ငြိမ်ငြိမ်ထားပြီးပြောပြစမ်းပါ၊ ကဲ . . ရော့ . . ရော့ ရေသောက်လိုက်" ဆိုကာ သူ့ပါးစပ်တွင်းသို့ ရေဗူးတွင်းမှရေကို ထိုးထည့်တိုက်လိုက်၏။

'တာခလု' အတန်ကြာငြိမ်သက်နေပြီးမှ -

"ဆရာလေးတို့ထွက်သွားပြီး ကျုပ်လဲညအတွက် ထင်းခြောက်တွေ လိုက်စုပြီး ထင်းမီးဖိုနေတုန်း အဲဒီထိန်ပင်ပေါ်က မဲမဲအကောင်ကြီးခုန်ဆင်းလာပြီး ကျုပ်ဆီပြေးဝင်လာတော့တာပဲဗျို့၊ ရုတ်တရက်မို့ဘာလုပ်ရမှန်းမသိဖြစ်နေခင်မှာ အဲဒီမဲမဲအကောင်ကြီးက ကျွန်တော့်ကိုဝင်တိုက်သွားတော့တာပဲ၊ အဲဒီအတိုက်ခံရတဲ့အရှိန်ကြောင့် ကျုပ်ပက်လက်လန်လဲပြီး ဘာမှမသိတော့ဘူးဖြစ်သွားတယ်။ ကျုပ်သတိရလာတော့ ဆရာလေးတို့ ရောက်နေပြီလေ"

ကျွန်တော်သည် လင်းမြင့်လှိုင်ကိုကြည့်လိုက်သည်။ သူသည်လည်း ကျွန်တော်နှယ်အံ့ဩတကြီးဖြစ်နေပုံရ၏။

"တာခလု အဲဒီမဲမဲအကောင်ကြီးဆိုတာ ဘယ်လိုပုံသဏ္ဌာန်လဲ"

ကျွန်တော်ကမေးလိုက်ပေမင့် သူကရေရေရာရာမဖြေနိုင်ပါချေ။

"ဘယ်လိုပုံသဏ္ဌာန်လို့တောင် မပြောတတ်ပါဘူးဗျာ၊ မြန်လိုက်တာ လွန်ရော အံ့ရော . . အံ့ရော"

"အင်း . . . ခက်ပြီ ကိုလင်းရေ ဒီစခန်းက အတော်လေးကြောက်စရာကောင်းနေပြီဗျ၊ ကျွန်တော်တို့ စခန်းနေရာရွှေ့မှားနေပြီ"

သို့ကျွန်တော်က ညည်းညည်းငြူငြူပြောလိုက်သည်တွင် လင်းမြင့်လှိုင်က 'ဒါဖြင့် ဒီစခန်းကပြောင်းကြမယ်ဗျာ' ရယ်လို့ပြောလာ၏။

"မှောင်စပျိုးနေပြီပဲ ဘယ့်နှယ်အချိန်ရှိတော့မှာတုန်း၊ မထူးပါဘူးဗျာ သတိဝီရိယနဲ့ နေကြတာပေါ့"

"ကဲ ဒါဖြင့် တာခလု ထင်းမီးများများထည့်ကွာ ပြီးလျင်စားကြသောက်ကြမယ်၊ မနက်ကျမှ စောစောထအမဲပစ်ထွက်ရင်း စခန်းနေရာရွှေ့ကြတာပေါ့"

လင်းမြင့်လှိုင်က သို့စီစဉ်လိုက်ပြီး တဲပေါ်သို့တက်သွားကာ ခြေပစ်လက်ပစ်လှဲချလိုက်တော့၏။

ကျွန်တော်သည်လည်း ညောင်းညာနေပြီဖြစ်၍ လင်းမြင့်လှိုင်နှယ် တဲပေါ်တွင်လှဲချနားနေလိုက်တော့၏။

"ဝိစ်"

www.burmeseclassic.com



ထိန်ပင်ပေါ်မှ စူးရှသောအသံတစ်သံထွက်ပေါ်လာသဖြင့် လှဲနေရာမှ ရှက်ချည်းထထိုင်လိုက်ကာ အသံလာရာထိန်ပင်ပေါ်သို့ စေ့စပ်သေချာစွာလှမ်းကဲကြည့်လိုက်သည်။

ထိန်ပင်ကြီး၏ အကိုင်းအခက်အလက်တို့သည် ရှင်းနေ၏။ အကောင်မှုမတွေ့၊ ထိန်ပင်ကြီး၏ထိပ်ဖျားတွင်တော့ မိုးကောင်းကင်ပေါ်ဖြင့်ထောင်နားနေသော ပုတ်သင်ပျံကောင်လေးကိုသာတွေ့ရ၏။

"ဒီကောင် တော်တော်ရှုပ်တဲ့ကောင်" ဆိုပြီး လက်တွင်းမှ သေနတ်ဖြင့်လှမ်းပစ်လိုက်သည်။

"ဒိန်း"

ပုတ်သင်ပျံလေးသည် နားကွဲမတတ်ခံစားလိုက်ရသည့် သေနတ်သံကြောင့် ထိုအပင်မှနေ၍ ချောင်းတစ်ဖက်ကမ်းရှိ 'မျောက်ငိုပင်' ပေါ်သို့ လေဟုန်စီးပျံဝဲဆင်းသွားတော့၏။

သည့်နောက် ကျွန်တော်သည်လည်း တဲကြမ်းပြင်ပေါ်သို့ လှဲချလိုက်ပြန်၏။ မကြာလိုက်သောအချိန်တွင် -

"ဒိန်း . . ဒိန်း . . ဒိန်း"

ဆူညံသော သေနတ်သံကြောင့် မေ့ကနဲဖြစ်နေရာမှ မျက်လုံးကျယ်ရပြန်သည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

ကျွန်တော့်နံဘေးမှ အိပ်ပျော်နေသည့် လင်းမြင့်လှိုင်ကလည်း ရှက်ချည်းထလာကာ မေးလေ၏။

"မသိဘူး" ဆိုကာ သေနတ်သံကြားရာသို့ကြည့်လိုက်သည်။ တာခလုသည် ကျွန်တော့်သေနတ်ဖြင့် ထိန်ပင်ပေါ်သို့ဒလစပ်ပစ်ခတ်နေခြင်းဖြစ်သည်။



"တာခလု ဘာဖြစ်လို့လဲ" ဟုလှမ်းမေးလိုက်၏။

"မဲမဲအကောင်ကြီး . . မဲမဲအကောင်ကြီး" ဟူ၍သာပြောနေတော့၏။

"ဘယ်မှာတုန်း"

"အပင်ပေါ်တက်သွားတာလှမ်းတွေ့လိုက်တယ်၊ ညနေကကျုပ်ကိုဝင်တိုက်သွားတဲ့အကောင်ကြီးဗျ"

သို့ကြောင့် ကျွန်တော်သည် တာခလုအနားသို့သွားကာ သူ့လက်တွင်းမှသေနတ်ကိုဆွဲယူလိုက်ပြီး ထိန်ပင်ကြီးပေါ်သို့ လှမ်းချိန်ရင်း စေ့စပ်သေချာစွာ ရှာဖွေကြည့်လိုက်သည်။ မည်သည့်အကောင်မျှ မတွေ့ပါချေ။

သေနတ်သံကိုနားယဉ်သွားပြီထင့်၊ ပုတ်သင်ပျံလေးသည် ရှိရင်းနေရာတွင် မိုးပေါ်ဖင်ထောင်လျှက်ရှိနေ၏။

"ဘာကောင်မှမတွေ့ဘူး၊ ရှင်းနေတာပဲ၊ အမြင်မှားလို့ဖြစ်မယ်" ဆိုကာ သူ့ဘက်သို့လှမ်းကြည့်အကဲခတ်လိုက်သည်။ တာခလုမျက်လုံးများ ရဲရဲနီနေ၏။ ကြောက်စိတ်ကြောင့်ထင့် ကြောင်တောင်တောင်ဖြစ်နေတော့၏။ သူအရက်သောက်များနေတာလားရယ်လို့ သင်္ကာမကင်းဖြစ်မိသည်ကြောင့် -

"တာခလု အရက်သောက်ထားလား"

သူ့မျက်နှာကို စိမ်းစိမ်းကြည့်မေးလိုက်သည်။ သူကခေါင်းကိုရမ်းပြီး

"ကျုပ်မှအရက်မသောက်တတ်တာဗျာ"

ဟုတ်ပေလိမ့်မည် အရက်နံ့လည်းမရ။

"အေးလေ အမြင်မှားလို့ဖြစ်မယ်၊ ကဲ . . အသားဗူးတွေယူချေကွာ ဆာပြီ၊ အေးတယ် ရေမချိုးတော့ဘူး"

သူရင်တွေခုန်နေပုံရ၏။ လက်များတဆတ်ဆတ်တုန်ယင်နေ၏။ သို့ကြောင့် ကျွန်တော်က -

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ငြိမ်သွားအောင် အရက်ချလိုက်ကွာ" ဆိုပြီး ကျွန်တော်က လင်းမြင့်လှိုင်ထံမှ ဝီစကီပုလင်းကို ယူ၍သူ့အား အကြမ်းပန်းကန်တစ်လုံးတွင် ရေမရောဘဲထည့်တိုက်လိုက်၏။

သူကလည်းမငြင်း 'ဂွပ်' ခနဲသောက်ချလိုက်၏။

"ကဲ . . ရော့ အသားဗူး စားလိုက် ပြီးရင်အိပ်တော့ဟုတ်လား၊ ငါတို့သောက်စားပြီးမှအိပ်မယ်" ဆိုကာ သူ့အားအသားဗူးပေးလိုက်၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်အရက်သောက်နေဆဲမှာပင် သူသည် နဘေးတွင်ခွေခွေလေးလှဲအိပ်လိုက်တော့၏။

သူ့ကိုကြည့်ပြီး ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာပြုံးလိုက်ကြ၏။

တာခလုသည် ပျဉ်းမကုန်း ကျေးရွာမှရွာသူကြီးစောသာဒင်၏သားဖြစ်သည်။ ဤတော၊ ဤတောင်အတွင်း ပျားလာဖွပ်ဖူးသည်ဆို၏။ ပြီးတော့ဤတောအတွင်း တောင်ဆိတ်များတွေ့ခဲ့သည်ဟုသူကပြောခဲ့သဖြင့် ရှားရှားပါးပါး တောင်ဆိတ်ပစ်ရန်သူ့အားခေါ်ခဲ့ခြင်းဖြစ်သည်။

"ကဲ . . ကိုလင်းသောက်ဗျာ၊ ကျွန်တော်တော့ ဒီပုတ်သင်ပျံလေးတို့ မသက်ာဘူး" ဆိုကာ ထိန်ပင်ထိပ်ဖျားရှိ ပုတ်သင်ပျံကိုလှမ်းကြည့်လိုက်၏။

"ဟုတ်တယ် ဒီကောင် ဒီအပင်ကနေ ဘယ်မှမသွားဘူး၊ ထူးဆန်းတယ်၊ ခြောက်လှန့်ပစ်လိုက်လဲ ခဏပဲထွက်သွားပြီး ပြန်ရောက်လာတာပဲဗျနော်"

"ကဲ . . ဒါတွေထားလိုက်၊ မေ့လိုက်တော့ဗျာ တာခလုပြောတဲ့ မဲဲအကောင်ကြီးဆိုတာကလဲ ဘာလဲမသိဘူး"

သို့ဖြင့် ကျွန်တော်တို့သည် သောက်စားကြပြီးနောက် ထင်းမီးပုံနားခေတ္တသွားထိုင်စကားပြောကြ၏။ သည့်နောက် ထင်းမီးများထပ်ထည့်ကာ



အိပ်ယာဝင်ခဲ့ကြတော့၏။

ကြမ်းပေါ်ခေါင်းချလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။ ဤတွင် အိပ်မက်လေလား ဝိုးတဝါးမြင်လိုက်ရသည်ကား ဆံပင်ဖါးလျားချ မိန်းမပျိုလေးတစ်ဦး၊ ပန်းနီနီတစ်ပွင့်ကိုပန်ထား၏။ ဝတ်စားပုံကား ရှေးဟန်ဆန်လှ၏။ နန်းတွင်းပျိုမြူတစ်ယောက်နှယ်ဖြစ်၏။ ထူးခြားသည်ကား သူမ၏ကိုယ်သင်းရနံ့သည် မွှေးကြိုင်ခြင်းမရှိလေဘဲ၊ စိမ်းရွှေရွှေအနံ့ထွက်နေ၏။ ထိုရနံ့ကြောင့် ကျွန်တော်ကျောချမ်းမိသည်။ သို့ကြောင့် ကျွန်တော်၏ခန္ဓာကိုယ်သည် တစ်ချက်တွန့်ကနဲဖြစ်သွားကာ အိပ်ယာမှနိုးလာရတော့၏။ ကျွန်တော်ခန္ဓာကိုယ်တွင် ချွေးများပင်စို့ထွက်နေ၏။ စိမ်းရွှေရွှေရနံ့ကရနေဆဲမို့ အိပ်ယာမှ လူးလဲထကာ စခန်းပတ်ဝန်းကျင်တစ်ဝိုက်လှည့်ပတ်ကြည့်လိုက်၏။ ကျွန်တော့်စိတ်တွင်းဝယ် ထိုအမျိုးသမီး၊ စခန်းပတ်ဝန်းကျင်၌ပင် ရှိနေလိမ့်မည်ဟုထင်မိ၏။

ထင်းမီးဖိုဘက်လှည့်ကြည့်မိသည့်အခါတွင် မီးရဲရဲတောက်နေသည့် မီးဖိုနံဘေးတွင် တာခလုံကိုတွေ့လိုက်သည်။ သို့ဖြစ်၍ -

"တာခလု ဘာလုပ်နေတာတုန်း၊ မင်းအိပ်မပျော်ဘူးထင်တယ်" ဟု လှမ်းပြောလိုက်သည်တွင် သူသည်ရုတ်တရက်ကြားလိုက်သော ကျွန်တော့်အသံကြောင့်တုန်လှုပ်သွားတော့၏။

သူသည် ကျွန်တော်ထံလှည့်ကြည့်ပြီး "ဟုတ်တယ်ဆရာလေး အိပ်မပျော်တာရယ်၊ ချမ်းတာရယ်ကြောင့် မီးထလှုံတာ" ဟုပြော၏။

"မင်းစိမ်းရွှေရွှေအနံ့မရဘူးလား" ဟုမေးလိုက်ပြန်၏။

"ဟင့်အင်း . . မရဘူး . . မရဘူး . . ဘာဖြစ်လို့လဲ" ဟူ၍ အတုန်ကယင်ပြန်ပြောလေ၏။

"ငါတော့ တစ်ချက်တစ်ချက် စိမ်းရွှေရွှေအနံ့ရနေသလိုပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"အို မဖြစ်နိုင်တာ ဆရာလေးရယ်၊ စိတ်ထင်လို့ဖြစ်မှာပါ" ဆိုကာ ထင်းမီးပုံဘက်မျက်နှာပြန်လှည့်သွားတော့၏။

ဟုတ်ပါလိမ့်မည် အိပ်မက်ကြောင့် ထိုရန့်ကို စိတ်စွဲနေခြင်းဖြစ်မည်။

လင်းမြင့်လှိုင်ကား အိပ်ကောင်းနေဆဲဖြစ်သည်။ အတန်ကြာတွင် ကျွန်တော်က "ကဲ တာခလု အိပ်ချေတော့လေ၊ ထင်းမီးတော့ များများထည့်ခဲ့ကွ၊ အနွေးဓါတ်လဲရမယ်၊ သားရဲကောင်တွေရန်က ကာကွယ်ရာလဲ ရောက်တာပေါ့ကွာ၊ ဒီစခန်းက သိပ်မနိပ်ဘူးဟေ့"

သို့ပြောရင်း ကျွန်တော်သည် ကြမ်းခင်းပေါ် လှဲချလိုက်ပြန်၏။ တာခလုသည် ကျွန်တော်ပြောသည့်အတိုင်း ထင်းမီးများကို ထပ်ထည့်ပြီးသည်နှင့် လင်းမြင့်လှိုင်နဘေးတွင် ခွေခွေလေးဝင်အိပ်လေတော့၏။

ကျွန်တော်သည် အတော်နှင့် ပြန်အိပ်မပျော်ချေ။ တာခလုပြောသည့် မဲမဲအကောင်ကြီးနှင့် စိမ်းရွှေရွှေအနံ့၊ ပြီးတော့ပုတ်သင်ပျံကောင်လေးတို့သည် ကျွန်တော့်ကို ဦးနှောက်စားစေတော့၏။ ဘယ်လိုစဉ်းစားဆက်စပ်ယူရမည်မသိတော့ပါချေ။

ဤတောသည် လုံးဝပကတိ တိတ်ဆိတ်ငြိမ်သက်လို့နေ၏။ ထူးခြားမှု လုံးဝမရှိချေ။ အိပ်၍မပျော်သဖြင့်တွေးနေဆဲမှာပင် တာခလုသည် အိပ်နေရာမှထကာ ခြေဖော့နင်း၍တဲပေါ်မှဆင်းသွားသည်ကြောင့်ကျွန်တော်သည် အိပ်ဟန်ဆောင်ရင်း အသာချောင်းကြည့်နေလိုက်၏။

သူ့လက်တွင်း၌ လင်းမြင့်လှိုင်သေနတ်ရှိ၏။ မီးပုံနားသို့သွား၏ ထိုသို့ သွားရင်း တဲဘက်သို့ပြန်လှည့်ကြည့်လာသဖြင့် ကျွန်တော်သည် ကမန်းကတန်းမျက်စိနှစ်လုံးကို စုံမှိတ်ပစ်လိုက်၏။ အတော်နှင့် မျက်စိကို ပြန်မဖွင့်ပါချေ။ နားကိုတော့စွင့်ထားလိုက်၏။ တာခလုတွင် မည်သည့်လျှို့ ဝှက်ချက်များရှိနေသည် မသိချေ။



အတန်ကြာသည့်တိုင် တိတ်ဆိတ်နေ၏။ ပြီးလေမှ စိမ်းရွှေရွှေရနံ့ ထွက်လာပြန်သဖြင့် ကျွန်တော်ထိတ်လန့်အံ့ဩခဲ့ရပြန်သည်။

"ဟင်"

"ဘယ်လိုပါလိမ့်" ကျွန်တော်သည် လင်းမြင့်လှိုင်ဘက်သို့လှည့်ကာ အသာလှုပ်နှိုးလိုက်သည်။

"ကိုလင်း . . ကိုလင်း"

သိပ်ကြာကြာမနှိုးရ၊ မုဆိုးပီပီ၊ သတိအနေအထားဖြင့် ညင်သာစွာ လှုပ်ရမ်းလျှက်မျက်လုံးပွင့်လာတော့၏။

"ဘာတုန်း ကိုပိုက်"

တိုးညှင်းစွာမေးလာ၏။

"စိမ်းရွှေရွှေအနံ့မရဘူးလား" လေသံသဲ့သဲ့ဖြင့်မေးလိုက်၏

"အင်း . . ရသလိုပဲ"

"တာခလုမီးပုံနားမှာရှိတယ်၊ ခင်ဗျားသေနတ်လဲ သူ့လက်ထဲမှာရှိတယ်၊ သူ့မယ်ဘာအကြံအစည်ရှိနေလဲမသိဘူး အသာလေးအိပ်ဟန်ဆောင်ပြီးကြည့်စမ်းဗျာ သူဘာလုပ်နေသလဲလို့"

"အင်း . . အင်း"ဆိုကာ လင်းမြင့်လှိုင်သည် ထင်းမီးပုံဘက်သို့ မျက်နှာမူကာ မျက်လုံးကိုမှေးဖွင့်ကြည့်နေတော့၏။ ကျွန်တော်သည်လည်း တစ်ဖက်သို့ပြန်လှည့်လိုက်ကာ မျက်ဝန်းကိုအသာဖွင့်ကြည့်လိုက်သည်။

**ကျွန်တော်တို့အား ကျောပေးထားပြီး မီးပုံဘက်လှည့်၍ ဘာတွေလုပ်နေသည်မသိ၊ တလှုပ်လှုပ်ဖြင့် တာခလု တစ်ယောက် အလုပ်ရှုပ်နေပုံရ၏။**

**အတန်ကြာတွင်သူသည် ဆေးလိပ်ကို အားပါးတရ ရှိုက်ဖွာလိုက်ကာ ထိန်ပင်ကြီးဆီသို့ မျက်နှာမူလိုက်သည်။ ပြီးနောက် မျက်မှောင်ကြုတ်၍ စူးစူး စိုက်စိုက်ကြည့်နေတော့၏။**

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တွင်း၌ လင်းမြင့်လှိုင်၏သေနတ်ရှိနေသည်။ သူတွေ့ခဲ့သော မဲမဲအကောင်ကြီးကိုရှာနေခြင်းဖြစ်မည်။ သို့ကြောင့် ကျွန်တော်သည်လည်း သူကြည့်နေသည့် ထိန်ပင်ကြီးဆီသို့ မျက်လုံးရောက်သွားတော့၏။

လပြည့်ညဖြစ်သည်ကြောင့် ထိန်ပင်ကြီးပေါ်သို့ လရောင်ဖြာကျနေသည်ဖြစ်၍ ရှင်းရှင်းလင်းလင်းမြင်ရ၏။ ထူးထူးဆန်းဆန်းဆိုလို့ ထိန်ပင်ကြီးအဖျားကိုင်းတွင် ပုတ်သင်ပျံလေးရှိနေသေး၏။ ယုံးစံအတိုင်း လမင်းကြီးကို ဖင်ထောင်ပြနေ၏။

တစ်ချက်တစ်ချက် စိမ်းရွှေရွှေရနံ့ရနေဆဲဖြစ်၏။ တခဏအကြာတွင် "ဟာ လာပြီ . . လာပြီ" ရယ်လို့ တာခလုက ကြောက်လန့်တကြားအော်ဟစ်ပြီး သူ့လက်တွင်းမှ သေနတ်ဖြင့် ထိန်ပင်ကြီးကိုလှမ်းပစ်နေလေတော့၏။

" ဒိန်း . . ဒိန်း . . . ဒိန်း "

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည်လည်း တဲပေါ်မှကမန်းကတန်းဆင်းကာ . . . တာခလုအနားသို့ပြေးသွားရင်း -

"ဘယ်မလဲ . . ဘယ်မလဲ" ရယ်လို့ ပြိုင်တူမေးရင်း ထိန်ပင်ကြီးဆီသို့ စူးစိုက်ကြည့်လိုက်ကြ၏။

ဘာကောင်မှမတွေ့မမြင်၊ မရှိပါကလား ဘယ်လိုဖြစ်ပါလိမ့်၊ တာခလုတစ်ယောက်တည်းမြင်ရသည့် နာနာဘာဝကောင်လေများလား မတွေးတတ်အောင်ပင်ဖြစ်တော့၏။

တဒိန်းဒိန်းသေနတ်သံကြောင့် ထိန်ပင်ထိပ်ဖျားရှိနေသော ပုတ်သင်ပျံလေးသာလျှင် ကျွန်တော်တို့ရှိရာဘက် ဝေ့ဝဲပျံဆင်းလာသည်ကိုသာတွေ့ရ၏။



ထိုပုတ်သင်ပျံလေးသည် တာခလု၏ပုခုံးထက်တွင် ခြေအစုံကိုတွယ်ကပ်လိုက်ပြီး လျှပ်တပြက်ပင် မြေပေါ်သို့လျှောဆင်းကာ အမှောင်တွင်းဝင်ပြေးသွားတော့၏။

တာခလုကတော့ "မဲမဲကောင်ကြီး မဲမဲကောင်ကြီး" ဟုသာ အော်ဟစ်ရင်း ပက်လက်လန်လဲကျသွားတော့၏။

"တာခလု . . . တာခလု . . . ဘယ်မှာတုန်း မဲမဲကောင်ကြီးဆိုတာ၊ ကျွန်တော်တို့လဲမတွေ့ပါကလား" ဟု သူ့အားပွေ့ပိုက်ထားရင်းမေးနေခြားသူကကြောင်စီစီမျက်နှာဖြင့် ကျွန်တော့်ကိုကြည့်နေ၏။

လင်းမြင့်လှိုင်က ကျွန်တော့်အနားရောက်လာပြီး တာခလုကိုအသေအချာကြည့်လိုက်၏။ ပြီးနောက် တာခလု ပါးစပ်နားကပ်၍ သူ့နှာခေါင်းဖြင့်ရှူ့ကာအနံ့ခံလိုက်ပြီး -

"ဟုတ်ပြီ ကိုပိုက်၊ ကျွန်တော်သိပြီ၊ ပိုသေချာအောင်" ဆိုပြီး တာခလုနဘေးရှိ ဆေးလိပ်တိုကို ကောက်ယူနမ်းလိုက်ပြန်၏။ သည့်ပြင် တာခလု၏ပုဆိုးခါးပုံစကို ဖြေလိုက်ကာ အတွင်းရှိသတင်းစာစက္ကူပိုင်းဖြင့် ထုတ်ထားသည့် ပစ္စည်းကိုဖြန့်ကြည့်နမ်းလိုက်ပြန်၏။ ပြီးလေမှ ပြုံးလျှက် -

"လက်စသတ်တော့ တာခလုက ဆေးသမားပဲ၊ ဒီကောင်ဆေးကြောင်ပြီး မဲမဲကောင်ကြီးလို့ပြောနေတာဗျ၊ တကယ်တော့ ဘာကောင်မှ မဟုတ်ဘူး" ဟုပြောလာသဖြင့် ကျွန်တော်သည် တအံ့တဩဖြစ်သွားကာ-

"ဘယ်လို ဘယ်လို ရှင်းပါဦးဗျာ" ရယ်လို့မေးလိုက်၏။

"ဒီကောင်က ဆေးခြောက်သမားဗျ၊ ဒီကောင်ညနေကလဲ တစ်ယောက်ထဲ ဆေးချပြီးကြောင်သွားတာဗျ၊ ခုလဲကျွန်တော်တို့ အိပ်ပြီးမှပြီး ဆေးခြောက် ထရှူရင်းကြောင်သွားတာ၊ ညဦးက သူ့ကို ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်ခွက် တိုက်လိုက်တော့ နှစ်ပင်လိမ်ဖြစ်ပြီး ပိုဆိုးသွားတာပေါ့။ သည်တော့ သူ့ မျက်စိထဲမှာ ပုတ်သင်ပျံလေးကို မဲမဲကောင်ကြီးရယ်လို့ စွဲလန်းမြင်ပြီးပြောနေတာ"

လင်းမြင့်လှိုင်က သို့နှယ်ဂဃနဏရှင်းပြလေမှ ကျွန်တော်သဘောပေါက်သွားသည်။

သို့ တာခလုအကြောင်းသိလိုက်ရသည်ကြောင့် ရှေ့လျှောက်သူနှင့် ခရီးဆက်၍မဖြစ်တော့မှန်းသိသဖြင့် ကျွန်တော်တို့နှစ်ယောက်သည် တောင်ဆိတ်ပစ်မည့်အစီအစဉ်ကို ဖျက်လိုက်ကာ နောက်တစ်နေ့နံနက်တွင် ပျဉ်းမကုန်းရွာသို့ပြန်ခဲ့ကြတော့သည်။

(အနုပညာကြေးမုံမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၁ ခုနှစ်)

# သံမဏိနှလုံးသားပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com

# သံမဏိနှလုံးသားပိုင်ရှင်

'ဒီမယ် ဦးဘကြူ ခင်ဗျားစိတ်ကိုလျှော့လိုက်ပါဗျာ၊ ကောင်လေးက ခင်ဗျားလက်သပ်မွေးထားတဲ့ တပည့်ပေပဲမဟုတ်လား၊ မသိနားမလည်တဲ့ ကလေးဆိုတော့လဲ သူများစကားနားယောင်၊ သူများမြှောက်ပင့်ပြောတိုင်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်စမြဲမဟုတ်လားဗျာ'

ကျွန်တော်က ဦးဘကြူတစ်ယောက် သူ့စိတ်ကိုထိမ်းချုပ်ထားရန် ဖျောင်းဖျလိုက်သည်။ ဒေါသအလျှောက် စိတ်လိုက်မာန်ပါ လုပ်လိုက်လျှင် နစ်နာဆုံးရှုံးမှုတွေနှင့် ကြုံရမည့်သူမှာ မောင်စိုးပင်ဖြစ်ချေတော့၏။

'ဒါတော့ဒါပေ့ါ ကိုပိုက်ရာ ခုဟာက တပည့်ရင်းချာကိုယ်တိုင်က နင်ပဲ ငဆာပြန်ခံပြောလာလို့ ဒေါသထွက်သွားရတာပါ၊ အရင်က စိတ်မျိုးနဲ့သာဆိုရင် ကျုပ်သေနတ်ပြောင်းဝကနေ တဟုန်ထိုးမြည်ဟီးထွက်သွားတဲ့ ခဲသီးကျည်ဖူးဟာ ဒီကောင့် နဖူးတည့်တည့်ဖေါက်ဝင်သွားလောက်ပြီ'

မေးကြောကြီးထောင်ကာ အံကြိတ်ပြောလာသည့် သူ့စကားသည် ကြက်သီးမွေးညင်းထလောက်ပေ၏။



'ကဲ ဦးဘကြူ ဒီကိစ္စနဲ့ပါတ်သက်လို့ . . . '

လင်းမြင့်လှိုင်က ပြောလာသဖြင့် ကျွန်တော်က ဦးဘကြူမည်သို့ ခွန်းတုန့်ပြန်လာမည်ကို နားစွင့်လို့သာနေလိုက်၏။

'ကျုပ် ခွင့်မလွှတ်နိုင်ဘူး'

'ဗျာ'

'ဟင်'

ကျွန်တော်နှင့် လင်းမြင့်လှိုင် ထိတ်လန့်သွားမိ၏။ သို့ဖြစ်၍ . . .

'မဖြစ်နိုင်တာ ဦးဘကြူရယ်၊ သူ့ဟာသူ ပြောချင်တာပြောပါစေ၊ ကိုယ်ကလူကြီးတစ်ယောက်ပဲ ခွင့်လွှတ်လိုက်ပါဗျာ၊ ကိုယ်လုပ်ရင်သူ ဒုက္ခရောက်သွားမှာပေ့ါ၊ အဲဒီအခါ ပတ်ဝန်းကျင်က ဦးဘကြူကိုပဲအပြစ်ပြောသာကြတော့မှာ၊ လူကြီးဖြစ်ပြီး ကလေးကိုအနိုင်ကျင့်တယ်လို့ပေ့ါနော်'

သို့နှယ်ဖျောင်းဖျနားချသော်ငြား ကျွန်တော့်စကားအောင်လိမ့်မည်ဟုထင်ပါချေ။ ဘယ့်တွက်မူ ဦးဘကြူစိတ်ဓါတ်ကို ကျွန်တော်အသိဆုံးမို့ပင်။

ဦးဘကြူသည် သံပုရာခုံရွာသား မုဆိုးကျော်ကြီးဖြစ်သည်။ သူ့စိတ်ဓါတ်ကား ခြသေ့်ပမာပင်ဖြစ်ချေ၏။ သားကောင်ကြီးသည် ငယ်သည်ခွဲခြား၊ ဖမ်းဆီးသတ်ဖြတ်ရာတွင် တစ်ပြေးညီခွန်အားစိုက်ထုတ်တတ်၏။ ရှက်ဆိတ်တစ်ကောင်ကိုပင် ခွန်အားစိုက်ထုတ်ကာ ဖိသတ်သူဖြစ်၏။ ထို့ကြောင့် -

'သားကောင်ငယ်လေးအတွက် အဲဒီလောက်ခွန်အားတွေ စိုက်ထုတ်ဖို့ လိုအပ်ပါဘူးဗျာ' ဆိုလာသူရှိပါက

'ဘယ့်နှယ်မလိုရမှာတုန်းဗျ သားကောင်ကိုရဖို့အဓိကလေ၊ လိုအပ်တာထက် ခွန်အားနှစ်ဆသုံးရသုံးရ အဆနှစ်ဆယ်သုံးရပါစေဗျာ၊ အရေးကြီးဆုံးက ကျုပ်လက်ကလွတ်မိုးထိုးစံမရှိစေရဘူး'

www.burmeseclassic.com



'ကိုဘကြူးရယ် မိန်းမသားတစ်ယောက်ကို အဲဒီလောက် ဂရုစိုက်စရာမလိုပါဘူး၊ အဲဒီလောက်ကြီးလဲ ရက်ရက်စက်စက် မလုပ်သင့်၊ အမြင်အတေးမထားသင့်ပါဘူးဗျာ' ပြောလာကြပြန်လျှင်လည်း -

အဲဒါတွေခက်တာပေါ့ဗျာ 'မ'ဖျက်ရင် 'ပြည်' ဖျက်နိုင်သဗျ ပြိုင်ဘက်ယောကျ်ားသားတစ်ယောက်လို ဂရုတစိုက်လေ့လာအကဲခတ်သုံးသပ်နေသင့်တယ်၊ 'မိန်းမမာယာသဲကိုးဖြာ' တဲ့လေ၊ ဒါကြောင့် ကျုပ်တော့ယောကျ်ားပြိုင်ဘက်တစ်ယောက်လိုပဲ သဘောထားတယ်'

ဦးဘကြူးကား ထိုသို့သော လူစားဖြစ်သည်။ သို့ပေမင့် သူ့ဘက်ကမှားနေလျှင်မူ ခယတိုးလျှိုးတောင်းပန်ဝန်ခံရမည်ကို ရှက်ရွံ့ကြောက်တတ်သူမဟုတ်ချေ။

ယခုမူ ဦးဘကြူးတစ်ယောက် အသက် (၇၀) ရှိချေပြီ။ အမဲလိုက်တုန်းဖြစ်၏။ လင်းမြင့်လှိုင်၊ ကျွန်တော်နှင့်အတူ ဦးဘကြူးသည် သူ၏တပည့်ကျော်မောင်စိုးကို ခေါ်၍အမဲပစ်ထွက်ခဲ့ကြခြင်းဖြစ်၏။

မောင်စိုးသည် ဦးဘကြူး၏ တပည့်ကောင်းပီသလှပေ၏။ ကျွန်တော်တို့ တွေ့ဖူးကြုံဖူးသည့် လူငယ်မုဆိုးများတွင် အတော်ဆုံးဟူ၍ပြောရလောက်အောင် စွမ်းရည်ပြည့်ရှိသူဖြစ်သည်။

သို့ပေငြား ချီးမွမ်းခံရလွန်းလေတော့၊ သူ့ကိုယ်သူအထင်ကြီး အောက်ခြေလွတ်ဘဝင်လေဟပ်သွားတော့၏။ ဒီကောင်လေးသည့်နှယ်ဖြစ်သွားရသည်မှာလည်း သူ့ဆရာ ဦးဘကြူးကြောင့်ပင်ဖြစ်ချေ၏။

ပတ်ဝန်းကျင်မှ ချီးမွမ်းသံသည် သာမန်ကာလျှံကာ၊ သူ့ဆရာဦးဘကြူးကား 'ဇမ္ဗူတလူ သူမှသူ' ရယ်လို့ ချီးမွမ်းနေသည်က များများဆိုလေတော့ မောင်စိုးတစ်ယောက် သူ့ကိုယ်သူ လွန်မင်းစွာ တော်ချည်ရဲ့ဟု



အမှတ်စွဲသွားလေတော့၏။ ဦးဘကြူးတစ်ယောက် သူ့တပည့်ကိုသူဖျက်ဆီးလိုက်ခြင်းဖြစ်သည်။ မည်မျှထိ ဖျက်ဆီးသွားပါသနည်းဆိုပါလျှင် မိဘသဖွယ်သွန်သင်ဆုံးမရှာဖွေကျွေးမွေးခဲ့သည့် ဆရာရင်းကိုပင် ပြိုင်ဘက်တစ်ယောက်နှယ် စိမ်ခေါ်လာချေပြီဖြစ်တော့၏။ ထိုသို့ဖြစ်လာရခြင်းဇာတ်လမ်းအစကား ဤသို့နယ်ဖြစ်သည်။

ဦးဘကြူးတစ်ယောက် အသက်ကလေးကလည်း ထောက်လာ၊ သူ့တို့ပတ်ဝန်းကျင်တောတစ်ခွင်မှာလည်း သားကောင်က ရှားပါးလာလေတော့စားကျက်သစ်ရှာတောပြောင်းကြရပေတော့မည်။

'ဦးဘကြူး ကျုပ်တို့စားကျက်တောထဲကို ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက်လာပစ်ကြပါကလား၊ သားကောင်တွေပေါသဗျာ၊ ခင်ဗျားနဲ့ကျုပ်ရတဲ့ သားကောင်ဆတူခွဲဝေယူကြတာပေါ့ဗျာ' ရယ်လို့ အထက်တောတွင် ကျက်စားနေသည့် မုဆိုးကြီး ဦးဖြူရှမ်းက ကမ်းလင့်လာချေ၏။ ဤတွင်ဦးဘကြူးက လူငယ်လေးမောင်စိုး၏ရှေ့ရေးကို တွေးဆကာလက်ခံလိုက်၏။ သားကောင်ရှားသည့်နေရာတွင် ဘာလို့စားကျက်ချနေတော့မည်နည်း။ သို့ကြောင့် မုဆိုးဦးဖြူရှမ်းနှင့် တွဲဖက်၍ စားကျက်ချကြလေတော့၏။ ဦးဖြူရှမ်းကား အမဲလိုက်တော်သော မောင်စိုးကို အင်မတန်သဘောကျသွား၏။

ဦးဘကြူးကား အသက်အရွယ်လည်းရလေပြီမို့ နားနားနေနေနေလိုက်၏။ တပည့်ကျော်မောင်စိုးကိုလည်း ယုံကြည်အားထားရချေပြီကိုး။ ဤတွင် အမဲပစ်ထွက်တိုင်း မောင်စိုးနှင့်ဦးဖြူရှမ်းသာ ပူးတွဲရှိနေတတ်သည်။ အခါတွင် ဦးဖြူရှမ်းတစ်ယောက် စည်းဖောက်လာချေတော့၏။ မောင်စိုးအား ပင့်လုံးမြှောက်လုံးများပေးကာ တစ်နေကုန် တစ်နေခန်း အမဲပစ်

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတော့၏။ မောင်စိုးကား ဦးဖြူရှမ်း၏ပင့်လုံးမြှောက်လုံးများကြားတွင် မျောပါသွားတော့၏။

'မင်းလောက်တော်တဲ့ မုဆိုး ငါမကြုံဖူးဘူးကွာ'

'မင်းဆရာထက် မင်းသာလိမ့်မယ်ထင်တယ်' ဆိုသည့်စကားကိုတော့ နေ့တိုင်းပြောလေ့ရှိ၏။

'နေ့တိုင်းအမဲပစ်ထွက်ရင် ပင်ပမ်းပါတယ်ကွာ၊ တစ်ပတ်သုံးရက်လောက်ဆိုတော်ပါပြီ' ဆိုပေမင့် ထိုသုံးရက်အတွင်း သားကောင်များ ပစ်ပေးရသော မောင်စိုးတစ်ယောက် နားရက်နှင့်မမျှပင်ပမ်းလှချေ၏။ ဦးဘကြူးကမူ 'မောင်စိုး အမဲပစ်လျှင်ဖြင့် မုဆိုးစည်းမဖောက်နဲ့နော်' ဆောင်ရန်၊ ရှောင်ရန်ကိုအမြဲနှလုံးသွင်းထားချေ။လောဘမကြီးနဲ့ဗား လောက်ရုံ ဖူလုံလျှင်ဖြင့် တော်ပြီပေါ့၊ ကိုယ်လဲသက်သာတယ်၊ ကြားလား' ဆိုတော့ 'ဟုတ်ကဲ့'ပေါ့။ ပြီးတော့ ဦးဖြူရှမ်းမြှောက်ပင့်ခိုင်းတာမှန်သမျှ ဖြစ်အောင်လုပ်ပေးချေတော့၏။ ဇီးရှိသော သားကောင်ကိုပစ်ခတ်သတ် ဖြတ်၏။ ဘေးမဲ့တောထဲဝင်ကာ အမဲလိုက်၏။

ဤသတင်းကို ဦးဘကြူးပြန်ကြားသဖြင့် မေးမြန်းပြောဆိုလေသည့် အခါ 'စိတ်ချပါဆရာရယ်၊ ကျွန်တော့်ကိုမတရားခိုင်းရင်ဆရာ့ကို ပြန်ပြောမှာပေါ့' ရယ်လို့ပြောခဲ့ငြား။ နောက်ကွယ်တွင် ဦးဖြူရှမ်းစေခိုင်းလေသည့် အတိုင်း တသွေမတိမ်းလုပ်ဆောင်ပေးနေချေတော့၏။

တစ်နေ့သူတို့နှစ်ယောက် အမဲပစ်ထွက်ရာနောက်သို့ ဦးဘကြူး တစ်ယောက် ခြေရာခံလိုက်သွားတော့၏။ သူမသက်သည့် အတိုင်းပင် ဦးဖြူရှမ်းက မောင်စိုးကို ဇီးရှိသော ဒရယ်မကြီးတစ်ကောင်ကို ပစ်ခိုင်းလေ သည့်ကြောင့် -



'ဟိတ်ကောင် မောင်စိုး မပစ်နဲ့' ဟူ၍ အချိန်မီဟန့်တားလိုက်တော့၏။

ရုတ်တရက် သူတို့အနားရောက်လာသည့် ဦးဘကြူးကို မောင်စိုးကော ဦးဖြူရှမ်းပါ အံ့သြတကြီးလှည့်ကြည့်လိုက်ကြ၏။

'ဒီမယ် ဦးဖြူရှမ်း၊ ခင်ဗျား ကျွန်တော့်တပည့်လေးကို မဖျက်ဆီးပါနဲ့ဗျာ၊ ဒီကောင်လေးကို မြှောက်ပင့်ပြီး မဟုတ်မဟပ်တွေ မလုပ်ခိုင်းပါနဲ့'

သူတို့လူမိသွားသည်ကြောင့် ဦးဖြူရှမ်းတစ်ယောက် ရှက်သွားကာ-

'အိုဗျာ ကျုပ်ဘာတွေ မဟုတ်မဟပ်လုပ်ခိုင်းလို့တုန်း' ဟူ၍ပြန်ပြောခဲ့ပေမင့် . . ဦးဘကြူးက -

'ခင်ဗျားအကြောင်း ခင်ဗျားအသိဆုံးမို့ ထပ်မပြောတော့ဘူး၊ အဲ မောင်စိုး မင်းငါနဲ့ပြန်လိုက်ခဲ့ချေ' ဆိုလိုက်တော့ မောင်စိုးတစ်ယောက် -

'ဘာဗျ ကျွန်တော့်ကို အမိန့်ပေးနေတာလား' ရယ်လို့တောင် ပြန်ပြောလာသဖြင့် ဦးဘကြူးတစ်ယောက် ဒေါသထွက်သွားကာ 'အောင်မယ် မင်းကငါ့ကိုတောင်ပြန်အော်လာနိုင်တဲ့အဆင့်ရှိနေပြီပေါ့ ဟုတ်လား' ရယ်လို့ ပြောပြီး ဦးဖြူရှမ်းဘက်လှည့်လိုက်ကာ 'ခင်ဗျား ကျုပ်ကောင်လေးကို စည်းရုံးသိမ်းသွင်းနိုင်တာ ချီးကျူးပါတယ်၊ နို့ပေမင့် ကျုပ်ခင်ဗျားဆီမှာ ဒီကောင်လေးကိုမထားခဲ့နိုင်ဘူး၊ ခင်ဗျားစီးပွားရေးတစ်ခုတည်းအတွက် ဒီကလေးကို မပျက်ဆီးစေရဘူး၊ ဒီတော့ ကျုပ်တို့လမ်းခွဲကြမယ်၊ ကဲ မောင်စိုး မင်းဘာမှလုပ်မနေနဲ့တော့ ခုငါနဲ့ပြန်လိုက်ခဲ့၊ ဒါပဲ၊ ဒါငါ့အမိန့်' ခပ်မာမာ ခပ်ထန်ထန်ပြောလိုက်လေတော့မှ မောင်စိုးတစ်ယောက်နှုတ်မှ 'ဒါ သက်သက် ကျွန်တော့်ကို အနိုင်ကျင့်တာ' ဆိုပြီး ဦးဘကြူးနောက်မှ ယိုးယိုးလေး လိုက်ခဲ့ပေငြား မကျေနပ်သော မျက်နှာပေးဖြင့် စူပုပ်နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘကြူးကမူ မသိယောင်ဆောင်နေလိုက်၏။

သည့်နောက်ပိုင်း ဦးဘကြူးနှင့် မောင်စိုးတို့သည် သူတို့၏မုရင်းတောအုပ်မှ စားကျက်ပြန်ချလိုက်ကြတော့၏။ နှစ်ဝမ်းနှစ်ခါးတော့ဖြင့် ဖူလုံပေ၏။

တကယ်တော့ ဦးဖြူရှမ်းနှင့် သွားရောက်ပူးပေါင်းခြင်းသည် မောင်စိုး၏ရှေ့ရေးအတွက်ဖြစ်ချေ၏။ ယခုမူ မောင်စိုးတစ်ယောက် အကျင့်ပျက်ခဲ့ရပေ၏။ အချိန်မီတားနိုင်သဖြင့် တော်သေး၏ဟု တွက်လိုက်ပြီး မောင်စိုးကသူ့အပေါ် အမြင်ကြည်လင်ပုံမရ။ ဟက်ဟက် ပက်ပက်မရှိ လေတော့ ပြောသမျှ ခေါင်းငြိမ့်၊ ခိုင်းတာလုပ်ရုံသာဖြစ်၏။ သည့်တွက် ဦးဘကြူးစိတ်မကောင်းဖြစ်ရသည်။ သူ့စေတနာကိုနားမလည်သေး၍ ဟု၍သာ မှတ်လိုက်ပြီး သားတပည့်ရယ်လို့သတ်မှတ်ထားဆဲဖြစ်လေ၏။ သို့ပြား မောင်စိုးကား အခွင့်အရေးကိုချောင်းကာ ရမယ်ရှာနေ၏။

မနေ့က ကျွန်တော်တို့ အမဲလိုက်ထွက်ခဲ့ကြသည်။ ဤတောတွင် အမဲရှားလေသည်ကြောင့် ခက်ခက်ခဲခဲ ပင်ပင်ပမ်းပမ်းအမဲရှာရင်း အထက်တောနားရောက်လာ၏။ သည်တွင် ဦးဘကြူးက 'ကဲ ကိုပိုက် အမဲမရလဲနေချေတော့ဗျာ၊ ကျုပ်တို့ပြန်ကြစို့' ပြောလာသဖြင့် 'ကောင်းပြီလေ' ဟု ကျွန်တော်က သဘောတူချက်ပေးကာ ထိုနေရာမှ ပြန်အလှည့်တွင် -

'နေပါဦး ဆရာရဲ့ ဟိုမယ်ဝက်ဝံတစ်ကောင် ပျားအုံနှိုက်နေလို့' ဆိုပြီး မောင်စိုးက ပြောလာသဖြင့် ကျွန်တော်တို့သည် နောက်ကြောင်းပြန်လှည့်ကြည့်လိုက်၏။

'မောင်စိုး မပစ်နဲ့လာခဲ့'

ဦးဘကြူးက မောင်စိုးကိုမြင်လိုက်သည်နှင့် လှမ်းခေါ်လိုက်၏။



'ဘာလို့တုန်းဗျ'

မောင်စိုးက မကျေနပ်သံဖြင့် ပြန်မေးသည်တွင် -

'ဘာဖြစ်ရမှာတုန်း မင်းအခုရောက်နေတဲ့ နေရာက အထက်တောဘက်အခြမ်း၊ မင်းပစ်မယ့်ဝက်ဝံက အထက်တောထဲမှာရှိနေတဲ့သားကောင်၊ ဒါကြောင့် မပစ်ခိုင်းတာကွ၊ ငါ ဦးဖြူရှမ်းနဲ့စကားမပြောချင်ဘူး'

'ဘာဆိုင်တုန်းဗျာ ဦးဖြူရှမ်းက အဲဒီလောက်သဘောထားမသေးပါဘူး၊ ဒီကိစ္စနဲ့ပတ်သက်လို့ပြောမှာ မဟုတ်ပါဘူး၊ ကဲထားဗျာ ကျွန်တော်ပစ်တာပါဆိုလျှင်ဖြင့် ဘာမှပြောမှာမဟုတ်ဘူး' ဆိုတာ သူ၏သေနတ်ပြောင်းကို ဝက်ဝံရှိရာသို့ ထိုးချိန်လိုက်တော့၏။

'ဟိတ်ကောင် ငါပြောတာမကြားဘူးလား၊ မပစ်နဲ့ဆိုမပစ်နဲ့ကွာ'

ဦးဘကြူးဒေါသတကြီးဖြင့် လှမ်းအော်လိုက်သံဆုံးသည်နှင့် 'ကောင်လေးပစ်ချေကွာ၊ ငါကမင်းဆရာ ထင်သလိုသဘောပုပ်တဲ့သူ မဟုတ်ပါဘူးကွာ၊ ကဲ ကဲ ပစ်ချေ ငါခွင့်ပြုတယ်' ရယ်လို့ အေးဆေးတည်ငြိမ်သည့်အသံက ကျွန်တော်တို့နောက်ကွယ်မှ ပေါ်ထွက်လာသဖြင့် လှည့်ကြည့်လိုက်သည်။

အမ် ၂၂ ရိုင်ဖယ်ကို ပုခုံးထက်ထမ်းလျက် တစ်လှမ်းခြင်းလျှောက်လာသည့် ဦးဖြူရှမ်းကိုတွေ့လိုက်ရ၏။

'ဒိန်း'

ထိုစဉ်မှာပင် မောင်စိုးက ဝက်ဝံကောင်ကို ပစ်သတ်လိုက်၏။

'တောက် . . . လူပါးဝတဲ့ကောင် ငါ့ကိုအာခံတယ်'ဆိုကာ ဦးဘကြူးက သူ့လက်တွင်းမှသေနတ်ဖြင့် မောင်စိုးထံသို့ လှမ်းချိန်လိုက်သည်ဖြစ်၍ 'ကိုဘကြူး မလုပ်နဲ့ မလုပ်နဲ့ ဒေါသတိုထိန်းပါဗျာ မြှသနားမလုပ်ပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ ကျွန်တော်က သူ့သေနတ်ပြောင်းဝထိပ်ပြေးကာ ရပ်လိုက်၏။

လင်းမြင့်လှိုင်လည်း လှစ်ကနဲဆိုသလို ဦးဘကြူးအနားရောက်သွားပြီး သူ့လက်တွင်းမှ သေနတ်ကိုချော့မော့ပြောဆိုဆွဲယူထားလိုက်တော့၏။ ဦးဖြူရှမ်းကား ရိပြုံးပြုံးလျက် -

'ခင်ဗျား ချာတိတ်က သိပ်တော်တယ်ဗျာ၊ ချီးကျူးပါတယ်၊ ဘာလို့များဒီကလေးလက်ပျက်အောင် ဦးဘကြူးကလုပ်ချင်ရတာတုန်း' ဆိုလာသည်ကြောင့် -

'ခင်ဗျားဘာကိုဆိုလိုချင်တာလဲ' ရယ်လို့ လင်းမြင့်လှိုင်က မေးလိုက်သည်တွင် -

'ဒီလောက် သေနတ်ပစ်ကျွမ်းကျင်လက်ဖြောင့်တဲ့ ကလေးက အရွယ်လေးရှိတုန်း သားကောင်များများပစ်ပြီး စီးပွားရှာပါစေလားဗျာ၊ သူ့ရဲ့ စီးပွားတက်လမ်းဘာလို့ ပိတ်ပင်ထားချင်ရတာတုန်း၊ သားကောင်ရှားတဲ့ တောမှာခေါ်ထားတော့ သားကောင်များများမပစ်ရတော့ဘူးပေါ့၊ သားကောင်များများမပစ်ရတော့ အလေ့အကျင့်ကပြတ်ပြီး လက်ပျက်မသွားနိုင်ပေဘူးလား၊ ဒါကြောင့် ကလေးကို ခင်ဗျားချုပ်ကိုင်မထားသင့်တော့ဘူး၊ ဘာလဲ ဒီကလေးမရှိရင် ခင်ဗျားတော်မှာစိုးလို့လား၊ မပူပါနဲ့ ကလေးကိုကျုပ်ဆီမှာသာထား ခင်ဗျားအတွက် သားကောင်တစ်ကောင် မှန်မှန်ပို့ပေးမယ်လေဗျာ၊ ဟဲ . . . ဟဲ ကျေနပ်နိုင်မလား'

'တောက်'

ဦးဘကြူးဒေါသထွက်သွား၏။ ကျွန်တော်ပင် ဦးဖြူရှမ်းကို ရွံမုန်းသွားမိ၏။ စော်ကားရဲလေခြင်း။

'ကဲ . . လာပါဗျာ ပြန်ကြစို့' စကားနဲ ရန်ဆဲဖြစ်စေရန် ကျွန်တော်က ဦးဘကြူးကို ချော့မော့ခေါ်လိုက်၏။



'ကဲ မောင်စိုး မင်းလဲလိုက်ခဲ့တော့'

မောင်စိုးကိုပါ ခေါ်လိုက်၏။

'ကျွန်တော်မလိုက်တော့ဘူး၊ ဦးဖြူရှမ်းနဲ့ပဲနေခဲ့တော့မယ်'

'ဘာကွ'

မောင်စိုးစကားကြောင့် ဦးဘကြူးတစ်ယောက် ယမ်းပုံမီးကျဖြစ်သွားပြန်၏။

'ကျွန်တော်မလိုက်တော့ဘူး၊ ဦးဖြူရှမ်းပြောသလို ကျွန်တော်အခွင့်အခါသင့်တုန်း အမဲတွေများများပစ်မယ်၊ အမဲများများပစ်ဖို့တွက် အမဲရှိတဲ့တောမှာပဲ နေသင့်တာပေါ့၊ သားကောင်မရှိတဲ့ တောထဲနေနေလို့ကတော့ ကျွန်တော်စီးပွားဖြစ်မှာမဟုတ်ဘူး၊ အလေ့အကျင့်ပြတ်ခဲ့လျှင်လည်း လက်ပျက်သွားနိုင်တယ် ဒါကြောင့်'

'အေး တောင်ပို့ကို ဘုရားမှတ်ပြီးမင်းက ကိုးကွယ်ချင်နေသကိုး'

'ထင်ချင်ရာထင် ကျွန်တော့်ဆုံးဖြတ်ချက်မပြင်တော့ဘူး'

ဆရာတပည့်နှစ်ယောက် ပဋိပက္ခဖြစ်နေသည်ကို ဦးဖြူရှမ်းတစ်ယောက်တစ်ခွန်းမျှဝင်မပြောသော်ငြား သူ့ရင်တွင်းခံစားချက်ကား သူ့မျက်နှာ၌ ဝင်းလက်စွာထင်ဟပ်နေလေတော့၏။

'မင်းဘဝရှေ့ရေးတွက် ငါရင်လေးသကွာ'

ဦးဘကြူးတစ်ယောက် ဒေါသတွေပျောက်ပြယ်သွားပြီး၊ နာကျည်းချက်ဖြစ်ပေါ်လာသည်ကြောင့် သို့နှယ်ပြောလိုက်သည်တွင် -

'ရင်လေးမနေပါနဲ့ သေနတ်ကို ကျွမ်းကျင်လိမ္မာကိုင်တွယ် အသုံးချတတ်နေပြီပဲ ပူမနေပါနဲ့'

'အေး အဲဒီ ပညာငါသင်ပေးထားတာမဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား သင်ယူလို့ တတ်ထားတယ်၊ ကျွမ်းကျင်ဖို့ကတော့ ကိုယ်နှိုက်ကြိုးစားမှုဖြစ်တာပါ၊ '

'အော် မင်းကငါသင်ပေးထားတဲ့ ပညာတွေအကုန်ရသွားပြီဆိုတော့ အားခံပြီပေါ့'

'ဟား . . ဟား . . ဟား ဆရာက အတော်ရယ်ရတာပဲ၊ ဆရာသင်ပေးတဲ့ ပညာအကုန်လောက်ပဲ ကျွန်တော့်မှာရှိတယ်လို့ထင်ရင် မှားသွားမပေါ့'

သို့ပြောရင် မောင်စိုးက ကျွန်တော်တို့အနားကပ်လာပြီး တိုးတိုးလေးဖြင့် -

'ဆရာသင်ပေးထားတဲ့ ပညာအကုန်အပြင် ရှိသေးတယ်ဆိုတာ သိချင်လျှင်ဖြင့်ပညာပြိုင်ကြတာပေါ့၊ ဒါမှဆရာ့ပညာကုန်အပြင်ကျွန်တော့်မှာဘာရှိသေးလဲ သိရမှာလေ ဟဲ . . ဟဲ'

'ဘာကွ မင်းဘာကိုဆိုလိုတာလဲ ပွင့်ပွင့်လင်းလင်းပြောကွာ'

လင်းမြင့်လှိုင်က ခပ်ဆတ်ဆတ်မေးလိုက်၏။

'ဒီလိုလေ ဦးလင်းရဲ့ ဆရာကကျွန်တော့်ကို ပညာအကုန်ပေးလျှင်ဖြင့် ပြိုင်ကြတဲ့အခါ သရေဖြစ်မှာပေါ့ ဟုတ်လား၊ အကယ်၍ ကျွန်တော်ရှုံးခဲ့ရင် ဆရာက ကျွန်တော့်ကို ပညာကုန်မပေးလို့ဘဲ ဆရာစားချန်လို့ပေါ့ အကယ်၍ကျွန်တော်က နိုင်ခဲ့ရင် ဆရာတတ်ထားတဲ့ ပညာထက် ပိုသာတဲ့ ပညာကျွန်တော့်မှာရှိထားလို့ရယ် တွက်လို့ရမပေါ့နော် ဟဲ . . ဟဲ . . ဟဲ'

သို့ပြောရင်း မောင်စိုးသည် ဦးဖြူရှမ်းထံသို့လျှောက်သွား၏။

'ဒီပွဲဖြစ်အောင် စီစဉ်ပေးပေါ့ဗျာ' ဟုပြောလိုက်သည်။



'ဟိတ်ကောင် မောင်စိုး ကိုယ့်ဆရာကို ကိုယ်အဲလိုမပြောရဘူးကွ ဟင်း . . ဟင်း . . ဟင်း . . အေးလေ ဆရာ့ထက် ဘယ်လောက်လက်စောင်းထက်သလဲဆိုတာ ငါလဲကြုံဖူးချင်သကွာ' ရယ်လို့ ဦးဘကြူးကို ရိသလို ကလိသလို စောင်းမြောင်းပြောလေ၏။

'ကဲ . . လာပါ ဦးဘကြူးရာ ဒီကောင်လေး သူ့ထိုက်နဲ့သူ့ကံနေပလေ့စေ' ဆိုကာ ကျွန်တော်နှင့် လင်းမြင့်လှိုင်က ထိုနေရာမှနေ၍ ဦးဘကြူးကိုအတင်းဆွဲခေါ်လာခဲ့ကြတော့၏။

'ပြိုင်ချင်စိတ်ရှိရင် နက်ဖြန်ဒီလာခဲ့ချေဗျာ၊ မွန်းတည့် ၁၂ နာရီ မထိုးမီလာခဲ့၊ ၁၂နာရီတိတိကနေစပြီး ကျွန်တော်တို့နှစ်ယောက်တည်း ပြိုင်ပွဲစကြမယ်၊ ကိုယ့်ကို အန္တရာယ်ပေးလာနိုင်တဲ့ သားကောင်တစ်ကောင်ကို ဦးဆုံးပစ်ခတ်နိုင်သူက အနိုင်သမား၊ ဟုတ်ပြီလား ဆရာ မလာရင်လဲရတယ်နော် ဟဲ . . . ဟဲ . . . ဟဲ '

'ဟား . . . ဟား . . ဟား . . . ဟား'

မောင်စိုးနှင့် ဦးဖြူရှမ်းတို့ ရယ်မောသံကား ကျွန်တော်အတွက် နားခါးလှပေတော့၏။

'ကိုပိုက် မောင်စိုး ဘာကိုဆိုလိုတာတုန်း ကိုယ့်ကိုအန္တရာယ်ပေးလာနိုင်တဲ့ သားကောင်တစ်ကောင်ဆိုတာ၊ ကျွန်တော်မရှင်းဘူးဗျာ၊ သူသေကိုယ်သေ သေနတ်ချင်းယှဉ်ပစ်မယ်လို့ပြောတာလား'

လင်းမြင့်လှိုင်က စိုးရိမ်တကြီးမေးလာ၏။

'အင်း အဲဒီလိုလဲဖြစ်နိုင်တယ်၊ နို့မဟုတ် အမဲလိုက်ကြတဲ့အခါ သမင်၊ ဂျီ၊ ဆတ်၊ ဒရယ်လိုအကောင်မျိုးမဟုတ်ဘဲ တောဝက်၊ ဝက်ဝံ၊ ဆင်၊ ဒါမှမဟုတ် ဟင်းကောင်(ကျား) လိုသတ္တဝါမျိုးတွေကို ရှာပစ်ကြနိုင်လဲ ဖြစ်ပေလိမ့်မဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ဦးဘကြူးကော ဘယ်လိုထင်လဲ'

ကျွန်တော့်အမေးကို ဦးဘကြူးတစ်ယောက် မည်သို့ခွန်းတုန့်ပြန်မဖြေဘဲ တွေးငေးလို့သာနေ၏။

သို့ကြောင့် ကျွန်တော်တို့သည် သူ့အားဘာမျှမမေးလေဘဲ စခန်းသို့ ပြန်လာခဲ့ကြတော့၏။

ဦးဘကြူးနှင့် မောင်စိုး၏ဇာတ်လမ်းကား ဤသို့ပင်ဖြစ်ချေ၏။ ကျွန်တော်တို့ကတော့ ထိုစိမ်ခေါ်ပွဲကို မသွားစေချင်။ ဘယ့်တွက်မူ သူသေကိုယ်သေ ပြိုင်ကြမည့်ပွဲဖြစ်နေပါက မည်သို့လုပ်ရမည်နည်း။ တကယ် တမ်းပြိုင်ကြလျှင် ဦးဘကြူးသာမည် မသာမည်ဆုံးဖြတ်ခက်ချေပြီ။

ဦးဘကြူးကား ကျလူ၊ မောင်စိုးကား တက်လူ၊ အရွယ်နှင့်အလေ့ အကျင့်ကစကားပြောပေတော့မည်။

'ဦးဘကြူး စဉ်းစားပါ'

တစ်ညလုံးနားချပြား မရ။

'ဦးဖြူရှမ်းကို ပညာပေးရမယ်' လို့သာပြောနေ၏။

ဦးဘကြူးစကားကြောင့် ကျွန်တော်အတော်ကလေး ထိတ်လန့်သွား၏။ မောင်စိုးကိုပညာပေးရမယ်မပြောဘဲ ဦးဖြူရှမ်းကို ပညာပေးရမယ် ဆိုတော့ ဘုရား . . ဘုရား ကိုယ့်တပည့်ရင်းကိုတောင် ကိုယ်မညှာတော့ ပေဘူးလား။ စိတ်ဆုံးဖြတ်လိုက်ပြီလား၊ ကျွန်တော်ခေါင်းကိုခါရမ်းပြီး 'မဟုတ်သေးဘူးထင်တယ်နော်၊ ဦးဘကြူး စဉ်းစားပါဦးဗျာ'

'ကျုပ် ဆုံးဖြတ်ပြီးပြီ ဒီဆုံးဖြတ်ချက်ကို မပြင်တော့ဘူး၊ ကျုပ်ရဲ့ကိုယ်ကျင့်တရား ကျုပ်ရဲ့ဂုဏ်သိက္ခာ ကျုပ်ရဲ့မာနအတွက် ဒီပြိုင်ပွဲမှာ ကျုပ် အနိုင်ယူရမှဖြစ်လိမ့်မယ်'



'ကဲဗျာ ဒါဖြင့်ရင်လဲ အားရှိသွားအောင် အိပ်ချေတော့၊ မနက် ကျွန်တော်တို့ပါလိုက်ခဲ့မယ်'

သည့်နောက် ကျွန်တော်တို့သုံးယောက် စခန်းတဲပေါ်တွင် ခြေပစ် လက်ပစ်လှဲချလိုက်ကြသည်။ ကျွန်တော်ကား အတော်နှင့်အိပ်၍မပျော် ပါချေ။ မနက်လင်းလုမှ မှေးကနဲ အိပ်ပျော်သွား၏။

'ကိုပိုက် ထတော့လေဗျာ' ရယ်လို့ လင်းမြင့်လှိုင်က လှုပ်နှိုးလာ သည့် အချိန်မတော့ နံနက် ၁၀နာရီထိုးလုပေပြီ။ သို့ကြောင့် ကျွန်တော်တို့သည် ထိုတာလေးဖြင့် စားသောက်ကြပြီး၊ မနေ့ကချိန်းဆိုထားသည့်နေရာသို့ ထွက်ခဲ့ကြ၏။

ထိုနေရာသို့ နံနက် ၁၁ နာရီခွဲလောက်တွင် ရောက်လာခဲ့ကြ၏။ မောင်စိုးနှင့် ဦးဖြူရှမ်းက ကြိုတင်ရောက်နှင့်နေကြပြီး ရယ်မောပျော်ရွှင် နေကြ၏။ ကျွန်တော်တို့သူတို့အနားရောက်သည်နှင့် ဦးဖြူရှမ်းက

'ကဲ ဦးဘကြူး ခင်ဗျားနဲ့မောင်စိုး ပေအစိတ်လော်က်မှာ မျက်နှာချင်း ဆိုင်ရပ်နေကြပါ'

ဦးဖြူရှမ်းစကားကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် မျက်လုံးမျက်ဆံ ပြူးသွားကြသည်။ လုပ်ရက်လိုက်ခြင်းဟု သတ်မှတ်လိုက်၏။

သူသေကိုယ်သေပစ်နိုင်းတော့မှာလားရယ်လို့တော့ဖြင့် မမေးလေ တော့ပါ။ သို့ပြားဦးဖြူရှမ်းက ကျွန်တော်တို့ဖြစ်အင်ကိုကြည့်ပြီး သဘောကျ တစ်ချက်ရယ်လိုက်လျက် -

'ဟား . . . ဟား . . . ဟား သူသေကိုယ်သေပစ်နိုင်းမှာ မဟုတ်ပါ ဘူးဗျ၊ ဒီလောက်လဲ တုန်လှုပ်မနေကြပါနဲ့ သူတို့နှစ်ယောက် မျက်နှာချင်း ဆိုင်နေကြပြီး ၁၂ နာရီထိုးတာနဲ့ ကျွန်တော်က ဟောဒီလက်ထဲမှ တုတ်

www.burmeseclassic.com



ချောင်းကို ပစ်ချလိုက်မယ်။ အဲဒီအခါ သူတို့နှစ်ယောက်က ရပ်နေရာက သွားချင်တဲ့အရပ်ကို သွားပြီး အသက်အန္တရာယ်ပြန်ပြုလာနိုင်တဲ့ သားကောင်တစ်ကောင်ကို ပစ်ခတ်လာခဲ့ရမယ်၊ ဦးဆုံးပစ်ခတ်ရယူလာနိုင်တဲ့သူက နိုင်သူပေါ့ ဟဲ . . ဟဲ . . ဟဲ ကဲ ဦးဘကြူး ခင်ဗျား ဘာပြောချင်သေးလဲ'

ဦးဘကြူးကား ဦးဖြူရှမ်းကို စိမ်းစိမ်းကြည့်လိုက်ခါ ခေါင်းခါရမ်းပြလိုက်၏။ ပြီးနောက် မောင်စိုးကို တစ်ချက်ကြည့်လိုက်၏။ သည်တော့ မောင်စိုးက သူရှေ့ရှိကျွန်းပင်အနားတွင် ကပ်ရပ်လိုက်၏။ ဦးဘကြူးကလည်း မောင်စိုးနှင့်မျက်နှာချင်းဆိုင် ပေအစိတ်အကွာတွင် သွားရပ်လိုက်သည်။

ဦးဖြူရှမ်းက သူ့လက်မှနာရီကို ကြည့်လိုက်သလို ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း လက်မှနာရီကို ကြည့်လိုက်ကြ၏။ ၁၂ နာရီ ထိုးရန် ၁၀မိနစ်လိုသေး၏။

ဦးဘကြူးက မောင်စိုးကို စူးစူးစိုက်စိုက်ကြည့်နေရာမှ မျက်မှောင်ကြုတ်လိုက်၏။ မောင်စိုးကား ဦးဘကြူး၏အကြည့်ဒဏ်ကို မခံရဲ၍ထင်၏ မျက်လွှာချထားရင်းမှ ဇောချွေးများပြန်နေ၏။ ဦးဘကြူးကား မောင်စိုးထံသာစူးစိုက်ကြည့်နေ၏။ သို့ကြည့်ရင်းမှ သူပင် ဇောချွေးများပြန်လာချေ၏။ စိတ်လှုပ်ရှားနေပုံရ၏။ တစ်ခုခုကို စိုးရိမ်နေပုံဖြစ်၏။ နှုတ်ခမ်းများ တဆတ်ဆတ်တုန်နေ၏။ ဇောချွေးပြန်ရုံပင်မက ချွေးသီးချွေးပေါက်များ ပင်ကျလာချေတော့၏။ သူ့ကိုကြည့်၍ ကျွန်တော်မောင်စိုးအတွက် စိုးရိမ်သွားမိ၏။

ဦးဘကြူးတစ်ယောက် နာကျည်းဒေါသဖြင့် မဟုတ်မဟပ်တွေ လုပ်



လာမည်ကို စိုးရိမ်သွားမိသည်။ ဘုရား . . ဘုရား မဖြစ်ပါစေနဲ့ရယ်လို့ ဆုတောင်းမိ၏။ ကျွန်တော်နာရီကိုကြည့်လိုက်သည်။

တစ်မိနစ်သာလိုတော့၏။ ဦးဘကြူးကား မောင်စိုးကိုသာ စူးစိုက်ကြည့်နေ၏။ သားကောင်ကိုသေချာကြည့်၍ ပိုင်လျှင်ပစ်ခတ်လာတော့မည့် ပုံသဏ္ဌာန်ဖြစ်နေ၏။ မောင်စိုးကား ဦးဘကြူးကို စေ့စေ့မကြည့်ရဲ။ သူ့လက်များတုန်ရင်နေတော့၏။ တစ်ခုခုကို တွေး၍ကြောက်လန့်နေပုံဖြစ်၏။

ဦးဘကြူး၏သဏ္ဌာန်ကိုကြည့်၍ ကျွန်တော်သက်ာမကင်းသည်ကြောင့် တစ်ခုခုသတိပေးထိန်းချုပ်စကား လှမ်းပြောရန်ပါးစပ်ပြင်လိုက်စဉ်မှာပင်

'ဘုတ်'

ဦးဖြူရှမ်း၏လက်တွင်းမှ တုတ်ချောင်းသည် သူတို့နှစ်ယောက်ကြား ပြုတ်ကျလာသည်နှင့် တပြိုင်နက် -

'ဒိန်း'

ဆိုသည့် သေနတ်သံတစ်ချက် ရုတ်ချည်းပေါ်ထွက်လာတော့၏။ ဦးဘကြူးက သူ့ရှေ့တည့်တည့်ရှိ မောင်စိုးထံသို့ လှမ်းပစ်လိုက်ခြင်းဖြစ်၏။ ကျွန်တော့်မျက်လုံးများပြာသွားသည်။ ဦးဘကြူးတစ်ယောက် နာကျည်း ဒေါသကြောင့် စည်းဖောက်ချေပြီလား။

'ဒိန်း'

မောင်စိုးထံမှ ကျည်တစ်တောင့်သည်လည်း ဦးဘကြူးရပ်နေရာသို့ ပြင်းသို့စိုက်ကျလာ၏။ ထိုကျည်ထက် ဦးဘကြူးတဝိုက်ရှိမြန်ဆန်စွာ၏ တစ်ဘက်သို့လိုမ့်ရှောင်လိုက်ရင်း မောင်စိုးအနားသို့ လှစ်ထဲပြေးသွားကာ သေနတ်ပြောင်းကို ရင်ဝသို့ထိုးချိန်လိုက်ပြီး -

www.burmeseclassic.com

www.burmeseclassic.com



'မင်းလက်ထဲက သေနတ်ကိုချလိုက်ပါ'

မောင်စိုး လွှန်မင်းစွာထိတ်လန့်သွား၏။ သူ့လက်တွင်းမှ သေနတ်တို့ လွှတ်ချလိုက်ရင်း . . .

'ကျွန်တော့်ကိုသတ်ချင် သတ်လိုက်ပါ၊ ကျွန်တော်သေရဲတယ်၊ ဒါပေမယ့် မသေခင် တစ်ခွန်းပြောခဲ့မယ် ဆရာစည်းဖောက်တယ်၊ ကျွန်တော်တို့ ပြိုင်ပွဲက ဒီလိုမဟုတ်ဘူးလေဗျာ' ဟုပြောလာသည်။

'ဦးဘကြူးက သတ်မှတ်ထားတဲ့ ပြိုင်ပွဲကို မပြိုင်ရဲလို့ လက်ဦးမှုယူပြီး ကောင်လေးကို အနိုင်လိုချင်တာလား၊ ဒါဟာ မရိုးသားဘူးဗျ' ရယ်လို့ ဦးဖြူရှမ်းက ခနဲ့စကားပြောလာပြန်၏။

ဦးဘကြူး၏ လုပ်ရပ်ကို ကျွန်တော်နှင့်လင်းမြင့်လှိုင်ကလည်း မကျေနပ်နိုင်ပါချေ။ သို့ဖြစ်၍

'ဟုတ်တယ် ဦးဘကြူး ခင်ဗျားဟာ လူကြီးတစ်ယောက်လုပ်ပြီး သတ်မှတ်ထားတဲ့ပြိုင်ပွဲကို မပြိုင်ဘဲ ခင်ဗျားတစ်ယောက်ထဲဆုံးဖြတ်ချက်နဲ့ကောင်လေးကို အသေပစ်သတ်ပြီး အနိုင်ယူလိုတဲ့ကိစ္စကို ကျွန်ုပ်တော် ကန့်ကွက်တယ်ဗျာ'

'ဟုတ်တယ် ကျွန်တော်လဲ ကန့်ကွက်တယ်' လင်းမြင့်လှိုင်က ပြောလာပြန်၏။

သည်တွင် ဦးဘကြူးက -

'ကျုပ် ဒီကလေးကိုသေစေချင်မှုဖြင့် ကျုပ်ပစ်သတ်စရာတောင်မလိုဘူး၊ ကျုပ်လက်ပိုက်ကြည့်နေရုံပဲ'

'ဘာဗျ၊ ဘယ်လိုကြောင့်တုန်း'

ကျွန်တော်က သူ့စကားအဲ့သြလွန်း၍ မေးလိုက်သည်တွင် ဦးဘကြူး



သည် သူ့သေနတ်ပြောင်းကို မောင်စိုးကပ်ရပ်နေသည့် ကျွန်းပင်၏ဂလိုင်ခေါင်းအတွင်း ထိုးထည့်ကာ ပြန်ဆွဲနှုတ်ယူလိုက်သည်။

'ဟာ'

'ဟင်'

'အလို'

'ဟာ'

သူပြန်ဆွဲထုတ်လိုက်သည့် သေနတ်ပြောင်းဝတွင် မြွေသေကြီး တစ်ကောင် ပါလာ၏။ ဦးခေါင်းကားမရှိချေတော့။ သေနတ်ကျည်ဖူးထိမှန်ထားလေသည်ကြောင့် ကြေမွဖွာထွက်နေတော့၏။

'ကဲ ဦးဖြူရှမ်း ဒီလောက်ဆိုလျှင်ဖြင့် ခင်ဗျားသဘောပေါက်လောက်ပြီဟုတ်ပလား'

ဦးဖြူရှမ်းတစ်ယောက်ထံမှ မည်သည့်စကားသံမျှ ထွက်ပေါ်မလာတော့ချေ။ မျက်လုံးအဝိုင်းသားဖြင့် ငေးငိုင်နေ၏။

တကယ်တော့ မှန်ကန်သောပြိုင်ပွဲကို ပြိုင်ရင်း သူ့တပည့်လေး၏ အသက်ကို ကယ်လိုက်ခြင်းဖြစ်ချေတော့၏။

ကျွန်းပင်သစ်ခေါင်းပေါက်မှ တောကြီးမြွေဟောက်သည် သူ့ဂလိုင်ရှေ့တွင်ပိတ်ရပ်နေသည့် မောင်စိုးကို ပေါက်သတ်ထွက်ရန်ပါးပျဉ်းထောင်အခွင့်ကောင်းစောင့်နေဆဲမှာပင် ဦးဘကြူးကမြင်လိုက်သည်ဖြစ်၍ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ပွဲသိမ်းအနိုင်ယူလိုက်ခြင်းဖြစ်ချေ၏။ သူဇောချွေးပျံနေခြင်းမှာ အချိန်မကျမီ မြွေကြီးကမောင်စိုးကို လှမ်းပေါက်လိုက်မည်စိုးရိမ်စိတ်ကြောင့်ဖြစ်ပေ၏ဟု သူပြန်ပြောပြ၍ သိရပေသည်။

ဤသို့ဤပုံ၊ ဦးဘကြူး၏ စွမ်းရည်နှင့်သူ့အပေါ် ထားလေသည့် စေတနာကို

www.burmeseclassic.com

www.burmeseclassic.com



မောင်စိုးတစ်ယောက်ရှင်းလင်းတိကျ နားလည်သွားချေပြီဖြစ်၏။ ကျွန်တော်တို့ စခန်းပြန်လာကြသည်တွင် မောင်စိုးတစ်ယောက်နောက်မှ နေ၍ အပြေးကလေးလိုက်ပါခဲ့ချေတော့သည်။

ဤတော့မှ ဦးဘကြူးသည်လည်း ပြုံးရွှင်လာချေတော့၏။

(မှခင်းရှုထောင့်မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၁ ခုနှစ်)

## ဇော ကြောင့်ပင်

www.burmeseclassic.com

www.burmeseclassic.com

# ဇောကြောင့်ပင်

'ကိုပိုက်တို့ အမဲပစ်သွားရင် ကျွန်တော့်ကိုလဲခေါ်ဗျာ အရမ်းစိတ်ဝင်စားတယ်၊ ကြုံဖူးချင်သဗျ' မိတ်ဆွေလေး ကိုကျော်က သို့နှယ်တတွတ်တွတ်ပြောလာသည်ကြောင့် သစ်တောဝန်ထောက်ကလေး မျိုးဝင်းကို လှမ်းအကူအညီတောင်းကာ အမဲပစ်ထွက်ခဲ့ကြပြန်သည်။ ကိုကျော်ကြုံဖူးသည်ရှိရန်အလို့ငှာ အပျော်သဘောဖြစ်သည်မို့ ရန်ကုန်နှင့်အနီးအနားဖြစ်သည့်မှော်ဘီ၊ ဝါးနက်ချောင်းတောအတွင်းသို့သာဖြစ်၏။

မိတ်ဆွေလေးကိုကျော်သည် 'ဝိုင်တူးတီ' အမည်ဖြင့်စားသောက်ဆိုင်ဖွင့်ထားသူဖြစ်၏။ ပေါင်းသင်းဆက်ဆံရေးကောင်းသူလည်းဖြစ်၏။ သဘောမနောလည်းကောင်း၏။ သူ့ဆိုင်တွင် တောကောင်သားများတင်ရောင်းလိုဟန်ဆန္ဒဖြစ်နေပုံရ၏။ လူငယ်ဖြစ်ငြားစီးပွားရေးဈေးကွက်မြင်တတ်သူပင်။ သူသည် သောက်သုံးသူများအလိုကျ စီမံကွပ်ကဲနေရသည်မှာ နှစ်ပေါင်းဖြစ်သည်ကြောင့် ညည်းငွေ့လာသခိုက် ရံခါဆိုသလို စိတ်လဲအပမ်းပြေ၊ စီးပွားဈေးကွက်လည်းရှာရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ကျွန်တော့်အား သို့ပူဆာခဲ့ခြင်းဖြစ်ချေ၏။



ကျွန်တော်သည်လည်း သူ့ဆိုင်တွင် အထိုင်များသည်ကြောင့်သူနှင့်ခင်မင်ရင်းနှီးမှု အတော်ကလေးရှိနေပြန်သဖြင့် မနိုင်ရင်ကန်လူဖြစ်လာသည်မို့သို့နှယ် သူ့တွက်အမဲပစ်ထွက်ခဲ့ရခြင်းဖြစ်ပေ၏။

ဤခရီးတွင် ကျွန်တော်၊ လင်းမြင့်လှိုင်၊ မျိုးဝင်းနှင့် ကိုကျော်တို့ဖြစ်ကြသည်။

လွန်ခဲ့သော နှစ်အစိတ်ကျော်လောက်က ကျွန်တော်သည် သစ်တောဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ဝါးနက်ချောင်းတွင် တာဝန်ကျခဲ့၏။ ထိုအချိန်က ဆပုဂံကျေးရွာတွင်နေထိုင်သော ရွာသားမုဆိုးတစ်ဦးဖြစ်သည့် ကိုလှကြည်ဆိုသူနှင့် တွဲဖက်အမဲလိုက်ပစ်တတ်၏။ မှော်ဘီမြို့ပိုင်လေးကိုလှမြင့်လည်း ရံခါဆိုသလို ပါတတ်သည်။ ထိုစဉ်က ကျွန်တော်တို့အမဲပစ်ထွက်ရာတွင် အသုံးပြုခဲ့ရသော သေနတ်မှာ ရိုင်ဖယ်သေနတ်ပင်ဖြစ်၏။ ရိုင်ဖယ်ကျည်တစ်တောင့်ငါးကျပ်ဖြင့်ရှာဝယ်ကာ ပြည်သူ့စစ်ထံတွင် သေနတ်ငှား၍ အမဲပစ်ထွက်ကြရခြင်းဖြစ်သည်။ သို့ဖြစ်၍ ထိုစဉ်ကကျည်တစ်ထောင့် ငါးကျပ်ဆုံးရှုံးမှုမရှိစေရန် အမဲပစ်ကျွမ်းသော ကိုလှကြည်ကို အဓိကအားထား အမဲလိုက်ထွက်တတ်၏။

ရရှိလာသော အသားများကို ကျွန်တော်တို့လက်ဆောင်ပေးတန်ပေး၊ စားတန်စား၊ ရောင်းတန်ရောင်းဖြစ်၏။ ထိုစဉ်က အမဲတစ်ပိဿာ ဘာသားဖြစ်ဖြစ် ၁၅/-သာလျှင်ရရှိ၏။ မြို့စောင့်တပ်မှ သတ်မှတ်ထားသောဈေးနှုန်းဖြစ်ချေ၏။

ယခု ကျွန်တော်တို့ဝါးနက်ချောင်းသို့ရောက်လာကြသည်တွင် မုဆိုးကိုလှကြည်နှင့် မြို့ပိုင်ကလေး ကိုလှမြင့်ကိုသတိရမိသေးတော့၏။ ယခုခရီးထွက်ခဲ့ရာတွင် အောက်ဝါးနက်ချောင်းရှောင် မြို့ထိုင်စိတ်၊ ပေါ်ခံတောင်တာရေနေသော မိတ်ဆွေကြီး ကိုစိန်လှ(ဒုပိုလ်မှူးငြိမ်း - ငြိမ်း)ထံ ဝင်ကြ၏။

www.burmeseclassic.com



သူကားစာရေးခြင်း၊ ဘာသာရေးလုပ်ခြင်းသာလျှင် စိတ်ဝင်စားတော့သဖြင့်။

"ကိုပိုက်တို့ သွားကြပါဗျာ၊ လိုအပ်တာကူညီပေးလိုက်ပါမယ်၊ ကျွန်တော်တည်နေတဲ့ ဘုရားထီးတော်တင်ဖို့အတွက် အမိဋ္ဌာန်ဝင်နေရလို့ပါ' ဆိုလာသဖြင့် သူ့အား အနှောက်အယှက်မဖြစ်စေလို၍ ပန်းတစ်ပွင့်တောင်ဘက်တက်ခဲ့ကြတော့၏။ သို့တောင်မှ ကိုစိန်လှသည် သူ့ကားဖြင့် ပန်းတစ်ပွင့်တောင်အနီးရှိ သူ၏ခြံသို့ စိစဉ်လိုက်ပို့ပေးလေ၏။

"ဒီတစ်ဝိုက်တော့ အမဲပစ်ဖို့မကောင်းဘူးဗျို့၊ ဖြစ်နိုင်လျှင်ဖြင့် အထက်ပိုင်းကို တက်ကြဗျာ' ဆိုလာသဖြင့် ကျွန်တော်တို့သည် ပန်းတစ်ပွင့်တောင်မှတဆင့် အထက်သို့ဆက်တက်ခဲ့ကြပြန်၏။

ပန်းတစ်ပွင့်တောင်တစ်ဝိုက်ကား ယခုအခါ သာသနာနယ်မြေရယ်လို့ ပြောရမလိုဖြစ်ချေတော့၏။

ပန်းတစ်ပွင့်တောင်တွင် ရဟန်းတစ်ပါး သီတင်းသုံးနေသလို ကိုစိန်လှသည်လည်း ထိုနေရာ အနီးတစ်ဝိုက်တွင်ဘုရားတည်နေပြန်၏။

သို့ဖြစ်၍ကိုစိန်လှက ကျွန်တော်တို့အား အကြံပြုခြင်းဖြစ်ချေ၏။ သို့ဖြင့် ကျွန်တော်တို့သည် အထက်တောဘက်တက်လာကြ၏။ ပန်းတစ်ပွင့်တောင်နှင့် ၁၅မိုင်ခန့်အကွာအဝေးတွင်ရှိ ခေါင်းသုံးလုံးစခန်းတွင် ညအိပ်စခန်းချကြ၏။

ခေါင်းသုံးလုံးစခန်းဆိုလိုက်သဖြင့် ကိုကျော်သည် ထိတ်လန့်သွားပုံရ၏။ သို့ဖြစ်၍ -

'တကယ်တော့ ခေါင်းသုံးလုံးစခန်းပါဗျာ ကာလရွေ့လျောလာတော့ အခေါ်အဝေါ်ပြောင်းသွားတာပေါ့၊ ခေါင်းသုံးလုံးဆိုတာ အင်္ဂလိပ်လက်ထက်က ရှိခဲ့တဲ့အဆောက်အဦးပေပဲ၊ မျက်နှာဖြူအရာရှိတွေလာရင် တည်းခိုဖို့ဆိုပြီး ဆောက်ထားတဲ့ ဗိုလ်တဲကြီးပေါ့၊ ခုတော့မရှိတော့ပါဘူး' လင်းမြင့်လှိုင်က သို့နှယ်ရှင်းပြလေမှ ကိုကျော်စိတ်ပျော့ရွှင်သွားပုံရချေ၏။

'ခေါင်းသုံးလုံးဆိုတော့ ကျွန်တော်ဖြင့် လန့်သွားတာပဲဗျာ၊ ဟဲ . . ဟဲ ဘယ်လိုကြောင့်များ ခေါင်းသုံးလုံးရယ် ဖြစ်သွားရတာလဲ မသိဘူးနော်'

ကိုကျော်က စပ်စပ်စုစုမေးလာပြန်သည်ကြောင့် -

'ဒီလိုဗျ ကျွန်တော်တို့လဲ မမီလိုက်တော့ မသိဘူး နို့ပေမင့် လူကြီးတွေပြောတာတော့ အဲဒီဗိုလ်တဲကြီးမှာ မျက်နှာဖြူသုံးယောက် တည်းခိုအမဲပစ်ကြရင်း ကျားဆိုးနဲ့ရင်ဆိုင်တွေ့ပြီး ကိုက်သတ်ခံရတယ်ဆိုလားပဲ၊ ဒါကြောင့် အဲဒီကစ နောက်ပိုင်း ခေါင်းသုံးလုံးစခန်းလို့ တွင်လာတော့တာတဲ့ဗျာ'

'ဟင် ဒါဖြင့် ဒီနေရာက ဒီသုံးယောက် ကျားကိုက်သေခဲ့တဲ့ နေရာပေါ့၊"

လင်းမြင့်လှိုင်ကိုကြည့်ကာ ကိုကျော်က တုန်ယင်ကြောက်ရွံ့စွာမေး၏။

'ပါးစပ်ရာဇဝင်ပါဗျာ ဟုတ်ချင်မှဟုတ်မှာပါ'

'ကိုပိုက်ကော ကြားဖူးလား' ရယ်လို့ မေးလာပြန်သဖြင့် ကျွန်တော်ကပြုံးကာ ခေါင်းညိတ်ပြလိုက်၏။ ထိုညက ကိုကျော်တစ်ယောက် တောတောင်၏ အရသာစစ်စစ်ကို စတင်ခံစားတွေ့ထိလိုက်ရပေတော့၏။

ဝါးတဲဟောင်းတစ်ခုကိုပြုပြင်လိုက်ကြ၏။ အတော်ကလေးခိုင်ခန့်သွား၏။ လူငါးယောက်ကောင်းကောင်းအိပ်နိုင် တည်းခိုနိုင်၏။ ဝါးကြမ်းခင်းပေါ်တွင် ကိုယ့်ကျောပိုးအိတ်ကိုယ် ခေါင်းခုအိပ်ကြရမည်ဖြစ်သည်ကြောင့် ကိုကျော်စိတ်ပျက်သွားပုံရ၏။

'တောတောင်ထဲ ဒီလိုပဲ ဖြစ်သလိုနေရတာပေါ့ဗျာ'

*



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က ကိုကျော်ကိုပြုံး၍ကြည့်ကာပြောလိုက်၏။

'တဲက အကာအရံလည်းမရှိပါကလား'

'သည်လိုပဲ နေရတာပေါ့' ကျွန်တော်ကပြောလိုက်ပြန်၏။

'နို့ဖြင့် ခြင်၊ မှည့်၊ ဖြုတ်၊ မကိုက်ဘူးလား'

'ကိုက်ပါ့ဗျာ'

'ဒါဖြင့်'

'ထင်းမီးဖိုထားတယ်လေ၊ စောင်ပါးလေးတွေပါလာတယ်လေ၊ အဲဒါ အကောင်းဆုံးကာကွယ်မှုပေါ့'

'ဟင်း . . .'

သူသက်ပြင်းချသွား၏

'အခုထိ အမဲလဲမတွေ့ မပစ်ရသေးပါကလား' တွေးငိုင်နေရာမှ ရုတ်တရက်မေးလာပြန်၏။

'မနက်ကျပစ်ရမယ်၊ ခုခရီးပမ်းပြီ စားသောက်ပြီးအိပ်လိုက်ရုံပဲ'

'ကဲ လာကြဗျာ တစ်ခွက်တစ်ဖလား အမောပြေ အညောင်းအညာပြေ ပေါ့' လင်းမြင့်လှိုင်က လှမ်းခေါ်သဖြင့် 'လာ . . ကိုကျော်' ဆိုကာ သူရှိရာ ထင်းမီးဖိုသို့သွားလိုက်၏။

'ကိုကျော်စိတ်ပျက်နေပြီလား'

'မပျက်ပါဘူး ကျွန်တော်က အမဲပစ်ချင်နေတာ'

'ပစ်ရမှာပေါ့ ကိုကျော်စိတ်ချ၊ ကျွန်တော်လမ်းတစ်လျှောက်ကြည့်လာတာ၊ လတ်လတ်ဆတ်ဆတ်ရှိသေးတဲ့ သားကောင်ခြေရာတော်တော်များများတွေ့ခဲ့သဗျ'

လင်းမြင့်လှိုင်က မုဆိုးကောင်းပီပီ လမ်းတလျှောက် သားကောင်ခြေရာများကို အကဲခတ်ကြည့်ခဲ့၏။



သို့ဖြင့် ကျွန်တော်တို့သည် စကားတပြောပြောဖြင့်၊ ဂျီသားခြောက် အမြည်းလုပ် ဝီစကီသောက်ရင်း ငိုက်မြည်းလာသည်ဖြစ်၍ ဝါးတဲပေါ်သို့ တက်ခါ လဲလျောင်းနေလိုက်၏။ အသောက်များသည်လည်းပါ၏။ ကျန်သူတို့မီးပုံဘေးတွင် ဆက်သောက်ရင်းစကားစမြည်ပြောနေကြဆဲဖြစ်သည်။

အတန်ကြာတွင် ကိုကျော်တစ်ယောက် ကျွန်တော့်နံဘေးရောက်လာကာ 'ကိုပိုက် ညဘက်အမဲပစ်လို့မရဘူးလား' ဟုမေးလာ၏။

'ရတာပေါ့ ကိုကျော်ရာ ဘာလဲ အမဲပစ်ချင်လို့လား' ကျွန်တော်သည်လည်း နေမထိထိုင်မသာ အိပ်၍လည်းမပျော်သဖြင့် စိတ်ကူးတစ်ခု ရလိုက်သည်ကြောင့် သို့မေးလိုက်၏။

'ညဘက်အမဲပစ်လို့ရရင် ထွက်ပစ်ချင်တယ်ဗျာ၊ အန္တရာယ်မရှိဘူးဆိုရင်ပေါ့နော်'

'မီးထိုးပစ်လျှင်ဖြင့် ရသပေါ့ဗျ၊ အန္တရာယ်ရှိမရှိဆိုတာကတော့ ပြောလို့မရဘူး သည်တောကိုလည်း ကျွန်တော်က အရောက်အပေါက်နည်းတော့ မပြောတတ်ဘူး၊ တစ်ခုတော့ရှိတယ်၊ သိပ်ဝေးဝေးလံလံ မသွားဘဲ စခန်းအနီးတစ်ဝိုက်လှည့်ပတ်ကြည့်ရုံဆိုလျှင်ဖြင့် ရလိမ့်မယ်၊ တောကြောင်လေး ဘာလေး ရကောင်းရနိုင်သပေါ့'

'ဒါဖြင့် သွားကြမယ်ဗျာ' ဆိုလာသည်ကြောင့် -

'ကဲ . . . လက်နှိပ်ဓါတ်မီးယူချေ၊ သည်နားတစ်ဝိုက်သွားကြစို့ရဲ့' ဆိုကာ လင်းမြင့်လှိုင်တို့အားလည်း 'ကျွန်တော်နဲ့ကိုကျော် စခန်းနားတစ်ဝိုက် သားကောင်ထွက်ရှာချေဦးမယ်' ဆိုလိုက်တော့ 'သိပ်ဝေးဝေးမသွားနဲ့နော်' ဟုလင်းမြင့်လှိုင်ကမှာသလို 'အချိန်ဆွဲသောက်နေရင်း ကိုပိုက်ပစ်လာမယ့် အမြည်းစောင့်နေမယ်တော့လား' ရယ်လို့ ဝန်ဆောင်တလေး မျိုးဝင်းကပါပြောလာကြသဖြင့် -

www.burmeseclassic.com

www.burmeseclassic.com



'ဟင်းကောင် ဖမ်းလာမယ်ဗျာ' ဟုရယ်မောပြောလိုက်သည်တွင် 'ဟင်းကောင်ဆိုတာ ဘာတုန်း' ဟုကိုကျော်ကမေးလာသဖြင့် 'ဟင်းကောင်ဆိုတာ ကျားကိုပြောတာ' ဆိုလိုက်တော့ 'ဟင် ဒီတောမှာ ကျားရှိသလားနို့ဆိုလျှင်ဖြင့် ကျားနဲ့ပက်ပင်းတိုးရင်မခက်ပါကလား'

လွန်မင်းစွာ ကြောက်သွားဟန်ရှိသော ကိုကျော့်ကိုကြည့်၍ -

'ဒီလောက်လဲ မစိုးရိမ်ပါနဲ့ဗျာ၊ စခန်းပတ်ဝန်းကျင်တင်သွားကြမှာပါ၊ ဒီကောင်တွေက မီးကိုကြောက်တယ်၊ ကဲ . . လာ' ဟုပြောရင်း ကျွန်တော်က ဦးဆောင်၍ စခန်းမှထွက်ခဲ့တော့၏။

သို့ထွက်ခဲ့ကြရင်း ကံအားလျော်စွာပင် သစ်တစ်ပင်ကိုင်းတစ်ခုတွင် ဝိုင်းစက်နီရဲသော မျက်ဝန်းတစ်စုံကိုတွေ့လိုက်၏။ သည်တော့ ကျွန်တော့်နောက်မှကပ်လိုက်လာသော ကိုကျော်ကိုလက်ကာပြကာ ငြိမ်သက်ရပ်နေလိုက်စေသလို ကျွန်တော်သည်လည်း ရပ်တန့်လိုက်ကာ ထိုအပင်ကိုင်းပေါ်မှ မျက်ဝန်းတစ်စုံကို စေ့စပ်သေချာကြည့်လိုက်ပြီး -

'ကိုကျော် ဟိုးကိုင်းပေါ်မှာ ရဲရဲနီနေတဲ့ မျက်လုံးတစ်စုံတွေ့တယ်မဟုတ်လား' ဆိုလိုက်တော့ 'တွေ့တယ်၊ အဲဒါဘာကောင်တုန်း' ဟုတိုးကပ်မေးလာ၏

'ကျွန်တော့်အထင်တော့ မျက်ဝန်းတစ်လုံးခြင်းရဲ့အကွာအဝေးက ခပ်ကွာကွာသာရှိသမို့ တောကြောင်လို့ထင်တာပဲ နို့မဟုတ်လျှင်ဖြင့် ကျားသစ်အငယ်လေးဖြစ်နိုင်တယ်၊ ဘာလို့လဲဆိုတော့ ခေါင်းကဟိုဒီလှည့်ပတ်ရမ်းနေတာကိုး ဒါဟာဘာလဲဆိုတော့ သားကောင်ကိုရှာနေတာဗျ။ နို့မဟုတ်လျှင်ဖြင့် ဒီကောင်တစ်ပင်ကနေ တစ်ပင်ကူးထွက်သွားလောက်ပြီ၊ ကဲကိုကျော် ကျွန်တော်ဆော်ထည့်တော့မယ်၊ ဓါတ်မီးထိုးမနေနဲ့တော့ မျက်ဝန်းအနေအထားကြည့်ပြီးမှန်းပစ်မယ်ဗျာ'



သို့ပြောလိုက်ပြီးသည်နှင့် ကျွန်တော်သည် ထိုသားကောင်ရှိရာသို့ သေနတ်ပြောင်းကို ထိုးချိန်လိုက်၏။

ဟုတ်ပြီ သည်သတ္တဝါကလည်း သားကောင်ချောင်း၊ ကျွန်တော်သည်လည်း သူ့ကိုချောင်း၊ အမှောင်ထုအတွင်း အလေ့အကျင့်ရချေပြီမို့ သားကောင်၏ သဏ္ဍာန်ကိုရေးရေးမြင်လိုက်ရ၏။

'ဟင်'

ကျွန်တော်ထင်ထားသလို တောကြောင်မဟုတ် ကျားသစ်ငယ်တစ်ကောင် ဖြစ်နေ၏။ သို့ဖြစ်၍ -

'ကိုကျော် ကျားသစ်ဗျ ငြိမ်ငြိမ်နေ၊ ကျွန်တော်လှမ်းပစ်လိုက်ပြီးတာနဲ့ အဲဒီနေရာကို ဓါတ်မီးနဲ့လှမ်းထိုးချေဗျာ ဟုတ်လား' ဟု သတိပေးပြောထားလိုက်၏။ ဘယ့်တွက်မူ ကျွန်တော့်ပစ်ချက် မှန်သည် လွဲသည် သဲကွဲစွာသိလိုခြင်းနှင့် အပင်အောက်တွင် ရှိနေနိုင်သေးသည့် သားရဲကောင်များကိုလည်းချောက်လှန့်လို၍ဖြစ်၏။ နို့မဟုတ်ပါမူ အပင်အောက်တွင်ရှိနေမည့်သားရဲကောင်သည် ကျွန်တော့်တို့ကို အန္တရာယ်ပေးလာနိုင်၏။

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် ပတ်ဝန်းကျင်ရှိသတ္တဝါများကြောက်လန့်ပြေးသွားကြမည်သာဖြစ်၏။ သို့ပေမင့် အမှောင်ထုအတွင်း ဦးတည်ရာပြေးခဲ့ကြပါလျှင် ကျွန်တော်တို့ရှိရာသို့ စွတ်ပြေးဝင်လာနိုင်သောသားရဲကောင်ရန် ကြောက်၍လမ်းလွှဲပြေးစေရန် ဓါတ်မီးလှမ်းထိုးစေခြင်းဖြစ်သည်။ ရုတ်တရက်ထွက်လာသော ဓါတ်မီးအလင်းကြောင့် သားရဲကောင်အချို့သည် ကျွန်တော်တို့ရှိရာသို့ ပြေးဝင်သာတွေတော့မည်မဟုတ်လေပဲ။ အခြားနေရာဘက်များဆီသို့ ကြောက်လန့်ပြေးပြေးသွားကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အချိန်ကိုကြာကြာမဆိုင်း သေနတ်မောင်းထိန်းခလုတ်ကို နှိပ်လိုက်သည်တွင် -

'ဒိန်း'

ဆိုသောသေနတ်သံကြီးမြည်ဟီးထွက်ပေါ်လာသည်နှင့် မရှေးမနှောင်းပင် ကျွန်တော်က -

'မီးထိုး၊ မီးထိုး' ဟုပြောလိုက်သည်နှင့် ကိုကျော်သည်လည်း ကပျာကယာ ထိုသစ်ပင်အောက်ခြေသို့ဓါတ်မီးကို လှမ်းထိုးလိုက်၏။ ဖြစ်စဉ်မှာ တစ်ပြိုင်နက်လိုဖြစ်သွား၏ သားကောင်များ အိပ်တန်းဝင်ငှက်များ ကြောက်လန့်တကြား ပျံပြေးကြတော့၏။

ကျွန်တော်ပစ်လိုက်သော အကောင်မှန်သွားသလား၊ လွဲသွားလေသလားမသိလိုက်ရချေ။ သို့ဖြစ်သည်ကြောင့်

'ကိုကျော် အဲဒီအပင်အောက်သွားကြည့်ကြစို့' ဆိုကာ သူ့လက်တွင်းမှ ဓါတ်မီးကိုယူလိုက်ပြီး ပတ်ဝန်းကျင်သို့ လှည့်ပတ်ထိုးချောက်လှန့်လိုက်ကာ ထိုအပင်အောက်သို့ လျှောက်သွားလိုက်၏။ ကိုကျော်ကားကျွန်တော့်ဘောင်းဘီစကို မဆွဲမိရုံတမယ် ကပ်လိုက်ပါလာ၏။

'ဟင်'

ထိုအပင်အောက်တွင် မည်သည့်သားကောင်မျှ မတွေ့သော်ငြား အိုင်ထွန်းနေသော သွေးများနှင့် သတ္တဝါတစ်ကောင် လူးလဲထသွားဟန်ရှိသော မြေအနေအထားကြောင့် -

'ဒီလောက်များတဲ့သွေး ကြည့်ပြီးပြောရရင် ဒီကောင့်ကို မှန်သွားတယ်၊ ဝေးဝေးပြေးနိုင်မှာမဟုတ်ဘူး၊ လာဗျာ၊ ဒီအနားတစ်ဝိုက်ရှာကြည့်ကြမယ်၊ ကိုကျော်သတိတော့ရှိစေနော်၊ ဒဏ်ရာရသွားတော့ ဒေါသသိပ်ထွက်နေပြီ ကျွန်တော်တို့ကိုတောင် ပြန်ဒုက္ခပေးလာနိုင်တယ်'



ကျွန်တော့စကားကြောင့် ကိုကျော်လန့်ဖျပ်သွားပုံရ၏။ သို့ဖြစ်သည်ကြောင့် -

'ဘာမှ မကြောက်ပါနဲ့ဗျာ ကျွန်တော့်လက် ကျွန်တော်ယုံကြည်ပါတယ်၊ ဒီဒဏ်ရာနဲ့တင် ဒီကောင်သေနိုင်တယ်၊ လိုရမယ်ရသတိပေးထားတာပါ'

သို့ပြောရင်း ထိုသစ်ပင် ပတ်ပတ်လည်တစ်ဝိုက် သဲလွန်စရငြားရှာကြည့်မိ၏။ မည်သည့်သဲလွန်စမျှ မတွေ့၊ သွေးအိုင်ထွန်းနေသော်ငြား သွေးစက်လက်ကျသွားဟန်မတွေ့၊ ထူးဆန်းပါဘိနှယ်။ မသကာဆိုပါလျှင် ဒဏ်ရာဖြင့် ထပြေးသွားသော သတ္တဝါကောင်ထံမှ သွေးစိမ်းယိုစီးကျမှုကြောင့် သွေးစက်များ ပြေးလမ်းတလျှောက်တွင် ရှိရမည်မဟုတ်လော။ ထိုအခိုက် ဇွဲစပ်သေချာလှည့်ပတ်ရှာဖွေကြည့်ရင်း ဆင်သွားလမ်းကလေး တစ်ခုတွေ့လိုက်သည်ဖြစ်၍ -

'လာ ကိုကျော် ဒီလမ်းကလေးက ဖြူနေတာပဲ ဒီကောင်ဒီလမ်းကျောအတိုင်းသွားနိုင်တယ်' ဆိုကာ ကျွန်တော်က ရှေ့မှဦးဆောင်သွားလိုက်၏။ ထိုဆင်လမ်းအတိုင်းလျှောက်ခဲ့ရာမှ တောင်ကျောလေးတစ်ခုပေါ်သို့ ရောက်လာသည်နှင့် ခပ်လှမ်းလှမ်းနေရာလောက်တွင် ကြီးမားသော ထင်းမီးဖိုကြီးနှင့် စခန်းတဲသုံးလုံးခန့်တွေ့လိုက်ရသည်။

သစ်ခုတ်အဖွဲ့လား၊ ဝါးခုတ်အဖွဲ့လား၊ သို့တည်းမဟုတ် ကျွန်တော်တို့လိုအမဲလိုက်ထွက်ခဲ့ကြသူတွေများလား။

ကျွန်တော်သည် တောင်ကျောလေးပေါ်မှဆင်း ထိုနေရာဆီသို့ ဦးတည်သွားလိုက်သည်။ ကိုကျော်ကား ကျွန်တော့်နောက်မှ တကောက်ကောက်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ရောက်သည့်အခါတွင် ထူးဆန်းစွာဖြင့် လူတစ်ဦးတစ်ယောက်မျှမတွေ့ရချေ။ ထင်းမီးဖိုကြီးကား အရှိန်ပြင်းတောက်လောင်ဆဲဖြစ်သည်ကြောင့် -

'ကဲ ကိုကျော် ဒီစခန်းကဘယ်လိုလဲမသိဘူး၊ လူလဲတစ်ယောက်မှမရှိဘူး၊ ကျွန်တော်ပစ်လိုက်တဲ့ သားကောင်နဲ့ပတ်သက်လို့ ဘာသဲလွန်စမှလဲမရဘူး၊ ပြန်ကြစို့ဗျာ' ရယ်လို့ပြောလိုက်ပြီး ထိုစခန်းမှ လှည့်ထွက်လာ၏။

ကျွန်တော်ဖြတ်ထွက်လာသည့် တဲအိမ်ကလေးတစ်လုံးနံဘေးတွင် ရှည်မျောမျောမြေကျင်းတစ်ခုကိုတွေ့လိုက်သည်ကြောင့် ရင်ထိတ်သွားမိ၏။ ဘယ့်တွက်မူ ထိုမြေကျင်းသည် လူသေအလောင်းမြှုပ်ရန် တူးထားသောပုံသဏ္ဍာန်ဖြစ်နေသောကြောင့်ပင်။ မြေသားကျစ်စာခဲများ လတ်လတ်ဆတ်ဆတ် ရှိနေသေး၏။ မကြာမီရက်ပိုင်းလောက်က တူးထားဟန်တူ၏။ မြေသားများလည်းစိုစွတ်နေသေးတော့၏။ ရုတ်တရက်မို့ ထိတ်လန့်သွားသော်ငြား ကျင်းထဲတွင် ဘာရှိနေသည်ကိုသိလိုသည်ကြောင့် ကျင်းနှုတ်ခမ်းဝသို့ သွားရပ်လိုက်ကာ ကျင်းထဲသို့ ငုံ့ကြည့်လိုက်သည်။

'ဟာ ကျားသစ်တစ်ကောင်ပါလား'

ကျွန်တော် အံ့သြမင်သက်သွားမိသည်။

ကျွန်တော်ပစ်လိုက်သော ကျားသစ်ကောင် ဘယ့်တွက် ဤကျင်းထဲကျနေပါသနည်း။ ထိုကျင်းကား ထောင်ချောက်ကျင်းလည်းမဖြစ်နိုင်။ ထိုကျားသစ် ဤနေရာသို့ တောက်လျှောက်လာခဲ့သည်ဆိုဦးတော့ သူလာလမ်းတလျှောက် မည်သည့်သွေးစက်မျှ မတွေ့ခဲ့ရသည်မှာ ထူးဆန်းဖွယ်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ပို၍သေချာမှုရှိစေရန် ကျွန်တော်သည် လက်ဦးမှုရယူမှုဖြစ်ချေမည်ကြောင့် ဝိုးတဝါးမြင်လိုက်ရသည့် ကျားသစ်ကောင်၏ဦးခေါင်းသို့ သေနတ်ပြောင်းကိုကွေ့ချိန်ကာပစ်လိုက်တော့၏။

'ဒိန်း'

ထူးဆန်းသည် ကျွန်တော့်သေနတ်သံမှတပါး အခြားအသံများ ထွက်ပေါ်လာခြင်းမရှိ၊ ပကတိ တိတ်ဆိတ်လို့နေ၏။ အမှန်ဆိုပါမူ သေနတ်သံကြောင့် ပတ်ဝန်းကျင်ရှိသတ္တဝါများ ကြောက်လန့်ထွက်ပြေး ရမည်ဖြစ်၏။ ယခုမူ ငြိမ်သက်တိတ်ဆိတ်လို့နေ၏။ သို့ကြောင့် ကျွန်တော်သည် ထိုစခန်းကို သင်္ကာမကကင်းဖြစ်လာသည်ကြောင့် -

'ကဲ ကိုကျော် ကျွန်တော်တို့ စခန်းပြန်ကြမယ်' ဟုပြောကာ ကပျာကသီထွက်ခဲ့တော့၏။

'ဒီကောင်ကြီးကို မသယ်တော့ဘူးလား'

ကျွန်တော်က ခေါင်းခါပြပြီး 'အချိန်လည်းမရှိတော့ဘူး၊ ကျွန်တော်တို့နှစ်ယောက်ထဲနဲ့လဲ ထမ်းနိုင်မှာမဟုတ်ဘူး၊ နေရာကိုမှတ်ထားပြီး မနက်ကျမှ အဖွဲ့နဲ့လာယူမယ်ဗျာ' ဆိုကာ ကျွန်တော်သည် ထိုစခန်းနေရာမှ အပြန်လမ်းတစ်လျှောက် အမှတ်အသားများပြုလုပ်ခဲ့တော့၏။နောက်နေ့တွင် လွယ်လင့်တကူ ပြန်လာနိုင်ရန်ဖြစ်ချေ၏။

ထိုစခန်း၏ ထူးခြားမှုနှင့်ပတ်သက်၍ ကိုကျော်ကြောက်လန့်နေမည်စိုးသဖြင့် သူ့ကိုဘာမျှမပြောတော့ချေ။

နာရီဝက်လောက်တွင် စခန်းသို့ချောချောမောမောပြန်ရောက်ခဲ့တော့၏။ ကံကောင်းလှပေစွ။ စခန်းတွင် လင်းမြှင့်လိုင်နှင့် မျိုးဝင်းတို့ ကျွန်တော်တို့ကို စိတ်ပူ၍ မီးပုံနံဘေးတွင်ထိုင်စောင့်နေကြ၏။

'သေနတ်သံကြားတယ်၊ ပစ်ခွင့်ရပြီး ဘာတောင်မှမရဘူးလား' ဟုမေးလာသဖြင့် ကျွန်တော်က ဖြစ်စဉ်များတိုပြန်ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'အေးဗျ၊ အံ့သြစရာပဲ၊ ထင်းမီးပုံကြီးပဲရှိပြီး လူတစ်ယောက်မှ မရှိတာထက်၊ ခေါင်းတလားမြုပ်ဖို့ကျင်းကြီးထဲ ကျားသစ်ကောင်ကျသေနေတာက ပိုထူးဆန်းသဗျ၊ အေးလေဗျာ မနက်ကျမှ အဲဒီသွားကြည့်ကြမယ်ဗျာ၊ အဲဒီစခန်းမှာပဲ သားကောင်ဖျက်ရင်းစားသောက်ပြီးလေမှခရီးဆက်ကြတာပေါ့'

'ကောင်းလိုက်တဲ့ အကြံဗျာ' ဆိုကာ ကျွန်တော်တို့ အိပ်ယာဝင်ခဲ့ကြတော့၏။

နံနက်မိုးသောက် အလင်းပေါ်လာသည်နှင့် အားလုံးနိုးထပြီးဖြစ်၍-

'မနက်ခင်းစာ ရှေ့စခန်းမှာစီစဉ်ထားပါတယ်' ဆိုပြီး ကျွန်တော်က ရင်ကော့ပြောကာ ကြွားဝါလိုက်ရင်း ရှေ့မှဦးဆောင်၍ ညကရောက်ခဲ့သော စခန်းဆီသို့ထွက်ခဲ့တော့၏။

ညကအမှတ်အသားမှတ်ခဲ့သည်ကြောင့် ထိုစခန်းနားရှိ တောင်ကျောလေးပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ကြသည်။

'ဟင်'

တောင်ကျောလေးပေါ်မှ လှမ်းကြည့်လျှင် တဲသုံးလုံးစခန်းကိုလည်း မြင်ရမည်ဖြစ်ငြားယခု ဘယ့်တွက် ထင်းမီးဖိုသာလျှင်တွေ့ရပြီး တဲများ မတွေ့ရပါတော့သနည်း။

ညကကျွန်တော် လမ်းတစ်လျှောက်မှတ်ခဲ့သော အမှတ်အသားသည်လည်းရှိနေပြန်သဖြင့် လုံးဝလမ်းမမှားနိုင်ချေ။ သို့ကြောင့် ထိုကျောလေးမှ ဆင်းလိုက်ပြီး ထင်းမီးဖိုရှိရာသို့ လျှောက်သွားလိုက်သည်။

မီးငြိမ်းစပြု၍ မီးခဲများပင် ပြာဖုန်းလုနေချေပြီ။ မီးခိုးငွေ့တလူလူသာရှိနေ၏။

ကျွန်တော်သည် ကိုကျော်မျက်နှာကိုစေ့စေ့ကြည့်လိုက်ကာ-



'ညက ကျွန်တော်တို့ ဒီရောက်ခဲ့ကြတာသေချာတယ်နော်'

'ဟုတ်တယ်လေဗျာ ခုတော့ တဲသုံးလုံးလဲမတွေ့တော့ဘူး၊ နေဦးဟိုဘက်နားလေးလောက်မှာ မြေကျင်းတွေ့ခဲ့ကြတာ' ဆိုပြီး ခပ်လှမ်းလှမ်းနေရာသို့ ချုံနွယ်များကို ကျော်ဖြတ်ကာ ထွက်သွားတော့၏။

'ဟာ .. ဒီမှာဗျို့ .. ဒီမှာ'

ကိုကျော်က လှမ်းအော်ပြောသဖြင့် သူ့ထံသို့သွားလိုက်ကြသည်။ ညက ကျွန်တော်တို့တွေ့ခဲ့သော ကျင်း။ ကျားသစ်ကျသေနေသောကျင်း ယခုမူ ကျင်းကို မြေကြီးများပြန်လည်ဖို့ထားပြီးဖြစ်တော့၏။

'ကိုပိုက်တို့ ညက တောမှောက်ခံရပြီနဲ့ တူတယ်'

လင်းမြင့်လှိုင်ကပြောလာသဖြင့် -

'မပြောတတ်ဘူး အင်း .. ဒီကျင်းကိုပြန်ဖော်ကြည့်ချင်တယ်ဗျာ' ဆိုလိုက်တော့ -

'အေးဗျ .. ခင်ဗျားပစ်လိုက်တဲ့ ကျားသစ်ကောင်ရှိမရှိ သိရတာပေါ့'

သို့ဖြင့် ထိုကျင်းကိုပြန်လည်ဖော်ထုတ်ခဲ့ကြသည်။ မြေပွများဖြစ်နေသည်ကြောင့် လွယ်လင့်တကူဖော်နိုင်ခဲ့တော့၏။

'ဟင်'

'ဟာ'

မြေသားပွများပြန်လည်ယက်ဖော်ပြီးသောအခါတွင် ကျွန်တော်တို့ မျှော်လင့်ထားသော ကျားသစ်ကောင်ကိုမတွေ့ရလေဘဲ သာမန်အရွယ် ခွေးတစ်ကောင်ကိုသာတွေ့ရတော့၏။

'ကျွန်တော်ညကပစ်ခဲ့တာ ကျားသစ်ဝါဗျာ ကိုကျော်လဲမြင်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပ့ါ ဘယ်လိုဖြစ်တာလဲဗျာ'

ကိုကျော်က အံ့သြတုန်လှုပ်ကြောက်ရွံ့စွာပြော၏။

သည်နောက် ကျွန်တော်တို့သည် မကျေမနပ်ဖြင့် ထိုနေရာမှဖယ်ခွာထွက်ခဲ့ကြတော့၏။

မိနစ်နှစ်ဆယ်အချိန်ကြာခရီးလောက်တွင် လွန်စွာမျှကြီးမားသော တောင်သလဲပင်ကြီးအောက်ခြေမြေပြောင်ပြောင်တွင် နေထွက်ရာအရပ်သို့ မျက်နှာမူကာ နေကသိုင်းရှုနေဟန်တူသည့် ရသေ့တစ်ပါးကို ထူးဆန်းစွာတွေ့လိုက်ကြသည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် ထိုရသေ့အနားတိုးကပ်သွားလိုက်ကြ၏။

ထိုရသေ့ကားကျွန်တော်တို့ကို ကျောပေးလျက်အနေအထား၊ ရှေ့တောင်စောင်းမှနေ၍ ထိုးထိုးထောင်ထောင်ပေါက်ရောက်နေသည့် ပန်းစုံသစ်ပင်ကြီးငယ်များ၏ ပင်ထိပ်ဖျားများကို ဖြတ်ကျော်၍အဝေးတွင် လှမ်းမြင်ရလေသည့် မှိုင်းပြာပြာတောင်တန်းကြီးမှ ထိုးထွက်နေသည့် နေဝန်းကြီးကိုစိုက်ကြည့်နေရင်းမှ ရသေ့က -

'ဆုံကြပြန်ပြီ ဘယ်လိုမှလဲ ပြောမရ၊ ဆိုဆုံးမလို့ မရပါကလား၊ အကုသိုလ်အလုပ်မှာ အတော်ကလေးပျော်မွေ့နေပုံရတယ်၊ ဟုတ်လား'

ရသေ့စကားကြောင့် ကိုကျော်သည် ကျွန်တော့်ကို အားတုံ့အားနာစွာဖြင့် ကြည့်လာ၏။ ကျွန်တော်ဘယ့်တွက်အမဲပစ်မထွက်တော့သည်ကို သူသိသွားတော့၏။ သည်ခရီးစဉ်သည် သူ့တွက်စီစဉ်ခဲ့လေခြင်းဖြစ်သည်။

ကျွန်တော်ကလည်း လွန်မင်းစွာအံ့အားသင့်သွားရ၏။ သို့ဖြစ်၍ ပိုသေချာရန်အလို့ငှာ ထိုရသေ့ရှေ့သို့ သွားရောက်ကာ ရသေ့၏မျက်နှာကိုသေချာစူးစိုက်ကြည့်လိုက်၏။ ရသေ့ကား ထွက်ပြူစနေဝန်းကြီးကို မမိတ်မသုန်စိုက်ကြည့်နေ၏။



'အလို ဘုရားရေ . . ရသေ့ဓမ္မပါလပါကလား' ရယ်လို့ နှုတ်မှ အသံထွက်သွားသည့်တိုင် အံ့သြသွားမိ၏။

ရသေ့ဓမ္မပါလက နေကသိုင်းရှုရင်းမှပင်-

'ကိုပိုက်ညက အမဲလိုက်ခွေးတစ်ကောင်ကို ပစ်သတ်ခဲ့တယ်မဟုတ်လား' မေးလာသဖြင့်-

'ဟုတ်တယ် ရသေ့ကြီး ကျွန်တော်တောမှောက်ခံရပြီး ကျားသစ်ထင်ပြီး ပစ်လိုက်မိတယ်' ပြန်ပြောလိုက်၏။ ထိုအခါ -

'ညကကိုပိုက်စပစ်ခဲ့တာ ကျားသစ်ပါပဲ တောမှောက်ခံရတာ မဟုတ်ဘူး၊ အဲဒီကောင်က ကိုပိုက်လက်ချက်ကြောင့် တောနက်တစ်နေရာမှာ သေနေလောက်ပြီ၊ ကျားသစ်လိုက်ရှာရင်း တဲသုံးလုံးစခန်းကိုရောက်ခဲ့ပြီး မြေကျင်းထဲမှာအိပ်နေတဲ့ ခွေးကို ကျားသစ်ရယ်လို့ မြင်ပြီးပစ်ခဲ့တာလေ၊ တောမှောက်ခံရတာမဟုတ်ဘူး၊ စိတ်ဇောကြောင့် အမြင်မှားခဲ့တာ၊ ဘာလို့လဲဆိုတော့ ဥပါဒါန်အစွဲလေ စိတ်ထဲမှာ ကျားသစ်ကိုပဲ စွဲနေမိတာကြောင့်ပေ့ါ'

'နို့ဖြင့် ညကတွေ့ခဲ့တဲ့ တဲသုံးလုံးကဘယ်ရောက်သွားတုန်း' ကျွန်တော်ကမေးလိုက်သည်။

'သည်တောတစ်ဝိုက်ဝါးပင်ရှားတော့ ပျားဖွတ်သမားတစ်စုက မနက်အစောကြီးလာပြီး သူတို့စခန်းချမယ့် ဆီဖျက်သယ်သွားကြတယ်၊ သူတို့ကိုပဲရသေ့က ခွေးလေးကို မြေမြုပ်ခိုင်းခဲ့တာပေ့ါ'

သည်တော့မှ ကျွန်တော်အဖြစ်မှန်ကိုသိလိုက်ဘော့သည်၊ တကယ်တော့ ကျွန်တော်သည် ညကအိပ်ချင်စိတ်၊ စိတ်လောကြီးဇောကဲပြန်မှုကြောင့် အမြင်မှားအထင်မှားခဲ့ခြင်းဖြစ်လေ၏၊ ဓါတ်မီးမထိုး ကြည့်ခဲ့မိခြင်းသည်လည်းပါ၏။ ဘယ့်တွက်မှု ဓါတ်မီးထိုးလိုက်၍ ကျားသစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



လန့်ဖျပ်နိုးထလာပြီး ကျွန်တော်တို့ကို အန္တရာယ်ပြန်ပေးလာမည်စိုး၍ပင် တောမှောက်ခံရခြင်းမဟုတ်ပါ။ ကိုကျော်ကတော့ တစ်ကြိမ်တစ်ခါမှ လည်း တောတောင်အတွင်းရောက်ခဲ့ဖူးခြင်းမရှိလေတော့၊ ညဘက်တ လည်းဖြစ်ပြန်၊ ကြောက်လန့်စိတ်ကလေးကလဲရှိနေပြန်ဆိုတော့ သူသည် လည်း အမြင်လွဲအထင်မှားဖြစ်ခဲ့ခြင်းပင်။

'အဲဒီ အမဲလိုက်ခွေးလေးက သိပ်လိမ္မာတာ၊ အဲဒီစခန်းက ရသေ့ ယာယီသီတင်းသုံးတဲ့နေရာလေ၊ ဖြစ်ချင်တော့ ရသေ့ကဒီမယ်လာပြီး နေကသိုင်း၊ လကသိုင်းတွဲရှုနေတာ သုံးရက်ရှိပြီ။ သည်တော့ ခွေးလေးဟာ စခန်းမှာပဲနေခဲ့ပြီး နွေးထွေးမှုရှိလို့ မြေကျင်းထဲဆင်းအိပ်နေတာကွဲ့'

ရသေ့က သို့ပြောလာသည်တွင် ကိုကျော်က -

'ရှိဖြင့် အဲဒီကျင်းက ဘာလို့တူးထားတာတုန်း' ရယ်လို့ မေးလိုက်သည်။

'နေကသိုင်း လကသိုင်းမရှုခင် မြေကျင်းအောင်းတရားကျင့်ခဲ့တာလေ ကဲ ... ကဲ ကိုပိုက်တို့ စိတ်ထဲဒွိဟဖြစ်နေတာတွေ ရှင်းရှင်းလင်းလင်း သိရပေပြီမဟုတ်လား' ဆိုပြီး ကျွန်တော်တို့နားမလည်သော ဘုရားစာများ ကို တတွတ်တွတ်ရွတ်ဆိုလိုက်ပြီးနဘေးတွင်ရှိ ကြေးစည်နှင့်ရိုက်တံဘုတ် ကောက်ယူကာ 'နောင်ဝေဝေ'ရယ်လို့ မြည်အောင်ထုလိုက်ချေတော့သည်။

ကျွန်တော်တို့သည် ရသေ့အပါးမှ ခွဲခဲ့ကြသည့်တိုင် ကြေးစည်သံလွင် လွင်လေးက ကျွန်တော်တို့နှင့် အတူကပ်ပါလာချေတော့သည်။

ကိုကျော် (ဝိုင်တူးတီ) သို့အမှတ်တရ

(မှုခင်းရှုထောင့်မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၁ ခုနှစ်)

# စဉ်း စား တတ်



# အောင် ပါ ပဲ

www.burmeseclassic.com

www.burmeseclassic.com

# မစဉ်းစားတတ်အောင်ပါဘဲလား

ဤတောဤတောင်အတွင်း လူသားရယ်လို့ကျွန်တော်တစ်ယောက်တည်းရှိနေသည်ဆိုခြင်းကို သတိပြုမိတိုင်း ကြောက်ရွံ့ထိတ်လန့် စိတ်အနည်းငယ်တော့ဖြင့် ဖြစ်လာ ရသည်။

အရေးရယ်အကြောင်းရယ်ဖြစ်လာပါမူ လူလို နားမလည်နိုင်သော တောရိုင်းတိရစ္ဆာန်တွေဖြစ်သည်ကြောင့် ကျွန်တော့်တွင်ရှိသည့် ခွန်အားနှင့် ဉာဏ်ရည်တို့ကို လွှာသုံး၍ ကြုံလာမည့်အခက်အခဲအကျပ်အတည်းမှ ရှောင်တိမ်းထွက်ရုံမျှတစ်ပါးအခြားမရှိချေပြီ။ ဘယ့်တွက်မူ ကျွန်တော့်တွင်ရှိနေသည့် အားကိုးရာသားသတ်လက်နက်သည် မည်မျှပင်ခေတ်မီအစွမ်းထက်ငြား အမိကဘအရေးပါအရာရောက်လေသည့် "ကျည်" မရှိတော့လေသည်ကြောင့် လက်ရိုက်တုတ်တစ်ချောင်းမျှသာအသုံးဝင်တော့၏။

ရှေ့လျှောက်မည်မျှကြာကြာ ကျွန်တော်တစ်ယောက်တည်း စမ်းတဝါးဝါးဖြင့်ခရီးနှင်ရလေဦးမည်မသိ။ ဤခရီးနီးသလား၊ ဝေးသလားရယ်လည်း



ကျွန်တော်မသိ။ ဤလမ်း ဤခရီးသည် ကျွန်တော့်အတွက် လွန်စွာပင်ဒုက္ခရောက်နိုင်ချေ၏။ သို့ပေမင့် ကျွန်တော်ဦးတည်သွားရမည့်ခရီးကိုတော့ဖြင့်သိ၏။ သို့ငြား အရှေ့လား၊ အနောက်လား၊ တောင်လား၊ မြောက်လားမသိ။ သို့ဖြစ်၍ ကျွန်တော် မှတ်သားထားသည်ကား "လမ်းဆုံးလျှင်ဖြင့် ရွာတွေ့ပေမည်" ထိုတွေ့သောရွာသည်ကျွန်တော် ဦးတည်သွားရမည့်သွားနေသော "ညောင်မုတ်ဆိတ်" ရွာဖြစ်ချင်မှဖြစ်မည်။အရေးကြီးသည်ကား တစ်ရွာရွာရောက်ဖို့ထက် လူသူတစ်ဦးတစ်ယောက်(သစ်ခုတ်၊ ဝါးခုတ်သမားဖြစ်ဖြစ်၊ ပျားဖွတ်သမားဖြစ်ဖြစ်)ကို ကံအားလျော်စွာ တွေ့နိုင်ရေးပင်ဖြစ်ချေ၏။ သို့မှသာ "ညောင်မုတ်ဆိတ်" ကိုရောက်နိုင်မည်။ သို့မဟုတ်ဘယ်လမ်းသွားလျှင် ရောက်နိုင်သည်၊ မည်မျှဝေးသေးသည်၊ ရောက်လုပြီသိရပေမည်။ သို့မဟုတ်ပါမူဝေးသေးလျှင်၊ လမ်းလွဲနေလျှင် တစ်ညတာတည်းခိုရေးအတွက် ထိုသူတို့နှင့် မိတ်သဟာဖွဲ့ကာအကူအညီတောင်းရပေမည်။

လင်းမြင့်လှိုင်နှင့် မုဆိုးစောလှ၊ သူတို့နှစ်ယောက်စိတ်ပူလေရော့မည်။ သို့တတ်နိုင်ပါမည်နည်း။ သားကောင်ကိုပဲ သဲကြီးမဲကြီးလိုက်လံသတ်ဖြတ်မိသည့်ကျွန်တော်၏အမှားပင်ဖြစ်သည်။ မခံချင်စိတ်၊ အားမလိုအားမရစိတ်ကြောင့်ဖြစ်ရခြင်းပင်။ တကယ်တော့ ပေသုံးရာအကွာအဝေးလောက်တွင်ရှိသည့် တောင်ကျောလေးပေါ်မှမိခင်ပျောက်တွဲကာနေဟန်တူသည့် "ဒရယ်" ပေါက်လေးတစ်ကောင် တွေ့လိုက်သည်တွင် ကျွန်တော်တို့သည် 'လာဘ်ဦး' တောင်ဖြစ်သည်ကြောင့်ကြိုးသည်။ ထွေသည်တွက်မနေတော့ဘဲသေချာ ချိန်ရွယ်ပစ်လိုက်သည်။ ပစ်ချက်လွဲဟန်မတူ။ 'ဒရယ်'ကောင်လေး မြေပြင်သို့ခွေလဲပြီကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကိုလင်းကျွန်တော်ပဲသွားကောက်လိုက်မယ်၊ ဒီကသာ စောင့်" ဆိုကာကျွန်တော်ကတောင်ကျောပေါ်သို့တက်သွားလိုက်သည်။ ဘယ် လိုဖြစ်ရတာပါလိမ့်။ 'ဒရယ်' ကောင် က ထိုနေရာတွင်မရှိတော့ချေ။ တောင်ကျောလေးတစ်ဖက်ကျသွားလေသည်ထင့်၊သို့ကြောင့်တစ်ဖက် တောင်ကျောအောက်သို့ဆင်းလိုက် သည်။ ရေစပ်စပ်ရှိသောမြောင်ကျပ် လေးအတွင်း ဟိုသည်ရှာကြည့်၏။ မတွေ့၊ သည်တော့ကျွန်တော်မကျေ နပ်၊ ချက်ကောင်းကိုထိတာပဲ၊ ဒဏ်ရာ အနာတရဖြင့်ပြေးနိုင်ဦးတော့ဝေး ဝေးပြေးနိုင်မည်မဟုတ်၊ သို့ကြောင့် ကျွန်တော်သည်မြောင်ကျပ်လေးမှ ထွက်ကာချောင်းစွယ်လေးအထက် သို့ဆန်တက်ခဲ့ပြန်၏။ သားကောင် ရလိုစောကြောင့်လင်းမြင့်လှိုင်နှင့် မုဆိုးစောလူးကိုလည်း သတိမရလေ တော့၊ တွေ့နိုးနိုးဖြင့် သားကောင်ပျောက်ကိုသာ မဲ၍ရှာနေမိ၏။ဟို မြောင်ဝင်၊ သည်မြောင်ထွက်၊ဟို တောင်ကျောဖြတ်၊ သည်တောင် စွယ်ကူး နှင့် ခရီးကွဲမှန်းမသိကွဲခဲ့ လေပြီကိုသတိမထားမိ။ သည်လိုနှင့် ကျွန်တော် လမ်းပျောက်ခဲ့ရသည်။ "ဝူး. . ဝူး"ရယ်လို့အသံပြုသော်ငြားလည်း လင်းမြင့်လှိုင်နှင့် မုဆိုးစောလူးထံမှ ပြန်လည်အသံပြုသံမကြားရလေ တော့မှကျွန်တော့်အမှားကို ကျွန်တော်သိလာခြင်းဖြစ်၏။ သူတို့နှစ် ယောက်နှင့်လမ်းကွဲခဲ့ရချေပြီဖြစ်သည်။ သို့ဖြစ်၍လေကုန်ခံ၊ အမောခံ၍ အသံပြုမနေတော့ချေ။ ထင်မိထင်ရာ လမ်းကြောင်းတို့ကိုသာဖြတ်ကျော် လျှောက်ခဲ့တော့သည်။ သို့လျှောက် ရင်း ဂျီ (ချေ)တစ်ကောင်တွေ့သဖြင့် "ငါးမရရေချိုးပြန်"ဆိုသကဲ့သို့ ဒဏ်ရာရ "ဒရယ်"ကောင်ကိုမတွေ့ ငြား ဂျီ(ချေ)ကောင်ကိုပစ်ခွင့်ရခြင်းကြောင့်အားရဝမ်းသာဖြစ်ကာ အသေ အချာချိန်ရွယ်ပစ်လိုက်ပြန်၏။



"ချောက်"

ကျွန်တော်နှင့် မည်သို့မျှ မဝေးသောနေရာလောက်ဆီမှ ဂျီ(ချေ) ကောင်သံည်သေနတ်မောင်းရိုက်သံ ကြောင့်ထိုနေရာမှ ခုန်ပေါက်ပြေးလွှား သွားတော့၏။

"တောက်"

ဒေါသတကြီးတောက်ခေါက်လိုက်သည်။ ဘယ်လိုဖြစ်ရတာပါလိမ့်။ သေနတ် "ဂျမ်း" ဖြစ်လေသလားမသိ။ သေနတ်ပြောင်းကိုမိုးပေါ်သို့ တစ်ချက်ထောင်၍ ပစ်ကြည့်လိုက်၏။

"ချောက်"

နောက်ထပ်တစ်ချက် . . . "ချောက်"ကျည်ကားထွက်မလာ သို့ဖြစ်၍ ကျည်ဘူး(မဂ္ဂဇင်းဘောက်စ်) ကိုဖြုတ်၍ကြည့်လိုက်သည်။

"ဟာ . . . သေလိုက်"

ကျည်တစ်တောင့်မှမရှိပါကလား။အဲဒါမှဒုက္ခ၊ ဘယ်လိုလုပ်ရပါ့။ ဖြစ်နိုင်ချေကား လင်းမြင့်လှိုင်တို့နှင့် ပြန်လည်ဆုံစည်းရန်လမ်းမှန်ရှာ ပြန်ရုံသာ ရှိတော့၏။ကျွန်တော့်အဖြစ်ကား ထိုသို့ပင်ဖြစ်ချေ၏။

ရှေ့တိုးလေမှားလေ၊ခုချိန်ထိတိုင်၊ ကံကောင်းတာလေးတစ်ခုတော့ရှိ၏၊ မည်သည့်သားရဲကောင်ကြီးနှင့်မျှ မဆုံခြင်းဖြစ်သည်။

ဤသို့ဖြင့် သွားရင်းလာရင်းအချိန် ကကုန်ခဲ့သည်၊ မနက်မှသည်နေ စောင်းလုချေပြီ၊ လမ်းပျောက်နေဆဲ ဖြစ်၏။ ကျွန်တော်မလျှောသော့ခဲ့သည့် လဖြင့်လုပ်ရမည့်အလုပ်သည်ထိုင်မနေဘဲ လင်းမြင့်လှိုင်တို့နှစ်ယောက်နှင့် မဆုံမခြင်းတောတိုးလျှောက်နေရပေဦးမည်၊ သို့တည်းမဟုတ်လူသား မိတ်ဆွေတစ်ဦးဦး၊ လူနေတဲတစ်လုံးတွေ့လိုတွေ့ငြားဖြစ်သည်၊ လူနေရာ

www.burmeseclassic.com

www.burmeseclassic.com



တည်းမှာထိုင်နေလို့ကတော့ ကျွန်တော့်ထံမည်သူတစ်ဦးတစ်ယောက်မျှ ရောက်လာကြလိမ့်မည်မဟုတ်။ သွားရင်းလာရင်းသတိတရဖြင့် အကျႌ အိတ်ကပ်နှင့် ဘောင်းဘီအိတ်အတွင်း ဟိုစမ်းသည်စမ်းလုပ်နေမိ၏။ တော်ပါသေးရဲ့။ တောတောင်အတွင်း အဓိကလိုအပ်သည့် ပစ္စည်းလေး ရှိနေသဖြင့် အနည်းငယ်တော့ဖြင့် အားတက်မိ၏။ အခြားမဟုတ် 'မီးခြစ်' လေးတစ်လုံး ဖြစ်သည်။ မီးခြစ်ရှိလျှင် မီးရှိချေပြီ။ မီးသည် ကျွန်တော့် ကိုအများကြီး ကူညီပံ့ပိုးမှုပေးပေလိမ့်မည်။ အလင်းကိုပေးမည်။ အနွေး ဓါတ်ကိုပေးမည်။ လက်နက်အဖြစ်လည်းအသုံးပြု၍ရပေလိမ့်မည်။ တော တွင်းနေသားရဲကောင် တို့သည် "မီး"ကိုအင်မတန်ကြောက်ရွံ့တတ်ကြ၏။ သို့ကြောင့်ကျွန်တော့်အတွက်လိုအပ်ပါက မီးလက်နက် အဖြစ်အသုံးချနိုင် လောက်သည်။

ကျွန်တော်သည်အတတ်နိုင်ဆုံး စိတ်ကိုတည်ငြိမ်အောင်ထားလိုက်၏။ ခေါင်းကိုငိုက်စိုက်ချတွေးတွေးဆဆ မှန်းဆဆဖြင့်လျှောက်လာမိခြင်း ကြောင့်ဆင်လမ်းချိုးကွေ့လေးတစ်ခုနားအရောက်တွင် မမျှော်လင့်ဘဲ ဝံနက်တစ်ကောင်နှင့်ထိပ်တိုက်တိုးလေတော့သည်။

"အား"

"ဂါး"

ရုတ်တရက်မည်းမည်းကောင် ကြီးတွေ့လိုက်ခြင်း၊ ဝံနက်တစ်ကောင် ဖြစ်နေခြင်းကြောင့်ရင်ထိတ်သွားရာမှ ကြောက်လန့်တကြားအော်လိုက် မိသလို၊ ဝံနက်ကောင်သည်လည်း မမျှော်လင့်ဘဲသတ္တဝါဆန်းတစ်ကောင် ကိုရုတ်တရက်မြင်လိုက်ခြင်း၊ ပြီးတော့ကြောက်ခမန်းလိလိအော်ဟစ်သံ ကြီးကြောင့်သူသည်လည်း လန့်ဖျပ်သွားကာကြောက်ကန်ကန် အော်ဟစ် ပြီးဘေးမြောင်အတွင်းသို့ ပြေးဝင်သွားတော့၏။



ထိုသို့သားရဲကောင်နှင့် ထိပ်တိုက် ဆုံရခြင်းသည်ကျွန်တော်၏ချို့ယွင်း ချက်အမှားဖြစ်သည်။ တကယ်ဆိုပါမူ တောတောင်အတွင်းသာမန်ခရီး သွား သူတစ်ယောက်အနေဖြင့် သွားလာပါမူ ဆူညံသောအသံပြု၍ သွားရ ပေမည်။ သို့မှသာ ရှေ့တွင်ရှိသောသားရဲကောင်တို့ကိုခြောက်လှန့် ထုတ် လိုက်သလို ဖြစ်မည်။ သို့ကြောင့်ပါးစပ်ကလည်း အော်ဟစ်၊ တုတ်ဖြင့် လည်းဝါးပင်၊ သစ်ပင်တို့ကိုရိုက်နှက်၍ သွားရမည်။

ထိုဝံနက်ကောင်နှင့် ဆုံပြီးနောက်ပိုင်းကျွန်တော်သည် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို "ဝူး . . . . ဝူး" ရယ်လို့လည်းအော်ရင်း၊ ဝါးပင်၊ သစ်ပင်တို့ကိုလည်း တဖျောင်းဖျောင်း၊ တဘုန်းဘုန်းရိုက်နှက်ခရီးဆက်ခဲ့ ရတော့သည်။

ထိုသို့လျှောက်ရင်းအသံပြုရင်း ကြားမှအတော်လှမ်းလှမ်းတောင် ကျောဘက်ကအူသံတစ်ချက်သဲ့သဲ့ ကြားလိုက်သည်။ အချိတ်အဆက်ပြု လူသားတစ်ဦးဦး၏အူသံဖြစ်သည်ကြောင့်ဝမ်းမြောက်ဝမ်းသာဖြစ်သွား ကာကျွန်တော်သည်ကမူးရှူးထိုးဖြင့် ထိုအသံလာရာတောင်ကျောသို့နား စွင့်ရင်း၊ အူသံပေးရင်းမပြေးရုံတမယ် သွားလိုက်သည်။

"ဝူး . . . . ဝူး"

"ဝူး"

တစ်ဖက်မှလည်းပြန်လည်အသံ ပြုနေ၏။ သို့ငြားထိုအသံတို့ မှန်းဆ ပြောရမည်ဆိုပါလျှင်တစ်နေရာတည်းတွင်သာ အထိုင်ပြု၍ အသံပြုနေ ခြင်း ကြောင့် စိုးရိမ်စိတ်ကလေးတော့ ဖြစ်မိသည်။ ကျွန်တော်ထင်သလို လူ သားတစ်ဦးမဟုတ်လေဘဲ နာနာဘာဝ "တြပ်" တောင်ဖြစ်နေမည်လားဟူ၍ စိုးရိမ်ရသေး၏။ တောတောင်အတွင်း ထိုတ်စရာ [illegible] ပြောကြားဆိုသ

www.burmeseclassic.com



လိုလည်းကြုံဖူးကြားဖူးခြင်းကြောင့် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ၊ အဖြေကွဲကွဲ ပြားပြားသိအောင်တော့ဖြင့် ထိုနေရာကိုအရောက်သွားရပေမည်။

လမ်းတလျှောက်ချုံနွယ်တို့ဖြင့် ငြိခြင်း၊ ဟပ်ထိုးလဲခြင်း၊ တောင်ကျော ပေါ်မှချော်ကျခြင်းများရှိသော်လည်း တစ်ဖက်မှအသံပျောက်သွားမည်ဆိုး သဖြင့်ထိုအသေးအဖွဲဒုက္ခများကိုဂရု မစိုက်အားချေ။ သို့ဖြင့်တစ်ဖက်အသံ နှင့်တဖြည်းဖြည်းနီးကပ်လာတော့၏။

“ဟေး”

“ဟေး”

သည်တခါတော့ဖြင့် 'ဝူး'ရယ်လို့ မအော် 'ဟေး' ရယ်လို့စမ်းအော် လိုက်၏။ လူသားလား၊ ဘာလဲကွဲကွဲ ပြားပြားသိရန်အလို့ငှာသို့အော်သံ ပြုလိုက်ရခြင်းဖြစ်၏။ တစ်ဖက်မှ လည်း“ဟေး”ရယ်လို့ပြန်လည် အသံပြု လာခြင်းကြောင့်ပျော်သွားမိ၏။ တစ်ဖက်အသံပြုသူသည် လူသားစစ်စစ် တစ်ယောက်ဟုတွက်ဆရလိုက်သည်။ သို့ဖြစ်သည်ကြောင့် ကျွန်တော် သည်လက်ရှိရောက်နေသည့်တောင်ကျောစွယ်လေးမှ ရဲရဲဝင့်ဝင့်တွယ်ဖက် တက်လိုက်၏။ အသံသည်ထိုတောင်ကျောပေါ်မှလာခြင်းကြောင့်ဖြစ်၏။

“ဟာ”

တောင်ကျောပေါ်ရောက်လေသည်နှင့် ထူးဆန်းအံ့ဖွယ်ကောင်းသည့် မြင်ကွင်းကဆီးကြိုနေတော့၏။

မူလသစ်ပင်ကြီးကို ဝါးမျိုထားသည့်ညောင်ပတ်ပင်ကြီးအောက်ခြေ တွင်သစ်ခေါက်ဆိုးသင်္ကန်းဝတ် ရသေ့တစ်ပါးတင်ပျဉ်ခွေထိုင်ကာ တရား ကျင့်နေ၏။ မျက်ဝန်းတို့ကို မှိတ်ထား၏။ မတုန်မလှုပ်ကျောက်ရုပ်နှယ် ဖြစ်သည်။



ကျွန်တော်သည် လက်အုပ်ချီကာ ထိုရသေ့အနီးတိုးကပ်သွားလိုက်၏။

“အလို . . . တောပျော်ရသေ့ “ဓမ္မပါလ” ပါကလား”

ကျွန်တော့်နှုတ်ဖျားမှ တအံ့တသြ လေသံသဲ့သဲ့ထွက်သွားသည်။ အနီ “ရသေ့ဓမ္မပါလ”သည်၊ မလှုပ်မယှက် ငြိမ်သက်လျက်သူ့ကိစ္စသူလုပ်နေခြင်း ဖြစ်သည်။ သို့ဖြစ်၍ကျွန်တော်သည် ရသေ့ရှေ့တွင်ပုဆစ်တုပ်ထိုင်လိုက် ကာအမောဖြေလိုက်၏။ ပူပင်သောကစိတ်တွေကိုလည်းဖျောက်ဖျက် ပစ်လိုက်တော့သည်။ ရသေ့ဓမ္မပါလ နှင့် တွေ့လေပြီပဲ၊ မည်သို့မျှပူပင်စရာ မလိုတော့ပြီ။ ဘယ့်တွက်မူကျွန်တော် ကိုသူ့ထံပါးအရောက်ခေါ်ခဲ့သည် ကိုး။ ထူးဆန်းသည်ကားတရားမှတ်နေရင်း မည်သို့အသံပြုလေသည်မသိ။ တရားမှတ်ရင်း “ဝူး . . . ဝူး” ရယ်လို့တော့အော်ဟစ်နေလိမ့်မည် မဟုတ်။ သို့ပေမင့်ကျွန်တော်သည် “ဝူး . . . ဝူး”ရယ်လို့အသံပြုအချက်ပြသံ ကြောင့် ဤနေရာသို့ရောက်လာရခြင်းဖြစ်သည်။ သို့ဖြစ်၍ရသေ့ ဓမ္မပါလ သည်လွန်စွာထူးဆန်းအံ့ဖွယ် ရသေ့တစ်ပါးဖြစ်ချေသည်။

တောတောင်အတွင်းဒုက္ခနှင့်ကြုံ လေတိုင်းရသေ့ဓမ္မပါလနှင့်ဆုံရ၏ မည်သို့ရေစက်ဖြစ်သည်မသိ။

ကျွန်တော်သည်ရသေ့ကိုဦးသုံး ကြိမ်ချကာမြေပြင်ပေါ်သို့ပက်လက် လှန်ချလိုက်သည်။ ညောင်းညာကိုက် ခဲနေပြီကိုး၊ ခြေဆန့်လက်ဆန့်သ ဘောပြုမူလိုက်ခြင်းဖြစ်၏။

“ဒီမှာလှဲမနေနဲ့ဦး ဒီတောင်ကျော ကနေလှမ်းကြည့်လိုက်ကိုပိုက်ရဲ့ နောက်ကျောဘက်ကိုတွေ့လား အဲဒီလှမ်းမြင်ရတဲ့တဲအိမ်စုစုလေး တွေဟာ 'ညောင်မုတ်ဆိတ်' ရွာပဲ။ အဲဒီကိုသွားပြီးသတ်သောင့်သတ်သာ အနား ယူပေတော့”

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

မထင်မှတ်လေဘဲ "ညောင်မုတ်ဆိတ်"ရွာရောက်နေပြီပဲ။ သို့ဖြစ်၍ ကျွန်တော်သည်လဲလျောင်းနေရာမှ လူးလဲထလိုက်ရင်း "ရသေ့ဓမ္မပါလ" ကိုကျေးဇူးတင်ဟန်ဖြင့်ကြည့်လိုက် သည်။

"ကဲ ... အချိန်ရှိတုန်းသွားတော့၊ နောက်မှဆုံကြတာပေါ့"ရယ် လို့ပြောကာ ထုံးစံအတိုင်းသူ့နံဘေးမှ ကြေးစည်လေးကိုကောက်ယူထလိုက် တော့၏။ "နောင်ဝေဝေ" ရယ်လို့ မြည်အောင်သုံးကြိမ်သုံးခါထုလိုက်ပြီး သည်နှင့်သူ၏မျက်လုံးအစုံတို့သည် မှေးမှိတ်သွားကာဆက်လက်တရား ဘာဝနာပွားနေလေသည်ကြောင့် ကျွန်တော်သည်ဘာတစ်ခွန်းမှမပြော လေတော့ဘဲ ညောင်မုတ်ဆိတ်ရွာဘက်သို့ခြေဦးလှည့်လိုက်လေတော့ သည်။

မကြာလင့်မီအချိန်တွင် ညောင်မုတ်ဆိတ်ရွာသို့ရောက်ခဲ့တော့၏။ အမဲကြီးပစ်ရန်အချိန်းအဆက်ပြုထားသောတောအုပ်ကြီးမောင်မောင် စိုးနှင့်ဆုံခဲ့ရသည့်အပြင်လင်းမြင့်လှိုင် နှင့်မုဆိုးစောလူးပါထိုရွာသို့ရောက် နှင့်နေကြသည်ကြောင့်ဝမ်းသာ ပျော်ရွှင်ခဲ့ရပြန်သည်။

ထိုရွာသို့ရောက်ရောက်ချင်း အနားယူစားသောက်ပြီးတစ်ရေး တစ်မောအိပ်လိုက်သည်။ လွန်မင်းစွာ စိတ်ပင်ပန်းလူပင်ပန်းခဲ့ရသည်ကို အိပ်ရာနိုးလေမှကျွန်တော်၏ ဖြစ်ကြောင်းကုန်စင်ကိုပြောပြလိုက်သည် တွင်အားလုံးကတအံ့တသြဖြစ်သွားကာ ...

"ဘာဗျ ... ရသေ့ဓမ္မပါလနဲ့ တွေ့တယ်ဟုတ်လား" ရယ်လို့သူတို့ သုံးဦးသည်တစ်ဦးမျက်နှာတစ်ဦးကြည့်ကာမေးလာတော့၏။

"ဟုတ်တယ်လေ ရသေ့ဓမ္မပါလနဲ့တွေ့လို့လဲ ကျွန်တော်ဒီရွာကို



ချောချောမောမောရောက်လာပြီး ခင်ဗျားတို့နဲ့ဆုံရတာပေါ့ ... နို့မဟုတ် တောတောင်ထဲမှာအစာတော်ပြီး တစ်ညလုံးဒုက္ခရောက်နေလောက်ပြီ"

"ထူးတယ် .... အတော်ကလေး ကိုထူးတယ်ဗျာ"

လင်းမြင့်လှိုင်က သို့ပြောရင်း ခေါင်းတယမ်းယမ်းလုပ်နေသည် ကြောင့် "ဗျာ .. ဒါဟာအင်မတန်ထူးဆန်းတာပေါ့"

"ဟုတ်ဘူးကိုပိုက်ရဲ့ ... ကျွန် တော် ခင်ဗျားပြောတာတွေကိုနား ထောင်ပြီးထူးဆန်းတယ်လို့ပြော တာမဟုတ်ဘူး။ ကျွန်တော်တို့သိထား တာနဲ့ချိန်ဆလိုက်တော့ဒီထက်ပို ထူးဆန်းတာသိလိုက်လို့ထူးတယ်လို့ ပြောတာ"

လင်းမြင့်လှိုင်စကားဆန်းကြောင့် ကျွန်တော်သည်"အလို့ဗျာ ဒီထက် ထူးတာရှိသေးလို့လားပြောပါဦး ဗျာ"ရယ်လို့မေးလိုက်၏။ "ရသေ့ ဓမ္မပါလကဒီရွာထိပ်က စေတီလေး မှာတရားထိုင်နေတာ မနေ့ကတည်း က ခုထက်ထိပဲဗျ .. ရေဆွမ်းပဲဘုဉ်း ပေးလို့စောစောလေးကတင်ကျွန် တော်တို့သုံးယောက် သောက်ရေအိုးထဲရေသွား ဖြည့်ပေးခဲ့ရသေးတယ် ဗျ"

"ဗျာ"

တောအုပ်ကြီးမောင်မောင်စိုးက သို့ပြောလာသဖြင့် ကျွန်တော်သည် ပို၍အံ့သြတကြီးဖြစ်ရပြန်၏။

"ကိုပိုက်မယုံလျှင်ဖြင့် ရွာဦးစေတီမှာရသေ့ဓမ္မပါလရှိတယ်သွားကြည့် လေဗျာ"

လင်းမြင့်လှိုင်ကသို့အခိုင်အမာ ပြောလာသည်ကြောင့် ကျွန်တော် သည်ထိုင်ရာမှရုတ်ခြည်းထကာရွာဦးစေတီ ရှိရာဘက်သို့အမောတကော လျှောက်ခဲ့တော့၏။ သိပ်ဝေးဝေးမလျှောက်ခဲ့ရ ငါးမိနစ်သာသာအချိန် ကလေးမှာပင် ရွာဦးစေတီသို့ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဓမ္မပါလသည် စေတီပစ္စယံရှိခရေပင်ကြီးအောက်တွင်ရပ်လျက်ကျွန်တော့်ကို ပြုံးပြုံးကြီး ကြည့်နေလျက်ကြားမှ "ကိုပိုက် ရောက်လာမယ်ဆိုတာသိလို့ သွားစရာရှိတာမသွားဘဲစောင့်နေတာကဲ .. ပြောဘာကိစ္စရှိပြန်ပလဲ"ဟုမေးလာ၏။ ကျွန်တော်ကတောတွင်းကြုံခဲ့ရသည့်ဖြစ်ကြောင်းကုန်စင်ကိုပြန် ပြောပြလိုက်ပြန်၏။ ပြီးလေမှ ....

"ရသေ့ကအဲဒီနေရာမှာ တရားကျင့်နေရစ်ခဲ့ပြီး ဘယ်နှယ့်ကြောင့်ဒီမှာရောက်နေတာတုန်း၊ ပြီးတော့မနေ့ကတည်းကရှိနေတာဆိုအဲဒါရှင်းပါဦး" ဟုမေးလိုက်သည်။

"အေးလေကွာရသေ့စိတ်ကတော့ ကိုပိုက်ဆီရောက်နေတာစိတ်သာရောက်တာပါကွာခန္ဓာကိုယ်က တော့ဒီမှာပဲပေါ့၊ ဒီစေတီလေးမှာ ရေဆွမ်းသာဘုဉ်းပေးပြီးအဓိဋ္ဌာန် (၉)ရက်ဝင်နေတာစာလေးကတင်ပြီးလို့ သုသာန်ဓူတင်ဆက်ဝင်ဖို့ ခရီးမထွက်ခင်ကိုပိုက်ကိုပြောစရာလေးလဲရှိလို့စောင့်နေတာ၊ ခက်တာ ကရသေ့မှာသံယောဇဉ်တွေရှိသေးတယ်။ မဖြတ်နိုင်သေးလို့ထင်ပါရဲ့ ... တရားထိုင်တရားကျင့်ကြံနေရင် ကိုပိုက်တို့လိုခင်မင်ရာမိတ်ဆွေတွေဆီ စိတ်ကရောက်နေတတ်သေးတယ်။ သတ္တဝါတွေအပေါ် ဘယ်လိုပံ့ပိုးကူညီရမယ်စိတ်ကူးနေရတာနဲ့ ကိုယ့် အတွက်မလုပ်နိုင်သေးပါဘူး။ ဒါ ကြောင့် ရသေ့ပြင်းပြင်းထန်ထန်ကျင့် ကြံနေရဆဲပေါ့" ဟု ပြောကာရယ်နေ၏။

ကျွန်တော်သဘောပေါက်ချေပြီ။ ရသေ့ဓမ္မပါလအကြောင်းကိုလည်းသိသင့်သလောက်သိလိုက်ချေပြီ ဖြစ်သည်။ ကျွန်တော်ဘာမျှပြန်မပြောတော့ထိုနေရာမှလှည့်ထွက်ရန်ကြံ လိုက်စဉ်မှာပင် ...

"နေဦး ... ကိုပိုက်ကိုအလုပ် တစ်ခုလုပ်ခိုင်းချင်စရာရှိတယ်" ရယ်လို့ ရသေ့ကပြောလာသဖြင့်ကျွန်တော်သည်ရသေ့ထံမျက်နှာပြန်မူ လိုက်ကာ "ဘာများခိုင်းမလို့တုန်း၊ ခိုင်းချင်တာခိုင်းပါဖြစ်အောင်လုပ်ပေးပါ့မယ်" ဟုလွယ်လင့်တကူကတိပေးလိုက်၏။ သည်တော့ရသေ့ကပြုံးလျက်-

"ဒီတာဝန်ဟာကိုပိုက်နဲ့ပဲဖြစ်မှာမို့ပါ။ မနက်ကလင်းမြင့်လှိုင်တို့လာကြတာတောင် ဘာမှမပြောလိုက်ဘူး ကဲရသေ့နောက်လိုက်ခဲ့" ဟုဆိုကာ ထိုစေတီလေးနှင့် ဝါးသုံးပြန်လောက်ဝေးသည့်ချုံတောစပ်ရှိရာသို့ ဦးဆောင်သွားလေတော့ သည်။

ကျွန်တော်သည် ရသေ့နောက်မှ ကပ်လိုက်ရင်း ဘာများခိုင်းမှာပါလိမ့်ဟူ၍စဉ်းစားလိုက်မိသည်တွင် ရသေ့သည်ဘယ်လို လုပ်သိနေလေသည်မသိ ..... "ရသေ့က ဒီနေရာကနေ အခြားတစ်နေရာ သွားစရာရှိလို့ရသေ့လုပ်လက်စ အလုပ်လေးကိုဆက်လုပ် ပေးဖို့ပါပဲအထွေ အထူးတော့မဟုတ်ပါဘူး သေနတ်ကျည်ထိမှန်ထားတဲ့ အမဲလိုက်ခွေးတစ်ကောင်ကိုပြုစုစောင့်ရှောက်ဖို့ပါ"

ရသေ့စကားကြောင့် ကျွန်တော် စိတ်ပျက်သွားမိသည်။ ကျွန်တော့်ကိုတိရစ္ဆာန်ဆေးကုဆရာဝန်များထင် မှတ်လေသလားမသိ။ သို့ဖြစ်၍ "ကျွန်တော်က တိရစ္ဆာန်ဆေးကုဆရာဝန်မဟုတ်ဘူးရသေ့ရဲ့၊ စဉ်းစဉ်းစားစားလဲ လုပ်ပါဦးဗျာ"ရယ်လို့စောဒကတက်လိုက်၏။

"ဟင့်အင်းဒီခွေးကိုကိုပိုက်ပဲ ပြုစုရမှာဘာလို့လဲဆိုတော့ဒီခွေးရလာတဲ့ဒဏ်ရာကကိုပိုက်ပရောဂ မကင်းလို့ပဲ"

"ဗျာ"

အံ့ဩရပြန်ချေပြီ။ကျွန်တော်သည် ဘယ်တုန်းကမှခွေးတစ်ကောင်ကိုပစ် ခတ်ခဲ့ခြင်းမရှိပါ၊ဘယ့်တွက်ရသေ့ ထိုစကားကိုဆိုရသနည်း၊



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဒီမယ်ကြည့်"

ချုံတောတစ်ခုနောက်ကွယ်ရှိ ခွေးတစ်ကောင်ကိုညွှန်ပြလေ၏။ ထိုခွေးသည်အမှန်တကယ်ပင်သေနတ်ဒဏ်ရာထိခံထားရ၏။လက်ပြင်အနောက်ဘက်ဆီမှသေနတ်မှန် ဒဏ်ရာတစ်ခုရှိနေ၏။ရသေ့ကြီးကုသပေးမှုကြောင့်အတော်အတန် သက်သာနေဟန်တူ၏။ထိုခွေးသည်ရသေ့ကြီးကိုတွေ့လိုက်သည်နှင့် "တအီအီ ညည်းကာလဲလျောင်းလျက်ရှိနေရာမှလက်အစုံကိုပူးကာ ဦးချလေဟန်ပြုလေသည်ကြောင့်ကျွန်တော်သည်အင်မတန်မှလိမ္မာရေးခြားရှိဟန် တူသည့်ထိုခွေးကိုသနားကရုဏာသက်မိ၏။ သို့ဖြစ်၍ . . . .

"ဘယ်သူကများဒီခွေးကိုသေနတ်နဲ့ပစ်တာပါလိမ့်" ဟုဒေါသဟန်ပါပါမေးလိုက်သည်တွင်ရသေ့သည် ဟက်ဟက်ပက်ပက်ရယ်မောရင်း "ဘယ်သူရမှာတုန်း .. အဲဒီခွေးကို ဒဏ်ရာအနာတရဖြစ်အောင်လုပ်လိုက်တဲ့သူကကိုပိုက်ပဲပေါ့"

"ရသေ့ကြီးကလုပ်ချလိုက်ပြန်ပြီ ကျွန်တော်ပါလို့ဘာလို့အတပ် ပြောနေရတာတုန်း၊ ခုမပြောနဲ့ကျွန်တော့်တစ်သက်မှာဘယ်ခွေးတစ်ကောင်တစ်လေမှမပစ်ခဲ့ဖူးပါဘူး ရသေ့ကြီးရယ်ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ"

သို့ကျွန်တော်က အာမခံရဲရဲပြောလိုက်၏။ ဟုတ်လည်းဟုတ်၏။ ဤရွာ သို့ကျွန်တော်ခုမှရောက်ဖူးခြင်းဖြစ်၏။ သို့ဖြစ်သည်ကြောင့် ကျွန်တော်နှင့်ထို ခွေးလုံးဝမပတ်သက်နိုင်ချေ။

"ကိုပိုက်လက်ချက်ပါ ပြန်စဉ်းစားလေကနေ့မနက်ပိုင်းကိုပိုက်တို့ သုံးယောက်စလုံးရှိနေတယ်။ ဒီခွေးကို ပစ်လိုက်သူကကိုပိုက်ကဲဘာပြောမလဲ"



ရသေ့စကားကြောင့်ကျွန်တော် မနက်ခင်းကိစ္စများကိုပြန်စဉ်းစားလိုက်၏။တစ်မနက်လုံးကျွန်တော် ကျည်တစ်တောင့်ဖြုန်းကာ သားကောင်တစ်ကောင်ကိုသာပစ်ခတ်ခဲ့ရ၏။ မနက်ကကျွန်တော် "ဒရယ်"ပေါက်တစ်ကောင်ကိုပစ်လိုက်သည်မှ လွဲ၍မည်သည့်သားကောင်ကိုမျှပစ်ခွင့်မကြုံ။ပစ်ခွင့်မရသေနတ်တွင်း ၌ကျည်ပင်မရှိ၍သားရဲကောင်နှင့်ထိပ်တိုက်တိုးမှာစိုးရိမ်နေရသည်ပဲ။ သို့ဆိုလျှင်ဖြင့်ကျွန်တော်မနက်ကဒရယ်ပစ်လိုက်သည့်ကိစ္စတွင်တခုခု အမှားအယွင်းနှင့်ကြုံခဲ့ရသည်ဖြစ်မည်။ကျွန်တော်မနက်ကတောမှောက်ခံခဲ့ရသည်လား။ဖြစ်နိုင်၏။ ဟုတ်ပြီသို့တွေးလိုက်မိသဖြင့် . . .

"ဟာ ဒါဖြင့် ကျွန်တော်မနက်က ပစ်လိုက်တဲ့ ဒရယ်ကောင်ဟာတကယ်တော့ တောမှောက်ခံရပြီး ဒီခွေးကို ဒရယ်လို့အမြင်မှားပစ်မိလိုက်တာပေါ့"ဟုကမန်းကတန်း မေးလိုက်သည်။

ရသေ့ကပြုံးလျက်ခေါင်းညိတ်ပြ၏။ ပြီးနောက် . . .

"ဟုတ်တယ်၊ ကိုပိုက်ပစ်လိုက်တဲ့ကျည်မှန်လာတာ၊ ဒီခွေးကမုဆိုးတာပုရဲ့အမဲလိုက်ကောင်းတဲ့ခွေးပဲ။ သခင့်အလိုကျ အမဲလိုက်နေရပေမယ့်ရသေ့တရားထိုင်၊တရားမှတ်တဲ့ အချိန်တိုင်းလိုလိုမှာအနားရောက် ရောက်လာပြီးငြိမ်သက်လဲလျောင်းနေတတ်တယ်။ အံ့သြစရာကောင်း တာတစ်ခုကဒီခွေးကဖွတ်လေးတွေ၊ ယုန်လေးတွေ၊ လိပ်ကလေးတွေကို လိုက်လံဖမ်းဆီးပေးနေရပေမယ့်၊ ဒီခွေးကအသားမစားဘူး။ သူ့သခင်ပြောတာလဲ . . . ထမင်းရည်ပဲသောက်တာတဲ့။ သူများခိုင်းလို့သာမလုပ် မနေရအမဲလိုက်ရှာပေးနေရရှာတာ။ ဒါဟာလဲဝဋ်ကြွေးတစ်မျိုးပဲပေါ့။ ခုလိုဒဏ်ရာရတော့သူ့သခင်ကလဲ စိတ်မကောင်းဖြစ်သွားရှာတယ်၊ ဒီတော့ရသေ့ကလဲ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မုဆိုးဆီက ဒီခွေးကိုအလျှခံလိုက်ပြီး ဆေးကုပေးနေတာပေါ့. . "

"ရသေ့စကားကြောင့် ကျွန်တော်မျက်လုံးမျက်ဆန်ပြူးခဲ့ရ၏။ ရသေ့က ဆက်ပြောပြန်သည်-

ရသေ့ဆိုလိုချင်တာက ဒီခွေးဟာ သခင်ခိုင်းလို့မလုပ်မနေရလုပ်နေရတယ်ဆိုပေမင့် ဝဋ်လည်ပြီးသူကိုယ်၌ သားကောင်လို့အထင်ခံအပစ်ခံခဲ့ရတယ်။ အနာဂတရဖြစ်ပြီးနာခြင်းဆို တဲ့ကပ်ဆိုးဆိုက်ကပ်ခံခဲ့ရတယ်။ ရသေ့ပြောချင်တာကိုပိုက်တို့လုပ်နေ ကြတာဟာသူများခိုင်းလို့လဲမဟုတ်ဘူး၊ ဝမ်းရေးကြောင့်လဲမဟုတ်ဘူး။ အပျော်သဘောလုပ်နေကြတာ၊ဒါကောင်းသလား၊ ဝဋ်ဆိုတာကြီးကို မကြောက်ဘူးလား။ ဘာကြောင့်များ အမဲလိုက်မုဆိုးဘဝကိုခုံမင်နေကြတာလဲ တောတောင်ထဲမယ်မကြာမြဲဟုဆိုသလိုဒုက္ခရောက်ခဲ့ဖူးကြတာပဲ၊ ဒီထက်ပိုပြီးဒုက္ခကြီးကြီး မကြုံအောင်းဆက်မိုက်နေဦးမှာလား"

လို့ ရသေ့အမေးကြောင့်ကျွန်တော် မည်သို့ပြန်ဖြေရမည်မသိအကျပ်ရိုက်ခဲ့သည်။

ကျွန်တော့်ကိုယ် ကျွန်တော်လည်း ဘယ်လိုနားလည်ရမည်မသိပါတော့ချေ။ ကျွန်တော်သည်အဇ်မတန်အသိခေါက်ခက်အဝင်နက်လေသည့်လူသားတစ်ဦးလေလား၊ သို့တည်းမဟုတ်အတိတ်ကအကြွေးရရန်လူမို့လိုက်ယူနေရသူလေလား၊ မစဉ်းစားတတ်နိုင်အောင်ဖြစ်ရချေတော့သည်။

(မှခင်းရှုထောင့်မဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၀၁ ခုနှစ်)

# တိုက်တိုက်ဆိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

# တိုက်တိုက် ဆိုင်ဆိုင်

ချောင်းကမ်းနံဘေးရှိ မျောက်ငိုပင်ကြီး၏ ကိုင်းရင်းဂွဆုံတစ်နေရာတွင် 'မျောက်ညို' ကြီးတစ်ကောင်သည် ကိုင်းဖျားတွင်သီးနေသည့် အသီးကို ဆွတ်ယူနိုင်ရန်အလို့ငှာ စဉ်းစားတွေးနေပုံရ၏။ သို့ကြောင့်လည်း သူ့အပေါ် ကျရောက်လာတော့မည့် အန္တရာယ် အငွေ့အသက်ကိုပင် ရိပ်စားမိပုံ မပေါ်ချေ။

'ချောက်'

သေနတ်မောင်းတင်သံ ကျယ်လောင်သွားသည်ကြောင့် သူ၏ပစ်မှတ်ပျက်ပြယ်သွားမည်ကို စိုးရိမ်နေရှာသည့် လင်းမြင့်လှိုင်တစ်ယောက်ကိုကြည့်ပြီး ကျွန်တော်က -

'ဘာမှစိုးရိမ်မနေနဲ့ ကိုလင်း ဒီကောင်သူ့အာရုံနဲ့သူ ပတ်ဝန်းကျင်ကို မေ့နေတာဗျ၊ စိတ်အေးလက်အေးသာ ချိန်ပစ်ချေဗျာ'

ကျွန်တော့်စကားဆုံးသည်နှင့် လင်းမြင့်လှိုင်သည် သူ၏သေနတ်မောင်းထိန်းခလုပ်ကို ဆွဲညှစ်ချလိုက်သည်။

'ဒိန်း'



ယမ်းအားပေါက်ကွဲသံနှင့်အတူ မျောက်ညိုကြီးသည် အရုပ်ကြိုးပြတ်ဆိုသလို ချောင်းထဲသို့ ပြုတ်ကျသွားသည်။

ချောင်းတွင် စီးဆင်းနေသော ရေကြည်တို့သည် မျောက်သွေးတို့ဖြင့် ရောနှောသွားသည်ကြောင့် နီရဲနေတော့၏။

မျောက်သွေးတို့သည် ရေစီးနှင့်အတူ မျောပါသွားသော်ငြား မျောက်သေကောင်ကြီးသည် မလှုပ်မယှက်ငြိမ်သက်လျက်ကျန်ရှိနေ၏။

'ကဲ . . တာတီးရေ မျောက်သေကြီးကို ထမ်းပိုးပြီး တို့နောက်လိုက်ခဲ့တောကွာ၊ မမှောင်ခင် 'အင်းပျက်' ကို အရောက်သွားမှ ဖြစ်မယ်' ရယ်လို့ပြောပြီး လင်းမြင့်လှိုင်သည် တစ်ဖက်တောင်ကျောပေါ်သို့ ဖြတ်တက်သွားတော့၏။

ကျွန်တော်သည်လည်း သူ့နောက်သို့ ကပ်လိုက်သွားတော့သည်။ လင်းမြင့်လှိုင်က ရှေ့မှသွားရင်း 'ဒီ တောင်ကျောတဖြတ်လွန်ရင် ရိုးကလေးတွေ့မယ်၊ အဲဒီရိုးကလေးကနေ စုန်ဆင်းလိုက်ပြီးတာနဲ့ 'အင်းပျက်' ကိုရောက်မှာပါ' ရယ်လို့ ပြော၏။

'ဟိုမယ် စခန်းတဲရှိပါ့မလား'

ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည် 'စခန်းတဲတင်မဟုတ်ဘူးဗျို့ စားဖို့သောက်ဖို့ပါ အဆင်သင့်ရှိပြီးသားဗျ၊ အားလုံး ကျွန်တော်စီစဉ်ပြီးသားပါဗျာ၊ တောအုပ်လှိုင်ချစ် အဲဒီကနေ စောင့်နေလိမ့်မယ်'

ဤခရီးစဉ်ကို လင်းမြင့်လှိုင်က စီစဉ်ခြင်းဖြစ်၏၊ ကျွန်တော်သည် သမင်သားမစားဖူးသည်ကို သိထားသော လင်းမြင့်လှိုင်က သမင်တစ်အုပ် ကျက်စားရာ နေရာတွေ့ထားသည်ဖြစ်၍ ခေါ်လာခြင်းဖြစ်၏။

သို့ဖြင့် ကျွန်တော်တို့သည် ညနေစောင်းလောက်တွင် အင်းပျက်စခန်းသို့ ရောက်ခဲ့ကြတော့သည်။ ထိုစခန်းတွင် တောအုပ်လှိုင်ချစ်နှင့် အလုပ်

www.burmeseclassic.com

www.burmeseclassic.com



သမားနှစ်ယောက် ကြိုရောက်နှင့်နေကြ၏။

ရောက်မဆိုက်ပင် ကျွန်တော်တို့ သည် မောပမ်းလာသည်ဖြစ်၍ လင်းမြင့်လှိုင်ယူလာသည့် ဝီစကီပုလင်းကို ဖောက်သောက်လိုက်၏။ တောအုပ်လှိုင်ချစ်က သူစီစဉ်ထားသော ဂျို(ချေ) သားခြောက်မွကြော်ကို မြည်းရန် အလှူဒွာစီစဉ်ပေး၏။

အမောပြေ အနည်းငယ်စီမျှသောက်ပြီး အနီးရှိကျောက်အိုင်လေး တစ်ခုတွင် ရေချိုးလိုက်သည်။ ပြီးနောက် စခန်းတဲပေါ်တွင် ဝိုင်းထိုင်လိုက်ကြပြန်၏။ ဤအခါတွင်မတော့ ဂျီသားခြောက်မွကြော်ပင်မဟုတ် စပါးကြီးမြွေကြပ်တိုက်ကြော်ပင်ပါလာသေး၏။ သောက်ရင်းစကားစမြည်ပြောကြ၏။

'ကိုလင်းရေ ခင်ဗျားပြောတဲ့သမင်အုပ်ကဒီဘက်ကြောကို တကယ်လာတတ်သလားဗျ'

ကျွန်တော့်အပြောကြောင့် လင်းမြင့်လှိုင်သည် သွားတက်ကလေးပေါ်အောင်ပြုံးလျှက် . .

'သေချာပေါ့ ကိုပိုက်ရယ်၊ အဲဒီနေရာမှာ ဆားငံတွင်းရှိတယ်၊ ဒီကောင်တွေက ညဘက်မှလာစားတတ်ကြတာဗျ၊ ည ၇း၀၀နာရီလောက်ဆိုလာပြီလေ'

'ကောင်းပြီလေ၊ ကျွန်တော်တို့ စားသောက်ပြီး ခဏအနားယူ၊ ၆နာရီခွဲလောက်မှ ထွက်ကြတာပေါ့'

သို့ ကျွန်တော်က စီစဉ်လိုက်သည်ကို မည်သူမျှ မကန့်ကွက်ကြချေ။ သို့ဖြင့် ကျွန်တော့်ဆန္ဒအတိုင်း ခဏလောက်နားနေပြီး ၆နာရီခွဲလောက်တွင် စခန်းမှထွက်ခဲ့ကြသည်။ ကျွန်တော့်တွင် ပွိုင့် ၃၇၅မဂ္ဂနမ်ရိုင်ဖယ်၊ လင်းမြင့်လှိုင်တွင် ဝင်ချက်စတာရိုင်ဖယ်၊ မုဆိုးတာတီးတွင် နှစ်လုံးပူး၊



တောအုပ်လှိုင်ချစ်ကတော့ မီးထိုးရန်အတွက် ၁၂ဗို့ ဘက်ထရီကိုယူဆောင်လာ၏။ စခန်းမှ ဆယ်မိနစ်ခန့်သာ လျှောက်ခဲ့ရသည်၊ ဆားငံတွင်းရှိရာသို့ ရောက်ခဲ့ကြ၏။ ထိုဆားငံတွင်းနှင့် မနီးမဝေးရှိ အကာအကွယ်ကောင်းကောင်း သစ်ဆိမ့်ပင်ကြီးတစ်ပင် နောက်တွင် နေရာယူလိုက်ကြသည်။

ကျွန်တော်တို့ အမဲပစ်ထွက်ခဲ့ကြ သည်မှာ ဆောင်းဦးကာလဖြစ်သည် ကြောင့် တောတောင်အတွင်း ချမ်း အေးသည့်ဒဏ်ကို ခံကြရ၏။ ညဘက်သားကောင်ချောင်းပစ်သည်ဖြစ်၍ မီးဖို၍မဖြစ်။

'ဘယ်လိုလဲ ကိုလင်းပြောတဲ့ သမင်အုပ်က လာပါ့မလား'

ကျွန်တော်က ခိုက်ခိုက်တုန်နေသည့်ကြားမှ မေးလိုက်သည်။ သည်တော့လင်းမြင့်လှိုင်က 'သေချာပါတယ်၊ လာပါလိမ့်မယ်၊ ခု ၇း၀၀နာရီကျော်နေပြီ၊ နောက်ထပ်စောင့်ရ နာရီဝက်ပေါ့ဗျာ'

သို့ လင်းမြင့်လှိုင်ပြောသလိုပင် ၇ နာရီခွဲသာသာတွင် သမင်တစ်အုပ်ယောက်ယက်ခတ်စွာဖြင့် ဆားငံတွင်းသို့ ရောက်လာကြ၏။ စုစုပေါင်း (၇) ကောင်ခန့်ရှိမည်ဖြစ်၏။ သဲသဲကွဲကွဲတော့မမြင်ရ။ 'ကိုပိုက် ဒီကောင်တွေ ရောက်လာပြီဗျ' ရယ်လို့ လင်းမြင့်လှိုင်က တိုးညင်းစွာပြောလာ၏။ကျွန်တော်က 'စိတ်ကြိုက်အကောင် ရွေးပြီးပစ်မယ်ဗျာ၊ လှိုင်ချစ်ရေ မီးထိုးပြတော့' ဟုပြောလိုက်၏။

လှိုင်ချစ်သည် သူ့လက်တွင်းမှ ဓါတ်မီးဖြင့် သမင်အုပ်ရှိရာသို့ သမ်းထိုးလိုက်၏။ ရုတ်တရက် စူးစူးရဲရဲ မီးအလင်းရောင်ကြောင့် သမင်အုပ်သည်မီးလာရာသို့ မျက်လုံးများအပြူးသားဖြင့် ငေးကြောင်ကြည့်နေခဲ့ပင် ကျွန်တော်တို့နှင့် အနီးဆုံးသမင်ကြီးတစ်ကောင်သည် ဝစ်တွင်းသောင်းဖြစ်နေသည်ကြောင့် ကျွန်တော်သည်လက်တွင်းရှိ ပွိုင့် ၃၇၅ မဂ္ဂနမ်

www.burmeseclassic.com





နိုင်ဖယ်ဖြင့် လှမ်းပစ်လိုက်သည်။

'ဒိုန်း'

ယမ်းအားပေါက်ကွဲသံကြောင့် သမင်အုပ်သည် ရှန်းရင်းဆန်ခတ် ပြေးထွက်သွားကြ၏။ ကျွန်တော်၏ ပစ်မှတ်သားကောင်သည် ခေါင်းတစ်ချက်လည်ထွက်သွားသည့်ကြားမှနေ၍ ပြေးထွက်သွားရန် တာဆူနေဆဲမှာပင် လင်းမြင့်လှိုင်ထံမှ နောက်ထပ်သေနတ်သံတစ်ချက်ပေါ်ထွက်လာ၏။

'ဒိုန်း'

လင်းမြင့်လှိုင်ကအပစ်၊ သမင်ကလှည့်အပြေး တပြိုင်နက်ဖြစ်သွားသည်ကြောင့် ကျည်သည် သမင်၏ဝမ်းဗိုက် ကိုရှပ်ထိဖေါက်ထွက်သွားတော့၏။ သမင်သည်ဘေးသို့ ယိုင်ဆင်းသွားပြီး လဲကျသွားခြင်းမရှိဘဲ အမှောင်ထုတွင်း ပြေးဝင်ပျောက်ကွယ်သွားတော့၏။

'တောက် အုပိုင်ပစ်ရရဲ့သားနဲ့ဗျာ'

လင်းမြင့်လှိုင်တစ်ယောက် မကျေမနပ်ဖြစ်နေ၏။ သို့ကြောင့် -

'ဒါ ဖြစ်တတ်ပါတယ်ဗျာ၊ အချမ်းဒဏ်ကြောင့် လူကခိုက်ခိုက်တုန်နေတော့ကာ သေနတ်ကို ငြိမ်နေအောင်ကိုင်မထားနိုင်ဘူးလေ၊ ဒါကြောင့် ပစ်မှတ်လွဲရတာပေါ့ဗျာ၊ နို့ပေမင့် ဒီကောင်ဝေးဝေးပြေးနိုင်မယ် မထင်ဘူးဗျ၊ ဒဏ်ရာက နှစ်ချက်ထိသွားတာကိုး'

ကျွန်တော်ကပြောရင်း ထိုဆားငံတွင်းရှိရာသို့ သွားလိုက်သည်။ အားလုံးကျွန်တော့် နောက်မှလိုက်လာကြ၏။

ဆားငံတွင်းနေရာတစ်ဝိုက်တွင် သွေးများအိုင်ထွန်းနေ၏။ ဖက်ရွက်ခြောက်များပေါ် တင်နေသည့် သွေးစက်များကြားမှ အမွေးနုများပါသည့် အရေခွံအပိုင်းအစလေးကို တွေ့လိုက်သည်ဖြစ်၍ ကျွန်တော်ကကောက်ယူကြည့်လိုက်သည်။

'ဟာ'

'ဘာဖြစ်လို့လဲ ကိုပိုက်'

သမင်ကောင်၏ အရေခွံအပိုင်းအစလေးကို ကိုင်ကြည့်ရင်း တအံ့တဩဖြစ်သွားသည့် ကျွန်တော့်ကိုကြည့်ရင်း လင်းမြင့်လှိုင်က မေးသည်ကြောင့် -

'ဒီ အရေခွံအပိုင်းအစလေးကို သေချာကြည့်စမ်း ကိုလင်း ထူးဆန်းမနေဘူးလား'

ကျွန်တော်ကမ်းပေးလိုက်သည့် အရေခွံအပိုင်းအစလေးကို လှမ်းယူရင်း လင်းမြင့်လှိုင်က -

'ဘာဖြစ်လို့တုန်း သမင်ကြီးဝမ်းဗိုက်က ပြတ်ကျန်ခဲ့တဲ့ အရေခွံစလေ ဘာထူးဆန်းလို့တုန်း' ဟုပြောရင်း သေချာကြည့်နေ၏။

သူ့စကားကြောင့် ကျွန်တော်ပြုံးလိုက်ပြီး -

'ဒါ ကျွန်တော်တို့ ပစ်လိုက်တဲ့ သမင်ကြီးရဲ့ သားရေပြတ်စ မဟုတ်ဘူးဗျ၊ ဘာလို့လဲဆိုတော့ အဲဒီအကောင် ကြီးရဲ့ သားရေစဆိုလျှင်ဖြင့် အမွေးအမျှင်တွေဟာ ခုတွေ့တာထက် ပိုကြမ်းလိမ့်မပေါ့၊ ခင်ဗျားလဲမြင်သားပဲနဲ့တဲ့အကောင်ကြီးမဟုတ်လား၊ (၆)နှစ်သားလောက်ရှိလိမ့်မယ် (၆)နှစ်သားလောက်ရှိတဲ့အကောင်ရဲ့ အမွေးအမျှင်ဟာ ဒီလောက်နုနုရွှင်ရွှင်လေးဖြစ်နိုင်ပါ့မလား' ရယ်လို့ ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ကျွန်တော်မျက်နှာကို သေချာကြည့်ပြီး -

'ဒီတော့ ကိုပိုက်ဆိုလိုချင်တာက' ဟုမေးလာ၏

'ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ပစ်လိုက်တဲ့ အကောင်တာ အမဖြစ်လိမ့်မယ်၊ ပြီးတော့ မွေးဖွားတော့မယ့် သမင်မကြီးပဲဖြစ်နိုင်သဗျ'

www.burmeseclassic.com



'ဗျာ'

ကျွန်တော်၏ထင်မြင်ယူဆချက်ကြောင့် လင်းမြင့်လှိုင်တစ်ယောက် အံ့ဩတုန်လှုပ်သွားတော့၏။

'ဟုတ်တယ် ကိုလင်း ကျွန်တော့် ယူဆချက်မလွဲနိုင်ဘူး၊ ခင်ဗျားပစ်လိုက်တဲ့ ဒုတိယကျည်တောင့်က သမင်မကြီးရဲ့ ဖောင်းကားနေတဲ့ ဝမ်းဗိုက်ကြီးကို အလျားလိုက်နစ်ဝင်ဖြတ်ထွက်သွားတော့ သမင်မကြီးရဲ့ဝမ်းဗိုက်ကို ဓါးနဲ့ခွဲဖြတ်လိုက်သလို ဖြစ်သွားပြီး ဝမ်းထဲမှာရှိတဲ့ သားပေါက်အကောင်လေးကိုပါထိသွားတာကြောင့် သားပေါက်လေးရဲ့ အရေခွံအပိုင်းအစဖြတ်ကျန်ခဲ့တာပဲ ဖြစ်မှာပေါ့၊ ဒါကြောင့် ဒီအရေခွံပိုင်းရဲ့ အမွေးအမျှင်တွေဟာ မွေးမျှင်နုလေးတွေဖြစ်နေတာပေါ့ဗျာ'

'ဒုက္ခပါပဲဗျာ၊ ကျွန်တော် သေချာမကြည့်ဘဲပစ်မိတာကြောင့် ဇီးအရင့်အမာနဲ့ သမင်မကြီးကို ပစ်လိုက်မိပြီဗျာ'

လင်းမြင့်လှိုင် စိတ်မကောင်းကြီးစွာပြောလာသဖြင့် -

'ကျွန်တော်လဲ ခင်ဗျားလိုပါပဲဗျာ ဒီလောက်လဲ စိတ်မကောင်းမဖြစ်ပါနဲ့ ကိုယ်ကအမှတ်တမဲ့ ဖြစ်သွားလို့ပါ၊ တကယ်ဆိုရင် ခုလိုအောက်တိုဘာလထဲမှာ သမင်ပစ်မယ်ဆိုရင် သေချာစဉ်းစားကြဖို့လိုတယ်၊ အမကောင်ကို ရှောင်ပစ်တာ အကောင်းဆုံးပဲဗျ၊ ဒီရာသီ၊ ဒီလဟာဖြင့် သမင်တွေသားပေါက်တဲ့ အချိန်လေဗျာ၊ ကျွန်တော်တို့တွေ မုဆိုးစည်းကမ်းဖောက်သလိုဖြစ်သွားပြီပေါ့၊ ကဲပါလေ၊ ဒါဟာ ကျွန်တော်ရဲ့ထင်မြင်ချက်ပါ၊ ရှင်းရှင်း လင်းလင်းသိရအောင် သွေးစက်ခြေရာခံလိုက်ကြစို့ဗျာ'

သို့ဖြင့် ကျွန်တော်တို့သည် သွေးစက်ခြေရာခံလိုက်ခဲ့ကြရာမှ ဆားငံတွင်းအလွန် တောနက်အစပ်လေးတွင် မြေပြင်၌လဲကျလူးလွန့်နေရှာသည့် သမင်ကြီးတစ်ကောင်ကို တွေ့လိုက်သည်။



'လှိုင်ချစ်ရေ မီးထိုးစမ်းပါကွာ'

လှိုင်ချစ်ထိုးပြသည့် မီးရောင်အောက်တွင်သမင်ကြီးသည်လဲလျောင်းနေရာမှထပြေးရန် ကြိုးစားနေ၏။ စိတ်သာရှိ၍ ကိုယ်မလိုက်နိုင်ဖြစ်နေသည့် သမင်ကြီးကိုသေချာကြည့်လိုက်သည်။

ကျွန်တော်ပစ်လိုက်သည့် ပထမတစ်ချက်က လည်မြိုကိုဖောက်ထွက်သွားသည်ကြောင့် လည်လိမ်နေပြီး လင်းမြင့်လှိုင်ပစ်လိုက်သည့် ဒုတိယအချက်က ဝမ်းဗိုက်ကို အတော်နက်နက်ဖောက်ထွင်းရှပ်ထွက်သွားသည်ကြောင့် ဓါးဖြင့်ခွဲထားသကဲ့သို့ဖြစ်ပြီး ဝမ်းဗိုက်ဟောင်းလောင်းပွင့်ထွက်နေသည့်ကြားမှ သမင်ပေါက်လေး၏ ကိုယ်တစ်ပိုင်းသည် အပြင်သို့လျှံထွက်နေ၏။အသက်တော့မရှိပါချေ။ မြင်ရသူအဖို့ ကြက်သည်းမွေးညင်းထလောက် အောင်တုန်လှုပ်သွားစေတော့၏။

သမင်မကြီးကား ကြီးစွာသော ဝေဒနာဆိုးကြီးနှင့် ရင်ဆိုင်နေရရှာတော့၏။ 'အီး . . အီး' ရယ်လို့ အော်ညည်းနေ၏။ထိုမြင်ကွင်းကိုကျွန်တော်မကြည့်ရက်တော့ချေ။ သို့ကြောင့် ကျွန်တော့်လက်တွင်းမှ သေနတ်ဖြင့် ထိုသမင်မကြီး ဦးခေါင်းကို ပြောင်းတေ့၍ပစ်ချလိုက်သည်။

'ဒိုန်း'

ဦးနှောက်နှင့် သွေးစိမ်းတို့ဖွာ ထွက်လာ၏။ သမင်မကြီးကား ငြိမ်ကျသွားတော့၏။

သည့်နောက် ကျွန်တော်တို့သည် ထိုနေရာမှာပင် သမင်မကြီးနှင့် သား ပေါက်သေလေးကို မြေမြှုပ်သင်္ဂြိုလ်ခဲ့ ကြတော့သည်၊ ထိုအသားကို မည်သို့ စားရက်နိုင်ပါလိမ့်မည်နည်း။

စခန်းသို့ပြန်ရောက်သည့်တိုင် လင်းမြင့်လှိုင်တစ်ယောက် စိတ်မချမ်း မသာဖြစ်နေတော့၏။ အရက်ချည်း ဖိသောက်နေချေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်လဲ စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ' ရယ်လို့ သူ့အား နှစ်သိမ့်နေရှာသော ကျွန်တော်ကိုယ်၌က ထိုသမင်မကြီး၏ဖြစ်အင်ကို မေ့ဖျောက်၍မရ ဖြစ်နေတော့၏။ သည်ကြား မှုးမှုးနှင့် ထပ်ကာတလဲလဲ လင်းမြင့်လှိုင်ပြောနေသည့် စကားသံသည် ကျွန်တော့်နားတွင် စွဲကျန်ရစ်လို့နေပြန်သည်။

'ကျွန်တော့် ဇနီးမှာလည်း ကိုယ်ဝန်ရှိနေတယ်ဗျ၊ ခုဆိုရင် ခြောက်လလောက်ရှိရောမယ်၊ ကျွန်တော်ဝင့်လိုက်မှာ တွေးကြောက်နေပြီဗျာ' ရယ်လို့ တတွတ်တွတ်ပြောနေသံပင်ဖြစ်သည်။

နောက်တစ်နေ့နံနက်တွင်။ အမဲဆက်မလိုက်ကြတော့ဘဲ ပြန်ခဲ့ကြတော့၏။ တောထဲမှ ပြန်ခဲ့ကြပြီး တစ်လတိတိအကြာတွင် ကျွန်တော့် အိမ်သို့ လင်းမြင့်လှိုင်ရောက်ချလာပြီး -

'ကိုပိုက်ရေ ကျွန်တော်တွေးကြောက် တွေးပူခဲ့သလို တကယ်ပဲဖြစ်လာတယ်ဗျာ' ရယ်လို့ ရောက်မဆိုက်ပြောလာသည့်စကားကြောင့် 'ဘာတုန်း ဘာဖြစ်လာတာတုန်း' ဟု အက်ကွဲသောအသံဖြင့် ကြိုးစားပြောမေးလိုက်တော့မှ လင်းမြင့်လှိုင်က ဆို့နင့်စွာဖြင့် 'ကျွန်တော့်ဇနီးကိုယ်ဝန်ပျက်ကျလို့လေ' ဟုပြောလေ၏။

'ဘယ်လိုဖြစ်ရတာတုန်းဗျ' ဟု ထပ်မံကြိုးစား အားယူမေးလိုက်ရပြန်၏။ သည်တွင်သူက သူ့အပူနှင့် သူ ကျွန်တော့်ကို အလေးဂရုမပြုနိုင်လေပဲ တိုးညှင်းသောလေသံဖြင့် ကြေကွဲစွာ 'အိမ်တွင်းလှေခါးကနေချော်ချတာဗျာ၊ လှေခါးထစ်ဇောင်းတွေနဲ့ ဗိုက်ရိုက်မိပြီး ကလေးပျက်ကျသွားတယ်လေ၊ ထွက်လိုက်တဲ့ သွေးတွေမြင်လို့တောင် မကောင်းဘူး၊ ကြမ်းပေါ်မှာ အိုင်ထွန်းနေတာပဲ၊ သွေးအိုင်ထဲမှာ မေ့မျောနေတဲ့ သူ့ကိုကြည့်ပြီး သမင်မကြီးကို မျက်စိထဲမှာထင်းထင်းကြီး ပြန်မြင်လာမိတယ်ဗျာ၊




ဒါကြောင့် ကမန်းကတန်းပွေ့ယူပြီး အရေးပေါ် ဌာနကို ပြေးရတာပေါ့၊ ကံကောင်းတယ်လို့ပဲ ပြောရမလား၊ ဆေးရုံကိုအချိန်မီပို့နိုင်လို့ လူကြီးအသက်တော့ကယ်လိုက်နိုင်သပေါ့၊ နို့ပေမင့် ကျွန်တော့်ဇနီးအတော်ကလေးခံလိုက်ရတယ်၊ ဒါဟာ ကျွန်တော် မကောင်းလို့ဖြစ်ရတာပဲပေါ့၊ မဆီမဆိုင်ကျွန်တော့်ကိုယ်စား သူကဝင့်ကြွေးဆပ်လိုက်ရသလိုဖြစ်နေတာပေါ့၊ ကျွန်တော်ဘယ်တော့မှ အမဲမလိုက်တော့ဘူးရယ်လို့ ဆုံးဖြတ်လိုက်ပြီလေ၊ နောင်အခါကိုပိုက်အမဲ လိုက်ထွက်ရင် ကျွန်တော့်ကိုမခေါ်ပါနဲ့တော့ဗျာ'

လင်းမြင့်လှိုင်စကားကြောင့် ကျွန်တော့်ရင်ခုန်နှုန်းတွေ မြန်ခဲ့ရတော့၏။ အကယ်၍များလွန်ခဲ့သော တစ်လခန့်က ကျွန်တော်တို့တောလည်ရာမှပြန်ခဲ့ကြပြီး ရောက်မဆိုက် သုံးရက်အကြာလောက်တွင် မထင်မှတ်ဘဲ ကျွန်တော့်လည်ချောင်းတွင် ကြက်ရိုးစူးမိသည်ကြောင့် ဆေးရုံသို့သွားကာ ခက်ခက်ခဲခဲခွဲစိပ်ကုသခဲ့ရသည်ကို သူသိပါမူ မည်သို့ပြောလာပေဦးမည် မသိပါချေ . . ။

(မှခင်းရှုထောင့်မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၀ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com




# မေဖျောက်၍မရသောမြင်ကွင်း

တောအုပ်ကလေး ညွှန့်လှိုင်လှိုင်တို့အဖွဲ့သည် တောင်ကုတ်မှနေ၍ နံနက် ၈နာရီတွင် ခရီးထွက်ခဲ့ရာ ဆားပြင်ရွာသို့ မွန်းလွဲ ၂နာရီတွင် ရောက်ခဲ့ကြသည်။ ထိုရွာတွင် အလုပ်သမားများ ရှာဖွေစုဆောင်းပြီး နောက်တစ်နေ့တွင် ခရီးဆက်ခဲ့ကြပြန်သည်။ ထိုမှတစ်ဆင့် တောင်ပေါက် ကျေးရွာသို့ ရောက်ခဲ့ကြ၏။

တောင်ပေါက်ကျေးရွာ၏ ရွာဆော်ကြီးဦးလူရှည်အိမ်တွင် တစ်ည တည်းခိုပြီးတောင်ကျော်အလယ်ရွာသို့ထွက်ခဲ့ရာ လမ်းတွင်ရှိသော ခွဆုံ ကျေးရွာတွင် မုဆိုးလည်းဖြစ်၊ တောင်ယာလုပ်သားလည်းဖြစ်သော ကိုစိုး ဝင်းနှင့် ကိုဒေါင်းဒေါင်းတို့နှစ်ယောက်ကို ဝင်ခေါ်ခဲ့ကြပြန်သည်။

ကိုဒေါင်းဒေါင်းနှင့် ကိုစိုးဝင်းတို့သည် မုဆိုးများဟုခေါ်ရသော်ငြား သူတို့သည် အမဲလိုက်သည်ဆိုရာ၌ ကိုင်းထောင်ခြင်း တပ်တီထောင်ခြင်း ကျော့ကွင်းထောင်ခြင်း၊ သုတ်ကိုင်းထောင်ခြင်း ပိုက်ထောင်ခြင်းသည် နည်းများဖြင့် အမဲရှာဖွေကြသူများဖြစ်၏။ သူတို့၏ လက်နက်တား လှံရှည် များပင်ဖြစ်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါစို့ ကျောက်ကွင်းတွင် တောဝက်မိနေပြီဆိုပါက သူတို့သည်လှံရှည်ဖြင့် ဝိုင်းဝန်းထိုးနှက်သတ်ဖြတ်ကြခြင်းဖြစ်၏။ အန္တရာယ်တော့အများသား၊ သို့ြငြားသူတို့ရိုးရာနည်းဖြင့် ဘိုးဘွားဘီဘင်လက်ထက်ကတည်းက ဤနည်းဖြင့်သာ အမဲလိုက်ခဲ့ကြသူများဖြစ်သည်။ သူတို့အဖို့ မည်သို့မျှ မထူးဆန်းပါချေ။ သို့ြငြား အခန့်မသင့်လျှင်ဖြင့် လွဲချော်မှုအနည်းငယ်တော့ ဖြစ်တတ်သည်။

တောအုပ်ကလေး ညွှန့်လှိုင်လှိုင်တို့အဖွဲ့သည် ရခိုင်ပြည်နယ်၊ တောင်ကုတ်ဆားပြင်ကြီးဝိုင်းအတွင်း သစ်တောထွက်သံယံဇာတပစ္စည်းစာရင်းများ ကောက်ယူရန်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

တောင်ကျော်ကျေးရွာတွင် သုံးညအိပ်နေထိုင်ကြပြီး၊ သစ်ပင်အမျိုးအစားခွဲခြင်း၊ အရေအတွက် စာရင်းကောက်ခြင်း၊ သက်တမ်း သတ်မှတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြပြီးလျှင် ခလီခလာချောင်းဖျားသို့ တက်ခဲ့ကြ၏။

ခလီခလာချောင်းနံဘေးတောင်ယာတဲစုလေးတွင် နေထိုင်ကြသူများမှာ 'နားပေါက်ကျယ်' ချင်းလူမျိုးစုတို့ဖြစ်ကြ၏။ တောင်ယာတဲစုဟုဆိုရသော်ငြား စုစုပေါင်းတဲအိမ်လေးရှစ်လုံးခန့်သာရှိပေ၏။ ညွှန့်လှိုင်လှိုင်တို့အဖွဲ့သည်။ ခလီခလာချောင်းနံဘေး သဲသောင်ခုံတွင်ရှိ တဲလွတ်တစ်ခုတွင် စခန်းစွဲထားသည်ဖြစ်၍ . . .

'မောင်တိုးရေ မင်းတို့နေတဲ့ နေရာကအန္တရာယ်များသကွယ့်၊ အကယ်၍များ ညရေးညတာမှာ တောဆင်ရိုင်းအုပ်တွေ ဆင်းလာလျှင်ဖြင့် ချောင်းဘက်ကိုပြေးဖို့ စိတ်မကူးကြနဲ့နော်၊ ငါတို့တဲစုလေးဘက်ကိုသာ ပြေးလာကြကွယ့်' ရယ်လို့ တဲစုရွာလူကြီးဟုခေါ်ရမည့် မုဆိုးကြီးဦးဇော့တ်ဆိုသည့် အသက် ၇၀ခန့်ရှိ ချင်းလူမျိုးတစ်ဦးနှင့် ဆုံစည်းခဲ့ရာမှ



ရင်နင့်ဖွယ် ဇာတ်လမ်းလေးတစ်ပုဒ်နှင့် ကြုံခဲ့ကြရပေတော့သည်။

ဤဇာတ်လမ်းစတင်အခြေခံသည့် နေရာကား ခလီခလာချောင်းဖျားရှိ နားပေါက်ကျယ်တို့နေထိုင်သည့် တဲအိမ်စုလေးမှ မုဆိုးကြီးဦးဇော့တ်နှင့် ဒုတိယအကြိမ်ပြန်ဆုံရာမှ စခဲ့ခြင်းဖြစ်သည်။

ဆိုပါအံ့၊ တောအုပ်ကလေး ညွှန့်လှိုင်လှိုင်တို့သည် ပထမအခေါက် ဦးဇော့တ်တို့ တဲအိမ်စုလေးတစ်ဝိုက် အနီးရှိသဘွန်ချောင်းနှင့် ဗျစ်ဆင်ချောင်းတစ်ဝိုက်တွင် လုပ်ငန်းများလုပ်ခဲ့ကြပြီး ထိုမှတစ်ဆင့် တန့်လွဲချောင်းဖျားရှိ သက္ကယ်ပြင်ကျေးရွာတစ်ဝိုက်တွင် လုပ်ငန်းများလုပ်ဆောင်ရန် စခန်းပြောင်းခဲ့ကြ၏။

ထိုမှာပင် အဓိကဇာတ်ပို့တစ်ဦးဖြစ်သည့် ကိုရွှေအေးနှင့် ဆုံခဲ့ကြသည်။

ကိုရွှေအေးသည် ဆင်သေရွာ က-ယ-ကအတွင်းရေးမှူးဖြစ်၏။ သူသည်လွန်စွာမျှ ချိုးကျိုးဖွယ်ကောင်းသောလူတစ်ယောက်ဖြစ်၏။ တောတောင်အတွင်း မွေးဖွားနေထိုင်ကြီးပြင်းခဲ့ရသော်ငြား သူ၏မျိုးဆက်ဖြစ်သည့် သားသမီးတို့အား အမြင်ကျယ်စေရန် လူတောတိုးနိုင်စေရန် သူကဲ့သို့ တောတောင်တွင်းတောင်ယာတဲများ၌သာ ဘဝကို မဖြတ်သန်းစေဘဲ ပညာတတ်လူငယ်များဖြစ်အောင် သင်ယူစေ၏။ သို့ကြောင့်လည်း သားသမီးတွေ ဆယ်တန်းအောင်လို့ အဝေးသင်တက္ကသိုလ်ကျောင်းတက်ကြချေပြီ။ သားဖြစ်သူက ဆယ်တန်းအောင်ပြီး မြန်မာနိုင်ငံရဲ့တပ်မတော်ထဲမှာ တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။ သမီးဖြစ်သူက ရန်ကုန်မြို့ကြီးအနီး လှိုင်သာယာစက်မှုဇုန်တွင်ရှိသော အထည်ချုပ်စက်ရုံတစ်ရုံ၌ အလုပ်လုပ်ရင်းပညာသင်ကြားနေဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ ဆိုသလို ကိုရွှေအေးတို့ ဇနီးမောင်နှံသည် သားသမီးတွေကို ပညာတတ်တွေဖြစ်စေပြီး သူတို့နှစ်ဦးကတော့ ယနေ့တိုင် တောတောင်အတွင်း တောင်ယာတဲများတွင် လှည့်လည်နေထိုင်ပြီး နွားတစ်ရှဉ်းဖြင့် ကျုံးရုန်းရှာနေတုန်း ဖြစ်ချေတော့၏။

သို့ပင်ပင်ပန်းပန်းလုပ်ဆောင်နေရသည်ကို မောတယ်ပန်းတယ်ရယ်လို့ ဘယ်တော့မှမပြောကြချေ။ လိမ္မာရေးခြားရှိလှသော သားသမီးများကြောင့် ဝမ်းသာပီတိဖြစ်နေကြသည်ပင်။

ညွှန့်လှိုင်လှိုင်တို့အဖွဲ့သည် ကိုရွှေအေးတောင်ယာတဲတွင် စခန်းချလုပ်ငန်းလုပ်ဆောင်ခဲ့သည့် အချိန်ကာလတွင် နေရေးထိုင်ရေး စားရေးသောက်ရေးကိုပင် သူကတာဝန်ယူခဲ့သူဖြစ်သည်။

တကယ်တော့ညွှန့်လှိုင်လှိုင်တို့သည် လုပ်ငန်းလည်းပြီးပြတ်သလောက်ဖြစ်ချိန်မို့ ရိက္ခာငွေကြေးလည်း ပြတ်လတ်ကြချေပြီဖြစ်သည်။ ကိုရွှေအေးကတာဝန်မယူလျှင်လည်း သူတို့အဖွဲ့ငတ်ကြပေမည်။

ညွှန့်လှိုင်လှိုင်တို့အဖွဲ့ လုပ်ငန်းများလုပ်ဆောင်ပြီးသည်နှင့် ပြန်ကြမည်ဖြစ်၍ တဲရှင်ကိုရွှေအေးတို့ ဇနီးမောင်နှံကို နှုတ်ဆက်စကားပြောလိုက်သည်။

'ကဲ ကိုရွှေအေးရေ ခင်ဗျားရဲ့ ကျေးဇူးတွေကို ကျုပ်တို့ မမေ့ပါဘူးဗျာ၊ နောင်အလျဉ်းသင့်လို့ အခွင့်အခါကြုံလျှင်ဖြင့် ကျေးဇူးပြန်ဆပ်ဖို့ ကြိုးစားပါမယ်' ရယ်လို့ အဖွဲ့ခေါင်းဆောင် ညွှန့်လှိုင်လှိုင်ကပြောလိုက်သည်။

'မလိုပါဘူးဗျာ၊ မြို့ကြီးပြကြီးကနေ ကျုပ်တို့ဆီရောက်လာကြတာဆိုကတည်းက အတိတ်ဘဝကရေစက်ကြောင့်လို့ ပြောရမှာပေါ့။ ကဲ ဒါတွေထားပါဗျာ၊ ကိုညွှန့်လှိုင်တို့ ပြန်ကြမယ်ဆိုလျှင်ဖြင့် ကျုပ်တို့နားပေါက်ကျယ်ရွာအထိ လိုက်ပို့ပါမယ်'ဆိုကာ ညွှန့်လှိုင်လှိုင်တို့နှင့်ပါလာခဲ့တော့၏။



'အတော်ပဲဗျာ ကျုပ်လဲ ဦးတေ့တ်ကြီးကို နှုတ်ဆက်ရပေမယ်' ရယ်လို့ ပြောပြီး ညွှန့်လှိုင်လှိုင်က စဉ်းစားလာခြား နားပေါက်ကျယ်ရွာသို့ ရောက်ခဲ့ကြသည်တွင် သူ့ရင်တွင်း ထိတ်လန့်သွားတော့၏။

ဦးငတုတ်တို့လူတစ်စု လှံရှည်များကိုင်ကာ စုရုံးစုရုံးလုပ်နေကြသည်ကြောင့် -

'ကိုရွှေအေး သူတို့တွေဘာကိစ္စဖြစ်နေကြတာတုန်း၊ ရွာသားတွေ လှံရှည်ကိုယ်စီနဲ့ပါကလား၊ တခြားရွာက လူတွေနဲ့ ရန်ဖြစ်ကြလို့လား' ရယ်လို့ ညွှန့်လှိုင်လှိုင်က မေးလိုက်သည်။

'ဟုတ်ဘူးဗျ။ သူတို့တွေ အမဲလိုက်ထွက်ကြဖို့ထင်တယ်၊ ဇကန္တတော့ သူတို့ထောင်ထားတဲ့ ကျော့ကွင်းမှာ သားကောင်ကြီးတစ်ကောင်မိထားလောက်ပြီထင်တယ်၊ လာဗျို့ ဟိုရှေ့မှာ ဦးငတုတ်ကြီး မဟုတ်လား၊ သူ့ကိုသွားမေးကြစို့' ဆိုကာ ကိုရွှေအေးသည် ရှေ့မှဦးဆောင်ထွက်သွားသည်ကြောင့် ညွှန့်လှိုင်လှိုင်တို့သည်လည်း သူ့နောက်မှကပ်ပါသွားကြသည်။

'ဘကြီးတုတ်ရေ ဘာကောင်များမိထားပြန်ပလဲ' ကိုရွှေအေးက ဦးငတုတ်ကြီးနှင့် တွေ့တွေ့ချင်းမေးလိုက်၏။

'ဟ မောင်ရွှေအေး ဘာကိစ္စရှိလို့ ရောက်လာတာတုန်း ငါ ဘာကူညီပေးရမလဲပြော၊ ဒါပေမယ့် ခုတော့ မရဘူး၊ နက်ဖြန်လောက်မှလာတွား ခု ငါ အမဲလိုက်သွားတော့မလို့'

ဦးငတုတ်စကားကြောင့် ညွှန့်လှိုင်လှိုင်တစ်ယောက်အံ့ဩတကြီးဖြစ်သွားမိသည်။

ဦးငတုတ်အသက် ၇၀ကျော်ချေပြီ။ ဘယ်နှယ့်ကြောင့် အမဲလိုက်ထွက်ဦးမှာပါလိမ့်၊ ဖြစ်နိုင်ပါ့မလားရယ်လို့ စဉ်းစားလိုက်မိချိန်တွင် -

'အလိုဗျာ'တောအုပ်လေးလဲ ပါသတိုး အတော်ပဲဗျို့ ကျုပ်တို့အမဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ဖို့ လူလိုနေသဗျ။ ဟိတ်ကောင် ဒေါင်းဒေါင်း မင်းတို့လိုက်ခဲ့ကြမလား ဒို့မယ်လူအင်အားနည်းနေသကွ၊ ခု ထိုးရမယ့်အကောင်က အတော်ကလေးသတိထားလုပ်ကြမှ အန္တရာယ်ကင်းမှာကွ၊ ဒို့ လူအင်အားနဲ့သားကောင်သိပ်မမျှသလိုဖြစ်နေတယ်'

'ခု ဒီမယ် ငါတို့သားအဖရယ်၊ ရှာသားနှစ်ယောက်ရယ်ပဲ လှံထိုးကျွမ်းကျင်သူရှိတယ်၊ မင်းတို့နှစ်ယောက်လိုက်ခဲ့ကွာ' ဆိုပြီး ကျွန်တော့် လုပ်သားများဖြစ်သည့် ကိုဒေါင်းဒေါင်းနှင့် ကိုစိုးဝင်းတို့ကိုပါ ခေါ်နေသဖြင့် -

'ဘာကောင်မိထားလို့တုန်း တောဝက်ဆိုရင်ဖြင့်လဲ ဘတုတ်တောင်လိုက်စရာမလိုပါဘူးဗျာ၊ သားတော်မောင်နဲ့ အဖော်နှစ်ယောက်ဆိုရပြီမဟုတ်လား'

ကိုရွှေအေးစကားကြောင့် ဦးငတုတ်သည် ဖွံ့ခနဲပါးစပ်တွင်း ပလုတ်ပလောင်းဝါးနေသည့် ကွမ်းများကို ထွေးထုတ်လိုက်ပြီး 'ခွီးမှပဲ တောဝက်လောက်ဆို ဘာပြောမှာတုန်း ခုဟာဆယ်တောင်နီးနီးရှိတဲ့ ဟင်းကောင်ကြီးမိနေလို့ပေါ့ကွ' ဆိုလာသဖြင့် ကိုရွှေအေး မျက်လုံးပြူးသွားသလို ညွန့်လှိုင်လှိုင်တို့လည်း ထိတ်လန့်သွားတော့၏။

'ကဲဗျာ ဒါဖြင့် ကျုပ်တို့နှစ်ယောက် လိုက်ခဲ့မယ်' ဆိုကာကိုဒေါင်းဒေါင်းတို့နှစ်ယောက်သည် သာမန်တောင်ယာသမားလူနှစ်ယောက်ထံမှ လှံရှည်များကို လက်လွှဲယူလိုက်၏။

'ဟုတ်ပြီ မင်းတို့တွေနေခဲ့၊ ငါတို့ခြောက်ယောက်ဆိုရင် လုံလောက်ပြီကဲ ကိုရွှေအေးတို့သွားလိုက်ဦးမယ်၊ ဒီအချိန်ဆိုဟင်းကောင်ကြီးရုန်းကန်ရင်းမောလို့ငြိမ်နေလောက်ပြီ၊ ညချင်းသို့မဟုတ် မနက်စောစော ပြန်လာခဲ့မယ်၊တောအုပ်လေးတို့လဲ စောင့်နေပါ၊အပြန်ဟင်းကောင်သားလက်ဆောင် ယူသွားကြပေါ့ဗျာ'ဆိုပြီးလှည့်ထွက်မည်အပြုတွင် ကိုရွှေအေးက-



'ကိုညွန့်လှိုင်ရေ ကြုံဖူးတွေ့ဖူးတယ်ရှိအောင် လိုက်ကြည့်ကြပါလား' ရယ်လို့ ပြောလာသဖြင့် ညွန့်လှိုင်လှိုင်သည်လည်း 'အေးဗျာ ကြုံတောင့်ကြုံခဲလိုက်ခဲ့မဗျာ၊ ကျုပ်တို့အတွက်နဲ့ အနှောင့်အယှက်မဖြစ်ဘူးဆိုရင်ပေါ့'

ညွန့်လှိုင်လှိုင်စကားကြောင့် ဦးငတုတ်သည် နောက်ပြန်လှည့်ကြည့်ပြီး

သွေးမနည်းရင်တော့ လိုက်ခဲ့လို့ရပါ့ဗျာ၊ ကျုပ်တို့အတွက် အနှောင့်အယှက်မဖြစ်ပါဘူး၊ နို့ပေမယ့် ကျုပ်တို့အလုပ်လုပ်နေတဲ့ နေရာနဲ့ခပ်လှမ်းလှမ်းမှာပဲ နေခဲ့ကြရလိမ့်မယ်။ ဘာလို့လဲဆိုတော့ ကိုးရေးတစ်ရေးဆယ်ရေးတစ်ရာလေဗျာ၊ သားကောင်ရဲ့ အခြေအနေ ကျုပ်တို့ ဂယနကာသိရသေးတာမှမဟုတ်တာ၊ အပိုင်ပြောလို့တော့မရဘူး'

ဦးငတုတ်စကား နောက်ဆက်၍ ကိုရွှေအေးကလည်း -

'ဟုတ်တယ်ဗျ၊ ကျော့ကွင်းမိထားတဲ့ သားကောင်ရဲ့အခြေအနေဆိုတာဒီကျော့ကွင်းဟာ ပိုင်ပိုင်နိုင်နိုင် သားရဲကောင်မှာ စွတ်မိနေလေသလား၊ အဖျားခတ်သာလျှင် စွတ်မိနေသလားဆိုတာ မသိသေးဘူးဆိုပါစို့ဗျာ၊ လက်ကောက်ဝတ်၊ ခြေကျင်းဝတ်မှာ စွတ်မိနေလျှင်ဖြင့် ပိုင်ပိုင်နိုင်နိုင် မိထားတယ်လို့ ပြောလို့ရပေမယ့် ကျော့ကွင်းက ခြေချောင်းလက်ချောင်းလေးတွေမှာသာ မိထားတယ်ဆိုရင်ဖြင့် သားရဲကောင်ဟာခြေချောင်းလက်ချောင်းလေးတွေကို အပြတ်ခံ ရုန်းကန်မယ်ဆိုရင် လှံထိုးသမားတွေအတွက် ကြီးမားတဲ့ အန္တရာယ်ကျရောက်နိုင်တယ်ဗျ'

ညွန့်လှိုင်လှိုင်သဘောပေါက်သွားတော့၏၊ 'ကျုပ်တော့ ကြုံတောင့်ကြုံခဲ အခွင့်အရေးမို့ လိုက်မဗျာ' ပြောလိုက်၏၊

'ကျွန်တော်တော့ နေခဲ့မဗျာ' ရယ်လို့ ကျောင်းဆင်းခါစ ကောင်ကလေး ခင်မောင်တိုးက အသံတုန်တုန်ဖြင့်ပြောလာသဖြင့် -

www.burmeseclassic.com

www.burmeseclassic.com



'ငါ ထင်ပါတယ်ကွာ၊ မင်းကတောတောင်ဆိုတာ ဒီတစ်ခါပဲ ရောက်ဖူးတာ မဟုတ်လား၊ သင်တန်းဆင်းပြီတာနဲ့ တောထဲဝင်ခဲ့ရတော့ တောအတွေ့အကြုံတောင်ရှိတာမဟုတ်ဘူး၊ ဆင်ချိုးပုံတွေ့တာတောင် ဘာလဲလို့မေးတတ်သေးတာပဲ နေခဲ့ပါကွာ' ဟု ညွန့်လှိုင်လှိုင်ကပြောလိုက်၏။

သို့ဖြင့် သူတို့သည် ဦးငတုတ်ဦးဆောင်သည့် နောက်မှလိုက်သွားကြတော့၏။

ခရီးတစ်မိုင်ခန့်အရောက်တွင် ဆူညံစွာအော်ဟစ်နေသော ကျား၏အသံကြောင့် ထိတ်လန့်သွားမိ၏။

ကြောက်ခမန်းလိလိအော်ဟစ်သံကြောင့် မြေဝပ်ငှက်တို့ ထပျံကုန်၏။ သားကောင်ငယ်တို့ ပြေးလွှားသွားကြ၏။

'ဟာ ဟုတ်ပြီ ကျော့ကွင်းမှာ ဟင်းကောင်မိနေတာ သေချာပြီ၊ သူ့အသံကြည့်ရခြင်းအားဖြင့် လက်မှာဖြစ်ဖြစ် ခြေမှာဖြစ်ဖြစ်ပိုင်ပိုင်နိုင်နိုင်ကျော့ကွင်းမိနေတာသေချာတယ်ဟေ့၊ ဒါကြောင့် သူကရုန်းလေ ကျော့ကွင်းကြိုးက အသားထဲစိုက်ဝင်သွားလေမို့ အသားကုန်အော်ဟစ်နေသံကွ' မုဆိုးကျော်ကြီး ဦးငတုတ်က ကျားအော်သံနားထောင်ပြီး မှတ်ချက်ချပြောလာသဖြင့် -

'နေပါဦးဗျ ကျော့ကွင်းက ဘာကျော့ကွင်းတုန်း ရုန်းလေအသားထဲနစ်ဝင်လေဆိုတော့' ရယ်လို့ ညွန့်လှိုင်လှိုင်က မေးလိုက်သည်။

'ကျော့ကွင်းက စတီးကြိုးပေါ့ကွ ဘယ်သားကောင်ဖြစ်ဖြစ် ရုန်းလေအသားထဲကို စိုက်ဝင်သွားလေဆိုတော့ နောက်ဆုံးနာကျင်လွန်းလို့ မရုန်းသာတော့ဘူးပေါ့ကွာ၊ အဲဒီအချိန်မှာ ငါတို့က သူနဲ့လက်တစ်ကမ်းအကွာကနေစိမ်ပြေနပြေလှံရှည်တွေနဲ့ မသေမချင်း ထိုးသတ်နေရုံပေါ့'



ကျား၏အော်ဟစ်သံမှာ တစ်စတစ်စတိုးညင်းသွားသံသာကြားရတော့သဖြင့် -

'လာဟေ့ ဒီကောင်ကြီး မရုန်းရဲပြန်တော့ဘူး၊ ငြိမ်သွားပြီ၊ ဒို့လုပ်ငန်းစကြစို့၊ ရွှေအေးနဲ့တောအုပ်လေး ကျုပ်တို့အနား သိပ်မကပ်နဲ့၊ ခပ်လှမ်းလှမ်းကသာကြည့်နေနော်။ အန္တရာယ်ဆိုတာ ပြောမရပေဘူး' ရယ်လို့ မှာပြီး ဦးငတုတ်တစ်ယောက် ဦးဆောင်ကာ ထွက်သွားတော့၏။

သူ့နောက်မှ လှံကိုင်သမားများလိုက်သွားကြ၏။ ညွန့်လှိုင်လှိုင်နှင့်ကိုရွှေအေးသည်လည်း နောက်မှထပ်ကြပ်မကွာ လိုက်ပါသွားတော့၏။

တောတန်းလေးအလွန်ဝါးနက်ဝါးတောအောက်တွင် ကျော့ကွင်းမိနေသောကျားကောင်ကို တွေ့လိုက်ကြသည်။ သူ့ကို ထိုးနှက်သတ်ဖြတ်ကြမည့် လူသတ္တဝါများကိုမြင်လိုက်သည်နှင့် ကျားကောင်သည် 'ဝေါင်း' ရယ်လို့ အော်ဟစ်ပြီးလဲလျောင်းနေရာမှ ထကာအန္တရာယ်ပြုဟန် လှုပ်ရှားလိုက်ပြား ကျော့ကွင်းဒဏ်ကြောင့် နာကျင်သွားရသဖြင့် အသံကုန်အော်ဟစ်ရင်း ငြိမ်ကျသွားပြန်၏။ အသက်ရှူမြန်နေပုံရ၏။ စိုးရိမ်ထိတ်လန့်နေပုံလည်းဖြစ်၏။ ထို့နောက်သူ့နားတိုးကပ်လာကြသော လူတစ်စုကိုမျက်လုံးစူးစူးဖြင့် ကြည့်နေပြီး အကြံထုတ်နေပုံရ၏။

'ဟိတ်ကောင်တွေ သိပ်အတင့်မရဲနဲ့နော်၊ ဒီကောင်ကြီးအကြံထုတ်နေပုံရတယ်၊ သူနဲ့လက်တစ်ကမ်းအလွတ်ကို သေချာတွက်ချက်ပြီးနေကြနော်၊ ကဲ ဒို့တွေသူ့ကိုဝိုင်းတွယ်လိုက်ကြရအောင်' ရယ်လို့ ဦးငတုတ်တသူ့လက်တွင်းမှ လှံရှည်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ကျားကောင်၏လက်ပြင်ရိုးနေရာဆီသို့ ပြေးထိုးလေ၏။ တိုဒေါင်းဒေါင်း ထိုးဝင်း၊ ဦးငတုတ်၏သားအပါအဝင် ရွာသားမုဆိုးနှစ်ယောက်သည်လည်း ဦးငတုတ်နှယ် ထိုကျားကောင်၏ ခန္ဓာကိုယ်အနှံ့အပြားသို့ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာဆီ ပြေးထိုးကြတော့၏။ တစ်ကိုယ်လုံးပတ်ပတ်လည် နေရာအနှံ့ လုံရှုးများဖြင့် ထိုးနှက်ခြင်းခံရသဖြင့် ကျားကောင်သည် နာကျင်လွန်းသည်ဖြစ်၍ ရှမ်းကန်အော်ဟစ်နေလေတော့၏။ သူ့အသံကြီးသည် တောပျက်လု မတတ်ကြောက်မက်ဖွယ်ဖြစ်ချေတော့၏။

'ထိုး . . ထိုး'

'လက်ပြင်ထိုး'

'နှလုံးသားကိုထိုး'

'ဝေါင်း'

လူသံ၊ ကျားအော်သံ ဆူညံနေ၏။ ထိုစဉ်ကြားမှာပင် -

'ဖြောင်း'

'ဂျွတ်'

'ဟာ'

'သားကြီး မထိုးနဲ့၊ မထိုးနဲ့ နောက်ပြန်ဆုတ်'

ဦးငတုတ်၏ကြောက်လန့်တကြား သတိပေးသံပင် မဆုံးလိုက်ချေကျားသည် အားစိုက်ရုန်းကန်လိုက်သည့်အခိုက်တွင် ကျော့ကွင်းကြိုးပြတ်တောက်ခြင်းမရှိသော်ငြား သုတ်ကိုင်းဝါးသည် ဖြောင်းခနဲကျိုးသွားသည်ကြောင့် ကျားကောင်နှင့် လက်တစ်ကမ်းအလွတ်နေရာတွင် ရှိနေသည့် ဦးငတုတ်၏သားသည် ကံဆိုးစွာပင် ကျားကောင်၏ ကျားနခြစ်ခြင်းကို ခံလိုက်ရပေသည်။

'အား'

'ဟာ'

ဦးငတုတ်၏သား အော်ဟစ်လိုက်သည့် အသံစူးစူးဝါးဝါးကြီးသည် ကျားကောင်မာန်ဖီသံနှင့်ရောထွေးနေရာမှတဖြည်းဖြည်းတိမ်ဝင်သွားတော့၏။



မထင်မှတ်သောမြင်ကွင်းကြောင့် ကျားထိုးသူများ နောက်သို့ဆုတ်သွားကြ၏။ ဘယ်သို့ဆက်လုပ်ရမည်ကို တဒင်္ဂမေ့လျော့သွားကြသည်။ ကြောက်လန့်တုန်လှုပ်နေကြ၏။ ကျားကောင်ကြီးသည် အနှောင်အဖွဲ့မှ လွတ်နေတော့၏။ မည်သူမျှ ရှေ့မတိုးရဲပေမင့် ဦးငတုတ်သည် သားဇော ကြောင့် စဉ်းစားမနေတော့ဘဲ သူ့လက်တွင်းမှလှံဖြင့် ကျားကောင်ကို ပြေးထိုးလေတော့၏။

'ဝေါင်း'

ကျားကောင်သည် ခြေတစ်လှမ်းနောက်ဆုတ်အရှိန်ယူကာ သူ့ထံ တဇွတ်ထိုးပြေးဝင်လာသော ဦးငတုတ်ကို ခုန်အုပ်ရန်ကိုယ်ကျုံ့လိုက်သည် မှာပင် -

'ဒိန်း'

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ ကျားကောင်သည် နောက်သို့ဖင်ထိုင်ကျသွားတော့သည်။

ဦးငတုတ်သည် ရုတ်တရက်ကြားလိုက်ရသော သေနတ်သံကြောင့် ပြေးရင်းမှ ရုတ်ခြည်းရပ်တန့်သွားသည်။ ထိုမြင်ကွင်းရှိ လူအားလုံးသည် သေနတ်သံထွက်ပေါ်လာရာသို့ အံ့သြစွာဖြင့် လှမ်းကြည့်လိုက်ကြသည်၊

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အံ့သြတကြီးဖြစ်နေသည့် လူတစ်စု ထံသို့ ဖြည်းလေးသော ခြေလှမ်းများဖြင့် လျှောက်သွားလိုက်ကြသည်၊

'ဟာ ကိုပိုက်နဲ့ ကိုလင်းပါလား၊ ဘယ်လိုကြောင့်ဒီရောက်လာကြ တာလဲ၊ အံ့သြစရာကောင်းလိုက်တာဗျာ'

တောအုပ်ကလေး ညွန့်လှိုင်လှိုင်က ဝမ်းသာစွာဆီးကြိုပြောဆိုလေ သည်။

သို့ဖြစ်၍ ကျွန်တော်က -

www.burmeseclassic.com

www.burmeseclassic.com




'ကျွန်တော်တို့နှစ်ယောက်ကို ခင်ဗျားတို့ရဲ့ဝန်ထောက်ကလေး မောင်မောင်သန်းကခေါ်လာတာဗျ၊ မနေ့ကတည်းက ရောက်နေတာ၊ ဒီကနေ့ ကျွန်တော်တို့ မရောက်ဖူးတဲ့ ရခိုင်ရိုးမတောထဲ အမဲပစ်ထွက်ခဲ့ကြတာလေ၊ မောင်မောင်သန်းကတော့ ခလီခလာမှာ နေခဲ့လေရဲ့၊ ကျွန်တော်တို့နှစ်ယောက်က လမ်းပြကြီးနဲ့အတူ အမဲပစ်ထွက်ခဲ့ကြရင်း ကြောက်ခမန်းလိလိကျားအော်ဟစ်သံကြောင့် ကျော့ကွင်းမိနေတဲ့ ကျားအော်နေတာသိလို့ ဗဟုသုတအလို့ငှာ ကြည့်ချင်ကြတာနဲ့ ရောက်ခဲ့ကြတာဗျို့၊ အချိန်မီရောက်ခဲ့ကြပေမယ့် ခုလို ရုတ်တရက်ကြီး အခြေအနေပြောင်းလဲသွားမယ်ဆိုတာ ကြိုတွက်မထားမိတော့ 'လူတစ်ယောက် အသက်ဆုံးရှုံးသွားရတာကိုပဲ စိတ်မကောင်းဖြစ်မိတယ်ဗျာ'

သည့်နောက် ကျွန်တော်တို့သည်ညွန့်လှိုင်လှိုင်တို့အဖွဲ့နှင့်အတူ ခလီခလာတဲစုလေးသို့ တစ်စုတစ်ဝေးတည်း ပြန်ခဲ့ကြရာတွင် ရှေ့ဆုံးမှ ဦးငတုတ်သည် သူ၏သားအလောင်းကိုပွေ့ပိုက်ရင်း တစ်လှမ်းချင်းလှမ်းခဲ့သလို ကျားသေကောင်ကို ဝါးလုံးလျှို၍ ရွာသားနှစ်ယောက်က ထမ်းလာပြီး ကျန်လူတို့သည် ညှိုးငယ်သော မျက်နှာများဖြင့် လျှောက်လာကြသည်ကို တဲစုလေးရှိတောင်ယာသမားတို့နှင့်တကွ ညှိုသည်သစ်တောဝန်ထမ်းများကပါ စိတ်မကောင်းစွာဖြင့် ထွက်ကြည့်နေကြသည့် မြင်ကွင်းသည် ယနေ့တိုင်ကျွန်တော့်ကို အိပ်မက်ဆိုးများအဖြစ် ခြောက်လှန့်နေဆဲဖြစ်ပေသည်။

မှုခင်းရှုထောင့်မဂ္ဂဇင်း၊ မေလ ၂၀၀၁။

# ငါ့ဝမ်းပူဆာမနေသာလို့



www.burmeseclassic.com

www.burmeseclassic.com

# ၄၇ဝမ်းပူဆာ မနေသာလို့

ကျွန်တော်၏ အမဲလိုက်သက်တမ်းတစ်လျှောက် အမဲရှားပါးသည့်တောရယ်လို့ ကြုံဖူးခြင်းရှိခဲ့၏။ မည်မျှပင် သားကောင်ရှားသည့်ဆိုငြားတစ်ကောင်တစ်လေတော့ဖြင့် မဖြစ်မနေရအောင် ပစ်ခတ်သတ်ဖြတ်နိုင်ခဲ့၏။

ယခု မဟူကြီးဝိုင်းအတွင်းရောက်နေကြသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်သော်လည်း မည်သည့်သားကောင်ခြေရာမျိုးမှခဲ၍ပင်မရချေ။ ပါလာသည့်ရိက္ခာခြောက်လည်းကုန်လုပြီ။ လမ်းပြကြီး စောမောင်စိုးရှာဖွေကြွေးနေသည့် ကြက်လေး၊ ငှက်ကလေးများကိုမျှတစားနေရင်း အမဲကြီးပစ်ရမည့်နေ့ကို မျှော်လင့်နေကြရ၏။

ကျွန်တော်တို့ ရက်ရှည်(ခုနှစ်ရက်တစ်ပါတ်) အမဲပစ်ထွက်ကြလျှင်တစ်ရက်နှစ်ရက်အတွင်း သားကောင်ကြီးတစ်ကောင်ကောင်ကိုတော့ဖြင့်ပစ်ခတ်ရရှိနေကျဖြစ်သည်။

စောမောင်စိုးကတော့ သုတ်ကိုင်း၊ ကြော့ကွင်း၊ ကပ်ဘီတို့ဖြင့် တောင်



ချောက်ဆင်ကာ ကြက်ကလေး၊ ရစ်ကလေး၊ တောကြောင်၊ အစရှိသည်ဖြင့် တောကောင်ငယ်ကလေးများကို ဖမ်းဆီးကျွေးမွေးနေ၍ ရိက္ခာစိုမပြတ်ဖြစ်နေတော့၏။

'ကျွန်တော်တော့ တောပြောင်းချင်ပြီ' လင်းမြင့်လှိုင်ကပြောလာသည်ကို ကျွန်တော်က ခေါင်းတွင်တွင်ရမ်းရင်း -

'ဒီတောမှာပဲ သားကောင်တစ်ကောင်လောက်ရအောင်ရှာပစ်မယ်ဗျာ၊ ကျွန်တော်တို့ရာဇဝင်မှာအမဲမရဘဲ တောထဲကထွက်လေ့မရှိစေရဘူး'

သည်တွင် လင်းမြင့်လှိုင်က ပြုံးလျှက် - 'ဟုတ်တယ် သားကောင်မရှိတဲ့တောဆိုတာမှ မရှိ၊ ရှားတာပဲဖြစ်ချင်ဖြစ်မယ်၊ သားကောင်တစ်ကောင်မရမခြင်း ဒီစခန်းက မပြန်တော့ဘူးဗျာ၊ စိန်လိုက်'

'ဖျောင်း'

လင်းမြင့်လှိုင်စကားဆုံးသည်နှင့် နှစ်ယောက်သားလက်ဝါးချင်းရိုက်လိုက်ကြသည်။

'ကဲ . . . နေဝင်လုပြီ သားကောင်အရိပ်အရောင်မပြောနဲ့ခြေရာလတ်လတ်ဆတ်ဆတ်တောင်မတွေ့ဘူး၊ ဘယ်လိုတောမျိုးပါလိမ့်ဗျာ'

သို့ဖြင့် နှစ်ယောက်သား သေနတ်ကိုယ်စီသိုင်းလွယ်လျက် စခန်းသို့ပြန်ခဲ့ကြရပြန်၏။ လမ်းတွင် လင်းမြင့်လှိုင်က ညည်းညည်းညူညူဖြင့် 'အဲဒါအကြောင်းမဟုတ်ဘူး၊ ဒီကနေ့ မြည်းဖို့မပြောနဲ့ စားဖို့တောင်ရှိမှာမဟုတ်ဘူး' ဟုပြောလေ၏။ ယခင်ရက်တွေက၊ ကြက်ကလေး၊ ငှက်ကလေးများရနေခြင်းကြောင့် အရက်နှင့်မြည်းခြင်း၊ ရိက္ခာခြောက်များနှင့် စားနေသောနေရခြင်းဖြစ်ပေမင့် ယနေ့အတွက်မူ စခန်းတွင်ဆန်အနည်းငယ်မှအပမည်သည့်စားဖွယ်ရိက္ခာခြောက်မျှ မရှိခြင်းတို့သိနေသဖြင့် သို့စိတ်ပါတ်တွ

www.burmeseclassic.com

www.burmeseclassic.com



ကာ ညည်းညူလာခြင်းဖြစ်သည်။

ကျွန်တော်က နှုတ်ခမ်းတွန့်ရုံပြုံးလျက် 'စောမောင်စိုး တစ်ယောက်လုံး ရှိသေးဗျာ' ပြောလိုက်သည်။

'သူကော နေ့တိုင်းကြက်ငှက်ရနိုင်ပါ့မလားဗျ၊ သူမွေးထားတဲ့အကောင်တွေမှ မဟုတ်တာချည်း'

'ဒါလဲ ဟုတ်တာပဲ မနေ့ကတောင် ဘာကောင်မှမရလို့ တစ်နေ့ကကျန်တဲ့ 'ရစ်' သားချက်လေးကို မျှတစားလိုက်ရတယ်'

'အမြည်းအတွက် မရှိပေမယ့်၊ ဗိုက်ဖြည့်ဖို့အတွက်တော့ လိုရမယ်ရဆိုသလိုတောင် အုန်းဖူးတွေခုတ်လာသေးတယ်'

သို့ဖြင့် စကားတပြောပြောလျှောက်ခဲ့ကြသည်။ စခန်းသို့ပြန်ရောက်ကြသည်တွင် လမ်းပြကြီး၊ စောမောင်စိုးတစ်ယောက် ငှက်တစ်ကောင်အမွေးနှုတ်နေသည်ကို လှမ်းကဲကြည့်လိုက်ပြီး ကျွန်တော်က -

'အတော်ပဲဗျို့ လက်သီးစုပ်လောက်ရှိတဲ့ ငှက်ကလေးကို တစ်ခြမ်းမီးကင်လုပ်မယ်၊ ကျန်တစ်ခြမ်းကို 'တောင်အုန်း' အဖူးနဲ့ရောချက်ဗျာ' ဟုပြောလိုက်ကာ တောင်အုန်းအဖူးကို ယူ၍စောမောင်စိုးကို လှမ်းပေးလိုက်သည်။

'ဟာ ဆရာလေးကလဲ နှမြောစရာ၊ ဒီ 'ငှု' က ဘယ်လောက်စားကောင်းတယ်မှတ်လဲ၊ သူချည်းချက်မယ်ဗျာ အကောင်းဆုံးဖြစ်အောင်ချက်ပေးမယ်၊ ဟင်းချက်ကိုပဲအမြည်းလုပ်'

ကျွန်တော်ပေးသည့် တောင်အုန်းဖူးကို လှမ်းယူရင်းပြောလာသဖြင့်-

'အကောင်သေးသေးလေးဗျာ ဘယ်နှယ့်လုပ် သုံးယောက်စားလောက်မှာလဲ ဒါကြောင့် တောင်အုန်းဖူးနဲ့ ရောချက်ခိုင်းတာပေါ့'ဟု ကျွန်တော်ကပြောလိုက်သည်နှင့် စောမောင်စိုးက တအံ့တသြဟန်ဖြင့် မော့ကြည့်ပြီး-



'ဘယ့်နှယ့်ပြောပါလိမ့် ဆရာလေးရယ်၊ ဒီတစ်ကောင်ကို ကျွန်တော်တို့ ဗိုက်ရိုက်စားတောင် နောက်တစ်နေ့အတွက် ကျန်နိုင်သေးတယ်' ဟုပြန်ပြောလာသည်ကြောင့် ခေါင်းကိုခါရမ်းရင်း 'ဘာလဲ ဟင်းဖတ်လေးတစ်ဖတ်ကို နမ်းလိုက်၊ ထမင်းတစ်လုတ်ကောက်စားလိုက် လုပ်ရမှာလား' ဟု မေးလိုက်သည်။

'ကဲ ဆရာလေး ဒါဖြင့် ဒီလိုလုပ်မယ်၊ ကျွန်တော်သူ့ချည်းချက်မယ်၊ ဆရာလေးတို့နှစ်ယောက် ဝဝလင်လင်စားပြီး ကျန်တာမှစားမယ်ဗျာ၊ ဘယ့်နှယ့်လဲ၊ အရသာရှိတဲ့ 'ငှု'သားချက်လေးစားစေချင်လို့ပါ၊ ဒီတစ်ကောင်ချက်ကိုလဲ ဆရာလေးတို့နှစ်ယောက်ကုန်အောင် စားနိုင်မှာမဟုတ်ပါဘူး၊ ကျွန်တော်ပြောတာယုံစမ်းပါဗျာ'

သို့ သူကရဲရဲဝံ့ဝံ့ပြောလာသဖြင့် 'ကောင်းပြီလေ မင့်သဘောသာလုပ်ပါတော့ကွာ' ဟုပြောလိုက်ကာ ကျွန်တော်သည် စခန်းတဲပေါ်သို့ တက်လိုက်ပြီးကြမ်းခင်းပေါ်သို့ လှဲချကိုယ်လက်ဆန့်လိုက်သည်။

တစ်အောင့်အကြာတွင် စခန်းအောက်ဘက် တစ်ဖါလုံခန့်တွင်ရှိ ကျောက်ဗိုင်လေးတစ်ခုတွင် ရေသွားချိုးကြသည်။ ပြီးနောက် စောမောင်စိုးချက်ပြုတ်နေစဉ်တွင် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တဲပေါ်တွင် အမြည်းမပါရေဖြင့်ရောကာ အရက်သောက်ရင်း စကားပြောနေသည်။ ဤသည်ကို စောမောင်စိုးကကြည့်ကာပြုံးရင်း 'ဆရာလေးတို့က ဟင်းအကျက်တောင်မစောင့်ဘူး အမြည်းမပါ ဘာမပါဗျာ' ကျွန်တော်က 'အဲလိုလဲမဟုတ်ပါဘူးကွာ ဒီငှုလေးတစ်ကောင်ကို ငါတို့ကအမြည်းလုပ်လိုက်ရင် ထမင်းကို ဘာနဲ့သွားစားရမှာတုန်း' ဟုပြောလိုက်ပြန်၏။ ကျွန်တော့်စကားကြောင့် စောမောင်စိုးက 'အောင်မလေးဆရာလေးရယ် စိတ်ကြိုက်မြည်း

www.burmeseclassic.com



စိတ်ကြိုက်စားစမ်းပါဗျာ၊ ကုန်အောင်မစားနိုင်ပါဘူး' ဆိုကာ မီးဖိုပေါ်မှ ဟင်းအိုးအဖုံးကိုဖွင့်ကာ ပန်းကန်တစ်ခုတွင်းသို့ ငှုသားချက်များခပ်ထည့်ကာ 'ကျွန်တော်တို့ထဲယူလာပေးရင်း သိပ်တော့မနူးလောက်သေးဘူး၊ ဒါပေမယ့် စားလို့တော့ရပြီ၊ ငှုသားဘယ်လောက်ကောင်းသလဲ မြည်းကြည့်ဗျို့' ပြုံးရွှင်စွာဖြင့် ပြောလေသည်။

စောမောင်စိုးယူလာပေးသည့် ငှုသားဆီပြန်ချက်ဟင်းကို အမြည်းလုပ်ကာဆက်သောက်လိုက်ကြသည်။

ဟင်းကျက်လုလောက်တွင် ကျွန်တော်တို့တစ်လုံးကုန်သွားချေပြီဖြစ်၍ 'ကျက်လျှင်ဖြင့် စားကြစို့ဗျာ ခင်ဗျားလဲတစ်ခါထဲဝင်စား ဒီလိုပဲ မျှတစားကြတာပေါ့' လို့ပြောလိုက်သည်။

စောမောင်စိုးသည် ပြုံးဖြီးဖြီးမျက်နှာပေးဖြင့် တဲပေါ်သို့ဟင်းထမင်းအိုးများကိုယူလာချေတော့၏။

ဟင်းအိုးအဖုံးဖွင့်လိုက်သည်နှင့် သင်းပျံ့မွှေးကြိုင်သော ရနံ့ကနှာဝသို့ တိုးဝင်လာတော့၏။

'အားပါး တယ်မွှေးပါကလား'

ပြောပြောဆိုဆို ဟင်းအိုးကိုလှမ်းကြည့်လိုက်သည်။

'ဟင်'

'ငှု'သားချက်တွေ တစ်အိုးကြီးပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်၊ ငှုလေးတစ်ကောင်က ဘယ့်နှယ့်ဒီလောက်များများဖြစ်သွားရပါလိမ့်၊ သို့ဖြစ်၍-

'ခင်ဗျားမှန်မှန်ပြော ဒါ 'ငှု' ဘယ်နှစ်ကောင်ချက်တုန်း'

မျက်မှောင်ကြုံ၍တည်တည်ထန်ထန်မေးလိုက်သည်။

'ဟင် စောစောက ဆရာလေးတို့လဲမြင်သားနဲ့ တစ်ကောင်ထဲပေါ့ ဗျာ ဘာဖြစ်လို့တုန်း'



'ဟ . . လက်သီးစုပ်လောက်ရှိတဲ့ ကောင်လေးက ဒီလောက်များများဖြစ်လာနိုင်ပါ့မလား' လင်းမြင့်လှိုင်က သံသယဖြင့်မေးလိုက်ပြန်၏။ သည်တော့သူကပြုံးစစဖြင့် ငှုသားက ကျစ်တယ် ချက်လိုက်တော့ပွတက်လာတာပေါ့ ဒါကြောင့်အများကြီးဖြစ်လာတာ'

'ဟင် အဲလောက်တောင်ပဲလား'

ဟင်းအိုးကိုကြည့်ရင်း တအံ့တသြဖြစ်ကြရသည်။ တကယ်လည်း စောမောင်စိုးပြောစကားမှန်ပါသည်။

ကျွန်တော်တို့နှစ်ယောက်မူးမူးဖြင့် စားလိုက်သည်မှာမနည်း၊ စောမောင်စိုးသည်လည်း ခေါင်းမဖော်တမ်းစားနေသည်ကိုတွေ့ရ၏။ ဒါတောင်မှ ထမင်းလက်စသိမ်းလိုက်သည့်အခါ အိုးထဲတွင် ငှုသားချက်အနည်းငယ်ကျန်နေသေး၏။

'ကဲ ကျွန်တော်ပြောတာယုံပြီလား'

ရယ်လို့ ဝင့်ကြွားစွာဖြင့်စောမောင်စိုးက ပြောရင်း အိုးခွက်၊ ပန်းကန်တို့ကို ဆေးကြောရန်သိမ်းယူသွားလေတော့သည်။

စားသောက်ပြီးသည်နှင့် ထင်းမီးပုံနံဘေးတွင် ဆေးလိပ်ဖွာရင်းစကားစမြည်ထိုင်ပြောနေကြစဉ်တွင် စောမောင်စိုးက -

'ကျွန်တော်ဒီည အိပ်တန်းဝင်ငှက်သွားပစ်မလို့' ဆိုလာသဖြင့် 'ဘယ့်နှယ့်ညဘက်ကြီးငှက်ပစ်ရမှာတုန်း'

သို့ပြောလာသည့် လင်းမြင့်လှိုင်ဘက်သို့ သူသည်မျက်နှာမူလိုက်ကာ

'စခန်းနောက်ဘက်တောထဲနေ့လည်ခင်းက ဝင်ကြည့်တာ ငှက်အိပ်တန်းတွေ့ခဲ့တယ်၊ စခန်းနဲ့ဘာမှမဝေးလောက်တဲ့ ဝါးတောလေးထဲမှာ အောက်ခြေမှာ ငှက်ချေးလတ်လတ်ဆတ်ဆတ်တွေ အများကြီးတွေ့တော့

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုလိုက်ဖွဲ့နေကြတဲ့ ငှက်တွေအိပ်တန်းဖြစ်မယ်၊ ကျွန်တော့်အထင်တော့ 'ဝါးရောင်း' ငှက်အုပ်ရဲ့ အိပ်တန်းဖြစ်လိမ့်မယ်'

'ဘယ်အချိန်သွားမှာတုန်း အန္တရာယ်များပါတယ်။ သွားမနေပါနဲ့' ကျွန်တော်ကပြောလိုက်သည်။

'ညဦးပိုင်းလောက်ပါ၊ ဘာမှအန္တရာယ်မရှိလောက်ပါဘူး၊ စခန်းနဲ့ဝေးတာမှမဟုတ်တာ၊ နက်ဖြန်အတွက် သေချာတဲ့ရိက္ခာပေ့ါဗျာ'

သို့ ဆိုလာတော့လည်း အဟုတ်ပေသားဟု တွက်လိုက်ပြီး -

'ဒါဖြင့်ဗိုလ်လုပ်၊ ခင်ဗျားတစ်ယောက်တည်း မသွားနဲ့၊ ကျွန်တော်လိုက်ခဲ့မယ်'

'ကျွန်တော်လဲ လိုက်မှာပေ့ါဗျ'

လင်းမြင့်လှိုင်ကပါ ပြောလသည်ကြောင့် သုံးယောက်သား ထိုညဦးပိုင်းတွင် ငှက်ပစ်ထွက်ခဲ့ကြတော့သည်။

ညဦးပိုင်းအချိန်ဖြစ်သည်ကြောင့် လိုရမယ်ရ သေနတ်များယူလာခဲ့ကြသည်။ စောမောင်စိုးကတော့ လောက်လေးဂွနှင့်လေးသီးများထည့်ထားသည့် သူ၏ပုလိုင်းနှင့်ဖြစ်၏။ သူပြောသလိုပင် စခန်းနှင့်မဝေးလှဆိုပြား စခန်းနှင့်နီးနီးတော့မဟုတ်ချေ။ ၄ဖာလုံသာသာခန့်တော့ဖြင့်ရှိမည်ထင်၏။

ထိုငှက်အိပ်တန်းဝင်ဝါးတောအစပ်နားရောက်လာသည်တွင် စောမောင်စိုးက လေသံသဲ့သဲ့ဖြင့် -

'စကားမပြောကြနဲ့တော့ဗျို့' ဟုသတိပေးလာသည်။ ဝါးတောထဲဝင်လိုက်သည်နှင့် သူသည် မြေပြင်သို့သာ ငုံ့ကြည့်ရင်းသွားနေ၏။ ကျွန်တော်တို့သည် သေနတ်ကိုင်အမဲကြီးပစ်မုဆိုးကြီးများဖြစ်သော်လည်း လောက်လေးဂွကိုင်ငှက်ပစ်မုဆိုးနောက်သို့ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လိုက်ခဲ့ကြရတော့သည်။



'ရှူး'

သူက ရှေ့ကသွားနေရာမှ ရုတ်တရက်ရပ်လိုက်ပြီး ကျွန်တော်တို့ဘက်လှည့်ကာ တိုးတိုးတိတ်နေရန် နှုတ်ခမ်းနှင့်ကပ်၍ လက်ညှိုးထောင်ပြပြီး ထိုလက်ညှိုးကပင် သူ့ခေါင်းကိုကျော်၍ဝါးပင်ကိုင်းဖျားထံသို့ ညွှန်ပြလာသဖြင့် မော့ကြည့်လိုက်သည်။ ဝါးပင်တို့၏ အမြင့်ရှိလှမှ ဆယ့်ငါးပေသာသာပင်။ ဝါးပင်ပျိုတောဖြစ်၏။ ထိုကိုင်းဖျားများတွင် ငှက်များအိပ်တန်းဝင်နေကြသည်။ နှစ်ကောင်ပူးအဖိုအမ အတွဲတွေကို ပြတ်ပြတ်သားသားမဟုတ်သော်ငြား ရိုးတိုးရိပ်တိပ် မှုန်ဝါးဖါးကောင်လုံးမြင်ရ၏။

'ကဲ . . ဆရာလေး တစ်စုံတွဲခြင်းကို မီးထိုးပေးဗျာ၊ အဲ ကျွန်တော်တစ်ချက်ပစ်ပြီးတာနဲ့ မီးကိုချက်ချင်းပိတ်နော်'

သို့ ဆိုလာသဖြင့် လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ ဓါတ်မီးဖြင့် ငှက်တစ်စုံတွဲကို ထိုးလိုက်သည်။ မီးရောင်ကြောင့် မျက်လုံးလေးများ ပွင့်လာကာကြောင်ငေးနေကြသည်။ စောမောင်စိုးတွက်ထားသလို 'ဝါးရောင်း' ငှက်များဖြစ်ကြသည်။ ဝါးရောင်းငှက်သည် 'ဇရက်' များနှင့်ခပ်ဆင်ဆင်တူ၏။ အုပ်စုဖွဲ့နေတတ်ကြ၏။ တဒင်္ဂအချိန်ကလေးမှာပင် 'ဖောက်' ကနဲအသံနှင့်အတူ အဖိုအမ မသိရသောငှက်တစ်ကောင်သည် အမွေးတို့ဖွာလန်ကျဲကာ မြေပြင်ပေါ်သို့ 'ဘုတ်'ကနဲကျလာ၏။ လင်းမြင့်လှိုင်သည်လည်း ထိုမီးကိုမှိတ်လိုက်သည်။

ထိုအသံ လှုပ်ရှားမှုကြောင့် ငှက်အချို့ တောင်ပံတဖျတ်ဖျတ်ခတ်ကာဝါးပင်ထိပ်ဖျားသို့ လန့်ပျံရင်းအော်ဟစ်လိုက်ကြ၏၊ ကျွန်တော်တို့ကျောက်ရုပ်လို ငြိမ်သက်နေလိုက်ကြ၏၊ အတန်ကြာတွင် ထပ်မံသည့်ငှက်အချို့ပြန်လည်ဆင်းသက် ကိုင်းဖျားထက်တွင် နားလိုက်ကြပြန်၏၊

www.burmeseclassic.com



တစ်ခဏအကြာတွင် လင်းမြင့်လှိုင်က မီးထိုးပြလိုက်ပြန်၏။ စောမောင်စိုးကပစ်ချလိုက်ပြန်၏။ ကျလာပြန်ပြီတစ်ကောင်။ ထိုသို့ဖြင့် ကျွန်တော်တို့သည် ငှက်ရှစ်ကောင်၊ ဆယ်ကောင်ခန့်ရနေချေပြီဖြစ်သည်။ သို့ဖြစ်သည်ကြောင့် -

'တော်ပြီ ပြန်ကြမယ်'

လင်းမြင့်လှိုင်က တိုးတိုးကပ်ပြောလာ၏။

'နေပါဦး၊ နောက်သုံးလေးကောင်ပစ်ချေဦးမယ်ဗျာ'

စောမောင်စိုးက ဝါးကိုင်းဖျားသို့ မော့ကြည့်မပျက်ပြောလာသဖြင့် လင်းမြင့်လှိုင်က မည်သို့မျှ မပြောတော့ဘဲ အိပ်တန်းဝင်ငှက်တစ်စုရှိရာသို့ မီးလှမ်းထိုးလိုက်ပြန်၏။

ထုံးစံအတိုင်း စောမောင်စိုးက သူ့လောက်လေးခွကို ဆန့်ဆွဲလိုက်ချိန်မှာပင် . . .

'ဘုတ် . . ဘုတ် . . . ဘုတ်'

'ဘာသံပါလိမ့်'

ပြောရင်း လင်းမြင့်လှိုင်က ထိုးမီးကိုပိတ်လိုက်ကာ ကျွန်တော့်ကိုမေးဆတ်ပြပြီး နားစွင့်နေလိုက်သည်။

ထိုတဘုတ်ဘုတ်သံကြောင့် စောမောင်စိုးသည်လည်း ငှက်ကိုပစ်ရန်ချိန်ရွယ်ထားသည့်လောက်လေးခွသားရေကြိုးကို ပြန်လျှော့လိုက်ပြီး စိုးထိတ် ဟန်ဖြင့် -

'ဘာသံတုန်းဗျ' ရယ်လို့မေးလာသဖြင့် -

'ဘာမှန်းမသိဘူး၊ ငြိမ်ငြိမ်နေ၊ ကိုလင်း၊ လိုရမယ်ရ သေနတ်မောင်းတင်ထားဗျာ၊ သတိတော့မလစ်စေနဲ့'

လင်းမြင့်လှိုင်ကို သတိပေးရင်း ကျွန်တော်သည်လည်း လက်တွင်ရှိ



သေနတ်မောင်းထိန်း ခလုတ်ကို ညင်သာစွာတင်လိုက်သည်။

'ချောက် . . ချောက်'

'ဘုတ် . . ဘုတ်'

ကံအားလျော်စွာပင် သေနတ်မောင်းတင်သံနှင့် ထွက်ပေါ်လာသည့် 'ဘုတ် . . ဘုတ်' အသံသည် တစ်ပြိုင်တည်းဖြစ်သွား၏။

'ကိုလင်း ကျွန်တော့်အထင်တော့ ဟင်းကောင်(ကျား) ထင်တယ်၊ သားကောင်ချောင်းနေတာဗျ။ ကျွန်တော်တို့ကို ချောင်းနေတာများလား'

'မပြောတတ်ဘူး၊ အသံကို သေသေချာချာနားထောင် ဘယ်နားလောက်ဆီက ဆိုတာသိဖို့အရေးကြီးတယ်၊ ဒါမှ တိတိကျကျပြောနိုင်မယ်'

ကျွန်တော်တို့ သုံးယောက်နားစွင့်နေလိုက်ကြသည်။ အသံသည် တိတ်ဆိတ်ငြိမ်သက်နေပြန်၏။

'ကျွန်တော်တို့ဒီနားက မြန်မြန်ခွာရင်ကောင်းမယ်ထင်တာပဲ'

ပြောပြောဆိုဆို စောမောင်စိုးသည် လာလမ်းသို့လှည့်ကာ ရှေ့မှဦးဆောင်ထွက်သွားရန်အပြုတွင် -

'ဝေါင်း'

အနီးကပ်ကြားလိုက်ရသည့် ကျားဟိန်းသံကြောင့် -

'ကိုလင်း အဲဒီဘက်ကို မီးထိုး . . မီးထိုး'

ကျွန်တော့်သတိပေးသံကြောင့် လင်းမြင့်လှိုင်သည် ကပျာကသီမီးထိုးလိုက်သည်။ စောမောင်စိုးဦးတည်သွားမည့် လမ်းကြော၏ ၁၅ဒီဝရီကွာတာနေရာလောက်သို့ဖြစ်၏။

'ဟာ'

ရုတ်တရက် မြင်ရသည့်မြင်ကွင်းတား ကျားဘောင်သည် ရှေ့မှ

www.burmeseclassic.com

www.burmeseclassic.com



စာမောင်စိုးကို ခုန်အုပ်ရန်ဟန်ပြင်နေပြီဖြစ်၏။ ကျွန်တော်သည် ရင်ထိတ်သွားသည့်ကြားမှပင် သေနတ်မောင်းကို ကပျာကသီ ဆွဲညှစ်ချလိုက်သည်။

ပစ်မှတ်ကို သေသေချာချာချိန်ရွယ်ရန်အလို့ငှာ အချိန်မရလိုက်သည်ကြောင့် ပစ်ချက်သည် ချက်ကောင်းကိုမထိသော်ငြား ကျားကောင်သည် စာမောင်စိုးကို ခုန်အုပ်လိုက်နိုင်ပေမင့် သူ၏တင်ပါးဆုံရိုးသို့ သေနတ်ကျည်ထိုးဖောက်ဝင်ရောက်သွားသဖြင့် ချိန်မှတ်နေရာသို့ ရောက်မလာဘဲ စာမောင်စိုးနှင့် လက်တစ်ကမ်းအကွာလောက်တွင် ဘုတ်ကနဲပြုတ်ကျသွားရှာ၏။ သို့ပေမင့် သူ၏ရှေ့လက်ဖြင့် လှမ်းပုတ်လေသည်ကြောင့် စာမောင်စိုးသည် လျှပ်တပြက်တိမ်းရှောင်လိုက်သော်ငြားလည်း ကျားတစ်ကောင် လှုပ်ရှားမှုက သူ့ထက်လျှင်မြန်ဖျတ်လတ်သဖြင့်ခါးရိုးမှသည် တင်ပါးထိတိုင် အသားတို့ ဖွာလကျဲသွေးစိမ်းရှင်ရှင်ထွက် လဲကျသွားရှာ၏။ ကံကောင်းသည်ကား သူလဲကျသွားခြင်းသည် ကျားကောင်၏ ဆန့်ကျင်ဘက် လက်လှမ်းမမီမြေပြင်သို့ဖြစ်၏။ သို့ကြောင့် ကံကောင်းလှပေ၏ ဟုပြောရခြင်းဖြစ်သည်။

သည့်နောက် -

'ဒိန်း'

လဲကျနေရာမှ ပြန်လည်ကုန်းထပြီး စာမောင်စိုးအား ကျားနာခဲခဲလာဟန်ပြုနေသည့် ကျားကောင်ကို ကျွန်တော်သည် လက်တွင်းသေနတ်ဖြင့် အနီးကပ်ပစ်ချလိုက်သည်။

နှလုံးသားတည့်တည့်သို့ ချိန်ရွယ်ပစ်ခတ်လိုက်ခြင်းကြောင့် ကျားကောင်သည်လုံးဝငြိမ်သက်သွားတော့၏။ အမြီးကလေးပင် ယှဲ့ယှဲ့မလှုပ်နိုင်ချေပြီ။ သည်တော့မှ လင်းမြင့်လှိုင်သည် လဲကျနေသည့် စာမောင်စိုးထံပြေးသွားလေ၏။ ကျွန်တော်သည် ကျားကောင်ကိုအတန်ကြာ စူးစိုက်ကြည့်ပြီးလေမှ စာမောင်စိုးအား ပွေ့ပိုက်ထားသည့် လင်းမြင့်လှိုင်အနီးသို့ ကပ်သွားလိုက်ရင်း -

'ဒဏ်ရာ တော်တော်ပြင်းလား' ဟု စိုးရိမ်စိတ်များစွာဖြင့်မေးလိုက်သည်။

'တော်သေးတာ၊ အရေခွံလွှာကွာသွားရုံတင်မို့ပေ့ါ' ဟု ပြန်ပြောလာသည့် စကားသံကြောင့် ရင်တွင်ဆို့နေသည့် အလုံးကြီးကျသွားရတော့၏။

တကယ်တော့ ကျွန်တော်တို့သည် သားကောင်ရှား၍ရိက္ခာပြတ်နေကြသဖြင့် ဝမ်းရေးအလို့ငှာ ငြိမ်းချမ်းစွာအိပ်စက်နေကြသော ငှက်မောင်နှံတွေကို သွားရောက်ဒုက္ခပေးသတ်ဖြတ်ခဲ့ကြသလို ကျားကောင်သည်လည်း သားကောင်ရှားသော တောအတွင်း အစာအာဟာရပြတ်လတ်နေရသည်ကြောင့် ကျွန်တော်တို့လူသားတွေကို သူ့အတွက် အာဟာရအလို့ငှာ မဖြစ်မနေသတ်ဖြတ်စားသောက်ရုံမှလွဲ၍ အခြားနည်းလမ်းမရှိတော့သဖြင့် ဖြစ်ချိမ့်မည်။


သက်ရှိသတ္တဝါတို့သည် အသက်ရှင်နေနိုင်ရေးအတွက် ရှာဖွေစားသောက်နေကြရာတွင် ရှာဖွေရန် ခက်ခဲလာသည့်အခါ 'လူ့စည်း၊ ဘီလူးစည်း' ရယ်လို့ မရှိလေတော့ဘဲ ကြံမိကြံရာကြံတတ်ကြစမြဲပါတကား။

(ငွေမြိုင်မဂ္ဂဇင်း ဖေဖော်ဝါရီလ ၂၀၀၁ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com




# ဦးနတ်ကြီးရဲ့ အိမ်စုလေး

ကျွန်တော်တို့ ဦးတည်သွားနေသည့် 'ကိုးအိမ်စု' ဆင်စခန်းသို့ ရောက်လုတွင် မိုးသည်းထန်စွာရွာချလေတော့၏။ မိုးချည်းသက်သက်မဟုတ်။ လေပြင်းလည်းပါ၏။ ထစ်ချုန်းမိုးသံနှင့်အတူ နားကွဲလုမတတ်ကြောက်ခမန်းလိလိပေါ်ထွက်လာသည့် မိုးကြိုးပစ်သံတို့ကြောင့် ယမ်းညှော်နံ့တို့လည်းရလိုက်၏။

'ဒိန်း'

ကျွန်တော်တို့ရှေ့ ကိုက် ၂၀ လောက်တွင်ရှိ ကညင်ပင်ကြီးသို့ မိုးကြိုးပစ်ခတ်လိုက်မှုကြောင့် ပေါင်လုံးခန့် ကညင်ကိုင်းကြီးသည် ကျိုးကာလေသဖြင့် သွားလမ်းပိတ်သွားရပြန်၏။ ရော - ခက်ချေပြီ။ မိုးခိုစရာ ဝါးဘဲကောင်းကောင်းလည်းမရှိ။ ရှေ့ဆက်ဖို့ရာလည်း ခက်ချေပြီ၊ မိုးကသည်းသဲသဲမဲမဲရွာနေဆဲဖြစ်သည်။

တောလမ်းရိုးလည်းဖြူပြန်း တောင်ပေါ် သစ်ပင်လည်းဖြူဖွေးနေတော့ အသွားခက်ခက်၊ အလာခက်ခက်ဖြစ်သည်။ မိုးရွာသွန်းသွန်းကြောင့် အမြင့်မှ

www.burmeseclassic.com

www.burmeseclassic.com



ရေတို့စီးကျခြင်းနှင့်ရွှံ့စေးမြေများလည်း ဖြစ်ပြန်သဖြင့် ချော်ကာလဲ၏။ 'ကမ္ဘ' အဆင်းလေးတို့တွင်လည်း ချော်လဲ၏။ မိုးရေ၊ ရွှံ့မြေတို့ကြောင့် တစ်ကိုယ်လုံးပေကျံလို့နေ၏။ မိုးရေစိုခြင်းကြောင့် ချမ်းလို့ပင်နေကြပြီဖြစ်သည်။ မေးခိုက်ခိုက်တုန်ရလေ၏။ လင်းမြင့်လှိုင်ထံမှ 'ဝီစကီ' တစ်ပုလင်းကိုလည်း သွားလာရင်းအချမ်းပြေအလို့ငှာ သောက်လိုက်ကြပြား ထိုမိုးရေအချမ်းဒဏ်ကို ကြာရှည်ထိန်းမထားနိုင်ပါချေ။

နားနေ၍မဖြစ်သည်ကြောင့် လမ်းပိတ်နေသည့် ကညင်ကိုင်းကြီးကို အခက်အလက်တို့ ခုတ်ဖြတ်ကျော်လွှားခဲ့ကြပြား ဆင်စခန်းသို့အတော်နှင့် မရောက်နိုင်ခဲ့ကြသဖြင့် -

'ဖထီးစံကြိုင်ရေ ဘယ်လိုတုန်းဗျ၊ ကိုးအိမ်စု ဆင်စခန်းကို မရောက်နိုင်သေးဘူးလား' ကျွန်တော်ကမေးလိုက်၏။

'အေးကွ၊ ငါလည်း အဲဒါပဲ စဉ်းစားရင်းသွားနေတာ၊ တကယ်ဆိုရောက်သင့်ပြီကွ၊ မိုးကရွာ၊ တောင်ရေကကျဆိုတော့ငါတို့တွေ ဟိုဖြတ်တက်၊ ဒီဖြတ်ကျော်လုပ်ရင်းကြားက လမ်းများမှားနေပြီလားမသိပါဘူးကွာ'

လမ်းပြကြီးစောစံကြိုင်စကားကြောင့် ကျွန်တော်အထိတ်တလန့်ဖြစ်သွားရ၏။ ဘယ့်တွက်မူ 'ကိုးအိမ်စု' ဆင်စခန်းကို ယနေ့မရောက်၍မဖြစ်။ ထိုစခန်းရောက်လေမှ နွေးနွေးထွေးထွေးနားနေရမည်။ လွန်မင်းစွာဆာလောင်ခြင်းဒဏ်ကို ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ပါကလား။ အကယ်၍များစောစံကြိုင်ပြောသလို လမ်းမှားနေကြပါလျှင် ဒုက္ခအကြီးအကျယ်ရောက်ရပေတော့မည်။

သည်လောက်မိုးတွေရွာနေသည့်ကြား ဘယ်လိုနားနေအိပ်စက်၍ရပေလိမ့်မည်နည်း။ မည်သို့မီးဖိုရမည်နည်း မီးမရှိလျှင် မည်သို့ချက်ပြုတ်



စားရမည်နည်း။ လမ်းတစ်လျှောက် မည်သည့် 'ဝါးတဲ' မျှမတွေ့။

'ဖထီးရေ၊ ကျွန်တော်တို့လမ်းပျောက်လို့တော့မဖြစ်ဘူးနော်၊ သေသေချာချာဂရုစိုက်ပါဗျာ၊ လက်တွေလည်း အေးလွန်းလို့ပဲကြီးရေတွန့်နေပြီးထုံကျင်နေပြီဗျို့။ စခန်းရောက်လေမှပဲ နွေးနွေးထွေးထွေးနေပြီးအနားယူရတော့မှာပဲ'

စောစံကြိုင်တစ်ယောက် ကျွန်တော်အော်ပြောနေသည့်စကား ကြားမှကြားပါလေစ မသိချေ။ ရှေ့မှဦးဆောင်၍ ဟိုဒီတိုးဝင်ရှာဖွေကြည့်ရှုကာသွားနေလေ၏။ ကျွန်တော်ပြောသည်ကို ကြားလောက်ပါရဲ့။

ကျွန်တော့်နောက်မှ လင်းမြင့်လှိုင်နှင့် စောလူးတို့သည် ပင်ပန်းနွမ်းနယ်စွာဖြင့် တစ်လှမ်းချင်းခြေကိုလှမ်းကာလျှောက်လာကြ၏။

'မိုးကလဲ ဘယ်လိုအငြိုးနဲ့ရွာနေလဲမသိပါဘူးဗျာ၊ ခုထိကို မတိတ်သေးဘူး၊ တောက်'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်ကလှည့်ကြည့်ရင်းရပ်စောင့်နေလိုက်၏။

'ကိုလင်း၊ ရှိသေးလား'

'ဘယ့်နှယ်ရှိရမှာတုန်းဗျာ၊ ဒီလမ်းကြောအတွက် တစ်လုံးပဲယူလာတာ၊ စောစောက ကုန်သွားပြီလေ'

သိသိနှင့်မေးလိုက်ရခြင်းဖြစ်၏။ စောစံကြိုင်တို့ 'မီးတွင်းကုန်း' ရွာကလေးမှ ခရီးစထွက်ကတည်းက -

'ကိုလင်း၊ အလေးခံယူမနေပါနဲ့ဗျာ။ ဒီမီးတွင်းကုန်းနဲ့ ကိုးအိမ်စုဆိုတာ တစ်နေ့ခရီးမရှိလောက်ပါဘူး၊ သွားရင်းလာရင်းလမ်းမှာ နေ့ဆောင်ပြီအသို့ ငှာ တစ်လုံးပဲယူခဲ့ပါဗျား ကိုးအိမ်စုရောက်သွင်ဖြင့် ဝိုးဝင်လာ အားလုံးစီ

www.burmeseclassic.com

www.burmeseclassic.com



ခဉ်ထားမှာပါဗျ' ရယ်လို့ ကျွန်တော်ကပင် စီမံခဲ့သည်။ ဤလမ်းခရီးတွင် ဤသို့ဖြစ်လာလိမ့်မည်ရယ်လို့ လုံးဝတွက်မထားခဲ့သည်ကိုး။

'ကိုပိုက်တို့လာခဲ့ကြလေ။ ကိုးအိမ်စု ဆင်စခန်းမှာ ကျွန်တော်ရှိနေမယ်၊ ကိုပိုက်တို့ရောက်လာမှ အထက်ဘက်တက်ပြီး 'မြောင်' ပစ်ကြမယ်ဗျာ၊အဲဒီမှာမြောင်အုပ်တွေမကြာခဏတွေ့တယ်လို့ တောအုပ်ကြီး ကျော်သိန်းက ပြောတယ်'

သစ်တောဝန်ထောက်လေးစိုးဝင်းက ရန်ကုန်တွင် ဆုံကြစဉ်ပြောလာသဖြင့် -

'ကောင်းတာပေါ့ ဗိုစိုးရယ်၊ နို့ဖြင့် ဘယ်လိုလာရမှာတုန်း' ရယ်လို့ မေးထားလိုက်ခြင်းကြောင့် မီးတွင်းကုန်းကျေးရွာသား မုဆိုးစောစံကြိုင်က ကျွန်တော်တို့ကို သူ၏ဆရာစိုးဝင်းမိန့်မှာချက်အရ မီးလောင်ကုန်းကျေးရွာသို့ရောက်နှင့်နေကြသည့် ကျွန်တော်တို့ကိုလာခေါ်ကာ သူ၏မီးတွင်းကုန်းကျေးရွာတွင်တစ်ညတာ နားနေအိပ်စက်စေပြီး နောက်တစ်နေ့တွင် ကိုးအိမ်စုဆင်စခန်းသို့ထွက်ခဲ့ကြခြင်းဖြစ်၏။

မီးလောင်ကုန်းကျေးရွာမှ မီးတွင်းကုန်းကျေးရွာသို့ လာခဲ့ကြသည့် ခရီးစဉ်သည် ကျွန်တော်တို့အတွက် ခရီးသစ်ဖြစ်သလို ထိုမီးတွင်းကုန်းကျေးရွာမှ ကိုးအိမ်စုဆင်စခန်းခရီးစဉ်သည်လည်း အစိမ်းသက်သက်ဖြစ်ပေတော့၏။ လမ်းပြမုဆိုးကြီး စောစံကြိုင်ပြောစကားအရ တစ်နေ့ခရီးပင်မရှိ။ လမ်းသာ၏ သိခဲ့ရပြီးခုတော့ဖြင့် သဘာဝကျရောက်လာသည့်အန္တရာယ် ဒုက္ခရောက်ခဲ့ကြချေပြီ။ ခရီးစဉ်စခဲ့စဉ်က ရာသီဥတုသာသာယာယာပင်ဖြစ်၏။ မိုးအကုန်ဆောင်းအဝင်ဖြစ်သော်ငြား မိုးရိပ်ကင်းစင်နေသည်ကြောင့် ယခုလို သဲကြီးမဲကြီးမိုးရွာလိမ့်မည် မထင်ထားသဖြင့် မည်သို့ကြိုတင်စီစဉ်မှုမျိုးမှ မလုပ်ခဲ့ကြချေ။ ဘယ်သို့တတ်နိုင်လိမ့်မည်နည်း။ မိုးဒဏ်၊



လေဒဏ်ကြောင့် ခြေကုန်လက်ပန်းကျလေပြီ။ သို့ငြား ရပ်နား၍မဖြစ်၊ ဇွဲနပဲကြီးစွာဖြင့် ဆက်လျှောက်ခဲ့ကြပြန်၏။

သို့ မိုးထဲလေထဲ လျှောက်ရင်းမှပင် သတိထားလိုက်မိသည်မှာ လေတိုက်နှုန်းတွေပျော့လာ၏။ မျက်နှာသို့ ရိုက်ခတ်လာသည့် မိုးစက်မိုးပေါက်တို့သည် အမှုန်အမွှားလေးများဖြစ်လာ၏။ အုံ့ဆိုင်းဆိုင်းမိုးသား ကောင်းကင်သည် ကြည်လင်လာတော့၏။ သို့ဆိုလျှင်ဖြင့် -

'တော်သေးတယ် ကိုလင်းရေ့ မိုးစဲသွားပေလို့၊ နို့ဆိုလျှင်ဖြင့် ကျွန်တော်တို့တွေ ကိုးအိမ်စုတောင်ရောက်နိုင်ပါ့မလား မသိဘူးဗျို့၊ ချမ်းလွန်းလို့ အအေးပတ်ပြီး သေသွားနိုင်လောက်တယ်'

ကျွန်တော်သည် မိုးဒဏ်လေဒဏ်မှလွတ်ချေပြီဖြစ်၍ ဝမ်းသာလို့မှမဆုံးသေးရှေ့မှသွားနေသည့် လမ်းပြကြီးစောစံကြိုင်က ကျွန်တော်ကိုရပ်စောင့်ပြီး သူ့အနားရောက်သွားသည်နှင့် 'ကျုပ်တို့လမ်းမှားခဲ့ကြပြီ' ဟု လေသံသဲ့သဲ့ပြောလာသဖြင့် ရင်ဆို့သွားရတော့၏။ စိတ်ဓါတ်အကျကြီးကျရချေပြီဖြစ်သည်။ အချိန်ကားမရှိလေတော့။

'ဒုက္ခပါပဲဗျာ၊ နို့ဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ၊ ဒီနားမှာ နားခိုစရာဝါးတဲတွေလည်းမရှိဘူး၊ ဒီမိုးက စဲရုံတင်စဲသေးတယ်၊ နောက်ထပ်တစ်ချီ ရွာမချနိုင်ဘူးလို့ ပြောမရနိုင်ဘူး၊ ခက်တာပဲဗျာ၊ အဲဒါ ဘယ့်နှယ်လုပ်ကြမလဲ။ ကိုးအိမ်စုကိုကနေ့ရောက်တာ၊ မရောက်တာထက် ဒီည ဘယ်လိုစခန်းသွားကြမလဲ ယာယီဝါးတဲဆောက်နေဦးတော့စောစောတလို မိုးကြီးလေထန်လာရင် ဘယ့်နှယ်လုပ်မလဲ၊ မီးလည်းဖိုလို့ ရမှာမဟုတ်ဘူး

စိတ်ညစ်ညူးစွာပြောလိုက်သည်၊ ညီနောက်တောင်တွေ့အလေပေါ်မှ မြောင်လေးကို ကူးရန်သတိထားထိန်းဆင်းလိုက်ပြီး မြောင်ကျုပ်တွင်းသို့ လိမ့်ကျလိမ့်ဆင်းသွားတော့၏၊ မြောင်ကျုပ်အတွင်းမှ လှုပ်ရှားနေဆဲမှာ

www.burmeseclassic.com



ပင် စောစံကြိုင်ပြောလာသည့် စကားနောက်ဆက်တွဲကြောင့် ကျွန်တော် အနည်းငယ်စိတ်သက်သာခဲ့ရချေတော့၏။

'ကိုးအိမ်စုကို မရောက်နိုင်ပေမယ့် ဒီတစ်ည နွေးနွေးထွေးထွေးနေဖို့ အတွက် ကျုပ်မြင်ထားပါတယ်ဗျ။ ဟိုမယ်ကြည့်လေ။ အဲဒီမှာ သွားတည်း ကြတာပေါ့ဗျာ၊ အဲဒီတဲစုလေးတွေမြင်လိုက်လို့လဲ ကျုပ်တို့လမ်းမှားခဲ့ ကြပြီဆိုတာ အတတ်ပြောနိုင်တာပေါ့။ ဘာလို့လဲဆိုတော့ မီးတွင်းကုန်းနဲ့ ကိုးအိမ်စုလမ်းတလျှောက် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဘာရွာ ဘာတဲစုမှမရှိ လို့ဘဲ။ ဟော .. ခုတဲစုလေးတွေ တွေ့လိုက်တော့ လမ်းမှားနေတာ သေချာပြီပေါ့'

'အင်း . . . ဘယ်လိုပဲဖြစ်ဖြစ်ဗျာ၊ လောလောဆယ်တော့ အဲဒီတဲစုကို သွားပြီး နားနေရမှာပဲ၊ ပြီးမှ ဘာဆက်လုပ်ကြမယ်စီစဉ်ကြတာပေါ့'

ပြောပြောဆိုဆို ကျွန်တော်က ဦးဆောင်၍ ထိုတဲစုရှိရာသို့ ဦးတည် သွားလိုက်၏။ သိပ်ကြာကြာမလျှောက်လိုက်ရ။ တဲစုရှိရာသို့ ရောက်ခဲ့ကြ တော့သည်။

တဲအိမ်လေးများသည် တစ်လုံးနှင့်တစ်လုံး နှစ်သံကြိုးခန့်သာ ဝေးလိမ့် မည်။ ဤနေရာတစ်ဝိုက်မှာပင် တဲအိမ်လေးငါးခြောက်လုံးခန့်တွေ့ရ၏။ ဤအစုလေးမှ ကိုက် ၅၀ခန့်တွင် တဲစုရှိသေး၏။ ထိုမှတဖန် တဲစု၊ တဲစု ကလေးများရှိကြပြန်သေး၏။

'ဟာ စံကြိုင်ကြီး မင်းဘယ်လိုက ဘယ်လို ဒီရောက်လာရတာလဲကွ' လမ်းပြကြီးစောစံကြိုင်ကို တဲတစ်လုံးအတွင်းမှ လူတစ်ယောက်က ထွက် လာပြီး လှမ်းနှုတ်ဆက်လာသည်ဖြစ်၍ ကျွန်တော်တို့အားလုံး ထိုတဲရှေ့သို့ ရောက်သွားကြသည်။ သို့ဆိုလျှင်ဖြင့် ဤနေရာရှိလူများသည် ကျွန်တော်တို့ အား အကူအညီပေးကြလိမ့်မည် သေချာသလောက်ဖြစ်သွား၏။



သူ့အား နှုတ်ဆက်လာသူ ကိုစောစံကြိုင်က တအံ့တသြကြည့်ရင်း-

'ဟိတ်ကောင် မင်းတောအုပ်ကျော်လင်း မဟုတ်လား'

'ဟုတ်တယ်လေကွာ၊ ဘာလဲ မမှတ်မိတော့ဘူးလား၊ မင်းအခု ဘာလာ လုပ်တာလဲ၊ ဧည့်သည်တွေလဲပါလာသလား၊ လာ .. လာ ငါ့အိမ်မှာ တည်းကွာ၊ မနက်မှ မင်းသွားချင်တဲ့ဆီသွား၊ ဒီတဲမှာ ငါတစ်ယောက်ထဲနေ တာကွ၊ ကဲ မိတ်ဆွေတို့လည်းလာကြဗျာ၊ ဒီနေရာက မှောင်သွားရင် အပြင် မှာနေလို့မကောင်းဘူး'

ပြောပြောဆိုဆို ထိုသူကသူ့တဲတွင်းသို့ခေါ်သဖြင့် လိုက်သွားခဲ့ကြ သည်။

'ဟိတ်ကောင် ကျော်လင်း၊ ငါတို့မိုးတွေမိပြီး ရွှဲလာကြတယ်၊ အတော် လဲချမ်းနေကြပြီ၊ မင်းမှာဘာလေး၊ ညာလေးမရှိဘူးလားကွ၊ ရှိရင်လုပ်ကွာ၊ ဧည့်သည်တွေအတွက် ပြီးတော့ ထင်းမီးလည်းဖိုချေကွာ'

'အေးပါကွာ၊ ဒီလိုလုပ်၊ ငါတော့မသောက်ဘူး၊ စံကြိုင်ရာ မင်းသိပါ တယ်၊ ဒါပေမယ့် ဟိုဘက်တဲတွေမှာ ငါသွားရှာပေးမယ်၊ ဟိတ်ကောင်ရေ ဒီအစုလေးက တစ်ဦးနဲ့တစ်ဦး သီးသန့်သာနေကြတယ်၊ အရေးရယ် အကြောင်းရယ်ဆို ကူညီပေးတတ်ကြတယ်၊ အားလုံးက ဒီနေရာကို သူ့နည်းသူ့ဟန်နဲ့ ရောက်လာကြတဲ့ သူတွေချည်းပဲ။ ဒီနေရာလေးကို ပိုင်တဲ့ ဦးနတ်ကြီးဆိုတာ သဘောကောင်းတယ်၊ ဒီအစုလေးကို သူပဲအုပ် ချုပ်တယ်၊ သဘောကောင်းတယ်ဆိုပေမယ့် သူ့စကားနားထောင်မှ ကြိုက် တာကွ၊ ကလန်ကဆန်လုပ်လို့မရဘူး၊ အေး .. သူ့စကားသာနားထောင် ဘာမဆိုဖြစ်တယ်၊ ကဲ .. ကဲ မင်းတို့ဘာသာ မီးမွှေးထင်းမီးဖိုချေကွာ ငါ မင်းတို့စားဖို့သောက်ဖို့ သွားဖန်တီးလိုက်ဦးမယ်' ဟုဆိုကာ တဲအပြင်သို့ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အတွက် လွန်စွာမှအဆင်ပြေသွားချေပြီဖြစ်၏။ ထင်းမီးဖိုအရှိန်ကြောင့် အနွေးဓါတ်ရရှိခဲ့ကြ၏။

ကျွန်တော်တို့တစ်တွေ နွေးနွေးထွေးထွေးဖြင့် နေသားတကျရှိနေချိန်တွင် တဲပိုင်ရှင်တောအုပ်ကျော်လင်းဆိုသူ ရောက်လာ၏။

'ကဲ . . စံကြိုင်ကြီးရေ ရော့ မင်းမိတ်ဆွေတွေအတွက် ဒါတော့ ရလာသဟေ့' ဆိုကာ ပြောင်းဖူးပုလင်းတစ်လုံး ကမ်းလာပေး၏။ လင်းမြင့်လှိုင်နှာခေါင်းရှုံ့သွားသည်။ ပြင်းထန်သော အနံ့စူးစူးကြောင့်ဖြစ်၏။

'ဘာလဲကိုလင်း ဒီတောအရက်က အနံ့သာဆိုးတာဗျ၊ အမူးတော့ကောင်းသဗျ'

သို့ ကျွန်တော်ကပြောလိုက်သည်တွင် သူကသွားတက်ကလေးပေါ်ရုံပြုံးလျက် -

'မရှိတော့လဲ ရှိတာချရမပေါ့ဗျာ၊ ချဉ်ချဉ်တူးတူးမူးရင် ပြီးရောဗျာ'

ပြောလာသဖြင့် ကျွန်တော်က -

'အင်း . . . ကျွန်တော်တော့ တောချက်အရက်ကို ပိုကြိုက်သဗျ၊ အနံ့အသက်သာဆိုးတာ၊ စာရေးဆရာကြီးသော်တာဆွေဆိုလျှင်ဖြင့် တောချက်အရက်ကို ပိုကြိုက်ကြောင်း မကြာခဏပြောတာပြောမယ်၊ တောအရက်စစ်စစ်ဆိုလျှင်ပေါ့ဗျာ၊ သူ့ရဲ့ ဂုဏ်သတ္တိက ဘာလဲဆိုတော့ တခြားအရက်တွေဟာ ရေဖြင့်သော်လည်းကောင်း၊ တခြားအချိုရည်တစ်ခုခုဖြင့်သော်လည်းကောင်း ရောစပ်သောက်လျှင်ဖြင့် မူလအရသာပျက်သွားတတ်ပေမယ့် တောအရက်ဟာဖြင့် ရေဖြင့်ရောစပ်လိုက်ပေမယ့် မူလအရသာတစ်ရွေးသားမျှ မပျက်သွားခြင်းပဲတဲ့ဗျ' ဟူ၍ လူတတ်ကြီးလုပ်ကာပြောလိုက်သည်။



'ဟုတ်ပါတယ်ဗျာ ဆရာကြီးပြောတာ ကြားဖူးတယ်၊ ရေးတာ ဖတ်ဖူးတယ်၊ ဒါပေမယ့် အဲဒီအနံ့ကြီးကို မကြိုက်တာဗျ၊ နို့ပေမယ့် မရှိတော့လည်း မနေနိုင်တော့လဲ သောက်ရမှာပေါ့ဗျာ' ဆိုကာ အကြမ်းပန်းကန်လုံးအတွင်း ငှဲ့ထည့်လိုက်ကာ ရေရောစပ်၍နှာခေါင်းကိုပိတ်ကာ ဦးခေါင်းကိုမော့ ပါးစပ်ကိုဟ၍ လည်ချောင်းအတွင်းလောင်းချလိုက်တော့၏။

'ဂရု'

'ဂွပ်'

'ခွပ်၊ ခွပ်'

ကျွန်တော်သည်လည်း ပန်းကန်တစ်လုံးဖြင့် ငှဲ့ထည့်မော့သောက်လိုက်တော့၏။ သောက်ပြီးစပန်းကန် ကြမ်းပြင်ချလိုက်၏။ လင်းမြင့်လှိုင်နှင့်တစ်ပြိုင်တည်းလိုဖြစ်သွားသည်။

'ဟား . . . ဟား . . . ဟား . . . ဟား'

လင်းမြင့်လှိုင်၏ ရှုံ့မဲ့နေသော မျက်နှာကိုကြည့်၍ ကျွန်တော်ရယ်ချင်မိသဖြင့် အားပါးတရ ရယ်လိုက်၏။

'ဟဲ . . ဟဲ . . ဟဲ'

သူကလည်း အရှက်ပြေလိုက်ရယ်နေတော့၏။ အရက်မသောက်တတ်သောစောလူးသည်လည်း တစ်ခွက်တစ်ဖလား ဝင်မော့လေတော့၏။ တစ်နေကုန် မိထားသည့်အအေးဒဏ်ကြောင့် ဖြစ်ချိမ့်မည်။

တဲရှင်ကျော်လင်းကတော့ မသောက်။ ကျွန်တော်တို့မြည်းဖို့ရာ စီမံပေးလေ၏။

'ဟိတ်လူ ခင်ဗျားမီးကျွပ်တိုက်ထားတဲ့ ကြွက်သားတကောင်လောက်မြည်းသည်လားဗျာ' ရယ်လို့ ကျွန်တော်က ငါးခြမ်းခြောက်နှစ်ချောင်းဖြင့် မြည်းကာ မီး

www.burmeseclassic.com



ကျပ်တိုက်ထားသည့် ကြွက်သားနီရဲရဲကို တစ်ဖဲ့ကိုက်ဝါးရင်းပြောလိုက်သည်တွင် ထိုသူက 'ဟီး . . ဟီး . . ဟီး' ရယ်လို့ ရယ်မောရင်း 'ဒါကြွက်မဟုတ်ဘူး၊ နောင်ကြီးရ၊ ပွေးသားဗျ' ဟုပြောသည်။

ဤတစ်ခါ၊ တစ်ကြိမ်မျှ ကျွန်တော် ပွေးသားစားဖူးလိုက်ခြင်းဖြစ်ပေ၏။ ကောင်းမှကောင်းပါကလား။ ရနံ့လေးကလည်း မွှေးပါဘိနှယ်။

စားရင်းသောက်ရင်းမှ စောစံကြိုင်ကတစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် -

'နေပါဦး လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က မင်းနဲ့ငါ တွေ့ခဲ့ကြတာနော်'

'အေး . . ဟုတ်တယ်လေကွာ'

'အဲဒီတုန်းက မင်း . . မင်း ကားမှောက်ပြီးဆုံးသွားပြီလို့တောင်ကြားတာ'

'ဟား . . ဟား . . . ဟား ငါဆုံးပြီဆိုလျှင်ဖြင့် ဘယ့်နှယ် ခုလာတွေ့ကြရမှာတုန်း၊ စံကြိုင်ရာ၊ ဟား . . . ဟား . . ဟား . . . ဟား '

တောအုပ်ကျော်လင်းက စောစံကြိုင်ကိုကြည့်ကာ ဟားတိုက်ရယ်မောပြောနေရင်းမှ ဘယ်လိုဖြစ်သွားသည်မသိ။ မျက်နှာညှိုးလျော်ကျသွားကာ-

'အေး ငါကားမှောက်တဲ့အထဲပါသွားတယ်၊ ဒါပေမယ့် သူများတွေထင်သလို ငါမသေဘူး၊ ဒါပေမယ့် ငါအိမ်ပြန်လို့မရဘူး'

'ဘာဖြစ်လို့တုန်း'

ကျွန်တော်ကမေးလိုက်သည်တွင် သူက -

'ဖြစ်ပျက်ခဲ့တဲ့နေရာနဲ့ အိမ်ကဝေးတယ်၊ ပြီးတော့ ပြန်လမ်းလဲမသိ၊ အဲဒီနေရာမှာတင် ယောင်လည်လည်ဖြစ်နေတုန်း ဦးနတ်ကြီးနဲ့တွေ့တာပဲ၊ သူငါ့ကိုသနားပြီး ဒီခေါ်လာ နေရာပေးတော့တာပဲကွာ၊ အစပထမတော့



ငါအိမ်ပြန်ချင်တာပေါ့၊ ဒါပေမယ့် ကြာလာတော့ ဒီနေရာလေးကို ပိုနှစ်သက်တယ်၊ အေးချမ်းတယ်၊ တစ်ယောက်နဲ့တစ်ယောက် တစိမ်းပြင်ပြင်နေကြပေမယ့် လိုအပ်ရင် လိုအပ်သလို အကူအညီပေးကြတယ်၊ ယူကြတယ်လေ၊ နေရေးထိုင်ရေးလဲ အေးချမ်းတယ်။ စားရေး သောက်ရေးလဲမပူရဘူး၊ အေးတစ်ခုတော့ရှိတယ်၊ ဒီမှာနေတဲ့ သူတွေရဲ့ပြုမူပုံ၊ နေထိုင်ပုံကိုကြည့်ပြီး ဦးနတ်ကြီးက တစ်နေရာကိုခေါ်ခေါ်သွားတတ်တယ်။ ဘယ်ခေါ်သွားတာလဲမေးတော့ 'မင်းတို့ပြုမူနေထိုင်ပုံမှာ မူတည်ပြီးမဖြစ်မနေသွားရမယ့်နေရာကို ပို့ပေးတာလို့' ပဲပြောတယ်'

သူ့စကားကြောင့် ကျွန်တော်အမူးပြေသလောက်ဖြစ်သွားရ၏။ စိတ်ဝင်စားဖွယ်ကောင်းပေစွ။ သို့ဖြစ်၍-

'နေပါဦးဗျာ၊ ကိုယ့်ရဲ့ပြုမူနေထိုင်ပုံဆိုတာ ဘယ်လိုတွေကို ကြည့်ပြီးပြောတာတုန်း'

ကျွန်တော့်အမေးကြောင့် သူသည် တည်ငြိမ်သောအသံဖြင့် 'ဥပမာ စားတာ၊ သောက်တာပေါ့ဗျာ၊ အသားစားတာများလား၊ အသီးအရွက်စားတာများလား၊ သေရည်သေရက်သောက်လား၊ မသောက်လား၊ ပြီးတော့ အုံ့ဩစရာတစ်ခုပြောချင်တယ်ဗျာ၊ ဒီမှာနေရင်း ဘာမှမလုပ်မကိုင်တော့တဲ့အချိန်၊ နားနေချိန်ပေါ့နော်၊ အဲဒီလိုအချိန်မျိုးမှာ တစ်ခါတစ်လေ ဟိုးတောအပြင်ဘက်လောက်ကဖြစ်လိမ့်မယ်။ တရားသံတွေ သဲ့သဲ့ကြားရတယ်။ အဲလိုကြားရတဲ့အချိန်မှာ ဒီကလူတွေအထဲက စိတ်ဝင်တစားရှိတဲ့သူကို ဦးနတ်ကြီးက လာကြည့် ပြုံးနေတယ်။ ဘာသဘောလဲတော့မသိဘူး။ အဲဗျာ . . အဲဒီ တရားသံရှိတဲ့ဆီကို သွားချင်ကြတဲ့သူတွေရှိရင် ဦးနတ်ကြီးက မတားဘူး ခွင့်ပြုတယ်။ အဲဒီအသံရှိရာသွားကြတဲ့လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာကြသူတွေရှိသလို လုံးဝပြန်မလာကြတဲ့သူတွေလဲ ရှိတယ်ဗျ။ ကျွန်တော်တောင် အဲဒီကို သွားချင်နေတာ၊ ဒီမှာနေရတာပျော်လို့ မခွာရက်နိုင်လို့ပေါ့ဗျာ၊ ပြီးတော့ ဦးနတ်ကြီးက ကျွန်တော့်ကိုအရေးပေးဆုံး၊ ဂရုစိုက်ဆုံး၊ ကျွန်တော်ကလဲ ဦးနတ်ကြီးကို တလေးတစားရှိတယ်၊ သူ့ရဲ့ဝေယျာဝစ္စတွေလုပ်ပေးတယ်၊ ဒီတော့ သူကဘာပြောလဲဆိုတော့ 'ငါ့သား သူများတွေ တရားသံရှိရာကိုသွားကြတယ်၊ ပြန်လာတဲ့သူတွေရှိသလို၊ လုံးဝမပြန်လာတဲ့သူတွေရှိတယ်။ ဒါသူတို့သဘောသူတို့ဆောင်ကြပါစေကွယ်။ ပြန်မလာတဲ့သူတွေ ဘယ်ရောက်ကုန်ကြသလဲ ငါမသိဘူး။ ကောင်းတဲ့နေရာ ရောက်ချင်ရောက်မယ်။ မကောင်းတဲ့နေရာရောက်ချင် ရောက်မယ်။ သူတို့လာတဲ့အရပ် ပြန်ရောက်ချင်ရောက်ကြလိမ့်မယ်။ ဒီပြန် ရောက်လာတဲ့သူတွေကိုတော့ ငါစီမံပေးရတယ်။ သူတို့ကြားခဲ့၊ မြင်ခဲ့တာ တွေမေးကြည့်တယ်။ ဘယ်လောက်သိခဲ့သလဲ။ ဘာတွေကြားခဲ့သလဲ အမှန်ကိုပြောလာရင် ငါသူတို့ကို ဒီနေရာမှာမထားတော့ဘူး၊ သူတို့နဲ့ တန်ရာတန်ရာ သွားရမယ့်နေရာကို ငါလွှတ်လိုက်တော့တာပဲ။ အေး ငါ့သားကတော့ ကြားနေရတဲ့ တရားသံတွေရှိရာကို သွားချင်နေတယ် ဆိုတာငါသိပါတယ်။ ဒါပေမယ့် ငါ့သားက ငါ့အပေါ်မှာ သံယောဇဉ် မဖြတ်နိုင်ဘူးဟုတ်လား။ ကယ်တင်ရှင်လို့လဲ သဘောထားပြီး ကျေးဇူးဆပ်နေတဲ့သဘောကို ငါအလိုကျနေတယ်။ ငါ့ ဝေယျာဝစ္စတွေ လုပ်ပေးနေတယ်၊ ဟုတ်တယ်မဟုတ်လားကွယ့်'

'ဟုတ်တယ်လေ၊ ဦးနတ်ကြီးကသာ ကျွန်တော့်ကို ဒီနေရာမှာ ခေါ်မထားရင် ကျွန်တော်ဒီတောကြီးထဲမှာ နေစရာအိမ်မရှိ၊ ဘာမရှိဘယ်မှာသွားနေရမလဲ၊ စားစရာလဲမရှိ၊ ဘယ်လိုရှာစားရမလဲ၊ သူခေါ်လာလို့ ဒီမှာ ဒီလိုနေရတာပေါ့ဗျာ၊ သူ့ကျေးဇူးရှိတာပေါ့၊ ဒါနဲ့ သူကဆက်ပြောပြန်တယ်၊ ဘာပြောလဲဆိုတော့'



'မင်းဟာ တစ်နေ့ဒီနေရာကနေသွားကို သွားရလိမ့်မယ်၊ အဲဒီအခါ မင်း ငါ့ကို သံယောဇဉ်ဖြတ်လိုက်တော့၊ မင်းသွားဖို့အချိန်မတန်သေးလို့၊ အဲဒီ အချိန်ရောက်လာရင် အင်မတန်ထူးခြားကောင်းမွန်တဲ့ ဒီထက်အဆပေါင်းများစွာကောင်းတဲ့ နေရာကိုသွားရမှာကွ။ အဲဒီနေရာကို တော်သင့်ရုံလူမရောက်နိုင်ဘူး၊ မသွားနိုင်ဘူး၊ ငါလည်းသွားချင်တာပေါ့ကွာ၊ ဒါပေမယ့် ငါလည်းသွားလို့မရဘူး' အဲလိုပြောလာတော့ ကျွန်တော်က -

'အိုဗျာ ကျွန်တော်တို့တောင် သွားလို့ရတယ်လို့ ဦးနတ်ကြီးပြောတာပဲ ကျွန်တော်တို့ကို အုပ်ချုပ်တဲ့နည်းပေးလမ်းပြဖြစ်တဲ့ ဦးနတ်ကြီးဆိုလျှင်ဖြင့် ပိုမသင့်တော်ပေဘူးလား' လို့မေးလိုက်တယ်။ ဒီတော့ သူက ဘာပြန်ပြောသလဲဆိုတော့ -

'မင်းတစ်ချိန်က ကျောင်းနေဖူးလား'

'ဘာကျောင်းကိုပြောတာလဲ' ဆိုတော့ -

'စာသင်ကျောင်းလေကွာ'တဲ့

'နေဖူးတယ်' ဆိုတော့ -

'အေး မင်းတို့ကို စာသင်ပေးတဲ့ ကျောင်းဆရာဟာ ဆရာပဲ၊ ဆရာနေရာမှာပဲ သေတစ်ပန်သက်တစ်ဆုံး နေသွားရတာ၊ အေး . . သူပညာသင်ပေးလိုက်တဲ့တပည့်သားမြေးတွေကတော့ သူ့လို ဆရာဖြစ်တဲ့သူဖြစ်ပေမယ့် ဆရာဝန်ကြီးဖြစ်လာသူ၊ နိုင်ငံခေါင်းဆောင်ကြီးဖြစ်လာသူ၊ လူဆိုးသူခိုးဖြစ်သွားသူ၊ အင်မတန်ချမ်းသာသွားသူ၊ ကန်းကောက်စရာပင်မရှိအောင် ဆင်းရဲသွားသူ စသဖြင့် သူ့ကြီးစားမှု အားသန်မှုအပေါ်မှာ သူ့ဖြစ်သွားကြရ သလိုမျိုးပေါ့ကွာ၊ ရှင်းပလား' လို့ပြောတော့ ငတောင်ကြော်အတော်ကြီး သဘောပေါက်သွားတယ်ဗျာ'

တောအုပ်ကျော်လင်းစကားများသည် ကျွန်တော့်ရင်ကို ထိခတ်လာ

www.burmeseclassic.com



တော့သည်။ သို့ကြောင့် ကျွန်တော်သည် သူ့စကားများကို ပေါ့ပေါ့တန်တန် သဘောမထားလေတော့။ လေးလေးနက်နက်ထား စဉ်းစားနေလိုက်သည်။ ဤနေရာလေးကိုလည်း ပေါ့ပေါ့တန်တန် လျှော့တွက်လို့မရမှန်းသိလိုက်ချေပြီဖြစ်သည်။

'ဟာ အတော်ပဲ ဟိုမယ် ဦးနတ်ကြီးလာပြီ၊ ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးရဦးမယ်'

သို့ စားသောက်ပြောဆိုနေကြစဉ်မှာပင် တောအုပ်ကျော်လင်းက တဲရှေ့လမ်းမဘက်လှမ်းကြည့်ပြောလာသဖြင့် ကျွန်တော်တို့သည် သူလှမ်းကြည့်ရာသို့ ကြည့်လိုက်သည်။

'ဟင်'

သူပြောနေသည့် ကာလတစ်လျှောက် ဦးနတ်ကြီးဆိုသူမှာ ထောင်ထောင်မောင်းမောင်း၊ သန်သန်မာမာ၊ ရုပ်ကြမ်းကြမ်း၊ လွန်စွာမှယောကျ်ားပီသသူဟု ထင်ထားခဲ့မိသည်မှာ လွဲချေပြီ။ ယခုမြင်လိုက်ရသည့် ဦးနတ်ကြီးဆိုသူကား ဖြူဖြူသွယ်သွယ်၊ နွဲ့နွဲ့နှောင်းနှောင်း၊ ချောချောလှလှလေးပါကလား။ မိန်းမချော ချောသူဟုပင် ပြောရပေလိမ့်မည်။ ထူးခြားချက်တစ်ခုကား သို့ နွဲ့နှောင်းပျော့ပျောင်းသော်ငြား သူ၏မျက်နှာသည် တည်ကြည်လွန်းလှပေသည်။ အံ့ဖွယ်ပင်ဖြစ်တော့၏။ ဦးနတ်ကြီးဆိုသူသည် ကျွန်တော်တို့ရှိရာသို့ ဦးတည်လျှောက်လာနေရာမှ မမျှော်လင့်ဘဲ သူ့နောက် ခါးလွယ်ခုတ်လောက်ရှိတဲအတွင်းမှ ဆူဆူညံညံအသံများထွက်ပေါ်လာသည်ကြောင့် ဦးနတ်ကြီးက လှည့်ကြည့်လိုက်သလို ကျွန်တော်တို့သည်လည်း လှမ်း၍ကြည့်လိုက်၏။

တဲအတွင်းမှ လူနှစ်ယောက်သတ်ပုတ်နေရင်း ပါးစပ်မှလည်း ကြမ်းတမ်းသောစကားလုံးများဖြင့် ဆဲရေးတိုင်းထွာနေကြ၏။



ဦးနတ်ကြီးသည် အံတစ်ချက်ကြိတ်လိုက်ပြီး ထိုသူနှစ်ယောက်ရှိရာသို့လှည့်သွားတော့၏။

'အေးဗျာ အဲဒီတဲက လူနှစ်ယောက် အမြဲတမ်းမူးပြီး ရမ်းကားနေကြတာပဲ။ သူတို့ရောက်လာတာ နှစ်လလောက်ပဲရှိဦးမယ်။ ဟိုတလောက နှစ်ယောက်စလုံးတရားသံကြားရတဲ့ တောအုပ်အပြင်ဘက်ကိုသွားကြသေးတယ်။ ပြန်လာတော့ ဦးနတ်ကြီးက ထုံးစံအတိုင်း မေးမြန်းတာကို မှန်မှန်မဖြေကြဘူး၊ ဒီတော့ ဦးနတ်ကြီးက နောက်တစ်ခေါက် သွားခွင့်ပြုလိုက်သေးတယ်။ ပြန်လာတော့လဲ ဒီအတိုင်းပဲ အဲဒီတော့ ဦးနတ်ကြီးက ဘာပြောလဲဆိုတော့ ဒီနှစ်ကောင် တောနက်အပြင်ထွက်ခွင့်ရပြီး တရားနာခွင့်ရပေမယ့် ရအောင်မယူတတ်ကြဘူး အလကားကောင်တွေ ဒီမှာထားဖို့တောင်မသင့်ဘူးရယ်လို့ ပြောနေတယ်။ ခုကြည့် မူးယစ်ရမ်းကားနေပြန်ပြီ။ ဦးနတ်ကြီးကတော့ ဒီတစ်ခါ သူတို့ကို ခွင့်လွှတ်တော့မှာ မဟုတ်ဘူး'

'ဒါဖြင့် သူတို့နှစ်ယောက်ကို ဘာလုပ်မှာတုန်း'

ကျွန်တော်က တောအုပ်ကျော်လင်းကို မေးလိုက်၏။

'ဆူးချွန်နဲ့ ချော်ရည်ပူရှိတဲ့ ချောက်ကမ်းပါးအောက်ပစ်ချတော့မှာပေါ့ဗျာ'

'ဟာ ရက်စက်လိုက်တာ၊ ဒီလိုတော့ မလုပ်သင့်ဘူးဗျာ။ သူတို့က မူးနေလို့ပဲဥစ္စာ အဲဒီလောက်အပြစ်ဒဏ်မပေးသင့်ဘူး၊ ကျွန်တော်လိုက်တားမယ်'

ပြောပြောဆိုဆို ကျွန်တော်သည် ဦးနတ်ကြီးနောက် လိုက်သွားတော့၏။ ဦးနတ်ကြီးက လှကောင်သာသေး၊ နွဲ့နွဲ့နှောင်းနှောင်းဟု ထင်ရသော်ငြား သူ့ထက်သန်မာထွားကြိုင်းကာ ရမ်းကားနေသည့် လူနှစ်ယောက်ကို လွယ်လင့်တကူ ကုပ်ပိုးမှဆွဲခေါ်သွားလေတော့၏။ ထိုသူနှစ်ယောက်သည်လည်း ဦးနတ်ကြီးကို ဆဲရေးတိုင်းထွာအော်တစ်ရင်း ယက်ကန်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပါသွားကြတော့၏။ ထိုအိမ်စုလေး၏ နောက်ဘက်တွင် ချောက်ကမ်းပါးကြီးတစ်ခုရှိလေ၏။ ထိုချောက်ကမ်းပါးကြီးထိပ်ရောက်သည်နှင့် ဦးနတ်ကြီးသည် ထိုသူနှစ်ယောက်ကို အသာအယာပင့်မကာ ပစ်ချလိုက်လေတော့သည်။

'မလုပ်နဲ့ မလုပ်နဲ့၊ အဲဒီလောက်မရက်စက်ပါနဲ့ဗျာ' ကျွန်တော်၏ အော်ဟစ်တောင်းပန်သံကြောင့် ဦးနတ်ကြီးသည် ကျွန်တော့်ဘက်လှည့်ကာ ပြုံးကြည့်ရင်း -

'ဩော် .. မင်းရောက်လာတာကိုး၊ နေပါဦး၊ ဒါ ငါ့ကိစ္စ၊ မင်းနဲ့ဘာမှမဆိုင်ဘူး၊ အေး .. မင်းနဲ့ဆိုင်တာတစ်ခုတော့ပြောမယ်၊ ကိုပိုက်ဆိုတာမင်းလား' ဟုတည်ငြိမ်သော လေသံဖြင့်မေးသည်။ သွေးအေးလွန်းလှပေသည်။ စောစောက လူနှစ်ယောက်ကို ဆူးချွန်နှင့် ချော်ရည်ပူများရှိသည့် ချောက်ကမ်းပါးအောက်ပစ်ချလိုက်သည်မှာ မျက်မြင်ကိုယ်တွေ့မဟုတ်ပါက သူရယ်လို့ပြောလျှင် ယုံနိုင်ဖွယ်ရှိမည်မထင်ချေ။

'ငါမေးနေတယ်လေ၊ မင်းဟာ ကိုပိုက်လား'

သူ၏ထပ်မေးလာသံကြောင့် ကျွန်တော်သတိပြန်ဝင်လာ၏။

'ဟုတ်တယ် ကိုပိုက်ပဲ ဘာဖြစ်လဲ'

'မင်းနံဘေးမှာရှိတဲ့ လူသွားလမ်းကလေးကနေသွား၊ ဘယ်လမ်းကိုမှ လမ်းချော်မသွားဖို့တော့သတိပေးလိုက်ချင်တယ်၊ ငါပြောတဲ့အတိုင်းမင်းလုပ်မယ်ဆိုရင် ကိုက် ၁၀၀အတွင်း ရသေ့တစ်ပါးနဲ့ မင်းတွေ့လိမ့်မယ်။ အဲဒီတော့မှ မင်းသိချင်တာတွေ သူ့မေး၊ ခုတော့မင်းနဲ့ငါဘာမှပြောစရာစကားမရှိဘူး'

သို့သာလျှင်ပြောပြီးသူသည် ကျွန်တော့်နံဘေးမှပင်ဖြတ်၍ ထွက်သွား



တော့၏။ ဘယ်လိုဖြစ်သည်မသိ၊ ကျွန်တော်ကြောင်ငေးနေမိ၏။ သူ့ကိုတားဆီးဖို့၊ စကားပြောဖို့ကိစ္စများ အလိုလိုနေရင်း တုံ့ဆိုင်းသွားသည်။ သူ ခပ်လှမ်းလှမ်းရောက်လေမှ ကျွန်တော့ဘက်လှည့်ပြီး -

'သွားတော့ မင်းမိတ်ဆွေတွေကိုလဲ ငါပြန်လွှတ်လိုက်မယ်၊ မင်းသာအချိန်မီရသေ့နဲ့တွေ့ရအောင်သွား'

သူ့အသံသည် အမိန့်ပေးသံဆန်နေသည်။ ကျွန်တော်ကိုယ်နှိုက်ကလည်း အလိုလိုနေရင်း လူသွားလမ်းကလေးပေါ် လျှောက်သွားနေမိ၏။ သူပြော သလို ကိုက် ၁၀၀ခန့် လျှောက်ခဲ့ပြီးချိန်တွင် 'ကိုပိုက် .. ကိုပိုက်' ရယ်လို့ ခေါ်သံကြားနေရသဖြင့် နားစွင့်ရင်း၊ အရပ်လေးမျက်နှာသို့ လှည့်ပတ်ကြည့်ရင်းအသံရှင်ကို ရှာနေမိသည်။

'ကိုပိုက်'

အလိုလေးဗျာ၊ ကျွန်တော်ရုတ်တရက်မြင်လိုက်ရသည်ကား ရသေ့မဟုတ်ပါလဖြစ်ချေတော့သည်။ ရသေ့မဟုတ်ပါလကပြုံးပြလေ၏။

'ဟော ကိုပိုက် သတိပြန်လည်လာပြီ၊ ကိုပိုက် .. ကိုပိုက်'

ကျွန်တော့်လက်ကို ဆုပ်နယ်ရင်းပြောလာသည့် အသံရှင်ကို လှည့်ကြည့်လိုက်သည်။ လင်းမြင့်လှိုင်ဖြစ်၏။ ဘယ်လိုတွေဖြစ်ကုန်ပါလိမ့်၊ ဘယ်လိုကဘယ်လို ကျွန်တော်မြေပြင်ပေါ် ပက်လက်ဖြစ်နေပါလိမ့်၊ ပြီးတော့ ဒီနေရာက ဘယ့်လိုနေရာလဲ။ သို့ကြောင့် -

'ကိုလင်း .. ကျွန်တော်'

'နေ .. နေ ကိုပိုက်ဘာမေးမယ်သိတယ်၊ ကျွန်တော်ပြောပြမယ် အနားယူငြိမ်ပြီးနားထောင်'

ဆိုကာ လင်းမြင့်လှိုင်ကဖြစ်ကြောင်းကုန်စင်ပြောပြလေမှ ကျွန်တော်အားလုံးကိုသတိပြန်ရလာချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလို ကိုပိုက်ရဲ့ ကျွန်တော်တို့မှိုးထဲလေထဲလျှောက်ခဲ့ရင်း တောင်ကျော လေးတစ်ခုကနေ မြောင်ကျပ်လေးကို အဖြတ်မှာကိုပိုက်လဲကျသွားတယ်၊ သတိလဲလစ်သွားတယ်၊ ကျွန်တော်တို့လဲ ဘာလုပ်ရမှန်းမသိတော့ ခင်ဗျားကို ဒီသစ်ပင်ကြီးအောက်ခေါ်လာပြီး သတိပြန်လည်လာအောင် အမျိုးမျိုးလုပ်ကြတယ်၊ ကံလေးကောင်းချင်တော့ မိုးကလုံးလုံးရပ်သွားတယ်၊ ဒါကြောင့် ထင်းမီးကိုခက်ခက်ခဲခဲဖိုလိုက်ကြတယ်။ အဲဒီအချိန်မှာပဲ ရသေ့ခမ္ဘပါလရောက်လာတယ်၊ အံ့ဩစရာပေပဲ၊ ရသေ့ခမ္ဘပါလကခင်ဗျားကို သတိပြန်လည်လာအောင် လုပ်ပေးတာပေါ့ဗျာ'

ကျေးဇူးရှင် ရသေ့ခမ္ဘပါလကိုကြည့်လိုက်၏။ ပြုံးလျက်ရှိနေသည်။ ကျွန်တော်က ရသေ့ခမ္ဘပါကိုပြုံးပြမျက်နှာချိုသွေးလိုက်ပြီး ကျွန်တော်သတိလစ်နေစဉ်အိပ်မက်ပမာဖြစ်နေသည့် တောအုပ်ကျော်လင်းနှင့် ဦးနတ်ကြီးတို့၏နေရာလေးအကြောင်းကို ပြောပြလိုက်သည်။ ပြီးနောက် ကျွန်တော် မရှင်းမရှင်းသိချင်တာအချို့ကိုမေးမြန်းလိုက်သည်တွင် ရသေ့ခမ္ဘပါလက ပြုံးရွှင်စွာဖြင့် -

'အေး ကိုပိုက် တစ်ခါကြုံဖူးတယ်လေ၊ စားစရာသီးနှံစုံစုံလင်လင်ရှိတဲ့ ပဒေသာဥယျာဉ်ရွာသိမ်ရွာငယ်လေးဆီကို ခုလိုပဲရောက်သွားဖူးတယ် မဟုတ်လား'

သည်တော့မှ ကျွန်တော်သတိရသွားတော့၏။ လောဘမီး၊ ဒေါသမီးငြိမ်းသူ၊ အတ္တကင်းသူ၊ တဏှာကြီးပြတ်သူတို့သာ နေထိုင်ခွင့်ရလေသည့် ထူးဆန်းသော ရွာကလေးဖြစ်သည်။ (ထိုအကြောင်းကို ကျွန်တော်သည် ၁၉၉၉ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေခဲ့သည့် 'မုဆိုးရဲ့အနာဂတ်တစ္ဆေ' ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် 'တာဆုံ' ဟူသော ခေါင်းစဉ်ဖြင့်ရေးခဲ့ပြီးဖြစ်သည်။) ထိုရွာတွင်နေထိုင်ခွင့်ရသော သူများသည် နိဗ္ဗာန်လမ်းကလေးကို လွယ်လင့်တကူရှာဖွေတွေ့ရှိနိုင်ပါသည်။



'သြော် . . . ဟုတ်ပြီမှတ်မိပြီ


''အေး စောစောက မင်းပြောတဲ့ဦးနတ်ကြီးတို့ အိမ်စုလေးက အဲဒီရွာငယ်ရွာသိမ်လေးလောက်တော့ မမြင့်ဘူးပေါ့ကွာ၊ ဒါပေသည့် ဦးနတ်ကြီးတို့အိမ်စုလေးမှာနေတဲ့ တောအုပ်ကျော်လင်းတို့လို လူမျိုးကို အဲဒီ 'ပဒေသာပင်ဥယျာဉ်' ရှိတဲ့ရွာလေးဆီ ပို့ရမှာလေကွာ'

သည်တော့မှ ကျွန်တော်ကောင်းကောင်းကြီး သဘောပေါက်သွားရပေတော့သည်။

( လေပြည့်ဝန်း မဂ္ဂဇင်း ဧပြီလ ၂၀၀၁ ခုနှစ် )

www.burmeseclassic.com

www.burmeseclassic.com




# ဒါဟာဝဋ်ကြွေးပဲ

'တောင်သလဲ' ဆင်စခန်းသို့ ကျွန်တော်တို့ရောက်နေကြသည်မှာ နှစ်ရက်ခန့်ရှိပြီဖြစ်သည်။ ဆင်ပိုင်ကြီး 'စောကျော်သူ'က ချောင်းနံဘေးတဲတစ်လုံးတွင်နေရာချထားပေး၏။ တဲသည် ချောင်းကို ကျောပေးဆောက်ထားခြင်းဖြစ်သည်။ တဲမျက်နှာစာရှေ့တွင် ကားလမ်းဟောင်းရှိ၏။ ကျွန်တော့်အထင် အင်္ဂလိပ်လက်ထက်က သစ်ထုတ်ရန်အတွက်သော်လည်းကောင်း၊ စစ်ကာလအတွင်း အသုံးပြုရန်အတွက်သော်လည်းကောင်း၊ ဖောက်လုပ်ခဲ့ဟန်တူ၏။ ယခုသော်ကား ထိုလမ်းသည် ဖုန်းဆိုးမြေကွဲသို့ဖြစ်နေချေ၏။ လမ်းဟူ၍ သိသာရုံရေးရေးသာရှိတော့၏။ ယခုသော် ကားလမ်းသည် ဆင်လမ်းဖြစ်နေချေပြီ။

'တောင်သလဲ' ဆင်စခန်းသို့ ကျွန်တော်တို့ရောက်နေရခြင်းသည် ကျွန်းသင်းသတ်အဖွဲ့အုပ်ချုပ်သူ ဝန်ထောက်ကလေး မောင်မောင်သန်းနှင့် ချိန်းဆိုထားသောကြောင့်ဖြစ်သည်။ မောင်မောင်သန်းသည် 'တောင်သလဲ' ဆင်စခန်းအထက် (၅)မိုင်လောက်တွင်ရှိ သင်းသတ်အဖွဲ့စခန်းမှ လာရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်းဆိုထားသည်ထက် တစ်ရက်ပင်စွန်းချေပြီဖြစ်သည်။ ဘယ့်တွက် ရောက်မလာသေးသည်မသိ။ အလုပ်ကိစ္စတွေ မပြီးသတ်သေး၍လားမသိ။

'တစ်နေ့က ကျွန်တော်ဝန်ထောက်မင်းကို ကြိုဖို့ဆင်တစ်ကောင်လွှတ်လိုက်တယ်၊ ဘာလို့ရောက်မလာသေးလဲမသိ'

ဆင်ပိုင်ကြီးစောကျော်ထူးကပြော၏။ ဆင်ပိုင်ကြီးသည် ကျွန်တော်တို့နှင့်ယခုမှ တွေ့ဆုံဖူးသော်လည်း မောင်မောင်သန်းနှင့်ပတ်သက်၍ လိုလေသေးမရှိကူညီရှာသူဖြစ်၏။ ထိုစခန်းသို့ရောက်ကတည်းက ဧည့်ဝတ်ကျေပွန်စွာဖြင့် အစစအရာရာလုပ်ဆောင်ပေးနေ၏။ သူကျွေးသည့် ထမင်းစား၊ သူပေးသည့် အိပ်ရာတွင်အိပ်၍ သူတိုက်သည့် အရက်သောက်နေရသည်မှာ နှစ်ရက်သုံးရက်ခန့်ရှိပြီဖြစ်၍ ကျွန်တော်သည် တောင်သလဲဆင်စခန်းပတ်ဝန်းကျင်တစ်ဝိုက်အမဲလိုက်လိုပါသော်ငြား

'ဘာမှ အားနာစရာမလိုပါဘူး၊ ဆရာလေးတို့ရယ်၊ ကျွန်တော့်စခန်းမှာ ရိက္ခာတွေအများကြီးရှိပါတယ်၊ အေးအေးလူလူနားနေရင်း ဝန်ထောက်မင်းကိုစောင့်ပေါ့ဗျာ'

ရယ်လို့တားနေခြင်းကြောင့် တဲစခန်းနောက်ရှိ ချောင်းအတွင်းရေဆင်းချိုးလိုက်၊ အရက်ကလေးသောက်လိုက်၊ စားလိုက်အိပ်လိုက်နှင့်သာ နိစ္စဓူဝပြုမူနေရ၏။ သို့ဖြစ်၍ စခန်းရှေ့ကားလမ်းဟောင်းအတိုင်း နံနက်တိုင်းလမ်းလျှောက်ထွက်ရင်း အညောင်းအညာဖြေနေရတော့၏။ သို့မဟုတ်ပါမူ ဖျားသွားပေလိမ့်မည်။ တောတောင်အတွင်း မည်သည့်ကိုယ်လက်လှုပ်ရှားမှုမရှိမပါလျှင် ဖျားနာမည်မှာ အမှန်ဖြစ်သည်။ ကျွန်တော်နှင့်အတူ လင်းမြင့်လှိုင်၊ ဆင်ပိုင်ကြီးစောကျော်ထူးတို့ အဖော်အဖြစ်လိုက်ပါခဲ့ကြသည်။



ထိုစခန်းသို့ရောက်ပြီး လေးရက်မြောက်နေ့ ညနေပိုင်းတွင် သစ်တောဝန်ထောက်ကလေး မောင်မောင်သန်းတစ်ယောက် ရေးကြီးသုတ်ပြာဖြင့်ရောက်လာတော့၏။ သူ့အား သွားကြိုသောဆင်နှင့်မဟုတ်။ အဖော်တောခေါင်းတစ်ယောက်နှင့် ရောက်လာခြင်းဖြစ်သည်။

'ဝန်ထောက်မင်းကို ဆင်အကြိုလွှတ်လိုက်တယ်လေ၊ ဘယ်မှာလွဲတုန်း' စောကျော်ထူးက မေးလိုက်သည်တွင် မောင်မောင်သန်းက -

'လာတယ်၊ လာတယ်၊ ရောက်လာတယ်' ဟု ပြောရင်း ကျွန်တော်တို့တဲပေါ်သို့ တက်ထိုင်လိုက်ရင်း သူလွယ်ပိုးလာသည့် ကျောပိုးအိတ်ကို အသာချလိုက်ကာ 'ကိုပိုက်တို့ကိုအားနာလိုက်တာဗျာ မနေ့က စခန်းမှာပြဿနာဖြစ်လို့ဗျ' ရယ်လို့ ပြောလာသဖြင့် ဆင်ပိုင်ကြီး စောကျော်ထူးက-

'ဘာတွေဖြစ်ရတာတုန်း ဝန်ထောင်မင်းပြောပါဦးဗျာ' ဆိုကာ ကျွန်တော်တို့ စခန်းတဲပေါ်သို့ တက်လာပြန်သည်။ သူ့အမေးကို 'မောင်မောင်သန်း' က ဘာမျှမပြောသေးဘဲ သူနှင့်လိုက်ပါလာသည့် တောခေါင်းလေးအား -

'မောင်မြင့်မောင်ရေ ရေနွေးပူပူတစ်ခွက်ပေးစမ်းကွာ' ရယ်လို့ လှမ်းပြောလိုက်ပြီး တစ်ဆက်တည်း ကျွန်တော့်ဘက်လှည့်ကာ -

'ကိုပိုက်အတွက်တော့ ဇာတ်လမ်းတစ်ပုဒ်ရချင်ရမဗျ' ဟုပြောလာ၏။

တစ်ခဏအချိန်လေးတွင် သူ၏တောခေါင်း မောင်မြင့်မောင်ယူလာပေးသည့် အကြမ်းတစ်ခွက်ကို မှုတ်သောက်လိုက်ရင်း -

'အဖြစ်က ဒီလိုဗျ' ဆိုကာ မနေ့က သူတို့သင်းဆတ်စခန်းတွင် ကြုံခဲ့ရသည့်အဖြစ်အပျက်ကို တိုတိုတုတ်တုတ်ပြောလေတော့၏။

လွန်ခဲ့သော နှစ်ရက်ခန့်က အောက်ဘက်တောင်သလဲ စခန်းမှ ဆင်ဦးစီးလေး စောသာကဲရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဝန်ထောက်မင်း မိတ်ဆွေတွေ ရောက်နေပြီ၊ အဲဒါကြောင့် အပေါ်က ကျွန်တော့်ကိုလွှတ်လိုက်တာ'

'အေးအေး ခုတော့အချိန်မရှိတော့ဘူး၊ မနက်ကျ နံနက်စာစားသောက်ပြီး သွားကြတာပေါ့ကွာ' ဟုပြောလိုက်ရင်း မောင်မောင်သန်းသည် သူ၏အမဲလိုက်သေနတ်ကို သေချာပွတ်သပ်တိုက်ချွတ်နေ၏။ တောင်သလဲစခန်းတစ်ဝိုက်တွင် မျောက်မြီးရှည်တွေ အင်မတန်ပေါ၏။ သို့ကြောင့်လည်း မြို့မှမိတ်ဆွေများကို အမဲပစ်ရန် လှမ်းခေါ်လိုက်ခြင်းဖြစ်၏။ တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောဖြစ်သည်။ သူသည် ကျွန်းသင်းသတ်လုပ်ငန်းလာရောက်လုပ်ကိုင်ရင်း အမဲလိုက်ထွက်ရန် မိတ်ဆွေတို့ကို လှမ်းမှာခြင်းဖြစ်သည်။

ထိုနေ့ညတွင် စောသာကဲသည် သူ၏ဆင်ကို အစာစားရန်အလို့ငှာ စခန်းအနီးရှိ ဝါးတောသို့ ထုးခတ်၍လွှတ်လိုက်သည်။

နောက်တစ်နေ့နံနက် ၄နာရီအချိန်လောက်တွင် စောသာကဲတစ်ယောက် ဝါးမီးတုတ်တစ်ချောင်းဖြင့် ဓါးမတိုတစ်ချောင်း ခါးကြားထိုးကာ ဆင်ကောက်ရန် ထွက်သွားသည်ကို ဝန်ထောက်ကလေး မောင်မောင်သန်းက လှမ်းမြင်လိုက်သဖြင့် -

'သာကဲ မင်းတစ်ယောက်တည်း ဆင်သွားကောက်မလို့လားကွ၊အဖော်လေးဘာလေးခေါ်သွားလေကွာ' ဟုပင် လှမ်းပြောလိုက်သေး၏။ သို့သာပြောလိုက်ရသည်။ သူတို့အတွက် မည်သို့မျှ တွေးပူရန်မလိုအပ်ကြောင်းကို သိပါသည်။ ဤတောဤတောင်တို့သည် သူတို့နှင့် မစိမ်းလှသော အရပ်ဒေသပင်မဟုတ်ပါလော။ သူတို့သွားနေလာနေကျ။ နိစ္စဓူဝအလုပ်ပင်ဖြစ်ချေ၏။ သို့ပြား . . .



ထိုနေ့ မိုးစင်စင်လင်းသည့်တိုင် စောသာကဲတစ်ယောက် စခန်းပြန်မရောက်လာသေးချေ။ ဧကန္တသူ၏ဆင်သည် အစာငမ်းရင်းဝေးဝေးအရပ်သို့ ရောက်သွားလေသည်လား။ သို့မဟုတ် တောဆင်ရိုင်းအုပ်နှင့်တွေ့၍ ပါသွားလေသည်လားမသိချေ။ သို့ဖြင့် တမျှော်မျှော်မွန်းတည့်လုတိုင်ပြန်ရောက်မလာသေးသဖြင့် အနည်းငယ် စိတ်ပူစပြုရချေပြီဖြစ်သည်။ ဘာများဖြစ်နေပါလိမ့်။ ပုံမှန်အတိုင်းဆိုပါလျှင် ဆင်ဦးစီးတို့သည် ညအခါတွင်သူတို့၏ ဆင်များကို အစာစားရန်လွှတ်လိုက်ကြပြီး နံနက်ဖ၀လိဝေလင်းအချိန်တွင် ဆင်ပြန်ကောက်ကြ၏။ မိမိတို့၏ ဆင်ဘယ်နားတွင် ရှိနိုင်သည်ကို သူတို့အသိဆုံးဖြစ်၏။ အမှတ်အသားရှိတတ်၏။ ဆင်၏လည်တိုင်တွင် ခလောက်ဆွဲထားတတ်၏။ ခြေအစုံကို ထုးခတ်ထားကြသဖြင့် သူတို့သွားရာလမ်းတစ်လျှောက် ထုးသံကြိုးစွပ်ကြောင်းကို ခြေရာခံလိုက်တတ်ကြ၏။ ယခုသော်ကား နေမွန်းတည့်လုတိုင် စောသာကဲလည်းပြန်မရောက်။ ဆင်လည်းပြန်မလာ၊ ဘယ့်တွက်ဘယ်လို ဖြစ်ရပါလိမ့်ရယ် စဉ်းစားရင်းမှ -

'ကဲ ကိုကျော်သိန်းရေ ခင်ဗျားတို့အဖွဲ့ကနေ အလုပ်နားထားပြီး စောသာကဲကို လိုက်ရှာကြပါဦးဗျာ' ပြောကာ စီစဉ်ပေးလိုက်ရတော့၏။

သို့ဖြစ်၍ သင်းသတ်အရာရှိ ကိုကျော်သိန်းသည် သူ့နောက်လိုက်တောခေါင်းနှစ်ယောက်အနက် တစ်ယောက်ကိုစခန်းစောင့်ထားခဲ့ပြီး အလုပ်သမားသုံးယောက်ကိုခေါ်၍ ဝါးတောတွင်း ဝင်လိုက်သွားတော့၏။

ဝန်ထောက်ကလေးမောင်မောင်သန်းသည် စခန်းတွင်လဲလျောင်းနားနားနေနေစောင့်နေဆဲမှာပင် ဘယ်ကဘယ်လို ရောက်လာသည်မသိ၊ ရသေ့တစ်ပါး သူ့အနားရောက်လာသဖြင့် လဲလျောင်းနေရာမှ ထထိုင်လိုက်သည်။ ပြီးနောက် -

www.burmeseclassic.com



'ရသေ့ကြီးဘယ်ကနေ ကြွလာတာတုန်း' ဟုလက်အုပ်ချီကာ မေးလိုက်သည်။

ရသေ့ကြီးရယ်လို့သာ ပြောဆိုလိုက်ရပြား ထိုရသေ့ကြီး၏ အရပ်အမောင်းသည် ငါးပေလောက်ပင်မရှိတတ်။ အရွယ်အားဖြင့်လည်း ငါးဆယ်ပင်ပြည့်သေးဟန်မတူ။ ရသေ့ဟူ၍ သတ်မှတ်လိုက်ရပြား သစ်ခေါက်ဆိုးဆေး သင်္ကန်းဝတ်ထား၏။ ဦးပြည်းကတုံးမဟုတ်၊ ဆံပင်ရှည်ရှည် ညှင်းသိုးသိုးနှင့်ဖြစ်သော်လည်း မျက်နှာမှုကြည်လင်နေ၏။ အသားအရည်တို့မှာ စိုစိုပြည်ပြည်နှင့် ဝင်းဝါနေ၏။ မျက်ဝန်းတို့သည် တောက်ပဝင်းလက်လျက်ရှိသည်။

'ဒကာလေးက အလုပ်တာဝန်နဲ့လာနေရတာထင်ပ့ါ ဒကာလေးကိုကြည့်ရတာ အနုပညာသမားဖြစ်မယ်၊ ဟိုကွာ ဘယ်လိုပြောရမလဲ၊ ဒကာလေးဟာ အတီးအမှုတ်ကိုစိတ်ဝင်စားမယ့်ပုံပေါ်တယ်၊ ဒါကြောင့် ရသေ့ပြောချင်တာက ကိုယ်ဝါသနာပါတာပဲ လုပ်ပါလား၊ ဆန္ဒရှိလွန်းတာ လဲမဟုတ်ဘဲနဲ့များ သေနတ်ထမ်းပြီး တိရစ္ဆာန်လေးတွေကို သတ်ဖြတ်ဖို့စိတ်ကူးမထားပါနဲ့ကွာ၊ စားစရာမရှိလို့ ပစ်ခတ်၊ သတ်ဖြတ်စားနေရတာလဲမဟုတ်ဘဲ၊ ကဲပြောကိုယ်က ဖျင်းလို့ဆိုပြီး မိတ်ဆွေတွေနဲ့ အမဲပစ်ထွက်မယ်လို့ စိတ်ကူးရှိတာကို ဖျက်ချင်စိတ် မပေါ်လာဘူးလား'

ထိုရသေ့သည် ပြုံးစစဖြင့် ပြောလာမေးလာသဖြင့် မောင်မောင်သန်းတစ်ယောက် အံ့ဩထိန်လန့်ဖြစ်သွားရ၏။

သူ့မိတ်ဆွေတွေနဲ့ အမဲပစ်ထွက်ရန်ချိန်းဆိုထားသည်ကို ဘယ်လိုသိပါလိမ့်၊ သည့်ပြင် သူအတီးအမှုဝါသနာပါကြောင်း ဘယ့်နှယ်သိနေပါလိမ့်။ သူသည် ပတ္တလားတီးခတ်သီဆိုခြင်းကို လွန်စွာခုံမင်နှစ်သက်၏။



အမဲလိုက်မည်ဆိုတာကလည်း အမဲရလို၍ အာသာငမ်းငမ်း အသားစားလို၍မဟုတ်၊ တောတောင်အတွင်း လုပ်ငန်းတာဝန်ကျနေစဉ် ကာလအတွင်း မိတ်ဆွေများနှင့် လက်ပွန်းတတီးနေထိုင်သောက်စားပျော်ပါးလို စကားစမြည်ပြောလိုခြင်းသာ အဓိကဖြစ်ကြောင်း၊ သူသာလျှင် အသိဆုံးပင်မဟုတ်ပါကလား။ သို့ကြောင့် ရသေ့ကို လွန်စွာမျှအထင်တကြီးဖြစ်သွားမိ၏။ စိတ်မှလည်း 'ငါတော့ မထင်မှတ်ဘဲ တောမှိုပုဂ္ဂိုလ်ထူးနှင့်ဆုံရလေပြီ' ဟု မှတ်လိုက်၏။

'ကဲ ဒကာလေး ဒီအမဲလိုက်မယ့်ကိစ္စနဲ့ပတ်သက်လို့ ခုတော့ ပူပင်သောကရောက်နေရပြီမဟုတ်လား'

သူ့မျက်နှာကို စေ့စေ့ကြည့်၍ မေးလာ၏။ သူကမူရသေ့ကို တအံ့တဩအမူအရာမျက်နှာပေးဖြင့်ငေးကြည့်နေမိပြန်သည်တွင် ရသေ့သည် တစ်ချက်ပြုံးလိုက်ရင်း . . . ။

'ဒကာလေး ကုသိုလ်ဆိုတာလဲ ကိုယ်လုပ်မှရတာ၊ အကုသိုလ်ဆိုတာလဲ ကိုယ်ကလုပ်လို့ဖြစ်တာကွယ့်' ဟုပြန်ပြော၏။

ဟုတ်ပ့ါ။ သူအမဲလိုက်လို၍ မိတ်ဆွေတို့ကိုမှာခဲ့၏။ သည့်အတွက် သူ့ကိုဆင်ဦးစီးစောသာကဲကလာခေါ်၏။ ဟောခုတော့ ဆင်ကော ဆင်ဦးစီးပါပျောက်နေသည်။ ဒီကိစ္စမျိုးသည် သူလုပ်၍ဖြစ်လာရတာပင် မဟုတ်ပါကလား။ သို့ကြောင့် -

'ကျုပ်သိပါပြီ ရသေ့ကြီးရယ်၊ အမဲလိုက်မယ့်ကိစ္စဖျက်လိုက်ပါတော့မယ်၊ တစ်ခုမေးချင်တယ်' ရယ်လို့ စကားစရုံရှိသေး ရသေ့ကြီးက ဤသို့ပြောလာပေတော့၏။

'ပျောက်သွားတဲ့ ဆင်နဲ့ဆင်ဦးစီးလေးတို့စွာသိချင်တာမဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာလုပ်ရင် ကုသိုလ်ဖြစ်မယ်၊ မကောင်းတာလုပ်ရင် အကုသိုလ်ဖြစ်၊ ဒါပဲပေါ့ကွာ၊ ကဲ ငါသွားတော့မယ်' ဟုဆိုကာ ထွက်သွားလေတော့သည်။

မောင်မောင်သန်းသည် ထိုရသေ့အား မျက်စိတစ်ဆုံးလိုက်ကြည့်ပြီးနောက် အမြင်မှပျောက်ကွယ်သွားသည်နှင့် သက်ပြင်းချလိုက်သည်။

'ဟင်း'

'ကောင်းတာလုပ်ရင် ကုသိုလ်ဖြစ်မယ်၊ မကောင်းတာလုပ်ရင် အကုသိုလ်ဖြစ်မယ်' ဟုရသေ့ကပြောသွားသည်ကြောင့် ဆင်ဦးစီးလေး စောသာကဲအကြောင်းကို ရုတ်တရက်စဉ်းစားလိုက်၏။

စောသာကဲသည် ရိုးသားသူဖြစ်သည်။ ကြိုးစားသူဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့သူလည်းဖြစ်သည်။ သို့ဆိုပါလျှင် သူ့အတွက် စိုးရိမ်ပူပန်စရာမလိုဟု တွက်လိုက်မိသည်ကြောင့် စိတ်အေးလက်အေးဖြင့် အိပ်ရာပေါ်တွင်လှဲအိပ်လိုက်ရင်း လူပျောက်၊ ဆင်ပျောက်လိုက်ရှာနေကြသော သင်းသတ်အရာရှိ ကိုကျော်သန်းတို့အဖွဲ့ကို စောင့်နေလိုက်၏။ သို့လဲလျောင်းရင်းမှ မှေးခနဲ တစ်ချက်ဖြစ်သွားကာ လောကကြီးနှင့်တစ်ခဏ အဆက်အသွယ်ပြတ်သွားတော့၏။

မောင်မောင်သန်းသည်ဆူဆူညံညံအသံများကြောင့် သတိပြန်ဝင်လာတော့၏။ သူမှေးခနဲအိပ်ပျော်သွားသည်။ သူမှေးခနဲဖြစ်သွားသည်ဟု ထင်လိုက်ရပြား တကယ်တမ်းဆိုပါမူ နံနက်ပိုင်းက ရသေ့ကြီးပြန်သွားစမှာပင် သူအိပ်ပျော်သွားသည်မှာ အတော်ကလေးမကကြာသွား၏။ ကြည့်နေစောင်းချေပြီကော။ အတော်ကြာကြာ အိပ်ပျော်သွားသည်ကိုး။ ဒါတောင်မှ ကိုကျော်သိန်းတို့အဖွဲ့ ဆူဆူညံညံပြန်လာသံကြောင့် လန့်ဖျပ်နိုးလာရခြင်း ဖြစ်၏။



'ဘယ်လိုလဲ ကိုကျော်သိန်း အခြေအနေပြောပါဦး'

သို့ဆိုသလို ရောက်မဆိုက်မေးလိုက်သည်။

'စောသာကဲလာလိမ့်မယ် ဆရာ၊ သူ့ကိုမေးရင် ပိုပြီးပြည့်ပြည့်စုံစုံသိရလိမ့်မယ်၊ ဟော ဟိုမှာလာပြီ၊ ဟိတ်ကောင် သာကဲ မင်းအဖြစ်ကိုပြောပြလိုက်ဦးလေ' ဟု ကိုကျော်သိန်းကပြောရင်း ရေချိုးပြီးပြန်လာသည့် စောသာကဲကို လှမ်းခေါ်လိုက်၏။

သည်တွင် စောသာကဲသည် ဝန်ထောက်ကလေးမောင်မောင်သန်းအနားသို့ ရောက်လာကာ . . . ။

'ကျွန်တော် ဆင်သွားကောက်တော့ လမ်းမှာဝံနဲ့တိုးတာပဲဗျာ၊ ဝံက ကျွန်တော့်ကိုစပြီးတိုက်ခိုက်လာတယ်။ ဒီတော့ ကျွန်တော်လဲ လက်ထဲရှိတဲ့ မီးတုတ်နဲ့ရိုက်၊ ဓါးမတိုနဲ့ခုတ်၊ ပြန်ခုခံရတာပေါ့ဗျာ၊ ဒီကောင်ကြီးကလဲ ရုတ်တရက် ထိပ်တိုက်တိုးလာတာမို့ ကြောက်လန့်တကြား တိုက်ခိုက်လာတာဖြစ်မယ်၊ ကျွန်တော်လဲ ကြောက်လန့်တကြား အော်ဟစ်ရင်း ပြန်ခုခံရတာပေါ့။ သူကလဲ တဂါးဂါး အော်၊ ကျွန်တော်ကလဲ အား . . အားနဲ့ အသံကွဲမတတ် အော်ဟစ်နေတော့ကာ သူကော ကျွန်တော်ပါ အခွင့်သာတာနဲ့ သူပြေး၊ ကိုယ်ပြေး ပြေးကြရတာပေါ့'

'မင်းမှာ ဒဏ်ရာရလိုက်သေးလား'

မောင်မောင်သန်းက စိုးရိမ်တကြီး မေးလိုက်သည်ကြောင့် စောသာကဲသည် သူ၏ညာလက်မောင်းဘယ်လက်ဖျံနှင့် ခါးစောင်းတွင် ဝံလက်သည်းချက်ဖြင့် ရရှိထားသော ဒဏ်ရာများကိုပြရင်း -

'တော်သေးတာပေါ့ဗျာ၊ ဒီကောင်က အရွယ်ရောက်ခါစမို့ ခံသာသေးသပေါ့။ အကောင်ကြီးသာဆို ကျွန်တော် တစ်ခါတည်းပြီးနေလောက်ပြီ' ရယ်သို့

www.burmeseclassic.com

www.burmeseclassic.com



အရယ် အပြုံးမပျက်ပြောနေပေမယ့် တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်နေပုံရသဖြင့် -

'နေပါဦးကွ မင်းဆင်ကော'

မေးလိုက်သည်တွင် သူက ခေါင်းခါပြီး -

'ကျွန်တော်ဝံနဲ့ တိုက်ခိုက်နေရင်း ပြေးရတာကြောင့် ဆင်ဘယ်ရောက်နေမှန်းမသိဘူး၊ ဒါကြောင့် ကျွန်တော်ဝံကိုက်ခံရတဲ့ ဒဏ်ရာတွေကို ချောင်းရေကြည်နဲ့ စင်ကြယ်အောင်ဆေးပြီး ပုဆိုးကိုဖြဲပတ်တီးလုပ်စည်းနှောင်ထားပြီး ဆင်ပျောက်ကို လိုက်ရှာနေတုန်း၊ ဆရာကျော်သိန်းတို့အဖွဲ့နဲ့ တွေ့တော့ သူတို့နဲ့ပါဆက်ရှာပေမယ့် ကျွန်တော့ဆင်ကို မတွေ့ဘူး၊ ဆရာကျော်သိန်းက ဝန်ထောက်မင်းစိတ်ပူနေလို့ အကျိုးအကြောင်းပြန်ပြောပြီးမှ ထပ်ရှာကြမယ်ပြောလို့ ဒီပြန်ရောက်လာကြတာပေါ့'

'အေးလကွာ ဒါဖြင့် ခဏတစ်ဖြုတ်နား၊ စားသောက်ပြီး သင်းသတ်အဖွဲ့တွေ ပြန်ရောက်လာတဲ့အခါ ထပ်သွားရှာကြပေါ့ကွာ' ရယ်လို့ မောင်မောင်သန်းက ပြောလိုက်သည်တွင် စောသာကဲတစ်ယောက် ခေါင်းတညိတ်ညိတ်လုပ်ရင်းချောင်းစပ်သို့သွားကာ သူ့ဓါးမတိုကို ထိုင်သွေးနေလေတော့၏။

'သာကဲက အတော်ပေတေတေနိုင်တာပဲဗျာ၊ ဝံကုတ်ထားတဲ့ဒဏ်ရာကို ကြောင်ကုတ်ခံထားရသလောက် သဘောထားနိုင်သဗျ၊ သူ့နေရာမှာ ကျွန်တော်သာဆိုရင်ဖြင့် ဒီဒဏ်ရာတွေကြောင့် အိပ်ရာထဲ လဲနေလောက်ပြီဗျို့'

မောင်မောင်သန်းက ကိုကျော်သိန်းကို သို့ပြောလိုက်ပြီးစခန်းသို့ ရသေ့တစ်ပါးရောက်လာကြောင်း၊ ပြန်ပြောလိုက်သည်တွင် ကိုကျော်သိန်း



တစ်ယောက် လွန်မင်းစွာ အံ့သြသွားတော့၏။ ဘယ့်ကြောင့်ဆိုသော် သူသည် စောသာကဲကို လိုက်ရှာစဉ်အချိန်က ဘုန်းကြီးတစ်ပါးကိုလှမ်းမြင်လိုက်ရခြင်းကြောင့် ဖြစ်၏။ မောင်မောင်သန်းပြောစကားအရဆိုပါလျှင် ဘုန်းကြီးမဟုတ်၊ ရသေ့ဖြစ်ပေလိမ့်မည်။ ထိုရသေ့ပင်ဖြစ်နိုင်၏။ သို့မဟုတ် တစ်ဦးစီလည်းဖြစ်နိုင်၏။ သို့သည်ကြောင်းကိုတော့ဖြင့် မပြောတော့ပါဟု စဉ်းစားလိုက်ပေမယ့် 'တောထဲမှာ ဘုန်းကြီးတစ်ပါးတွေ့ခဲ့တယ်' ရယ်လို့ တောခေါင်းမြင့်မောင်က အစပျိုးလိုက်သည်ကြောင့် ဝန်ထောက်လေး မောင်မောင်သန်းက စိတ်ဝင်တစားမေးမြန်းလာသည်ဖြစ်၍ ကိုကျော်သိန်းသည် ဟုတ်မှန်ကြောင်းအပြင်သူ၏ ထင်မြင်ယူဆချက်ကိုပါ ပြောလိုက်တော့၏။

သည်တွင် မောင်မောင်သန်းတစ်ယောက် မျက်လုံးမျက်ဆန်ပြူးသွားမိတော့၏။ ဘုန်းကြီးကတစ်ပါး၊ ရသေ့ကတစ်ပါးရယ်လား၊ သို့မဟုတ် ရသေ့တစ်ပါးတည်းဆိုလျှင်ဖြင့် အံ့ဖွယ်ဖြစ်တော့သည်။

ကိုကျော်သိန်းတို့အဖွဲ့ ရေမိုးချိုးစားသောက်ပြီးစတွင် သင်းသတ်အဖွဲ့များပြန်ရောက်လာကြ၏။ အလုပ်သိမ်းပြန် သင်းသတ်အဖွဲ့များ နားနားနေနေစားသောက်ပြီး မကြာမီအချိန်ကလေးတွင် ဆင်ပျောက်ရှာရန်ထွက်ခဲ့ကြတော့၏။ ရှာချိန်တော့ဖြင့် သိပ်မရလိုက်၊ ညဥ့်နက်အောင်တော့ဖြင့် မနေကြ။ ဘယ့်ကြောင့်ဆိုသော် နံနက်တွင် အလုပ်ဆင်းရမည့်သူနှင့် ပြီးတော့ မီးတုတ်များ မီးစာကုန်ခန်းတော့မည်ဖြစ်ခြင်းကြောင့်ပင်၊

စခန်းသို့ပြန်ခဲ့ကြပြီးနောက် မကြာမီတွင် အားလုံးအိပ်စက်ခဲ့ကြတော့၏။ နောက်တစ်နေ့နံနက်တွင် ကိုကျော်သိန်းအဖွဲ့နှင့် စောသာကဲတို့ ဆင်ပျောက်အရှာထွက်ခဲ့ကြပြန်တော့၏။ မောင်မောင်သန်းသည် သူတို့

www.burmeseclassic.com

www.burmeseclassic.com



စခန်းမှ ထွက်သွားပြီးသည်နှင့် ကျွန်တော်တို့ဆီ ထွက်လာခြင်းဖြစ်သည် ဟုသိရ၏။

'ကဲ ကိုမောင်မောင်သန်းပြော ကျွန်တော်တို့ ဘာလုပ်ပေးရမှာလဲ' ဟု ကျွန်တော်မေးလိုက်သည်။

'ကိုပိုက်ကလဲဗျာ၊ မေးနေစရာလိုသေးလို့လား၊ ကျွန်တော်တို့နှစ်ယောက်ကပါ သူ့ကိုကူညီရမှာပေါ့ဗျာ'

မောင်မောင်သန်းအရင် လင်းမြင့်လှိုင်က ဝင်ရောက်ပြောလေတော့၏။

'ကဲ ဒါဖြင့် အချိန်မဆွဲနဲ့ဗျာ၊ ဒီကနေ့ပဲသွားကြစို့' ဟုဆိုလိုက်၏။

သည့်နောက် ကျွန်တော်တို့သည် ညနေစောင်းလုအချိန်ကလေးတွင် သင်းသတ်အဖွဲ့စခန်းသို့ ထွက်ခဲ့ကြတော့၏။ ဆင်ပိုင်ကြီး စောကျော်ထူး ပါလိုက်ခဲ့သည်။ အားလုံးဆင်ဖြင့် လာခဲ့ကြသည်ကြောင့် တစ်နာရီပင် မပြည့်တတ်သင်းသတ်စခန်းသို့ရောက်လာကြတော့သည်။

ကျွန်တော်တို့ရောက်သည့်အခါတွင် ဆင်ပျောက်ရှာ ကိုကျော်သိန်းတို့ အဖွဲ့ စခန်းသို့ပြန်ရောက်နှင့်ပြီးစားသောက်လို့ပင် ပြီးကြပြီကိုတွေ့ရ၏။

'ကနေ့လဲ မတွေ့ခဲ့ပြန်ဘူးလား၊ ဒုက္ခပါပဲ၊ တောဆင်းရိုင်းအုပ်နဲ့ ပေါင်း မိသွားပြီထင်ပါရဲ့'

စောကျော်ထူးက ညည်းညူလိုက်သည်။

'စောသာကဲကို သွားခေါ်ချည့်ကွာ' တစ်ဆက်တည်းပြောလာသည် ကြောင့် တောခေါင်းတစ်ယောက်သည် ဆင်ဦးစီးစောသာကဲနေထိုင်သည့် ဝါးတဲဘက်ထွက်သွားလေတော့၏။ အတန်ကြာတွင် ရေကြီးသုတ်ပျာပြန် ပြေးလာရင်း -

'စောသာကဲမရှိတော့ဘူးဗျို့'



'မရှိရအောင် ဘယ်သွားနေလို့လဲကွ'

အော်ဟစ်ပြေးလွှားလာသည့် တောခေါင်းလေးကို မာန်မဲလိုက်တော့၏။

စောသာကဲတစ်ယောက် ဆင်ပျောက်ရှာရန် ခါးမတိုကို ခါးထိုးထွက်သွားလေသည်ဟု သိလိုက်ရသည်။

'ဒုက္ခပါပဲကွာ သာကဲကလဲ တို့တွေပါလိုက်ရှာပေးနေတာတောင် သူကမကျေနပ်နိုင်ဘူး။ ဒီကောင့်နှယ် ခက်ပါတယ်၊ ကဲ ကိုပိုက် ကျွန်တော်တို့ဘယ်လိုဆက်လုပ်ကြရင် ကောင်းမလဲ'

'ကိုမောင်မောင်သန်း ဘယ်လိုမှ လုပ်မနေနဲ့၊ ခုပဲ သူ့နောက်လိုက်ကြတာပေါ့၊ နို့ဖြင့်စောသာကဲတစ်ယောက် ဒုက္ခရောက်လိမ့်မယ်၊ ဒီကနေ့က လကွယ်နေ့ကြီးဖြစ်နေတယ်၊ သူ့အတွက် အန္တရာယ်ရှိနိုင်တယ်ဗျို့'

သို့ဖြင့် ကျွန်တော်၊ လင်းမြင့်လှိုင်၊ ကိုကျော်သိန်း၊ စောကျော်ထူး၊ မောင်မောင်သန်းနှင့် ဒေသခံလမ်းပြသစ်ခုတ်လုပ်သားကြီးစောအောဘိ တို့သည် ဆင်ပျောက်နှင့် စောသာကဲကိုလိုက်ရှာရန်အလို့ငှာ ထွက်ခဲ့ကြတော့သည်။

လကွယ်ညဖြစ်သည်ကြောင့် ပိန်းပိတ်မှောင်နေ၏။ သို့ပြင်အမဲလိုက် ဓါတ်မီးကြီးများကြောင့် ပတ်ဝန်းကျင်တစ်ခို ထင်းထင်းကြီးမြင်နေရ၏။ ညထိုးဓါတ်မီးရောင်အောက်တွင် တစ်ရံတစ်ခါ၌ သတ္တဝါငယ်တို့သည် ကြောက်ရွံ့တုန်လှုပ်ဟန်ဖြင့် ပြေးရနိုး၊ ပုန်းလျှိုးရနိုးဖြစ်နေကြ၏။ ကျွန်တော်တို့မှာ အမဲပစ်ရန်ထွက်လာကြခြင်းမဟုတ်၍ မည်သည့်သားကောင်ကိုမျှ ပစ်ခတ်ခြင်းမပြုကြချေ။

သို့အမှောင်ထုအတွင်း ဓါတ်မီးအားကိုးဖြင့် တောတိုးခဲ့ကြရာ စခန်းနှင့်တစ်မိုင်သာသာခန့်ခရီးအရောက်တွင် မီးတုတ်တစ်ချောင်းနှင့် လူတစ်

www.burmeseclassic.com



ယောက်တို ခါတ်မီးအောက်တွင် ဘွားဘွားကြီးလှမ်းတွေ့လိုက်သည်။

'ဟာ သာကဲပါလား ဟိတ်ကောင် သာကဲ ငါတို့ပါကွ' ရယ်လို့ စောကျော်ထူးက လှမ်းအော်ပြောလိုက်ခြင်းကြောင့် သူသည် ကျွန်တော်တို့ရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာနေသည်ကြောင့် သူလာမည့် လမ်းတစ်လျှောက်ခါတ်မီးဖြင့် လှမ်းထိုးပေးလိုက်၏။

သူရှိရာနေရာနှင့် ကျွန်တော်တို့နေရာသည် မည်သို့မျှမဝေးပါသော်လည်း တောင်ကျောစွယ်တစ်ခုစီဖြစ်နေခြင်းကြောင့် ကြားတွင် မြောင်လေးတစ်မြောင်ခြားနေသဖြင့် သူသည်ထိုမြောင်ကို ဖြတ်ကျော်လာရမည်ဖြစ်၏။ သို့ဖြစ်၍သူသည် တစ်ဖက်နတောင်ကျောစွယ်လေးမှ ဆင်းလာပြီး မြောင်လေးကိုအဖြတ် ရုတ်တရက် တောင်စွယ်လေးအစပ်ရှိ သစ်ပင်ပေါ်မှ သတ္တဝါတစ်ကောင်သည် 'ဝေါင်း' ရယ်လို့ အော်ဟစ်လိုက်ရင်း စောသာကဲခန္ဓာကိုယ်ပေါ်သို့ ခုန်ဆင်းလာသည်ကို လျှပ်တစ်ပြက်တွေ့လိုက်ရသည်။ သူ၏ခုန်အုပ်လိုက်သော အရှိန်ကြောင့် စောသာကဲသည် လက်တွင်းမှ မီးတုတ်နှင့်လူ တစ်ခြားစီဖြစ်သွားကာ မြေပေါ်သို့သတ္တဝါတစ်ကောင်နှင့်အတူ လဲပြိုကျသွားတော့၏။

ခါတ်မီးရောင်အောက်တွင် လူသားနှင့်တိရစ္ဆာန်တိုက်ပွဲကို မြင်တွေ့နေရသည်။ သူတပြန်ကိုယ်တပြန်လုံးထွေးနေတော့၏။

'ဟာ'

'ဟာ. လုပ်ပါဦး'

'ကျားသစ်ကွ . . ကျားသစ်'

ကျွန်တော်တို့သည် ဘာလုပ်ရမှန်းမသိ တဒင်္ဂတွေဝေသွားကြ၏။ နောင်မှ အသိတစ်ခုဝင်လာသည်ဖြစ်၍ ကျွန်တော်သည် လက်တွင်းမှသေနတ်ဖြင့် ထိုသတ္တဝါကောင်ကို ခြောက်ပစ် ပစ်လိုက်တော့၏။



'ဒိန်း'

တစ်တောလုံးဆူညံသွားတော့၏။ ထိုကျယ်လောင်သော ယမ်းအားပေါက်ကွဲသံကြောင့် စောသာကဲနှင့် လုံးထွေးနေသော ကျားသစ်သည် သွေးသံရဲရဲဖြင့် တစ်ဖက်တောင်ကျောပေါ်သို့ တစ်ရှူးထိုးပြေးထွက်သွားတော့၏။

'ဒိန်း'

လင်းမြင့်လှိုင်က ထိုအကောင်ပြေးသွားရာဘက်သို့ လှမ်းပစ်လိုက်ပြန်၏။ ကျားသစ်ကောင်သည် အမှောင်ထုတွင်း ပျောက်ကွယ်သွားတော့သည်။ ထိုသို့ဖြစ်ခဲ့ရခြင်းသည် ကျွန်တော်တို့၏ အမှားပင်ဖြစ်ချေတော့၏။ ဘယ့်တွက်မူ စောသာကဲကို မြင်လိုက်သည်တွင် သတိလက်လွတ်ဖြစ်ပြီး သူလျှောက်လှမ်းရန်အတွက် အခက်အခဲမရှိစေရန် မီးထိုးပြထားခြင်းသည် သူ့အား ပစ်မှတ်တစ်ခုအနေဖြင့် မီးထိုးထားခြင်းလို ဖြစ်နေသဖြင့် ကျားသစ်ကောင်သည် အလင်းအောက်မှ လူသားတစ်ဦးကို ထင်းထင်းကြီးမြင်လိုက်ရသည်တွင် အစာအလို့ငှာ ခုန်အုပ်ကိုက်ခဲလာခြင်းဖြစ်ချေတော့၏။ အကယ်၍ ကျွန်တော်တို့သာ စောသာကဲပြန်လျှောက်လှမ်းသည့်တစ်နေရာတည်းမဟုတ်ဘဲ ပတ်ဝန်းကျင်တစ်ဝိုက်ကိုပါ ခါတ်မီးဖြင့်လှည့်ပတ်ထိုးနေမည်ဆိုပါက ထိုဖြစ်ရပ်မျိုးနှင့် ကြုံချင်မှကြုံရပေလိမ့်မည်။ ယခုတော့မူ ကျွန်တော်တို့၏ သတိလက်လွတ်ဖြစ်မိခြင်းက စောသာကဲကို သေလုမျောမတတ်ဒုက္ခဖြစ်စေတော့၏။

စောသာကဲတစ်ယောက် သွေးအလိမ်းလိမ်းဖြင့် ရှိနေဆဲကြားမှ ခါး တိုကို ဆုပ်ကိုင်ထားရင်း 'မနေ့က ငါကုတ်ခံထားရတဲ့ အကျရာကြောင့် ဒီကောင်လက်လွတ်သွားရတာ နို့ဒီတောင့်တို့ ကျွန်တော်အားသသတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်ဗျ' ရယ်လို့ ကြွမ်းဝါးနေနိုင်သည်ကြောင့် ချီးကျူးမိသည်။ အာဂ သတ္တိခဲပါကလား။

'မင်း ဆင်ကောတွေ့ရဲ့လား'

စောကျော်ထူးကမေးလိုက်သည်ကိုတော့ ခေါင်းခါယမ်း၍သာပြလာတော့သည်။

'ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ကဲ ကိုပိုက်ရေ ကျွန်တော်တို့ စခန်းပဲပြန်ကြတာပေါ့၊ မနက်ကျမှ သူ့ကိုဆေးရုံပို့ကြတာပေါ့ဗျာ၊ စခန်းမှာ ဆင်လဲရှိနေတော့ သူ့အတွက် အဆင်ပြေသွားတာပေါ့'

စောကျော်ထူးက သို့ပြောလာသဖြင့် ကျွန်တော်သည် 'ကိုလင်း ဘယ်အချိန်ရှိသွားပြီလဲ' ဟုမေးလိုက်၏။

'ဆယ်နာရီကျော်ပြီ' ဟု လက်မှနာရီကို ကြည့်ရင်းပြောလာသဖြင့် 'အင်းစခန်းမှာ ညအိပ်ပြီးမှ မနက်စောစော ပြန်ကြတာပေါ့ဗျာ၊ လောလောဆယ်တော့ စောသာကဲရဲ့ဒဏ်ရာတွေကို ဆေးကြောပြီး သွေးထွက်မလွန်အောင် ပတ်တီးစည်းနှောင်ပေးထားပြီး သင့်တော်မယ့် ဆေးလေးတွေတိုက်ထားတာပေါ့ဗျာ' ဟုပြောရင်း ကျွန်တော်သည် ရှေ့မှဦးဆောင်၍စခန်းသို့ပြန်ခဲ့တော့သည်။

နောက်တစ်နေ့ နံနက်ဝေလီဝေလင်းအချိန်တွင် လင်းမြင့်လှိုင်၊ စောကျော်ထူး၊ ကျွန်တော်တို့သည် လူနာဖြစ်သည့် စောသာကဲကိုခေါ်ကာ ဆင်ဖြင့်ပြန်ခဲ့ကြတော့၏။

သို့ပြန်ခဲ့ကြရင်း စခန်းမရောက်မီ လမ်းတွင်စောသာကဲတစ်ယောက်ဒဏ်ရာမှ နာကျင်လွန်းသည်ကြောင့်ထင့် တစ်ချက်တစ်ချက် ညည်းသံထွက်လာ၏။



မိုးစင်စင်လင်းလုတွင် တောင်သလဲစခန်းသို့ ရောက်ခဲ့ကြသည်။ ထူးဆန်းသည်ကား တောင်သလဲဆင်စခန်းအဝင်လမ်းတွင် ဆံပင်ရှည်ရှည်သက်နီးခြုံထားသော ရသေ့တစ်ပါးနှင့် ဘုန်းကြီးတစ်ပါးကို တွေ့လိုက်ကြရ၏။ ဘုန်းကြီးသည်ရှေ့မှ ရသေ့သည်နောက်မှ ကပ်ပါလျှောက်လာခြင်းဖြစ်ပြီး ဘုန်းကြီးသည် တည်ငြိမ်စွာဖြင့် လျှောက်လှမ်းနေခြင်းဖြစ်သော်လည်း ရသေ့သည် ဘေးယာဝဲတစ်ဖက်တစ်ချက်သို့ လှည့်ပတ်ကြည့်နေရာမှ ကျွန်တော်တို့ကိုမြင်သည်နှင့် ကျွန်တော်နားမလည်နိုင်သော ဘုရားစာများကို ရွတ်ဖတ်လိုက်ပြီးလက်တွင်းမှ ကိုင်ဆောင်လာသည့် ကြေးစည်လေးကို 'နောင်ဝေဝေ'ရယ်လို့ မြည်အောင်ရိုက်ခတ်လိုက်ပြီးသည်နှင့် -

'အဲဒါ ဝဋ်ကြွေးဆပ်ရတာ၊ ဥစ္စာဆိုတာကလဲ ကိုယ်နဲ့ထိုက်မှ ရတာကွယ့်' ရယ်လို့ တီးတိုးရေရွတ်လိုက်ပြား ကျွန်တော်တို့နား ကပ်ပြောလာသည့်နှယ် ရှင်းရှင်းကြီး ကြားလိုက်ရသည်။

'အဲဒီရသေ့က ဘာပြောတာလဲဟင် ဘယ်သူ့ကိုပြောတာလဲဟင်'


စောကျော်ထူးက မေးလာသဖြင့် ကျွန်တော်က ဤသို့ရှင်းပြလိုက်ရပေသည်။

'ဝဋ်ကြွေးဆပ်ရတယ်ဆိုတာ စောသာကဲကို ပြောတာဗျ၊ သူဟာမကောင်းမှုမလုပ်ပေမယ့် ခုလို နေရင်းထိုင်ရင်း တောရိုင်းတိရစ္ဆာန်ကောင်တွေရဲ့ တိုက်ခိုက်မှုကိုခံရခြင်းဟာ ဝဋ်ကြွေးကြောင့်လို့ပြောတာဗျ၊ ပြီးတော့ ခင်ဗျားပိုင်ဆင်ကြီး တောဆင်ရိုင်းတွေနဲ့ ပါသွားတာကို ရည်ရွယ်ပြီးဥစ္စာဆိုတာ၊ ကိုယ်နဲ့ထိုက်မှရတာ မြဲတာလို့ပြောတာပေါ့ဗျာ'

(မှခင်းရှုထောင့်မဂ္ဂဇင်း ဖေဖော်ဝါရီလ ၂၀၀၁ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com




# သည့်အပြင်အခြားမရှိ

သည်တစ်ခေါက် တောပစ်ထွက်လာကြရာတွင် စိတ်ပျော်ရွှင် လန်းဆန်းတက်ကြွမှု အလျှင်းမရှိပါချေ။ ဘယ့်တွက်မူ ကျွန်တော်တို့နှင့် အတူပါလာသည့် လူစိမ်းကြောင့်ပင်ဖြစ်၏။

ထိုလူစိမ်းသည် ပဲခူးရိုးမအနောက်တောင်ခြေရှိ 'နွယ်ခွေ' ရွာလူကြီး ဖြစ်သူ ဦးအောင်လင်း၏ဆရာရင်းဖြစ်သည်ဟု သိရ၏။

ကျွန်တော်တို့သည် ထိုတောင်ခြေ'နွယ်ခွေ'ရွာကလေးသို့ ရောက်လေ တိုင်း ဦးအောင်လင်းထံ ဝင်တတ်ကြသည်။ သူကလည်း လိုအပ်သောအကူ အညီမှန်သမျှ မဖြစ်မနေဆောင်ရွက်ပေးတတ်၏။ သို့ကြောင့်လည်း . . .

'ကျွန်တော့်ငယ်ဖြူဆရာဦးကျော်တင့်က မြို့ကြီးမှာနေတာ၊ ခု အငြိမ်း စားဘဝနဲ့ နွယ်ခွေကိုပြန်ရောက်နေတယ်လေ။ မြို့ပြကြီးမှာ နေခဲ့သူပို အစားကောင်း၊ အသောက်ကောင်းတောင့်တနေတာကြောင့်ဖြစ်လို့ ဆရာ လေးတို့နဲ့အတူ အမဲလိုက်ပစ်ခွင့်သတဲ့၊ ဒီရွာမှာလဲ ဆရာလေးကိုလိုတဲ့ အတိုင်း သေနတ်ကိုင်မဆိုးမရှိလေတော့ သားကောင်ကြီးတွေ အသား

စားရဖို့နေနေသာသာ မျှောက်သားတောင်စားရခဲ့တယ်လေ။ ဆရာလေးတို့ ရောက်လာလေမှ ဒီရွာသားတွေ အူစိုရတာမဟုတ်လား။ ဒါကြောင့် ဆရာလေးတို့နှစ်ယောက်နဲ့အတူ အမဲပစ်ထည့်လိုက်ချင်တယ်။ ကူညီပါဗျာ' ရယ်လို့ အရေးဆို အကူအညီတောင်းခဲ့လာသဖြင့် -

'ရပါတယ်၊ ကျွန်တော်တို့အတွက်ဘာမှ အပန်းမကြီးပါဘူး၊ အခက်အခဲလဲမရှိပါဘူး။ ခင်ဗျားပါလိုက်ခဲ့ပေါ့ဗျာ'

သို့ ကျွန်တော်ကပြောလိုက်သည်။ နောက်သုံးရက်အကြာတွင် နွယ်ခွေရွာကလေးနှင့် နှစ်မိုင်လောက်ဝေးသည့် တောနက်ကြီးအတွင်းသို့ လင်းမြင့်လှိုင်၊ ရွာသူကြီးဦးအောင်လင်း၊ သူ၏ငယ်ဖြူဆရာဦးကျော်တင့်နှင့် ကျွန်တော်တို့ရောက်ခဲ့ကြတော့၏။

ဤတော၊ ဤတောင်သည် ကျွန်တော်တို့အစဉ်အမြဲသွားလာနေကျဖြစ်သည်ကြောင့် လမ်းပြမုဆိုးမခေါ်ခဲ့ကြတော့ချေ။

ထိုနေ့တစ်မနက်လုံး မည်သည့်သားကောင်မျှ မတွေ့သဖြင့် ပစ်ခတ်ခွင့်မရခဲ့ကြသောကြောင့် စိတ်ပါတ်ကျချင်သည့်ကြား ဦးကျော်တင့်က -

'တစ်မနက်လုံး ဘာသားကောင်မှ မရပါကလား။ ဘယ်လိုလဲ အောင်လင်းရဲ့။ မင်းမိတ်ဆွေ မုဆိုးတွေကလဲ ခပ်ညံ့ညံ့ထင်ပါ့ကွာ။ သည်တောက ငါသွားလာနေကျမဟုတ်လို့ပေါ့ကွာ၊ နို့ဆိုလျှင်ဖြင့် သူတို့နောက်ကလိုက်နေစရာမလိုဘူးဟေ့။ ကိုယ့်ဘာသာရှေ့ကသွားပြီးသားကောင်ရှာပစ်တယ်'

သို့ဆိုသလို ဦးကျော်တင့်က ကျွန်တော်တို့ကိုပါ သူ့တပည့်ဦးအောင်လင်းလိုနှယ် ဆက်ဆံလာချေတော့၏။ သူ့အပြောကြောင့် လင်းမြင့်လှိုင်က ခေါင်းခါရမ်းလို့သာနေ၏။ ဘာမျှတော့မပြော။ သို့မပြောရအောင်လည်း ကျွန်တော်က -



'သူ ဘာပြောပြော သည်းညည်းခံပါဗျာ၊ ကိုအောင်လင်း မျက်နှာရှိသေးမဟုတ်လား။ ကျွန်တော်တို့အပေါ်မှာ ကိုအောင်လင်းက အင်မတန်တာဝန်ကျေခဲ့တဲ့သူ။ ကျွန်တော်တို့ ဒီပြဿနာနဲ့ကြုံရလှတစ်ရက်၊ နှစ်ရက်ပေါ့ဗျာ' ရယ်လို့ပြောထားခြင်းကြောင့်ဖြစ်၏။ သို့ကြောင့် လင်းမြင့်လှိုင်က မကျေမနပ်ဖြင့် -

'ကျွန်တော်သားကောင်မပစ်တော့ဘူး၊ ဘယ့်နှယ်ဗျာ၊ ကျွန်တော်တို့ကိုများ သူ့တပည့်လိုသတ်မှတ်ထားလားမသိ။ ဘာမှအလိုက်ကန်းဆိုးမသိတဲ့သူပဲဗျာ' ပြောလာသလို သူ၏သေနတ်မောင်း ခလုတ်ကို အသေပိတ်၊ ပခုံးထက်ထမ်းလျက် နောက်မှဖြေးလေးသော ခြေလှမ်းဖြင့် လိုက်ပါခဲ့တော့၏။ သို့တောင်မှ ဦးကျော်တင့်က -

'အောင်လင်း ဘယ့်နှယ်ကွာ အမဲပစ်ထွက်လာတာကို မနက်ခင်းအညောင်းအညာဖြေ လမ်းလျှောက်ထွက်လာကြတယ်များထင်နေလားကွာ' ရယ်လို့ သူ့ပြောသလို ကိုယ့်ပြောသလို လုပ်လာပြန်သည်ကြောင့်-

'ကဲ - ဦးကျော်တင့်၊ ကျွန်တော့်သေနတ် ခင်ဗျားယူပစ်ချေဗျာ။ ကျွန်တော်အမဲပစ်လိုစိတ်မရှိတော့ဘူး' ဆိုကာ လင်းမြင့်လှိုင်ကသူ့သေနတ်ကိုလှမ်းပေး၏။ ဦးအောင်လင်းသည်လည်း ကျွန်တော်တို့နှစ်ယောက်ကို ဘယ်လိုပြောရမှန်းမသိပုံဖြစ်နေ၏။ တစ်ဖက်ကလည်း သူ့ငယ်ဆရာဆကိုး။ ထိုသည်ကို ကျွန်တော်ကနားလည်သည်ကြောင့် -

'ကိုအောင်လင်း၊ ကျွန်တော်တို့သားကောင်တစ်ကောင်ရပြီးရင် ပြန်ကြစို့ဗျာ၊ ဒီကနေ့ အမဲပစ်ထွက်ရတာ စိတ်မပါဘူး' ရယ်လို့ ပွဲသိမ်းသို့ရအောင် ပြောလိုက်သည်တွင် ဦးကျော်တင့်က မဲ့ရွဲ့တာဖြင့် -

''ခင်ဗျားနှယ်ဗျာ ပြောလိုက်လျှင်ဖြင့် အပိုင်သိတာလား ကျွန်တော်တစ်နေ့တ်လုံးဘာသားကောင်မှ မရခဲ့ဘဲနဲ့ ခင်ဗျားအာခံရဲနေတော့ ဒီတောမှာ

www.burmeseclassic.com



ညအိပ်ရမယ်ထင်တယ်၊ ဟီး ဟီး ဟီး' ရယ်လို့ လှောင်ရယ်ကာပြော လာတော့၏။ သို့ဖြစ်၍ လင်းမြင့်လှိုင်က -

'ကောင်းပြီလေ၊ ကိုပိုက်ပြောတာ ဦးကျော်တင့်အတွက်ရယ်စရာဖြစ် နေလား၊ ဒီလိုဆိုလျှင်ဖြင့် ကျွန်တော် ကိုပိုက်ဘက်က လောင်းမယ်ဗျာ' ဆိုလိုက်သည်တွင် ဦးကျော်တင့်က လင်းမြင့်လှိုင်ကို စိမ်းစိမ်းကြည့်လိုက်ပြီး

'ကောင်းတယ်။ လောင်းကြေးထပ်လေ၊ အဲ တစ်ခုတော့ရှိတယ်၊ ကျုပ် သုံ့နဲ့ ဘယ်သူသားကောင်အရင်ရအောင်ပစ်နိုင်သလဲ၊ စမ်းလိုက်ကြတာ ပေါ့၊ လောင်းကြေးကတော့ ငါးသောင်း၊ ခင်ဗျားတို့မှာ လောင်းကြေးထပ် ဖို့ ရှုံးလျှင်ဖြင့် ပေးချေရန်ရှိမှလုပ်ပါဗျာ' ဟုပြောလာသည်။

'ကဲ - ရော့ ဒီလက်စွပ်က ငါးသောင်းမကတန်တယ်၊ ယူထားလေ' ဆိုပြီး လင်းမြင့်လှိုင်က သူ့လက်ခလယ်တွင် ဝတ်ဆင်ထားသည့် စိန်လက် စွပ်ကို ချွတ်ပေးလိုက်၏။ သို့ဖြင့် 'ကဲ - လူကြီးမင်းဘက်ကကော လောင်း ကြေးငွေလေး ထပ်လိုက်ပါဦး' ရယ်လို့ ပြောလိုက်သည်တွင် ဦးကျော်တင့်က ခပ်လှမ်းလှမ်းတွင် မျက်စိမျက်နှာပျက်စွာဖြင့် ငေးကြောင်ရပ်နေသည့် ဦးအောင်လင်းအား 'မင်း ဟန်းချိန်း ခဏပေးစမ်းကွာ' လှမ်းပြောလိုက် သဖြင့် ဦးအောင်လင်းသည် သူ့လက်တွင် ပတ်ဝတ်ထားသည့် တစ်ကျပ် သားခန့်ရှိ ရွှေလက်ပတ်ကြိုးကို ဖြုတ်ပေးလိုက်သဖြင့် လင်းမြင့်လှိုင်က 'နေ နေ၊ ကဲ - ဦးကျော်တင့်၊ ခင်ဗျားလက်ထဲက စိန်လက်စွပ် ကိုအောင်လင်းကို ပေးထားလိုက်၊ လောင်းကြေးပစ္စည်းကို သူယူထားလိမ့်မယ်' ဟုပြောလိုက် သည်။ ဦးကျော်တင့်သည် အတော်သဘောကျဖို့ ကောင်းသောသူဖြစ်၏။ သူသည် အရာရှိတစ်ဦးဖြစ်ခဲ့စဉ်က လက်အောက်ငယ်သားများအပေါ် နိုင်လိုမင်းထက်လုပ်လာသူဖြစ်ချိမ့်မည်။



ဤသို့ဖြင့် ကျွန်တော်တို့သည် ပြိုင်ပွဲစရန်အလို့ငှာ ထိုနေရာလေးမှ ရှေ့သို့ဆက်လျှောက်ခဲ့ကြသည်။ သို့ လျှောက်ခဲ့ရာတွင် ဦးကျော်တင့်က ရှေ့တူရှုမှ သားကောင်နှင့်ဆုံပါမူ သူအရင်ပစ်ခွင့်ရရန်အတွက် ကျွန်တော် တို့ရှေ့မှ ဦးဆောင်သွားနေလေတော့၏။

သူလျှောက်ပုံမျိုးနှင့် မည်သည့်သားကောင်မျှ ထိပ်တိုက်တွေ့နိုင်မည် မဟုတ်။ သို့ဖြစ်၍ ကျွန်တော်သည် ဝဲယာတစ်ဖက်တစ်ချက်သို့သာလျှင် မ်စေ့စေ့စပ်စပ်ကြည့်နေရ၏။

'ဖျပ်၊ ဖလပ်'

သို့ စေ့စပ်သေချာစွာကြည့်ရင်းလျှောက်ရင်းကြားမှ ပေ ၂၀ အကွာ အဝေးတွင်ရှိ ထီးတည်းပေါက်နေသည့် တောင်ပိန္နဲပင်ပေါ်မှ သစ်ရွက်၊ သစ်ခက် လှုပ်ခတ်သံသဲ့သဲ့ကြောင့် ရပ်တန့်လိုက်ကာ နားကိုစွင့်၍သေချာ စူးစိုက်မော့ကြည့်ရင်း ထိုအပင်အောက်သို့ လျှောက်သွားလိုက်သည်။ ဦးကျော်တင့်သည် ရှေ့ဦးဆောင်သွားနေရာမှ ကျွန်တော့်အနားသို့ ကပျာ ကသီရောက်လာကာ ကျွန်တော်ကဲ့သို့ပင် တောင်ပိန္နဲပင်ပေါ်သို့ မော့ကြည့် ကာ သားကောင်ကိုရှာဖွေနေလေတော့၏။

အတော်ဟုတ်သည့်လူ။ ကျွန်တော်သစ်ပင်ထက်ကသားကောင်ရှာဖွေ နေမှန်းသိ၍ သူကပါအနားရောက်လာကာ သားကောင်ရှာဖွေခြင်းဖြစ်၏။

တောင်ပိန္နဲပင်သည် ဆိတ်ငြိမ်လို့နေ၏။ မည်သည့်အကိုင်းအခက်ပေါ် မှ သားကောင်ကိုမမြင်။ အတန်ကြာစူးစိုက် ကြည့်နေ‌ပြီး ‌သေ‌ဘိုက်ခတ်မှု ကြောင့် သစ်ရွက်သစ်ခက်တို့ယဲ့ယဲ့လှုပ်ရမ်းနေသည်မှလွဲ၍မည်သို့မျှထူး ခြားမှုမရှိသဖြင့် ထိုနေရာမှလှမ်းထွက်ခဲ့တော့၏။ ထိုအခါ ဦးအောင်လင်းက ကျွန်တော့်ရှေ့မှ ကြိုသွားလိုက်ပြန်၏။ သူ၏လှုပ်ရှားပုံတို့ကြည့်၍ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဟတ်ဟက်ပက်ပက် ရယ်မောကာလှောင်ပြောင်လိုကြား ဦးအောင်လင်းကို ငုံ့ကွက်၍ဆိတ်ဆိတ် သာနေလိုက်တော့သည်။

သို့ တောင်ပိန္နဲပင်အောက်မှ ထွက်အလာတွင် ထိုအပင်အောက် မြေပြင်ပေါ်မှ အရာဝတ္ထုပစ္စည်းတစ်ခုမြင်လိုက်သည်ကြောင့် ကျွန်တော်သည် ကြိတ်၍ပြုံးလိုက်ရင်း ထိုအပင်အောက်သို့ပြန်သွားလိုက်ကာ အပင်ပေါ်သို့ သေချာစူးစိုက်ကြည့်နေလိုက်ပြန်၏။

ကျွန်တော်တောင်ပိန္နဲပင်အောက်ပြန်သွားသည်ကို မြင်လိုက်သည့် ဦးကျော်တင့်က ပြုံးစစဖြင့် ကြည့်ပြီးချာခနဲလှည့် ရှေ့ဆက်လျှောက်သွားလေတော့သည်။ သူ၏ပြုံးစစမျက်နှာပေးသည် ဒီကောင်ဘာသားကောင်မှ မရှိသည့် တောင်ပိန္နဲပင်အောက်မှာ အချိန်ဖြုန်းနေတုန်း ရှေ့ကိုကြိုသွားနှင့်ကာ သားကောင်တစ်ကောင် ရှာပစ်ချေမည်ရယ်လို့ တွက်လိုက်ခြင်းဖြစ်သည်။

ကျွန်တော်သည်ကား ရှေ့ဆက်လျှောက်ရင်း သားကောင်ရှာပစ်မည့် အလုပ်ထက် ပိုသေချာသည့် တောင်ပိန္နဲပင်ပေါ်မှာရှိနေသည့် သားကောင်ကိုစေ့စပ်သေချာရှာဖွေပစ်လျှင်ဖြင့် ပို၍အကျိုးရှိနိုင်သည်ကို သိလိုက်သဖြင့် ထိုအပင်အောက်မှနေ၍ သစ်ရွက်အုံကြားပုန်းအောင်းနေမည့် သားကောင်ကို စိတ်ရှည်ရှည်ဖြင့်ရှာဖွေနေမိ၏။ တွေ့တော့မတွေ့သေး၊ ရှိတာတော့ သေချာသည်။ အခြားထွက်ပြေးဖွယ်လည်းမရှိ။ ထိုအပင်မှ အခြားအပင်သို့ ကူးလူးပြေးလွှားသွားစရာဆိုလို့ ထိုနေရာတွင် ကြီးကြီးမားမားထိုတစ်ပင်သာလျှင် ထိုတောင်ကျောပေါ်ရှိနေ၏။ သို့ကြောင့် ကျွန်တော်မျှော်လင့်နေသော သားကောင်သည် ထိုအပင်ပေါ်၌ လုံးဝရှိနေနိုင်သည်ကြောင့် စိတ်ရှည်စွာဖြင့် စူးစိုက်ရှာဖွေကြည့်နေဆဲမှာပင်လေတိုက်



၍သစ်ရွက်ကလေးလှုပ်သွားချိန်မှာပင် အပင်ကိုင်းဖျားမှ ပြူးကြောင်ကြောင်မျက်ဝန်းလေးတစ်စုံကို ဖျတ်ခနဲတွေ့လိုက်ရ၏။ သို့ကြောင့် ကျွန်တော်သည် ကျေနပ်ပြုံးပြုံးလိုက်ကာ ထိုသစ်ရွက်အုံကြားသို့ သေနတ်ပြောင်းကို ထိုးချိန်လိုက်၏။ ထိုသတ္တဝါကောင်သည် သစ်ရွက်အုံကြားပုန်းခို၍ ကျွန်တော့်အားကြောက်လန့်တကြား ကြည့်နေဆဲမှာပင် သေနတ်မောင်းထိန်းခလုတ် ကို ဆွဲညှစ်လိုက်သည်။

'ဒိန်း'

'ကွီး'

'ဘုတ်'

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံတစ်ချက်ထွက်လာကာ သတ္တဝါကောင်၏ နာကျင်မှုကြောင့်အော်ဟစ်လိုက်သံ ကြားလိုက်ရပြီးသည်နှင့် မြေပြင်ပေါ်သို့ ထိုသတ္တဝါကောင်အရုပ်ကြိုးပြတ်ကျလာချေတော့၏။

ထိုသတ္တဝါကောင်ကား မြေပြင်ပေါ်တွင် မလှုပ်မယှက်ခွေခွေကလေး သနားစရာပင် ကောင်းသေးတော့၏။

ဦးကျော်တင့်ကို အနိုင်ရချေပြီ။ မကြာတင်ကလေးတွင် ဦးကျော်တင့်တစ်ယောက် မှုက်စိမျက်နှာပျက်စွာဖြင့် ကျွန်တော့်နားရောက်လာသည်။

'ကျုပ်လဲ စောစောကအပင်ပေါ်သေချာကြည့်တာပဲ၊ ခင်ဗျားက တကယ်ရှာရှာဖွေဖွေကြည့်တတ်တယ်ဗျာ၊ အံ့ဝါရဲ့' ဆိုလာသဖြင့် -

'ဟုတ်တယ် ဦးကျော်တင့်၊ ဒီမျောက်မျိုးက သစ်ရွက်[illegible] ပုန်းအောင်းနေတတ်တဲ့ မျောက်လေမွေကောင်ဗျ၊ အခြား[illegible] ကိုင်းဖျားတွေမှာ ခုန်ပေါက်တွဲလွဲခို [illegible] မဟုတ်ဘူးဗျ၊ သူတို့က သစ်ရွက်လေးတွေကို [illegible] အပင်အောက်

www.burmeseclassic.com



ပစ်ချတတ်ကြတယ်၊ ဒါကြောင့်လည်း ကျွန်တော်က အပင်အောက်မှာ လတ်လတ်ဆတ်ဆတ် ဖက်ရွက်လိပ်လေးတွေ တွေ့လိုက်တော့ သေချာပေါက်ရှိမှာသိလို့ စေ့စေ့စပ်စပ်ကြည့်ရတာပေါ့ဗျာ၊ ဟဲ - ဟဲ - ဟဲ ထင်တဲ့အတိုင်းပဲလေ၊ ကဲ ဦးကျော်တင့် ခင်ဗျားရှုံးပြီ' ပြောလိုက်သဖြင့် သူသည် မေါင်းညိတ်ပြရုံပြုကာ မကျေမနပ်ဖြစ်ကာ ရှေ့မှထွက်သွားလေသည်။

ကြောင့် 'နေဦးလေ၊ ကျွန်တော်ကပြောတဲ့အတိုင်း လုပ်တတ်တဲ့သူဗျ၊ သားကောင်တစ်ကောင်ရရင် ပြန်မယ်လို့ ပြောထားတာ၊ ဒါကြောင့် ဒီကနေလှည့်ပြန်ကြမယ်၊ ခင်ဗျားဟာသာတစ်ယောက်ထဲ သွားချင်သွားပေ့ါဗျာ၊ အထက်ပိုင်းရောက်လေ၊ ရေခမ်းလေဆိုတော့ သတ္တဝါရှားပြီပေ့ါ၊ ဒါကြောင့် သားကောင်တစ်ကောင်ကောင်လောက် ပစ်ချင်တယ်ဆိုလျှင်ဖြင့် အပြန်လမ်းမှာတွေ့တဲ့အကောင် ခင်ဗျားစိတ် ကြိုက်ပစ်ချေတော့ဗျာ၊ ဒါပေမယ့် ပြိုင်ပွဲစည်းကမ်းအရ ဒီပွဲမှာခင်ဗျားရှုံးထားတယ်၊ တတ်နိုင်လို့ ဆင်ကြီးပဲတွေ့လို့ ပစ်ပစ်၊ ကျားကြီးပဲတွေ့လို့ပစ်ပစ် ကျွန်တော်က ဒီမျောက်လေပွေ အကောင်လေးနဲ့တင် ခင်ဗျားကိုနိုင်ထားပြီမို့ ဘာကောင်မှထပ်မပစ်တော့ဘူးဗျို့' ရယ်လို့ လှမ်းပြောရင်း အပြန်လမ်းသို့ ဦးတည်လိုက်သဖြင့် ဦးကျော်တင့်သည်လည်း 'တောက်' တစ်ချက်ပြင်းပြင်းခေါက်လိုက်ရင်း ကျွန်တော့်ကို မကျေမနပ်ကြည့်ကာခြေဦးလှည့်လာလေတော့သည်။ 'နွယ်ခွေ' ပြန်ရောက်လာကြပြီးနောက် တစ်နေ့ကျွန်တော်နှင့် လင်းမြင့်လှိုင်ရန်ကုန်သို့ ပြန်ခဲ့ကြတော့သည်။

သည့်နောက်ပိုင်း အချိန်ကာလသုံးနှစ်ခန့် ကြာခဲ့ပြီးနောက် 'နွယ်ခွေ' ရွာကလေးသို့ ကျွန်တော်နှင့် လင်းမြင့်လှိုင် ရောက်ခဲ့ရပြန်သည်။ ဦးအောင်လင်းနှင့်ပြန်တွေ့ဆုံကြရာ၌ စကားစပ်မိ၍ ဦးကျော်တင့်အကြောင်း လင်းမြင့်လှိုင်က မေးလိုက်သည်။



'ဦးကျော်တင့် ဆုံးသွားပြီ' ဆိုလာသဖြင့် 'နို့ဖြင့် ခင်ဗျားဆီကအလောင်းအစားအတွက် ယူထားတဲ့ရွှေလက်ပတ်ကြိုးဖိုးကော ရရဲ့လား' ဟုမေးလိုက်သည်တွင် ဦးအောင်လင်းက ဖျော့လျော့သောလေသံဖြင့် ခေါင်းခါရင်းပြော၏။

'မရပါဘူးဗျာ၊ ဟိုနေ့ပေးမယ်၊ ဒီနေ့ပေးမယ်နဲ့ သေတာသွားရော မရလိုက်ပါဘူး'

သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်ပြီး မေးဆတ်ပြလိုက်သည်တွင် လင်းမြင့်လှိုင်က သူ့လက်တွင် ပတ်ဝတ်ထားသည့် ရွှေလက်ပတ်ကြိုးကို ဖြုတ်၍ဦးအောင်လင်းသို့ လှမ်းပေးလိုက်သည်။

'ကျွန်တော်တို့ကလဲ အလောင်းအစားငွေကို မယူလိုပါဘူးဗျာ၊ အဲဒီလူကြီးကို အမြင်ကပ်လို့ လုပ်လိုက်ရတာပါ၊ ဒါနဲ့သူဘာဖြစ်လို့ ဆုံးတာလဲ'

ကျွန်တော့်အမေးကြောင့် ဦးအောင်လင်းသည် ခေါင်းတညိတ်ညိတ်လုပ်ရင်း -

'သူ့ကြမ္မာ သူဖန်တီးတာပါဗျာ' ရယ်လို့ပြော၏။

'ဘယ်လို - ဘယ်လို ရှင်းပါဦးဗျာ'

လင်းမြင့်လှိုင်က အလောတကြီးစိတ်ဝင်တစားမေးလာ၏။

'ကဲ ကျွန်တော်ဇာတ်ကြောင်းစုံပြောပြမယ်' ဆိုကာ ဦးအောင်သင်းသည် ကွမ်းလေးမြုံ့ဝါးလိုက်၊ ပြစ်ခနဲကွမ်းတံတွေးထွေးထုတ်လိုက်ရင်း ၎င်းသို့ဦးကျော်တင့်အကြောင်းကို ပြောလာခဲ့တော့၏။

'ကျွန်တော်သူ့ကို ဆရာသမားတစ်ယောက်အနေနဲ့ [illegible]တယ်၊ ကျွန်တော်တို့ရွာသားတစ်ယောက်အနေနဲ့ [illegible] ထူးချွန်တဲ့ စံပြုလူကြီးတစ်ယောက်ပါ။ တစ်ရွာလုံးသာမက သူ့ကို[illegible]ကြပါတယ်။

www.burmeseclassic.com



ဒီရွာရဲ့ ထွန်းထွန်းပေါက်ပေါက်ဆိုလို့ သူပဲရှိတာမဟုတ်လား။ တစ်နေ့သူ 'တာချီလိတ်' ဘက်ထွက်သွားပြီးအပြန်မှာ ဘဲခေါင်းစိမ်းတစ်ကောင်ပါလာတယ်။ ဘယ်ကဘယ်လို ယူလာတာလဲ မသိဘူး။ သူ့အိမ်မှာ ကျကျနန မွေးထားသဗျ၊ သူ့ခြံထဲမှာပဲ အဲဒီဘဲခေါင်းစိမ်းအတွက် ကန်ကြီးတူးပေးထားတယ်၊ သူကမွေးထားတယ်သာပြောတယ်၊ ကျွေးရမွေးရတာကျွန်တော်တို့တွေပါ'

သူ့စကားကြောင့် ကျွန်တော်ကကြားဖြတ်၍ 'ဘဲခေါင်းစိမ်းများဗျာ ဘာလို့ တကူးတကအစာရှာကျွေးရတာတုန်း၊ သူ့ဖာသာသူ ရေညှိလေး၊ တီကလေး၊ ပိုးမွှားကလေးတွေ ရှာစားတတ်တာပဲဟာ'

ရယ်လို့ပြောလိုက်သည်တွင် ဦးအောင်လင်းက ခေါင်းခါ၍ -

'ဒီကောင်က မရတော့ဘူး၊ ဦးကျော်တင့်လုပ်လို့ အကျင့်ဖြစ်သွားပြီ။ ငါးရံ့အုမှစားတယ်၊ အညီအဟောက်မှန်သမျှ စားတယ်၊ ရေညှိနဲ့ ပိုးမွှားဆိုလျှင်ဖြင့် လှည့်တောင်မကြည့်တော့ဘူး။ သည်တော့ ဒီဘဲခေါင်းစိမ်းကြီးဟာ ရောက်စကလို မဟုတ်တော့ဘူးဗျ။ တသွေးတမွေးတော့ဖြစ်လာပါရဲ့။ ဒါပေမယ့် သူ့ကြောင့် ကျွန်တော်တို့တွေ အကုသိုလ်အလုပ်တွေ ပိုလုပ်ခဲ့ကြရတယ်။ တောသူတောင်သားတွေဆိုတာ သိတယ် မဟုတ်လား။ ရရစားစားလေ။ အဲဒီအထဲကနေ သူ့တွက်ခွဲတမ်းပေးရတယ်။ ငါးရံ့အုဆိုပါစို့ဗျာ၊ အဲဒါကိုယ်မစားရဘူး၊ ဘဲခေါင်းစိမ်းကိုပဲသွားကျွေးရတယ်'

'အိုဗျာ၊ ခင်ဗျားတို့ကဘာဆိုင်လို့တုန်း အခြားကိုယ်မစားတဲ့အညီအဟောက်ပဲကျွေးပေါ့'

ကျွန်တော်က မကျေနပ်စွာဖြင့် ပြောလိုက်ပြန်သည် -

'ခက်တာက ဘဲခေါင်းစိမ်းအတွက်တင်မဟုတ်ဘူးဗျို့။ သူ့တွက်ပါ ဟင်းစားတစ်ခွက်၊ တစ်ခွက်ပေးနေရတယ်' ဟူ၍ ပြောလာခြင်းကြောင့် လင်းမြင့်လှိုင်သည် တအံ့တဩဖြစ်သွားကာ 'ဘယ်လိုဗျ၊ ဦးကျော်တင့်အတွက်ပါ ဟင်းစားတစ်ခွက်ပေးရတယ်ဟုတ်လား။ ဒါဖြင့် အဓိပ္ပါယ်မရှိတာပဲဗျာ' ဆိုလိုက်သဖြင့် -

'မပေးစားလို့မဖြစ်ဘူး။ ဆရာဖြစ်နေတာ တစ်ကြောင်း၊ ပြီးတော့ ကျွန်တော်တို့က တောကိုမှီပြီးလုပ်ကိုင်စားရသူတွေမို့ သစ်တောဝန်ထမ်းတွေနဲ့ ပတ်သက်ရင် အကြောင်းကြီးငယ် ဘယ်လိုဖြစ်ဖြစ် သူကကြားကနေညှိပေးတတ်တယ်လေ။ အဲဒါကြောင့်လဲ ပါတာပေါ့။ သည်ကြား သူမွေးထားတဲ့ ဘဲခေါင်းစိမ်းကလဲ ရွာသားတွေကို ဒုက္ခပေးလာပြန်တယ်။ သားငါး ခုတ်ထစ်နေရင် အတင်းဝင်ဆွဲတော့တာပဲ။ အဲယောင်လို့များ အဲဒီ ဘဲခေါင်းစိမ်းကို ခြောက်လှန့်ထုတ်ရုံကလွဲလို့ တုတ်လေးနဲ့များ သွားမရိုက်လေနဲ့။ ဦးကျော်တင့်နဲ့တွေ့ပြီသာမှတ်ပေရော့ဗျာ၊အဲ တစ်နေ့ ရွာထိပ်ကဖိုးကျော်လေးတို့သားအဖ ရေကပြင်မှာ သူ့လယ်ထဲကအိုင်မှာ ပက်လို့ရလာတဲ့ ငါးရံ့ကြီးတစ်ကောင်ကို ခုတ်ထစ်နေတုန်း ဘဲခေါင်းစိမ်းရောက်လာပြီး အူတွဲကိုဝင်ဆွဲတော့ သူ့သားလေးက အနားရှိတဲ့ ထင်းချောင်းနဲ့ ဆွဲရိုက်လိုက်တာ အဲဒီဘဲခေါင်းစိမ်း ယက်ကန်ယက်ကန်နှင့် ပက်လက်လန်လဲသွားတာကို ဦးကျော်တင့်က လမ်းလျှောက်ထွက်ရင်းတွေ့သွားတော့ သူကိုင်နေကျ တုတ်ကောက်နဲ့ကလေးကို ပြေးရိုက်လိုက်တာ ခေါင်းကွဲပြီး သွေးတွေဒလစပ် ထွက်လာတော့ ငါးကိုင်နေတဲ့ သူ့အဖေဖိုးကျော်တကလေးကိုရိုက်ရပ့ါ မလားဆိုပြီး သူ့လက်ထဲရှိတဲ့ ဝါးခုတ်ဓားမရှည်နဲ့ ဦးကျော်တင့်ကို ပြေးခုတ်လိုက်တာ ပွဲချင်းပြီးပါလေရောလား ဒီကောင်လေးက မထူးတော့ပါဘူးဆိုပြီး ဘဲခေါင်းစိမ်းကိုပါ ခေါင်းဖြတ်ပစ်လိုက်တော့တယ်လေ၊ သူလည်း အဲဒီအမှုနဲ့ထောင်တွေသွားတယ်

www.burmeseclassic.com



'အင်း - ကြားရတာ စိတ်မချမ်းသာစရာဖြစ်ပေမယ့် ဒီလိုလူမျိုးအတွက် နောက်ဆုံးသွားရမယ့်လမ်းဟာဖြင့် သည့်အပြင်အခြားမရှိကလား' ဆိုတာသိလိုက်ရပေသည်။

လပြည့်ဝန်းမဂ္ဂဇင်း၊ ဇန်နဝါရီလ ၂၀၀၁။

BURMESE CLASSIC

# ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

| | | |
|---|---|---|
| ၁။ | အိကြာကွေး | ရယ်စရာပေးရှင်း (၂) |
| ၂။ | အိကြာကွေး | နတ်ရွှးတို့ကြောင်နိုင်ပေ |
| ၃။ | အိကြာကွေး | တွေ့ရကြုံရ ရှုတတလေးတွေ |
| ၄။ | အိကြာကွေး | မျက်စိအောက်ကဇရာ |
| ၅။ | အိကြာကွေး | စာပေအင်တာဗျူး |
| ၆။ | မနုဖြူကျော်ထွန်း | တဝဲလည်လည်စာပေနယ် |
| ၇။ | လင်းယုန်မောင်မောင် | ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ ပြောင်ချက်နှင့်လှောင်ကွက်များ |
| ၈။ | ဒေါက်တာခင်မောင်ညွန့် | ကျွန်တော်မြန်မာပြည်သား |
| ၉။ | ပျဉ်းမနားမောင်နီသင်း | ပန်းဝတ်ရည်စာစီစာကုံးများ |
| ၁၀။ | ကိုပိုက် | စိတ်ကြိုက်မုဆိုးများ |
| ၁၁။ | ကိုပိုက် | သေပင်းတမန်မုဆိုး |
| ၁၂။ | ကျော်မင်းနိုင် | လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ |
| ၁၃။ | ဆွေမင်း (မနုဖြူ) | ဘဝတစ်ခုအမှတ်တရ |
| ၁၄။ | ဆုပြည့်နိုး | ဆေးရုံပေါ်က ဟာသများ |
| ၁၅။ | မြန်မာပြည်ဆရာဟိန်း | အနုပညာရှင်များ၏လက်[illegible] |
| ၁၆။ | မနုဖြူသန်းဆွေသစ် | ပုဂံရွှေပြည်မြင်းဆိုင်းအို |
| ၁၇။ | ကြည်စန်းသွင်(ရွှေဘုံသာ) | လူတိုင်းသိလွယ်[illegible] |

www.burmeseclassic.com